www.burmeseclassic.com

# နေနှင့်ယှဉ်ပြိုင်

မကြော့သက်ထားဝေ


စိန်ရတု



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




မောင်ကျော်လှိုင်

**စေတနာစာပေ**

အမှတ် (၅၉) (၁၉) လမ်း ရန်ကုန်

ဖုံး – ၂၅၇၄၅, ၂၆၀၂၃




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ… …သိန်းဆိုင်(၀၀၆၉၂)
…ပါဂလေးပုံနှိပ်တိုက်၊
… မြတ်…၏
…ရှိပါသည်…
… ရန်ကုန်မြို့
စာမူခွင့်ပြုချက်အမှတ် — ၂၈၀ / ၉၇(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၃၁၅ / ၉၇(၁၁)
ပထမအကြိမ်၊ ၁၉၉၇ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၄၀ ကျပ်



(၇၅)အုပ်မြောက် 'ဓနုရတု' အထိမ်းအမှတ်

# နေနွယ်ဇင်မြင့်

ဓမကြေဒ္ သက်ထားဝေ

www.burmeseclassic.com

www.burmeseclassic.com



ယောင်ကျော်လှိုင်
စေတနာစာပေမှ
စီစဉ်ထုတ်လုပ်သည်။

(၇၅) နှစ်မြောက် "စိန်ရတု" အထိမ်းအမှတ်





(ဒုတိယတွဲ)


ထုတ်ဝေသူ ဦးမောင်ဟန်(၁၀၇၀၀)
ကမ္ဘာလုံးစာပေ၊
အမှတ် ၂၅၉ ၃၀ဘေးလမ်း၊
ဒေါပုံ၊ ရန်ကုန်မြို့။
ာတွင်းပုံနှိပ်သူ ဦးဒေါ်သိန်းဆိုင်(၀၁၀၉၂)
မြတ်လေးပုံနှိပ်တိုက်
အမှတ် ၈၂၄၊ မြတ်ဈေး၏
ပြည်ထောင်စုရိပ်သာလမ်း၊
ဒါဂုံမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မကြေ့သက်ထားဝေက ဖယောင်းတိုင်လေးတစ်ယောက်တစ်တိုင်စီ ဆောနှားထွန်းလျက် ငြိမ်သက်နေ၏။ ါကို ဖရက်မြင်နေရသည်။ သူတို့ညှော်ခန်းလေး မီးပိတ်လိုက်တာမြင်ကထဲက၊ အဲသည်ညှော်ခန်းကို မြင်နိုင်ဖို့ မှန်ပြောင်းကို ပြေးယူခဲ့တာ။ သည်မှန်ပြောင်းက အလင်းမှိန်န်လေးကိုလည်း မြင်ရသည်။ သူတို့အကြောင်းလေးတွေပြန်ပြောကြတိုင်း၊ သူတို့လေးတွေ သနားစရာကောင်းအောက်

ဆိုရာတူအာမိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



အောင် နာကျင်ကြေကွဲကြသည်တဲ့။ ကံဆိုးခဲ့ရဖူးသောအတိတ်တစ္ဆေကို သူတို့ အလင်းထဲမှာ ရင်မဆိုင်ရဲကြပါ။ ပြီးတော့ သူတို့ကိုယ်လေးတွေ ပျော့ခွေလျက်၊ ကိုယ့်ဦးခေါင်းကို ကိုယ့်လည်တိုင်က သယ်မ,ထားရမှာကိုတောင် ဝန်လေးနေတတ်ကြသည်တဲ့။

ဧည့်ခန်း၏ကြမ်းခင်းကော်ဇောပေါ်မှာပဲ လဲလဲလျောင်းလျောင်း ခွေခွေခေါက်ခေါက်ကလေးတွေဖြစ်နေကြကာ၊ ပြောသူကလည်း သူ့အရိပ်ညို့ အတိတ်မဲကို နာကြည်းစွာ ကြောက်ရွံ့နေတတ်သည်။ နားထောင်သူတွေကလည်း မျှဝေခံစားကာ ကိုယ်စီ ရင်နာလျက် ပြန်လှန်မေးခွန်းထုတ်သံလေးတွေပင် မထုတ်ရက်စွာ တိတ်ဆိတ်ငြိမ်သက်နေတတ်ကြသည်တဲ့။ ပြောသူက စကားကို ရပ်နားမှပဲ မေးခွန်းမေးဖို့ သတိတရဖြစ်ကြသည်တဲ့။

ဒါကို ... ဒေါ်လေးလှထံမှ ဖရက်ပြန်ကြားထားရသည်။ မေသိင်္ဂီရှည်တုန်းကတော့ လွတ်သွား၏။ ခန့်ကူးတံခါးကိုပိတ်ပစ်လိုက်ကထဲက ဘယ်လိုတစ်ဇုံတစ်ခုကိုမျှ ကြိတ်လုပ်ကြမှာလဲ ထင်တော့ထင်သား။ သို့ပေမယ့် ... ဒေါ်လေးလှ စပ်စုလိုစိတ်ကို ဖျောက်လျက် စောစောစီးစီးမှာ ခွင့်ရတာကိုပဲ ကျေနပ်စွာ အိပ်ရာဝင်လိုက်၏။ ဖရက်က ဒေါ်လေးလှကို ချေးသွားချေးပြန်လိုက်ပေါင်းပြီးမှ ...

"ကျွန်တော် ဘာမှလုပ်ဖို့မပြောတတ်ပါဘူး၊ စိတ်ဝင်စား





လို့ပါ၊ လူသုံးလေးဆယ်ဆန့်တဲ့ဘော်ဒါဆောင်ကြီးဖွင့်နိုင်လျက်နဲ့ မိန်းမသားငါးယောက်ထဲနေတာ သူတို့က အချစ်တော်တွေလား၊ ဘယ်သူတွေလဲ ဘယ်လိုပေါင်းမိသွားလဲဆိုတာ သိချင်ရုံသက်သက်ပါ ...

"ကျွန်တော် စိတ်ဝင်စားတာကတော့ တစ်ယောက်ထဲပေါ့နော်၊ ဒါပေမယ့် ... ကျန်တဲ့သူတွေအကြောင်းပါသိထားမှ ကျွန်တော်ကြိုးစားသင့် မကြိုးစားသင့် ဆုံးဖြတ်ရမှာပေါ့ ဒေါ်လေးရဲ့ ...

"ကျွန်တော်က အိမ်အနေအထားတွေ တံခါးအဖွင့်အပိတ်တွေမေးတာမှမဟုတ်တာ၊ သူတို့အကြောင်းလေးတွေပဲသိချင်တာ၊ မဟုတ်တာမလုပ်ပါဘူး"

ဖရက်၏အကြောင်းပြချက်က ကောင်း၏။ ဖရက် လာဘ်ထိုးသောငွေက မက်လောက်၏။ ဒေါ်လေးလှကိုယ်တိုင်၊ ကိုယ်ချက်ပြုတ်ကျွေးမွေးနေရသည့် တစိမ်းညီအစ်မငါးယောက်အကြောင်းကို သိလိုစိတ်လည်း ပြင်းပျလာ၏။ လူသားတို့ဗီဇ စပ်စုပ်ကောင်လေး တစ်ရေးနိုး၏။

"တစ်ညတုန်းကတော့၊ သူတို့ငါးယောက် ဧည့်ခန်းမှာ ဘာတွေစုပြောလဲမသိဘူးကွယ့်၊ ဆောင်ကူးတံခါးကို ပိတ်လိုက်ကာ"

"ဒေါ်လေးအခန်းကနေ ခြံထဲလှည့်ဆင်းလို့မရဘူးလား"

"ဒါ တော့ရှိတာပေါ့၊ တံခါးပေါက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... လှည့်ဆင်း၊ ညှော်ခန်းနား သွားနားထောင်လို့မရဘူးလား"

"ရတယ်၊ ဟုတ်တယ်၊ ဒါပေမယ့် ... အဲဒါကို ဒေါ်လေးသိပြီးတဲ့နောက်မှာ မပြောသင့်ရင် ပြန်မပြောနိုင်ဘူး၊ သူတို့ ဒေါ်လေးအပေါ်မှာ ကောင်းကြပါတယ်"

"ဒေါ်လေးသဘော၊ ပြောချင်မှပြော၊ ပြောချင်သလောက်ပဲပြော၊ မပြောချင်တာချန်ထား"

"ဒါဆိုရတယ်"

ကြော့က သူ့အကြောင်းလေးတွေကို ငိုငိုပြီးပြောရှာတာ ဒေါ်လေးလှကြားပြီးပြီ။ ဘာကိုမှ ချန်မထားဘဲ ကိုယ့်ထင်မြင်ချက်ကလေးတွေပါ ဖြည့်စွက်လျက်၊ လူပီသစွာ ဝေဖန်ချက်ကလေးတွေလုပ်လျက်၊ ဖရက်ဆီ အကုန်ပြန်ပြောပြီးပြီ။ ဒီနေ့ ... ဘယ်သူ့အကြောင်းပြောကြသည်မသိ။ ညှော်ခန်းလေး မီးမှိန်နေသည်။ ဒါကို ဖရက်က လှဝင်းတို့ တိုက်အပေါ်ထပ် လသာဆောင်ပေါ်မှ မြင်နေရ၏။ ရှေးတုန်းက အုတ်ပေါ်တိုင်း လသာဆောင်ကြီး အကြီးကြီးထုတ်လျက် လသာညတွေမှာ သားနှင့်သူငယ်ချင်းတွေထွက်သီချင်းဆို၊ အစားမျိုးစုံစားပြီး၊ စာကျက်ကာနီးကျမှ အိမ်ထဲပြန်ဝင်သူဝင်၊ အဲဒီမှာပဲ ကျက်သူကကျက်သေးသည်ပဲ။

မြန်မာပြည်ပြန်လာပြီး ..





"ရန်ကုန်မြို့နေ၊ အမေ့ထံပေးပါ" ... ဆိုတာမျိုး၊ တစ်ခုတည်းသော သဲလွန်စကလေးကိုသုံး၍ ကောက်ရိုးပုံထဲမှ အပ်တစ်ချောင်းကို ရှာနေရတာ၊ လှဝင်းနှင့်ခင်ခွင့်ရတာ၊ မဟာကုသိုလ်ကြီးပါပဲ။ ကံထူးလွန်းလို့ ရရှိသွားသည့်အဆက်အစပ်ကလေးပါ။

"ဘိုမရုပ်ကလေးကွာ၊ ဆံပင်က ရွှေအိုရောင်၊ အရှည်ကြီး၊ ဖြီးလို့ရတယ်၊ ကျစ်ဆံမြီးတွေဘာတွေကျစ်ပေးရင်လည်းရတယ်၊ သူ့ကို မှောင်လိုက်ရင် "အူဝဲ" လို့ ငိုတယ်၊ အဲဒီအရုပ်မျိုးရှိတဲ့မိန်းကလေးတစ်ယောက်ကိုတွေ့ချင်တယ်" ... ဆိုတော့ ...

ညီအစ်ကိုဝမ်းကွဲတွေကတောင် ဝိုင်းဟားကြသေးတာ။ နီးစပ်ပြီ ... နီးစပ်ပြီ ... ဆိုတာကို သီချင်းလုပ်ဆိုပြီး လှောင်ကြသေးသည်။

"ဟာ ... တိုက်ဆိုင်တယ်ဟေ့၊ ငါတို့ခြံရှေ့မျက်နှာချင်းဆိုင်မှာ ကောင်မလေးငါးယောက်နေတယ်ကွ၊ အဲဒီအရုပ်မျိုးလေး၊ တစ်ခါ ... ညှော်ခန်းမှာတွေ့ဖူးတယ် တူမတူ ငိုမငိုတော့မသိဘူး၊ နောက်တစ်ခါကျတော့ ကောင်မလေးတစ်ယောက် ကိုင်ဆော့နေတာ ...

"ကလေးမဟုတ်၊ သူငယ်မဟုတ်၊ အပျိုပဲဖြစ်နေပြီ အရုပ်နဲ့ဆော့နေတယ်၊ ဒါပေမယ့် ... အဲသည်တုန်းက အရုပ်နဲ့ဆော့နေတာ ဘယ်သူမှန်း ငါမသိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ …

"ကောင်မလေးတစ်ယောက်ပဲပေါ့လေ၊ ဒီလောက်ပဲ သတိထားမိလိုက်တယ်၊ နောက်တော့ တစ်ခါမှမတွေ့မိတော့ဘူး၊ ငါကလဲ မှန်ပြောင်းနဲ့ကြည့်တာ … အပြီး" … တဲ့။

ခုံ … မှန်ပြောင်းထဲမှာ သူတို့ငါးယောက်လုံးကိုမြင်နေရသည်။ သို့ပေမယ့် … မီးကမှိန်မှိန်မို့ ရုပ်ရည်တွေမကွဲပြားလှပါ။ သူတို့ ခွေခွေခေါက်ခေါက်လေးတွေထိုင်သူထိုင်၊ လှဲသူလှဲ၊ စကားပြောနေသူက တစ်ယောက်။ ဗ ရက်တွေ့လိုသည့်အရုပ်ကလေးကို မှန်ပြောင်းနှင့်မြင်နိုင်သည့်နေရာတဝိုက်တွင်းမှာတော့ မတွေ့ရပါ။ သူတို့ပြောနေကြသည့်အကြောင်းတွေကိုတော့ မကြာခင် ပြန်သိရမှာပါ။ ကြေးရှင်းခင်ဆိုသည့်အဆိုတော်မလေးအကြောင်းတော့ သိရပြီးပြီပဲ။ မေသိင်္ဂီရည်အကြောင်းတော့ လွတ်သွားခဲ့ပြီ။ ပြန်သိရဖို့မလွယ်တော့ပါ။

ခွေခွေခေါက်ခေါက် လဲလဲလျောင်းလျောင်းတွေထဲမှာ အသံလေးစွဲမက်ဖွယ်ကောင်းသည့် ခင်ထားတင်ဆိုတာ ဘယ်သူဖြစ်မလဲ။

❀ ❀ ❀





"အဲဒီဦးဟန် … နေကောင်းသွားပြီလားသက်"

"မကောင်းရှာပါဘူးကွယ်၊ ဦးဟန်ဆုံးပြီ"

"အို … ဖြစ်မှဖြစ်ရလေ"

ဦးဟန်အကြောင်း ကြားရတာ၊ ဘေးလူတွေတောင် စိတ်မကောင်းဖြစ်ရသည်ဆိုတော့၊ ဦးဟန်ရဲ့ကျေးဇူးတွေကို ခံစားခဲ့ရဖူးသည့် သက်ဆိုလျှင် ပိုတောင်ဆိုးရှာပါလိမ့်မည်။

"သက်က ကိုထူးနောင်နဲ့ ဘယ်လိုအဆင်မပြေဖြစ်တာလဲ"

"မကြားဘူးလားမသိဘူး၊ မိန်းမတွေက ဆင်းရဲဒဏ်ကိုမခံနိုင်ဘူး၊ ယောကျ်ားတွေက ချမ်းသာဒဏ်ကိုမခံနိုင်ဘူးဆိုတာ"

"ကြားဖူးတယ်၊ မိန်းမတစ်ယောက် ချမ်းသာလာလို့ လက်ရှိယောကျ်ားကို စွန့်ပြီး အငယ်အနှောင်းတွေ လျှောက်ထားတယ်ဆိုတာ ဘယ်တော့မှ မရှိဘူး၊ ယောကျ်ားတွေများ လက်ထဲပိုက်ဆံကလေးရွှင်ရင် … မျက်စိကပြူးပြဲကြည့်ပါပြီ အငယ်အနှောင်း …

"ဒါပေမယ့် … မိန်းမတွေကျတော့ ချစ်တာပဓာနဆိုပြီး အိမ်ထောင်ပြု၊ ဆင်းရဲပလားဆိုရင် အမေ့အိမ်ပြန်တက်ရင်တက်၊ ချမ်းသာတဲ့လူနောက်လိုက်ပြေးရင်ပြေး …



www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်းတော့မဟုတ်ဘူးပေါ့၊ ဖြစ်တတ်တဲ့သဘောကို ပြောတာ"

"သက်ကို ဦးဟန်က လက်ထပ်ခွင့်တောင်းခဲ့တယ် နော်၊ ဦးဟန်ဟာ ယောကျ်ားတစ်ယောက်အနေနဲ့ ငြင်းစရာဘာမှမရှိတဲ့လူတစ်ယောက်၊ လူသူတော်ကောင်း၊ ချမ်းကလဲချမ်းသာသေး၊ သက် ... ပုံပြီးအားကိုးပစ်လိုက်ဖို့ကောင်းတယ် ...

"ဦးဟန်ကို ငြင်းရတဲ့အတွက်၊ သက်ဟာ ... ထောင်နဲ့ချီနေတဲ့ သိန်းဂဏန်းစည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်ခဲ့ရတာ၊ သက် ... မောင်ထူးကိုပဲချစ်တယ်၊ ပစ္စည်းမက်ပြီး မောင်ထူးနဲ့ခွဲရမယ်ဆိုတာမျိုး အဖြစ်မခံနိုင်လို့၊ ဦးဟန်ကိုငြင်းခဲ့တာ ...

"သူ့အလှည့်ကျတော့ ... "

"ဘာဖြစ်လို့လဲသက် ... ဟင်"

ထားက မစောင့်နိုင်စွာ ဖြတ်မေး၏။

"ဦးဟန်က ခရစ်ယာန်ဘာသာဝင်လေ၊ သူ့ခမျာ အသည်းကင်ဆာဆိုတဲ့ ဝေဒနာကို မချိမဆန့်ခံစားနေရတုန်း၊ သေတမ်းစာရေးခဲ့တယ်၊ သူ့ရောဂါက အသည်းကင်ဆာဆိုတာကိုလဲ သူနောက်မှသိတယ်တဲ့။ အဲဒါ ... သူ့ပစ္စည်းတချို့ကို သူတို့ဘာသာအမှုလှူခဲ့တယ်၊ တော်တော်များများကို ... မောင်ထူး





ကိုပေးခဲ့တယ်"

"ဟယ် ... ရက်ရောလိုက်တာ"

"သူ ... ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲဟင်၊ သက် ဘယ်လိုထင်လဲ"

"သက်ကိုချစ်လို့၊ သက်ကိုပေးရင် မယူမှာသေချာလို့၊ သက်ကောင်းစားရအောင်၊ သက်နဲ့လက်ထပ်မယ့်မောင်ထူးကိုပေးခဲ့တာလို့ ရိုးရိုးသားသားတွက်ယူရင်လဲရတယ်"

"အားနာစရာကြီး၊ သူ့တော့ မချစ်၊ နေမကောင်းတုန်းတောင် သွားမပြုစုခဲ့ဘဲ၊ သူ့ပစ္စည်းပုံပေါ် ကိုယ့်ချစ်သူနဲ့လက်တွဲပြီး ခုန်တက်ရမှာ ဘယ်လောက်အားနာစရာကောင်းလဲ"

သက်က လက်ဖျောက်တစ်ချက်တီးလိုက်သည်။

"အဲဒါပဲ"

သက်မျက်နှာက တင်းနေ၏။

"အဲဒါ ... မိန်းမမာန်၊ မိန်းမသိက္ခာ၊ မိန်းမစိတ်ကောင်းလို့ခေါ်တယ်၊ နောက်တစ်ချက်ရှိသေးတယ်၊ ဒေါ်လေးလှလွန်းဟန်က သက်ကိုခေါ်ပြောတယ်၊ ဦးဟန်ဆုံးတော့ သက်တို့သွားပါတယ်၊ ပန်းခြင်းတွေ ဘာတွေလဲပို့ပါတယ်၊ သက်ဆိုရင် ... ထိုင်ကန်တော့လိုက်ပါသေးတယ်၊ ကိုယ့်ဘာသာနဲ့ကိုယ်ပေါ့၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် ကျေးဇူးရှင်လေ"

"ဦးဟန်အစ်မက ဘာတဲ့လဲ"

"သူ့မောင်ရဲ့စိတ်ဓာတ်ကို သူသိတယ်တဲ့။ အရမ်းသဘောကောင်းတယ်၊ စေတနာကောင်းတယ်၊ ရက်ရောတယ်၊ ဒါပေမယ့် ... တစ်ခါတလေမှာ ဦးဟန်မှာ မယုံကြည်နိုင်လောက်အောင် အငြိုးအတေးကြီးတတ်တယ်တဲ့ ..."

"မောင်ထူးကို အမွေတွေလွှဲခဲ့တာ၊ ဂလဲ့စားချေသွားတာတဲ့"

"ဘယ်လို"

"ပစ္စည်းတွေကိုတောင် မမက်နိုင်ဘဲ အချစ်ကိုဦးစားပေးခဲ့တဲ့ သက်ရဲ့အချစ်ဟာ စည်းစိမ်တွေနဲ့ထပ်တူတည်ရှိနေပြီတဲ့။ သက်လိုမာနမျိုးနဲ့မိန်းမဟာ၊ မောင်ထူး တခြားနည်းနဲ့ချမ်းသာလာရင်တောင်၊ မောင်ထူးက နည်းနည်းပါးပါး ဘဝင်မြင့်စကားတစ်ခွန်းပြောတာနဲ့ လက်ထပ်မှာမဟုတ်ဘူးတဲ့ ..."

"မောင်ထူးက ဦးဟန်ပေးခဲ့တဲ့ အမွေနဲ့ ချမ်းသာနေသမျှ၊ သက်ဟာ မောင်ထူးကို ဘယ်တော့မှလက်ထပ်မှာမဟုတ်ဘူးတဲ့၊ မောင်ထူးကလဲ သိပ်ချမ်းသာချင်တဲ့ကောင်၊ ချမ်းသာဖို့ကို တစ်သက်လုံးစိတ်ကူးယဉ်လာခဲ့တဲ့ကောင်တဲ့ ..."





"သူ့စိတ်ကူးယဉ်အိပ်မက်ကြီး ရင်ခွင်ထဲကြွေကျတာ မောင်ထူးက ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူးတဲ့"

"ဖြစ်နိုင်တယ် ... မေယုံတယ်၊ တချို့ အဲဒီလိုစိတ်ထူးစိတ်ဆန်းသမားတွေရှိတယ်၊ သူများမတွေးနိုင်တာ သူတို့တွေးပြီး ထူးထူးဆန်းဆန်းလုပ်တတ်တယ်၊ ဖြစ်နိုင်တယ်၊ ဒီစကားကို ဒေါ်လေးလှလွန်းဟန်က သက်ကိုတကူးတကခေါ်ပြောတာနော်"

"ဟုတ်တယ်၊ သူ့မောင်က အဲဒီလိုပဲပြောခဲ့တယ်တဲ့၊ သက်ယုံတယ်၊ ဦးဟန်နဲ့တူတူ အလုပ်လုပ်လာတာ၊ ဦးဟန်ရဲ့စီးပွားရေး၊ လူမှုရေးတွေ သက်က အကုန်သိတယ်၊ ဦးဟန်ဟာ စိတ်သဘောထားမြင့်မြတ်တဲ့ လူကြီးလူကောင်းမှန်ပါတယ် ..."

"ဒါပေမယ့် ... သူလဲ ပုထုဇဉ်လေ၊ တစ်ခါတလေမှာ၊ ဦးဟန်ဟာ အငြိုးအတေးကြီးကြီးနဲ့ မကျေနိုင်အောင် နာကြည်းနေတတ်တာ သတိထားမိတယ်၊ သက်ကိုချစ်လို့ သက်ကောင်းစားအောင်၊ သက်လက်ထပ်ရမယ့်သူကို ပေးခဲ့တယ်ဆိုတာထက် ..."

"သက်မာနကို နှိုးဆွပြီး ဂလဲ့စားချေဖို့အတွက်၊ ရှိသမျှစည်းစိမ်ပုံအောသွားတယ်ဆိုတဲ့အချက်ကို၊ သက်က ပိုလက်ခံတယ်"

"ဟုတ်တယ်၊ ဒါဖြစ်နိုင်တယ်၊ ကိုယ်မရတဲ့ချစ်သူ၊



www.burmeseclassic.com

www.burmeseclassic.com



ယူချင်တဲ့သူနဲ့ယူမယ့်ကိစ္စမှာ အမွေးပေးခဲ့တယ်ဆိုတာတော့၊ ဒီကိစ္စ ဘယ်သူမှ စေတနာမသန့်နိုင်ဘူးကွာ"

"ဟုတ်တယ်"

"လွယ်ပါတယ်၊ ကိုယ့်လက်ထဲရောက်လာတဲ့အမွေတွေကို သူ့ဘာသာနဲ့ရောကိုယ့်ဘာသာနဲ့ပါ၊ အလှူလုပ်ပေးလိုက်ပေါ့၊ တိုက်ကြီးတွေဆိုလဲ ချာ့ချ် (Church) ကိုတစ်လုံးလှူ ဘုန်းကြီးကျောင်းတစ်လုံးလှူ လှူပစ်ပေါ့ကွာ၊ လူမသေငွေမရှားပါ၊ သူ့လောက် သူဌေးကြီးဖြစ်မလာရင်တောင် တင့်တောင့်တင့်တယ်ဆိုတဲ့အထိတော့ ကြိုးစားရင်ရနိုင်ပါတယ်"

"သက်က အဲဒီလိုပဲပြောပါတယ်ဝေ၊ မောင်ထူးက လက်မခံခဲ့ဘူး"

"အော်"

ဒီနှစ်ယောက် ဘယ်လိုကွဲကွာခဲ့ရတယ် … ဆိုတာ ခုမှသဘောပေါက်ရတော့သည်။

"သူ့အစ်မက၊ သူ မရလို့ ကြားထဲကဝင်မနာလိုပြီး လီစယ်တာဖြစ်မယ်တဲ့၊ ဦးဟန် ဒီသဘောမရှိဘူးတဲ့"

"ဒေါ်လေးလှလွန်းဟန်က ဆင်းရဲလို့လား"

"မဆင်းရဲပါဘူးကွယ်၊ သူများနိုင်ငံသွားနေပြီး အဲဒီနိုင်ငံသားတချို့ထက်တောင် ပိုချမ်းသာနေသေးတာပါ။ ပြီးတော့ … ယူလို့လဲမရပါဘူး၊ ဟိုနိုင်ငံသားဖြစ်





နေတော့၊ မြန်မာပြည်ကအမွေကို ဆက်ခံခွင့်လဲမရှိပါဘူး၊ သူ့မောင်က ပြောဖို့ကိုမှာခဲ့လို့ပြောတာတဲ့။ ဆိုလိုတာက မာနမရှိ အရှက်မရှိရင် ယူကြပေါ့။ ဘာပဲဖြစ်ဖြစ်လေ … ဒီအမွေတွေကို စွန့်လှူလိုက်ဖို့ပဲလိုတယ် …

"သက်တို့ဗုဒ္ဓဘာသာမှာ၊ လာတုန်းကလဲ တစ်ယောက်ထဲကုသိုလ်နဲ့ အကုသိုလ်ပဲပါတယ်၊ ဘာမှပါမလာဘူး၊ သေတော့လဲ ဘယ်ရည်းစား၊ ဘယ်ချစ်သူမှ လိုက်မသေပါဘူး၊ ကိုယ့်နောက်ကို ကုသိုလ်နဲ့အကုသိုလ်ပဲပါမှာ၊ ဒါတွေ အမေက ဆုံးမထားတာ …

"အမေမတော်ချင်တဲ့ သမက်လောင်းကိုငြင်းပြီးမှ သူ့စည်းစိမ်ခံစားရင်၊ အမေကရောက်ရာဘဝက ထဆဲနေမှာမြင်ယောင်သေး"

သက်က နာနာကျင်ကျင်လေးရယ်ရှာ၏။

"မောင်ထူးက ပြောလို့မရဘူး၊ ချမ်းသာတဲ့အရသာကို သူသိသွားပြီ၊ အဲဒီဒဏ်ကို သူမခံနိုင်ဘူး၊ သူအောက်ခြေလွတ်သွားပြီ။ ဘယ်လိုမှ မစွန့်နိုင်ဘူး"

ပါဂျရိုး တဝီဝီ၊ ဆယ်လူလာတကိုင်ကိုင်နှင့် ျအစစ်နှင့်လုပ်ထားသော စီးကရက်ဘူးထဲမှာ ငါးသုံးလုံး သောက်နေသောလုပ်ငန်းရှင်သူဌေးပေါက်စ ဦးထူးနောင်ကို ျက်စိထဲ မြင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ထိုက်လို့ငါရတာ၊ ဒီအချိန်မှာ ငါဟာ ဒီလို အကျိုးပေးဖို့ ဘဝက ကံစီမံပေးပြီးသား၊ ညည့်မထ စားနေရတဲ့အဖေနဲ့အမေကို ပေါ်ဆန်းမွှေး ကျွေးပြီး၊ ကားပေါ်တင် ရွှေတိဂုံဘုရား နေ့တိုင်းပို့၊ ဘဲကင် လား၊ ကြက်ကြော်လား၊ ပုဇွန်ထုပ်ကြီးဆီပြန်လား

"ဘာစားမလဲ၊ ပန်းသီးတစ်လုံး တစ်ထောင်ဆိုရင် တောင် ကိုယ့်မိဘစားဖို့ ဝယ်ကျွေးနိုင်တဲ့ဘဝကို ငါ မစွန့်လွှတ်နိုင်ဘူး မိသက်၊ ငါ့တစ်ယောက်ထဲအတွက် ဆိုရင် ငါ ဒီလောက်ဖက်တွယ်မထားပါဘူး၊ ခုတော့ အဖေနဲ့အမေလဲရှိနေတယ်ကွာ ...

"စည်းစိမ်ချမ်းသာကြီးရရှိခံစားပြီးမှ မိန်းမလိုချင်တာ နဲ့၊ အဖေနဲ့အမေကို ညည့်မထပြန်စား၊ ငဇင်ရိုင်းအိုး ကပ်လေးပြန်ချက်စားလို့ ငါမပြောနိုင်ဘူး ...

"ကိုယ့်ကိုပေးခဲ့ပြီပဲ စိတ်မသန့်စရာ ဘာမှမလိုဘူး၊ ဂလဲ့စားချေခဲ့တယ်ပဲထား၊ နင်နဲ့ငါနဲ့လက်ထပ်လိုက် ရင် သူဂလဲ့စားခြေတာအထမမြောက်ဘူး" ... တဲ့။

"ပြီးတော့ ... မောင်ထူးကမိန်းမသားမာနကိုထိခိုက် တဲ့စကား၊ သက်ကိုတိုက်ရိုက်စော်ကားတဲ့စကားတစ် ခွန်းလဲပြောခဲ့သေးတယ်၊ ခုဆို ... သူ့မှာ ဝိုင်းဝိုင်း လည်နေပြီတဲ့။ တချို့ သမီးရှင်တွေကတောင် ကြ လူးနဲ့ စပ်ချင်ဟပ်ချင်ဖြစ်နေကြတယ်တဲ့ ...





"သူကသာ သက်အပေါ် မေတ္တာစစ်နဲ့ သစ္စာရှိချင် လို့ ဦးစားပေးတာတဲ့။ သိပ်မူမနေနဲ့။ တော်ကြာမှ လွတ်တဲ့ငါးကြီး ... ကြီးလှချီရဲ့ဖြစ်မယ်တဲ့ကွယ်၊ ဟောဒီရင်ဘတ်ကြီးထဲက နာလိုက်တာ။ သူပြောပုံ"

ထူးနောင် စကားတွေကို ပြန်ပြောပြဖြစ်၏။ ကိုယ့်တုန်းက သူ့ကိုချစ်စိတ်ဖြင့် အဲ့သည်စည်းစိမ်ကြီးကို လက်လွှတ်ခဲ့သည်။ လှုပြစ်လိုက်တာတွေပါရမှာဆိုတော့ ကိုယ် စွန့်ပစ်ခဲ့တာ သူ ... အခုရတာထက်တောင် များသေးသည်။ အချစ်ကို မိုက်မဲစွာ ကိုးကွယ်ခဲ့သလို၊ သူ့အလှည့်ကျတော့ အချစ်သည် ဦးစားပေးအဆင့်ထဲမှ လျှောကျပျက်ပြယ်သွား ရ၏။ ဒါတွေကို ကိုယ်မက်ခဲ့လျှင် သူ့ဆီတောင်ရောက်လာ မှာမဟုတ်၊ ဦးဟန်က ရောဂါရှိလို့ကွယ်လွန်မယ်ပဲထားဦး၊ သူဌေးမုဆိုးမလေးဘဝနှင့် အရပ်ရှစ်မျက်နှာလှည့်ပြီး စိန် တွေပစ်ကြဲနေနိုင်သည်။

အမေလည်း ဆင်းရဲသားအဖြစ်နဲ့ ကွယ်လွန်ခဲ့ ရတာပါပဲ။ ကိုယ့်အမေကိုယ် ကိုယ့်ချွေးနည်းစာဖြင့် အတတ် နိုင်ဆုံးကျွေး၊ ဆေးကု၊ အမေ့အတွက် ဆန်ကောင်းလေးခွဲ ချက်ကျွေးတော့၊ သားအမိနှစ်ယောက်ထဲရှိတာ ဘာထူးမှာ မို့လဲ ... ဟု အမေပြောခဲ့တာတွေ။ ပန်းသီးစားရမှ ဗီတာ မင်စီရသလား။ မာလကာသီးကလဲ ရတာပါပဲ။ အမေဟာ သူဌေးမကြီးအဖြစ်နဲ့ နေမသွားဘူးပေမယ့်၊ စိတ်လက်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာစွာ ဘဝနိဂုံးကို ချုပ်သွားခဲ့တာပါပဲ။

"ခုထိလဲ မစွန့်နိုင်သေးဘူးပဲလား"

"မစွန့်နိုင်သေးဘူးပဲ၊ စည်းစိမ်ချမ်းသာဆိုတာကလဲ ယစ်မူးစေတတ်တဲ့အရာပဲလေ၊ မူးယစ်ထုံထိုင်းအောင်ဖြစ်တဲ့အထဲမှာ စည်းစိမ်ချမ်းသာကိုတောင်ထည့်ချင်တယ်၊ စွဲတယ်၊ မဖြုတ်နိုင်ဘူး ...

"မခံစားဘူးသေးတဲ့လူတွေ အရသာမသိလို့ မတပ်မက်လှပမေယ့် ခံစားဖူးသွားပြီဆိုမှတော့ အရသာသိသွားပြီလေ။ ပါဂျရိုးလေး လက်တင်စီးနေတဲ့သူက နံပါတ်လေးဆယ့်နှစ်ဘတ်စ်ကားကြပ်ကြပ်ကြီးကို ဈေးစော်နံတွေကြားထဲ တိုးတက်နိုင်ပါဦးတော့မလား"

"သူလက်ထပ်သွားပြီလား"

"ဟင့်အင်း ... တစ်နေ့နေ့၊ သက်က ကြောက်ပါပြီ၊ နောင်တရပါပြီ အောင်ပြီး သူ့ဆီပြေးကပ်လာမယ်ထင်နေတယ်၊ သူက ... သက်က သက်သက်မဲ့လက်ပေါက်ကပ်တာတဲ့။ သက်ပြေးလာမယ့်နေ့ကို အထင်သေးစွာစောင့်စားနေလေရဲ့"

"အဲဒါကြောင့် ... သက် အဲဒီကုမ္ပဏီက အလုပ်ထွက်တာပေါ့"

"ဟုတ်တယ်၊ သူပြောပေးထားတာဆိုလဲ မလုပ်ချင်ဘူး၊ သူကတော့ မရှိတော့ဘူးပေါ့လေ၊ ဦးဟာန်ရဲ့





ကုမ္ပဏီကိုပြောင်းပြီ။ ဦးဟာန်ပြောခဲ့တာမှန်းသိတော့လဲ ပိုမလုပ်ချင်ဘူး၊ ဒါကြောင့် ထွက်တာ၊ သူက အခု သူပိုင်ဖြစ်နေတဲ့ ဦးဟာန်ကုမ္ပဏီမှာ သက်ကို သူ့အတွင်းရေးမှူး လာလုပ်ဖို့ခေါ်နေသေးတယ်၊ ဟာသပဲ"

"ဘာလို့လုပ်ရမှာလဲကွ"

"အေးကွာ ... ဖြူစင်ရိုးသားတဲ့မိန်းမတွေရဲ့မာနကို မိန်းမသားချင်းပဲ ကိုယ်ချင်းစာနိုင်တယ်၊ ကောက်ကျစ်တဲ့မိန်းမတွေလဲရှိပါတယ်၊ အဲဒီလို မိန်းမတစ်ကောက်ကျစ်ပြီဆိုလဲ မိန်းမချင်းမှ ပိုသိတာ၊ မြွေမြွေချင်းမှ ခြေမြင်တာ"

"ဒေါ်လေးလှလွန်းဟန်ညာသွားတယ်လို့ မထင်ဘူး"

"သက်လဲမထင်ဘူး၊ ယုံပဲယုံတယ်။ ယုံလေ ... ရှေ့မတိုးရဲလေ"

"ဟုတ်ပါရဲ့"

"အခု ရုပ်ရှင်ပါးကတ်မှာ ကိုယ့်ဘာသာအလုပ်လျှောက်ယူတာ။ သက်နှင်းကြင်ဘဝမှာ မောင်ထူးမပါလဲ၊ စားဝတ်နေရေးပြေလည်ပါတယ်၊ စားချင်တာ မမြိုးမြဲဘဲစားရ၊ လှူချင်တာ မမြိုးမြဲဘဲလှူရ၊ နေမကောင်းတဲ့အခါ ဆေးကုဖို့ စုငွေလဲရှိမယ်ဆိုရင် ... စိန်တွေ ပြည်တောင်းနဲ့ချင်စရာမလိုပါဘူးကွယ် ...

"အဲဒီအခါကျမှ သူခိုးကြောက်ရ၊ ဓားမြကြောက်ရ၊



www.burmeseclassic.com

www.burmeseclassic.com



ခုဆို ... သက်နှင်းကြင်ကို ဘယ်သူခိုး ဘယ်ပ...
မြကမှ မျက်စိမကျဘူး"

"ဝေကတော့ ကျနေတယ်"

"အမလေး ... ဘာလိုချင်လို့လဲ၊ ကြိုက်တာယူ"

"သက် တစ်ခါကထုတ်ကစားတဲ့ဘိုမရုပ်လေး၊ မှော...
လိုက်ရင် အူဝဲလို့ငိုတယ်"

"အော် ... ကလေးမဟုတ်သူငယ်မဟုတ်၊ အရုပ်...
ချင်ရတယ်လို့၊ အဲဒါလေးကဖြင့် ဟောင်းနေပြီ၊ ...
မျိုးတွေ ဝယ်လို့ရတတ်ပါတယ်၊ အရုပ်ဆိုင်ကိုသူ...
စမ်းပါ၊ ဝေကြိုက်တာယူ ဝယ်ပေးမယ်"

"တကယ်နော် ... ဒါဆို အဟောင်းမယူတော့ဘူး...
အသစ်ပဲယူတော့မယ်"

"စိတ်ချ၊ ဝယ်ပေးမယ်"

ဖယောင်းတိုင်မီးကလေးတွေ ငြိမ်းလိုက်ကြ...
ချိန်မှ ဒေါ်လေးလှက ညှော်ခန်းနားမှ ခွာသလို၊ ဖရက် ...
မှန်ပြောင်းလေးလည်း အနားယူခွင့်ရတော့သည်။

❀ ❀ ❀



အခန်း (၈)

"အော် ... လောကကြီးဟာ တော်တော်လဲကြောက်စရာကောင်းပါလားနော်၊ လူ့လောကဆိုတာ၊ တို့လိုဆင်းရဲသားတွေအတွက် နေစရာနေရာ မရှိဘူးကွာ ဒေါ်သလဲထွက်ရဲ့၊ စိတ်လဲဆင်းရဲပါရဲ့"

"ဟုတ်ပါရဲ့ ... သူဌေးဆိုတဲ့လူတန်းစားကိုလဲ အံ့သြပါရဲ့၊ သူ့ခြံ သူ့တိုက်ကြီးနားမှာ ဆင်းရဲသားအိမ်ပုတ်လေးတွေရှိနေကာကိုပဲ မကြည့်နိုင်ဘူးဖြစ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



"အသေရေလျော့တယ်ပေါ့ကွာ"

ဖေဖေနှင့်မေမေတို့ ငြီးတွားတိုင်း ထား[illegible] နေခဲ့ရသည်။ ထားတို့နေရသည့်ခြံက ကျယ်ပါသည်။ [illegible] ပင်ကြီးများနှင့်လည်း ဝေဆာ၏။ သို့ပေမယ့် ... ခြံကျ[illegible] ကြီးထဲမှာ ... အိမ်ပေါက်စလေးတွေ၊ ခနီမိုးတာက[illegible] သွပ်အဟောင်းမိုးသည့်အိမ်ကမိုး၊ အကာကျတော့ ဝါး[illegible] ကာ၊ ခနီကာ၊ တချို့က ပျဉ်ကာသည်။ သို့ပေမယ့် ... အားလုံးသောအိမ်ကလေးများသည် အိမ်ပေါက်စလေး[illegible] ဖြစ်၏။ ဖိနပ်ချွတ်ရယ်၊ ကပြင်ရယ်၊ ပြီးတော့ အခန်း[illegible] က တစ်ခု၊ ဘေးမှာ မီးဖိုဆောင်လေးတစ်ဖက်ရပ်အဖိ[illegible] အဲသည်လိုမျိုး အိမ်ကလေးတွေ ဟိုတစ်လုံးသည်တစ်[illegible] တစ်ဖက်ခြံအိမ်ကြီးရှင်များက "အိမ်ပုတ်ကလေး" တွေ[illegible] ဘယ်နေရာက ဘယ်လိုပုပ်ပောင်ညှိစို့သည်မို့ အိမ်ပုတ်[illegible] ခံရသည်မသိပါ။ အဲသည်အိမ်ပုတ်ကလေး၊ လေးငါး[illegible] မြေကေတစ်မတ်ကျော်ကျော်၊ ငါးပဲလောက်လား၊ [illegible] လောက်ထိ ရှိမလားမဆိုနိုင်သော မြေကျယ်ထဲမှာရှိနေ[illegible] ဟိုဘိုးစဉ်ဘောင်ဆက်ထဲကပါ။

"ဒီနေရာတွေမှာအစက ဘယ်သူမှ မနေရဲဘူး[illegible] ခိုးဒမြလဲ ကြောက်ရတယ်၊ အဲဒီတုန်းက [illegible] တိုင်မှကြည့်မြင်တိုင်၊ ကြည့်မြင်တိုင်က [illegible] နေရပ်ကွက်၊ မြေဈေးအိမ်ဈေးကောင်းတယ်၊ [illegible]





က ... ဟိုရှေးရှေးတုန်းကဆို၊ သုံးလမှ မြေခွန်နှစ် ကျပ်ဆောင်နိုင်ရင်၊ ကြိုက်သလောက်ခြံခတ်ပြီးနေနိုင် တဲ့နေရာ ...

"ခုမှ ဘိုးဘွားပိုင်လေးဘာလေးဖြစ်တာ၊ တောကြီး မျက်မဲ၊ ချိုင့်တွေလျှိုတွေနဲ့၊ လူဆိုးသူခိုးလဲအောင်းပ၊ အောင်မင်းခေါင်ဘုရားလာဖူးရင်တောင် မြင်းလှည်း နှစ်စီးသုံးစီးစာ လူစုလူဝေးနဲ့မှလာရဲတာ၊ ချောင်ကျ လွန်းလို့၊ လူပြတ်လွန်းလို့"

အဖေ ဘယ်လိုပဲရှုံ့ချပြောပြော၊ ခုချိန်မှာ တစ် ကေမြေဈေးက သိန်းရာထောင်ချီနေခဲ့ပါပြီ။ သူဌေးတွေချည်း နေတဲ့နေရာဖြစ်ခဲ့ရပါပြီ။

"သူတို့အဘိုးလက်ထက်ကပေါ့"

ဟိုဘက်ခြံ၏ လက်ရှိမြေပိုင်ရှင်က ဦးဦးကျော် သူနှင့် ဒေါ်လေးနှင်းနှင်းတို့ပါ။ ဦးဦးကျော်သူနှင့်ဒေါ်လေး နှင်းနှင်းတို့မှာ သားနှစ်ယောက်ရှိသည်။ ဗလကျော်သူနှင့်သီဟ ကျော်သူ ... တဲ့။ အားလုံးက ကိုကိုကြီး၊ ကိုကိုလေးခေါ် ကြသည်။

"အစ်ကိုကျော်သူရဲ့အဘိုးလက်ထက်တုန်းကထဲက ဒီ မြေကိုပိုင်တာ၊ သူတို့ဘက်က တစ်ကေကို သူတို့နေ တယ်၊ ဒီဘက်က မြေသုံးမူးလောက်ထဲမှာ၊ မြ[illegible] ရယ်၊ ဒရိုင်ဘာရယ်၊ သူတို့အိမ်မှာ ဝမင်း[illegible]၊ အ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လျှော်၊ လက်တိုလက်တောင်းလုပ်ပေါ့၊ အဲဒါတွေကို အိမ်ပေါက်စလေးတွေနဲ့ ဝင်းခြံသပ်သပ်ခပ်ပြီး ထားခဲ့တာ"

"ဟင် ... ဒါဖြင့် သူတို့ပိုင်တာပေါ့"

အမေက အိမ်နှင့်မြေကို ပြန်ပေးရတော့မလား၊ ကြောက်လန့်တကြားဖြစ်လေ၏။

"နေဦး ... ငါပြောမယ်။ ရှင်းရှင်းပြောရရင် ဟိုဘက်ကသခင်ခြံ၊ ဒီဘက်က အလုပ်သမားခြံ။ အစက သူတို့ဆောက်ပေးတာ၊ နောက်ပိုင်းတော့ ကိုယ့်အိမ်ကိုယ်ပြင်ကြတယ်။ တတ်နိုင်တဲ့သူက တတ်နိုင်သလို၊ မတတ်နိုင်တဲ့သူက မတတ်နိုင်သလိုဆိုတော့ အိမ်ချင်းက မညီတော့ဘူး ...

"ဒီဘက်ခြံကလူတွေအနေနဲ့ သူဌေးခြံမှာ မာလီဒရိုင်ဘာဆက်လုပ်တဲ့သူလဲရှိ၊ မလုပ်တော့ဘဲ အပြင်မှာ လက်သမား၊ ပန်းရံလုပ်တဲ့သူလုပ်ကြ၊ သားသမီးတွေ လက်ထက်ရောက်လာတော့ ပြောပါတယ် ...

"အိမ်ကြီးပေါ်တက်ပြီး ထမင်းချက်တဲ့သူလဲချက်ရဲ့၊ စက်ချုပ်တဲ့သူလဲချုပ်ရဲ့၊ သူဌေးက ... တပည့်တပန်းသံယောဇဉ်နဲ့ နေစေလာခဲ့တာ ခုထိဆိုပါတော့"

ခုချိန်ကျတော့၊ အိမ်ကြီးပေါ်တက်၍ ထမင်းချက်သော၊ အဲသည်အိမ်ကြီးမှာ မာလီခြံစောင့်လုပ်သောမိသား





စုက တစ်စုနှစ်စုလောက်သာရှိတော့သည်မို့ တကယ်နေသင့်တာက အဲသည်မိသားစုနှစ်စုနှင့် အဲသည်အိမ်ကလေးနှစ်လုံးထဲလိုဖြစ်နေ၏။ ကျန်အိမ်များမှ ပေါက်ဖွားဆင်းသက်လာသည့် သားသမီး ချွေးမသမက်တွေက ဦးကျော်သူလက်ထက်မှာ မျိုးဆက်နှစ်ဆင့်ပြောင်းခဲ့ပြီမို့၊ စက်ချုပ် ပန်းရံတောင်မကတော့ဘဲ မူလတန်းပြဆရာတွေဘာတွေတောင် ဖြစ်တဲ့သူကဖြစ်နေပြီ၊ သို့ပေမယ့် ... တစ်ဖက်ခြံအိမ်ကြီးရှင်တို့သည် ဒီခြံတစ်ခြံလုံး၏ကျေးဇူးရှင်တွေတော့ဖြစ်နေ၏။ ဒီဘက်ခြံမှ အိမ်ပုတ်ကလေးတွေက မိသားစုဝင်များသည် ခြံကြီးရှင်မိသားစုက လိုအပ်လျှင်လိုအပ်သလိုခေါ်ခိုင်းသမျှ ငြင်းပယ်ရဲသည်တော့မရှိပါ။

တချို့ကျတော့ ဝမ်းသာအားရကူညီကြသည်။ တချို့က အဆက်အဆံဖြတ်၊ ခပ်ရှောင်ရှောင်လုပ်၍ ပုန်းလျှိုးကွယ်လျှိုး မသိကျိုးကျင်ရှိသည်။ အိမ်ပုတ်ကလေး၊ လေးငါးလုံးမှ ဆင့်ပွားကာ တချို့ ချွေးမကောင်းသမက်ကောင်းရသူတွေ၊ စီးပွားပေါက်စလေးတွေဖြစ်ထွန်းလျက်၊ တစ်အိမ်မှ နှစ်အိမ်ဖြစ်၊ နောက်အိမ်က ရှေ့အိမ်ထက်ကြီးဆိုသလိုနှင့် ... ကိုးလုံးဆယ်လုံးဆိုသလိုတောင်ရှိလာပြီ။ ဟိုတုန်းကလို ကျယ်ကျယ်လွန့်လွန့်တောင် သိပ်မရှိချင်တော့ပါ။ ဒီအိမ်မှာ ချောင်းဆိုးလျှင် ဟိုအိမ်ကကြား၍ ဟိုအိမ်မှာ ဟင်းချက်စရာမရှိဘာ ဒီအိမ်က သိခွင့်ရသည့်အဆင့်သို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရပြီ။

တစ်ခါတစ်ခါတော့ သွေးသားမတော်စပ်ကြ သော တစ်ခြံထဲနေအိမ်နီးပါးချင်းများ၊ သမီးယောက်ဖတွေ၊ သမီးယောင်းမတွေ၊ လင်မယား ခမီးခမက်တွေကလည်း ရန် ထဖြစ်ချင်ဖြစ်တတ်၏။ ထိုအခါ အသံတွေကကျယ်လွင့်ပြီ၊ အိမ်ကြီးဆီသို့ ပျံတက်တတ်သေးသည်။

"ဟေး ... ဟိုဆင်းရဲသားရပ်ကွက်က ကောင်းကောင်း ထားရင်ကောင်းကောင်းနေ၊ ဘာသံမှမကြားချင်ဘူး၊ ဘုံပျောက်သွားချင်လား"

ဦးကျော်သူ ခြံစပ်သို့လာ၍ ခါးထောက်အော် လိုက်လျှင် အိမ်ပုတ်ကလေးများအားလုံး အသံတိတ်ရလေ၏။ ထိုခြံက အနိမ့်ပိုင်း၊ ခြံကြီးက အမြင့်ပိုင်းဖြစ်ကာ၊ အမြင့် ပိုင်းနှင့်အနိမ့်ပိုင်းကြားမှာ၊ ဝင်ဒါမီယာရပ်ကွက်ကို အလယ် ခေါင်မှဖြတ်၍ ကွေ့ပတ်စီးဆင်းသောချောင်းက ခြားနားထား လိုက်သေးသည်မို့ ဦးကျော်သူ သူ့ဘက်ပိုင်းခြံစည်းရိုးမှာလာ ရပ်လျှင် ဆယ့်ငါးပေနက်ချောက်ထဲမှ ဆင်းရဲသားအုပ်စုက မော့ကြည့်နာယူရမြဲဖြစ်လေ၏။

"ကျွန်မတို့ကျတော့ ရန်ဖြစ်လို့ဆူသတဲ့၊ သူတို့ကျတော့ လဲ ပျော်ပြီးဆူတာပဲ"

ဦးကျော်သူကိုယ်တိုင်က အလွန်ပျော်ရွှင်ဖွယ်ကော တတ်သူဖြစ်သည်။ သူ့ခြံကျယ်ကြီးထဲမှာ ပျော်ပွဲရွှင်ပွဲတွေ





ခဏခဏလုပ်သည်။ မွေးနေ့ပွဲ၊ ဈေးရောင်းပွဲတွေကို တစ် ခါတလေကျ တီးဝိုင်းနှင့်အဆိုတော်တွေပါ ပါဝင်ဖျော်ဖြေ လျက်၊ အစားအသောက်တွေကို ကိုယ်တိုင်ယူစနစ်ဖြင့် အ လကားကျွေးသည့်အခါရှိသလို၊ ဝယ်စားရသည့်ပွဲမျိုးလည်း ရှိ၏။ ထားကတော့ အဲသည်လိုပဲနားလည်ခဲ့ပါသည်။ အဲ သည်ပွဲမျိုးတွေမှာ အနိမ့်ပိုင်း "ဆင်းရဲသားရပ်ကွက်" ဟု သူတို့ပိုင်မြေသုံးမူးလေးကို သူတို့ကင်ပွန်းတပ်ထားခြင်းခံရသော အရပ်မှ ထားတို့လို ခြံမှီခိုလူသားတွေက၊ ခြံကြီးပေါ်တက် ၍ ကြည့်ရတာတွေလည်း မကြာခဏရှိ၏။

ခေါ်ခိုင်း၍ လုပ်ပေးရသည့်သဘောလေ။

ထားကတော့ အမြဲရှောင်သည်။ အမေကလည်း မလွှတ်။ ဒီခြံမှာနေသေးပေမယ့် အဖေက လှည်းတန်းဈေး နားမှာ ဝက်သားတုတ်ထိုးသွားရောင်းသူဖြစ်ပြီး၊ အမေက ဘာမျှမလုပ်သူမို့၊ အိမ်ကြီးနှင့်ကင်းရှင်းသည့်အုပ်စုထဲ ထား တို့သားမိသားဖသုံးယောက်လုံးပါ၏။ သို့ပေမယ့် ... မြင် တွေ့နေကြသူတွေမို့ ...

ဒါဟာ ... ကိုကိုကြီး၊ ဒါဟာ ကိုကိုလေး ဦးဦးကျော်သူ၊ ဒေါ်လေးနှင်းနှင်းဆိုတာ သိနေရသလို၊ တစ် ချိန်တုန်းက ယာဉ်မောင်းကိုစိန်သီး၏သား ကိုအောင်တင့် မေသန်းစိန် သမီးရပ်ဆိုးမ ခင်ထားတင်ဆိုတာကိုတွေ့ ... "ဆိုတဲ့" နေကြသည်ပင်။ ဘားက ငယ်ငယ်ကဆို ...



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ အသားကညိုညို၊ ပါးကဖောင်းတော့ နှာခေါင်းပြားပြီး ငယ်နာမည် "ရုပ်ဆိုးမ" တဲ့လေ။

"အစ်ကိုကျော်သူက အိမ်တွေဖယ်ခိုင်းနေပြီ ... သန်းစိန်ရဲ့" ... ဆိုသည့် ဝါကျမှစလျက် ...

လောကကြီး ကြောက်စရာကောင်းတာတွေ၊ ဆင်းရဲသားများအတွက် နေစရာမရှိတာတွေ၊ ဒေါသထွက်စိတ်ဆင်းရဲတာတွေ၊ အသရေလျော့တာတွေထိ ဖြစ်ကုန်ရတော့သည်။ စင်စစ် ... ကိုယ့်မြေမှ မဟုတ်ဘဲ။ နောက်ပိုင်းမှာ ကိုယ့်ပိုက်ဆံနှင့်ကိုယ် ပြန်ပြင်ထားခဲ့ပြီဆိုပေမယ့် မူလက သူတို့ဆောက်ပေးခဲ့သည့်အိမ်ပဲ၊ ဒီနေရာမှာ မျိုးဆက်နှစ်ဆက်သုံးဆက်ထိ အလကားနေခွင့်ရနေတာတောင် လွန်လှပြီဟု ထား ထင်၏။ ဖယ်ဆိုဖယ်ရုံပေါ့၊ ဖယ်ဖို့သင့်သည်ပေါ့။ ခုတော့ ... ဦးဦးကျော်သူက အလကားဖယ်ရမှာတောင်မဟုတ်၊ လျော်ကြေးပေး၍ နှင်မည်ဆိုတော့၊ ဦးဦးကျော်သူဘက်က ကောင်းလွန်းအားကြီးနေပြီဟုတောင် ထား ထင်မိသည်။

"ကိုယ့်ပစ္စည်းမှမဟုတ်ဘဲ၊ သူ့ပစ္စည်းသူပြန်တောင်းတာ၊ ပေးလိုက်ပေါ့အဖေရဲ့"

"ဟဲ့ ... ဘယ်သချိုင်းသွားသေရမလဲ၊ ခုခေတ်မြေဈေးအိမ်ဈေး ဘာမှတ်လို့လဲ"

ဘတ်ဘ, အမေ အငေါ်စတူးပြီဆိုလျှင် ထားကြောက်ပါ၏။ အမေက အဆဲအဆိုလည်းဝါသနာပါသည်။ ညစ်ညမ်းသောစကားများကို ထမင်းစားရေသောက်ဆိုသလို နှုတ်ထွက်ရဲသူလည်းဖြစ်လေ၏။

"နှင်ချင်တိုင်းနှင်လို့ ရမလား၊ မဖယ်ပါဘူး"

"လျော်ကြေးပေးပြီးနှင်ရတာ ထုံးစံပဲဟဲ့"

ဟင် ... ဒီထုံးစံကြီးက ဘယ်လိုဖြစ်တာပါလိမ့်။ မတရားသဖြင့်ထုံးစံကြီးပါလား။ ထားတော့ မကြိုက်ပါ။ ထားက တရားမျှတတာပဲကြိုက်သည်။ ဒီနေရာမှာ ထား မှားသလား၊ အဖေတို့မှားသလားဆိုတာ ထား သေသေချာချာမသိပါ။ ထားကတော့ ထားမှန်သည်ဟုပဲ ထင်ပါ၏။

အဲသည်တုန်းက ထား ဆယ့်သုံးနှစ်လေ။

❀ ❀ ❀

"ဟိုဘက်ခြံမှာ လုပ်ပြန်ပြီ၊ မွေးနေ့ပွဲနဲ့ ဈေးရောင်းပွဲတဲ့ကွာ၊ မွေးနေ့ဖိတ်စာကို တစ်စောင်တစ်ရာငါးဆယ်ဆိုလား နှစ်ရာဆိုလား၊ အဲဒါနဲ့ ဝယ်ရမှာတဲ့"

"အေး ... အထူးအဆန်းပဲ"

"စားစရာတွေ နည်းနည်းပါးပါးတော့ အလကားကျွေးမယ်၊ ဘီယာတို့ဘာတို့ဝယ်သောက်ရမယ်တဲ့"







www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အိမ်က ကိုအေးမောင်က ပန်ဆိုလားဘာလား၊ သွားရောင်းမလို့တဲ့"

"ပန်ဆိုတာ ဘာလဲ"

"ပန်ဆိုလား ပန်ချာဆိုလားမသိပါဘူးအေ။ အရက်ရယ် ဖျော်ရည်ရယ် ဘယ်လိုစပ်တယ်မသိပါဘူး၊ ချိုလဲချို ရှလဲရှနဲ့ သောက်ကောင်းသတဲ့၊ များများသောက်ရင် မူးတယ်တဲ့။ အဲဒါ သွားရောင်းရင်သိပ်မြတ်ဆိုပဲ"

အဲသည်ပွဲကို ဖန်းဖဲယား (Fun Fair) ခေါ်မှန်းထားသိနေခဲ့ပါ၏။

"ဟော့ ... တို့ဆင်းရဲသားရပ်ကွက်လဲ အထင်မသေးနဲ့ လက်မှတ်ဝယ်ပြီးတက်မယ့်သူ သုံးလေးယောက်ရှိတယ်"

ဘယ်သူတွေပါလိမ့်၊ ထား သိချင်လိုက်တာ။ ဖိတ်ရုံဖိတ်တာဆိုလျှင်တော့ ဒီမြေနိမ့်ပိုင်းလေးကို ဘယ်တော့မှ ဖိတ်ကြားမှာမဟုတ်တာသေချာပါသည်။ ခုတော့ ... လက်မှတ်တွေက ရောင်းတာ၊ မကုန်နိုင်လို့ ဖွတ်လျှောက်ရောင်းနေရတာဆိုတော့ ပိုက်ဆံပေးဝယ်ပြီး ဝင်မည့်သူတိုင်းကို သူတို့လက်ခံရမည်ပဲပေါ့။ ဘယ်သူတွေ ဘယ်လိုသွားသွား၊ ထားမသွားရမှာက သေချာသည်။ ထားက မိန်းမသား။ ပြီးတော့ ... မိုက်ရူးရဲစွာ ဖွတ်တိုးချင်လျှင်တောင် ထားမှာ အဝတ်အစားမရှိပါ။





"ဘယ်တော့တဲ့လဲ အမေ"

အမေက ထားကို မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ဘာလုပ်မလို့လဲ"

"အဆိုတော်တွေလာမှာ၊ ထား သစ်ပင်ပေါ်ကတက်ကြည့်မလို့"

အမေ့မျက်မှောင်လျော့ကျသွားသည်မှ သစ်ပင်ပေါ်တက်ကြည့်ခွင့်ရသွားပြီဟု မှတ်ယူလိုက်ရပါ၏။

❋ ❋ ❋

ဆယ့်သုံးနှစ်သမီးတစ်ယောက်အနေနှင့် ဤကုက္ကိုပင်ကြီးကို ဒီလောက် ခက်ခက်ခဲခဲကြီးမတက်ရပါ။ ဘာဖြစ်လို့လဲဆိုတော့ တက်နေကျမို့လို့ပါ။ သစ်ပင်ရယ်လို့တက်နိုင်ကထဲက၊ ထားဟာ မြောက်မလေးတစ်ကောင်လို ဟိုအပင်တက်၊ ဒီအပင်တက်၊ သစ်ပင်တွေပေါ်တက်ပြီး၊ ခြံကြီးပေါ်မှာ့ဆင်းခဲ့ရတာ ထား သက်တမ်းနှင့်အမျှ။ ကိုကိုကြီးတို့ ကိုကိုလေးတို့ ကြက်တောင်ရိုက်တာတွေဘာတွေဟာ သစ်ပင်ပေါ်တက်ကြည့်မှ မြင်ရသော အားကျဖွယ်သူတို့ရေ



www.burmeseclassic.com

www.burmeseclassic.com



ယိုစ်ရာ ကစားနည်းတွေလေ။ အရွက်ဖားဖားဝေတွေကြောင့် ထားကို မည်သူမှ မတွေ့ရပေမယ့် ... ထားက မြက်ခင်းကြီးတစ်ခုလုံးကို စိုး၍မြင်နေရသည်။ ဆိုင်ပေါက်စလေးတွေက ဆိုင်းဘုတ်ပေါက်စလှလှဆန်းဆန်းလေးတွေနှင့်။ ထားတို့ အိမ်ပေါက်စလေးတွေကို သူတို့က "အိမ်ပုတ်ကလေးတွေ" ဆိုတော့၊ ဒီဆိုင်လေးတွေကိုလည်း "ဆိုင်ပုတ်ကလေးတွေ" ... ဟု ခေါ်ရမည်ထင်သည်။ တချို့ဆိုင်က ဖန်ခွက်ကလေးတွေနှင့် ဖန်ချိုင့်လှလှကြီးတွေနှင့်၊ နောက်မှာ ဒန်အိုးကြီးလည်း တွေ့ရသည်။

ဟောတော့ ... ဟိုဆိုင်က ထူးထူးဆန်းဆန်း ဘူးသီးကြော်တဲ့။ အစ်မလှလှတွေကြော်သလိုလိုနှင့် ခုန်ချခုန်ဆွလုပ်ကာ တကယ်ကြော်နေတာက အဒေါ်ကြီးတစ်ယောက်။ လာဝယ်စားသူလဲရှိရဲ့။ ဟိုဘက်က ဘီယာတွေဝယ်သောက်နေလိုက်ကြတာ။ ဘီယာဗူးကိုဝယ်၊ ချက်ချင်းဖောက်သောက်၊ တစ်ငုံမော့။ ဗူးထဲမှာ ကျန်ကိုကျန်ဦးမည် ဟု ထားထင်ဆဲ ... အဲသည်ဗူးကို နောက်ပြန်လွှင့်ပစ်လိုက်ပုံက နမြောစရာကြီး။ ဟိုဘက်ဆိုင်က ကံစမ်းကစားပွဲဆိုင်။ ထောင်ထားသည့်ဗူးတွေကို ဘာနှင့်မှန်းမသိပစ်နေကြသည်။ နောက်ထပ် ဟိုဘက်ဆိုင်ကလည်း ကံစမ်းကစားပွဲဆိုင် ဖြစ်မည်။

လူတွေအုံနေ၏။ "ဟာ" ... ဆိုပြီး နောက်





ပြန်ခုန်ထွက်လိုက်ကြ၊ ရယ်မောကြ၊ ပိုက်ဆံအိတ်နှိုက်ပြီး ငွေတွေလှမ်းပေးကြ၊ ထားအမြင်မှာတော့ ရတာပဲမမြင်၊ ပေးရတာချည်းမြင်၏ ။ ငွေဖြုန်းပွဲထင်ပါရဲ့။

"အဆိုတော်တွေကို အားနာလိုက်တာ"

ထားတကယ်ပဲ ခံစားရပါ၏။ တီးခတ်သူတွေကလည်း ဖြန်းဖြန်းဖျင်းဖျင်းတီးကြ၊ အဆိုတော်တွေကလည်း ရင်ကွဲအောင်အော်ကြ၊ အဲဒါတွေကို လုံးဝလှည့်မကြည့်ဘဲ၊ ဘာဆိုင်မှန်း ထားသိပ်မသေချာ၊ သိပ်မပြောတတ်တော့သော ဆိုင်ကလေးတွေမှာပဲ စုပြုံတိုးနေကြတာများသည်။ သီဆိုတီးခတ်နေသော ဂီတသည် သူတို့၏အာရုံကို မည်သို့မျှမဖမ်းစားနိုင်ပါ။ သူတို့အားလုံး တစ်နေရာမှာ ခေါင်းကလေးတွေစုသွားလိုက်ကြ၊ ဝါးခနဲသံနှင့်အတူ နောက်ကျောကလေးတွေလန်၊ နဖူးရိုက်သူကရိုက်၊ ရှေ့တိုးနောက်ငင်ရှိကြလွန်းပါဘိ။

အော် ... သူတို့ကျတော့လည်း တစ်မျိုး။

ဒီအုပ်စုကျတော့ ဂီတအရသာထဲမှာ ပေါင်းစပ်ပျော်ဝင်လွန်းသည်ထင်ပါရဲ့။ ခုန်လိုက်ပေါက်လိုက် ကလိုက်ကြတာ၊ ခြေဆောင်သူကဆောင့်၊ စုံခုန်သူခုန်၊ ရှေ့တိုးနောက်ငင်က တစ်မျိုး၊ လက်ခံတွေ ခေါင်းပေါ်ထောင် ရင်ဘတ်ရှေ့မှာ ဇေ့ဝိုက်ငံလှည့်သူကလှည့်၊ ယောကျ်ားနှင့်မိန်းမ ရှေ့ပိုးတိုးသလိုပြေးလိုက်ကာလိုက်က တစ်မျိုး။ ထားတို့ မတ်



www.burmeseclassic.com

www.burmeseclassic.com



တပ်ရပ်ခါးထောက်ပြီး ခြေတစ်ဖက်စီရှေ့တိုးလျက် ကစား ရသည့် "အင်္ဂလိပ်ကြက်ဖဘိုကြက်ဖ" နှင့်လည်း ခပ်ဆင် ဆင်။

ကြည့်လို့ကောင်းလိုက်တာ။

ဆယ့်သုံးနှစ်သမီးလေးက အားကျလွန်းပါဘိ၊ ထားမှာ ပိုက်ဆံရှိချင်လိုက်တာ၊ ထားမှာ ဂါဝန်လှလှလေး တွေရှိချင်လိုက်တာ။ ဖိနပ်ကောင်းကောင်းလေးလည်း ရချင် လိုက်တာ။ ထားလည်း ပိုက်ဆံပေးဝယ်ပြီး ဒီပွဲထဲဝင်မှာ ပေါ့။ ထားရောက်ချင်လျှင် ဝိုင်းလုပ်ပေးသောအုပ်စုနှင့်လိုက် သွားလျှင်ရပါ၏။ အဲဒါဆို၊ နောက်ဖေးမီးဖိုထဲမှာ ပန်းကန် တွေဆေးနေရမှာ၊ သူတို့တွေကုန်အောင်မသောက်ဘဲ အရ ခြောမရှိ နောက်ပြန်လှှင့်ပစ် စတိုင်ထုတ်နေသော ဘီယာ ဗူးခွံတွေကို သူတို့ပြန်နင်းမိမှာစိုးလို့ လိုက်ကောက်ပေးနေရ မှာ၊ အဝတ်အစားကလည်း ခပ်စုတ်စုတ်ပဲဝတ်ရမှာ၊ ပြီး တော့ ... ဒီမိန်းမ ဒီယောကျ်ားဟာ ရွှေပွဲလာပရိသတ် မဟုတ်ဘဲ၊ အလုပ်သမားဆိုတာ လူတကာကလည်း သိ အုံးမှာ။ ထားက အဲသည်ပွဲထဲမှာ ပါဝင်ဆင်နွှဲခွင့်ရချင်တာ ပါ။

"ဟော"

ကိုကိုလေး။ ထားထက် ငါးနှစ်လောက်သာပို ကြီးသော ကိုကိုလေးက လူကြီးသူမကြီးတစ်ဆူလှင်သို့၊ သူ





...ည်း ဟို ... ပန်း(ချ်)ဆိုတဲ့ဆိုင်မှာ သောက်နေတာလား၊ ...းနေတာလား၊ သောက်လဲသောက်၊ ရောင်းလဲရောင်း ...ပါရဲ့၊ သူက ဆိုင်ရဲ့နောက်ဘက်ထဲကို ရောက်နေတာ ...။ သူကိုယ်တိုင်လဲ တစ်ခွက်ပြီးတစ်ခွက် မော့လို့။ ဘာ ...တာပါလိမ့်။

ကိုကိုလေး မတ်တပ်ထရပ်ပြီး၊ ဖန်ခွက်နှစ်လုံး ...လိုက်သည်။ နောက်ဘက် ဘောင်းဘီအိတ်နှစ်လုံးက တင် ...မှာရှိနေသည့်အထဲကို ဖန်ခွက်တစ်ဖက်တစ်လုံးထည့် ...။ သူ့ဖန်ခွက်ကလေးတွေကလည်း လှလိုက်တာ၊ ဖုံ ...ရှည်။ ရှည်ရှည်လျားလျား၊ တညီတညာလေး၊ အချိုင့် ...မရှိ။ ပြီးတော့ ... ကြည့်ရတာ ပါးပါးကြည်ကြည် ...ကောင်းစားလေးတွေထင်ပါရဲ့။ အော် ... ကိုကိုလေး ...း ကြိုကြိုဖန်ဖန်။ ဖန်ခွက်ကလေးတွေထဲ သူ့အဖျော် ...တွေလောင်းထည့်လိုထည့်၊ တော်ပါသေးရဲ့ မဖိတ်မစင် ...ဖိတ်စင်ရင်တော့ ဘောင်းဘီတွေစိုကုန်မှာ။ ဒီလိုကိုး။ ...ခွက်ပါးကြည်ကြည် ရှည်လမျောလေးတွေက အဖုံးလဲ ...ကိုး၊ ခုလို အဖုံးလေးလုပ်လိုက်တော့လဲ ဘယ်မှာဖိတ် ...မှာလဲ။ ဒါဆို ... ပုလင်းလေးတွေလား။ ဟင့်အင်း ...ဘူး။ ဖန်ခွက်လှလှလေးတွေပါပဲ။ အဖုံးပါသောဖန် ...ရှည်လမျောလှလှလေးတွေဆိုပါတော့။

ထား ပျော်လိုက်တာ။ ကြည့်လို့ကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ။ အားကျလိုက်တာ။ တစ်နေ့ ... ထားဟာ ဒီပွဲ
လက်မှတ်ဝယ်ပြီးတက်နိုင်စေရမယ်။ ထားပါတဲ့ကွယ်။

"အမေရေ"

ထား သစ်ပင်အောက်သို့ငုံ့၍ ခေါ်လိုက်သည်။ အမေက ထားတက်နေသည့် ကုံကောင်ပင်အောက်မှာ သစ်ကိုင်းချောက်လာကောက်နေ၏။ ခေါ်သန်းစိန်က ခေါ်သံသာ ကြားပြီး လူမတွေ့သည်မို့ ဟိုသည်လှည့်ကြည့်၏။

"အမေ ... ထား ဒီမှာ၊ သစ်ပင်ပေါ်မှာ"

"အမလေး ဆေါက်ကျော်မရယ်၊ ကျော်မကောင်းကြ မကောင်း၊ ဆင်းခဲ့စမ်း၊ ဒါ ... မိန်းခအလုပ်လား"

"ကြည့်နေတာ"

"ဆင်းခဲ့"

"အစ်မကြီးတွေ အစ်မလေးတွေ သီပ်လှတာပဲအမေ ဂါဝန်လေးတွေလဲ ဝတ်တယ်၊ ဘောင်းဘီရှည်လဲဝတ် တယ်၊ ထားကိုလဲဝယ်ပေး"

"ဆင်းခဲ့ဆို ... ငါအောက်ကနေ မီးနဲ့မြှိုက်လိုက် မယ်"

"အမေ မလုပ်နဲ့နော်"

ပြောလို့ရဘာမဟုတ်ပါ။ အမေက စိတ်ကြ နှုတ်ကြမ်း၊ ကိုယ်လဲကြမ်း။ တကယ်လုပ်ချင်လုပ်မှာ၊ လ ထဲ့ကလည်း ထင်းခြောက်တွေကောက်ပြီးပြီ။ သူများ





ကြီးထဲ မှိုတင်းနေထိုင်နေကြသူတွေ၊ ခြံထဲက သစ်ကိုင်းခြောက် ကွလည်း လုကောက်ကြရသည်။ ထမင်းချက်ဖို့လေ။ သဘာ သလျှောက် ခြံစည်းရိုးမှာ နွယ်နေသော ကင်းပုံညွန့်၊ ကင်း ပုံသီးတွေလဲ လုခူးကြရသည်။ ကိုယ်မခူးလျှင်လဲ သူများ ခူးမှာမို့၊ အုန်းသီးလဲစာူတူ၊ သရက်သီးချိန်ကျလျှင် အလု ယက်၊ ရန်တွေဖြစ်ကြ၊ အမှည့်ကျမရမှာစိုးသည်မို့ အကင်း ဝလေးထဲက ရိုက်ချပြီး တို့သူတို့။

"မဆင်းဘူးလား ဆင်းမလား"

ဒုက္ခပါပဲ၊ အမေ အော်ကျယ်အော်ကျယ်လုပ် နှင့်၊ ထားနေရာလေးကို သူများတွေသိသွားမှာစိုးရသည်။ ကိုက်ခြံကြီးမှာ ဆူညံဆူညံသံကြားရတိုင်း ထား တက် ပုံနေကျနေရာလေး။ သစ်ပင်တက်တတ်သည့်အရွယ်မှစ၍ ပင်တိုင်းကို လျှောက်တက်ခဲ့တာ၊ ဒီအပင်လောက်၊ အ ပေါ်မှာ အခက်ဖြာပြီး နေစရာထိုင်စရာအဆင်ပြေတာ၊ တစ် ခြံကြီးကို မျက်စိရှေ့ ဘွားဘွားကြီး မြင်နိုင်တာမရှိ ဘူး။

"ကြည့်ချင်လို့ပါ အမေရဲ့၊ ညကျ နင်းပေးမယ်"

"ပြီးရော"

ဟူး။ တော်ပါသေးရဲ့။ အမေကျေနပ်သွားပေ အမေက လွယ်လွယ်နှင့်လျှော့သွားတာတော့မဟုတ်ပါ။ ကို နင်းခိုင်းလျှင် ထားက အပျင်းထူပြီး အိပ်ပစ်တာ



www.burmeseclassic.com

www.burmeseclassic.com



များသည်မို့ နင်းပေးမည် ကတိရတုန်း လက်ခံလိုက်တာ
တစ်ကြောင်း၊ ပြီးတော့ ... သူ့လက်ထဲက သစ်ကိုင်းခြောက်
တွေ၊ နောက်တစ်အိမ်ကတွေ့လျှင် သူတော့ မကောက်ယူ
လား ... ဟူ၍ ရန်လုပ်ချင်လုပ်မည်။ တစ်ဝက် ရှယ်
လာခွဲချင်ခွဲမည်။ အဲဒါကြောင့် သစ်ကိုင်းခြောက်ကောက်
လျှင်လည်း အိမ်ထဲ မြန်မြန်ဝင်ရရိုးထုံးစံရှိ၏။

ထား မျက်စိတွေ ခြံကြီးထဲ ပြန်ဝင်
သည်။

"ဟာ"

ဒီကိုကိုလေးကလည်း ဟိုမမလှလှလေးကို
ဖန်ခွက်ထဲကအရည်တွေ ဇွတ်တိုက်နေတော့တာကိုး။

"သောက်ကြည့်၊ သောက်ကြည့် ချိုချိုလေး၊
ရေပါကွ၊ အရက်မဟုတ်ပါဘူး၊ အရက်ဆိုရင်
ကိုထု"

အမယ် ... သူ့ကိုထုရဦးမတဲ့။ ထား
ရယ်လိုက်သည်။ ကိုကိုလေးက ထားမျက်စိအောက်
လောက်ကိုရောက်နေတာလေ။ ခါတိုင်း ဦးဦးကျော်သူ့
ထောက် မတ်တပ်ရပ်ပြီး ...

"ဟေး ... ဆင်းရဲသားရပ်ကွက်က အသံ
နဲ့"

... လို့၊ ထားတို့အုပ်စုတွေ ရန်ဖြစ်





လာအော်တတ်တဲ့နေရာ။ ဒီနေရာက အောက်ဘက်ချောက်ထဲ
ချောင်းကလေးဖြတ်စီးရာထိပ်မို့ အိမ်ကြီးနှင့်ဝေးသည်။ မြက်
ခင်းနှင့်လည်း ဝေးသည်။ သစ်ပင်ကြီးတွေနှင့် မှောင်ကွယ်
လျက် ချောင်ကျသည်။ ထားတို့မြေပြင်နှင့်ဆို ... ဆယ့်
ငါးပေမြင့်သောချောက်ထိပ်မှာပေမယ့် ထားတက်ထိုင်နေသော
ကံ့ကော်ပင်ခွကြားက မြေပြင်မှ ပေနှစ်ဆယ်ခန့်မြင့်တော့၊
ကိုလေးတို့သာထိုင်နေလျှင် ငုံ့တောင်ကြည့်ရဦးမှာ။ ခုလို မတ်
တပ်ရပ်နေတော့ တပြေးတည်းလိုဖြစ်ကာ၊ လူချင်း ...
ဆယ့်လေးငါးပေအကွာမှ ကပ်ကြားနေရတော့သည်။

ကိုကိုလေးအနေနှင့် ... သူတို့နှင့်မလှမ်းမကမ်း
မှာ အုံဖွဲ့လျက် ကိုင်းယှက်ဝေဖြာနေသော ကံ့ကော်ပင်ကြီး
ဟာ ချောက်အောက်ခြေမှာ ပေါက်ရောက်ပြီး မြင့်တက်လာ
တာကို သတိထားမိမှာတောင်မဟုတ်ပါ။ အဲသည် ပင်ခက်
ဝေဖြာတွေထဲမှာ ကောင်မလေးတစ်ယောက်ရှိနေတာကို ပို
ပြီးတော့တောင်မသိဦးမှာပါ။

"ဘီယာလား"

"ဟာကွာ ... ဘီယာဆိုတာ ပုလင်းနဲ့လာတယ်၊
ဗူးနဲ့လာတယ်၊ ဖန်ခွက်နဲ့မလာဘူး"

"ဘာနဲ့လာလာ၊ ဖန်ခွက်ထဲထဲ့လို့ရတာပဲ"

သူတို့တွေ ဘာသဘောကျမှန်းမသိ တခိခိရယ်
လိုက်ကြသည်။ ထားလည်း ခိခနဲ ကျိတ်ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလေးရဲ့အဖုံးပါသော ဖန်ခွက်လှလှလေးတွေမှာ အဖုံးကို ဘယ်တုံးက ဘယ်လိုဖွင့်ဖွက်လိုက်သည်မသိပါ။

"ဒါမှဘီယာ"

ဘေးနားမှာ လိမ့်နေသော ဗူးခွံတစ်ခုကို ခြေထောက်နှင့်ကန်လိုက်သည်။

"အားလားလား"

ခြေထောက်ကိုမ၍ ရှုံ့မဲ့တော့ မမလှလှလေးက ကိုကိုလေးကျောကို ထု၍ထု၍ ရယ်၏။

"တကယ်လဲ မနာဘဲနဲ့"

"အဲဒီလောက် လိုက်မသိနဲ့လေ"

မမလှလှလေးတော့ ဟိုအချိုရေ နှစ်ခွက်လုံးပြောင်အောင်မော့လိုက်ပြီးပါပြီ။

"အားလားလား ... အပြင်းစားကြီး"

ပထမတစ်ခွက်ကို တစ်ရှိန်ထိုးမော့စဉ်ကတော့ဘာသံမှမကြားရ၊ ဒုတိယခွက်ကိုမော့ကာမှပဲ စောစောက ကိုကိုလေးအော်သလို အားလားလားထအော်သည်။ ဘယ်ရလိမ့်မလဲ။ ကိုကိုလေးပဲ။ စောစောက မမလှလှလေးလုပ်သလို၊ မမကျောလေးကိုထု၍ ရယ်၏။ အင်း ... မမလှလှလေးက မသိလို့သောက်တာလား၊ သိရဲ့သားနဲ့သောက်တာလား။ သိမှာပါ။ ကြိုက်လဲကြိုက်မှာပါ။ အလကား ... သွား။ မူလကျီသွန်နီ။ အို ... မကြည့်ရဲတော့ပါဘူး။





ကံ့ကော်ရွက်တွေ ယိမ်းထိုးသိမ်းငင် လှုပ်ရှားပြီး လူတစ်ယောက်လုံး ခုန်ဆင်းသွားတာ သိဟကျော်သူတို့အတွဲလေးက သိတောင်မသိလိုက်ကြဘူးလေ။

❀ ❀ ❀

"အမလေး ... အိမ်ရှိလူကုန်ထွက်အလုပ်လုပ်မှ ထမင်းစားရတဲ့ခေတ်ပါတော်"

အနီးဆုံး အိမ်ပုတ်ကလေးမှ ဒေါ်လေးသန်းဝင် ဘယ်လိုညည်းညည်း ထားတို့အိမ်မှာတော့ တစ်ယောက်ပဲ အလုပ်လုပ်သည်။ အဖေ ဦးတင်အောင်ပေါ့။ အမေမှ အဖေ ဆိုင်ထွက်ဖို့ အိမ်မှာ ဝိုင်းလုပ်ပေးသည်။ ထမင်းဟင်းချက်၊ အဝတ်လျှော်သည်။ တံမျက်လှည်း အိမ်သိမ်းကသိပ်မလုပ်ရပါ။ လှည်းလောက်သိမ်းလောက်အောင် အိမ်က ဘယ်လောက်ကျယ်တာမှတ်လို့။ ဖုံဆိုတာလည်း ဖူးခနဲဖြုတ်ချင်မှုတ်၊ ဖုတ်ဖက်ခါချင်ခါ၊ အဲဒီလောက်ဆိုပြောင်ရောပေါ့ ဝက်သားတုတ်ထိုးဆွဲခြင်းလေးက ထောင်ချိ၍ရင်းရတို့ အမြတ်ကျတော့ ရာချီ၍ရ၏။

အမေတောင် ပိုက်ဆံရသည့်အလုပ်ကို ထွက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့မလိုတာ ထားလည်း အလုပ်ဘယ်ထွက်လုပ်ရပါ့မ။ ထားမှာ အချိန်တွေပိုလွန်းသည်။ စီးပွားရေးကျတော့လည်း မကူရ၊ မီးဖိုချောင်ကိစ္စကျတော့လည်းမကူရ။ သိပ်မှလုပ်ရာမလိုတာ၊ အဖေ့ ဝက်သားတွေရှိက်စားလိုက်ရုံ။ ကျော်စာဆိုတာကလည်း အာဂရုံပါဂရုံ၊ အိမ်စာလေးလုပ်၊ ဒီနေ့ သင်လိုက်တာလေး၊ အမေနားညည်းအောင် အော်ကျက်လိုက်။

"တိတ်စမ်း ... နားညည်းလိုက်တာ ခေါင်းထဲ ကိုက်တယ်၊ ဘယ်လိုအာပြမှန်းကိုမသိဘူး"

အမေ့ တရားဝင်ပာန်တားမိန့်နှင့် စာအုပ်ပိတ်လိုက်ရပြီဆိုတာနှင့်၊ ထား ကုံကော်ပင်ပေါ်ရောက်သည်။ ကြည့်လို့ကောင်းလိုက်တာ။ အဲဒီအိမ်ကြီးက ဘယ်လိုကြည့်ကောင်းမှန်းကိုမသိ။ ထား ... သွားရေတများများကျကျ အားကျခြင်းများစွာနှင့် ... တစ်နေ့တစ်နေ့ အချိန်တွေ များကြီးသုံးပြီးတော့ကို ငေးမျှော်မိသည်။

"ဦးဦးကျော်သူကလဲ၊ လူပျိုလေးကျနေတာပဲ"

"ဘဘကြီး" လို့ တစ်ခါခေါ်မိခဲ့ပါ၏။ ရယ်သည်လာလို့ပါ။ ဧည့်သည်က ဧရာမကားကြီးမောင်းပြီး တာတို့ဆင်းရဲသားအုပ်စုလေးထဲ ဝင်လာသည်။ ဝင်လာမှာပဲ ခြံတံခါးမှမရှိတာ၊ မည်သူမဆို ကားနှင့်ပဲ မောင်းဝင်ဝင် လမ်းလျှောက်လို့ပဲလာလာ၊ တံခါးမရှိ စားမရှိဆိုတာ တာ





တို့ခြံကို ပြောတာအစစ်။

"ဦးကျော်သူတို့ခြံလား" ... တဲ့။

တကယ်ဆို ... ဟိုဘက်ခြံလို့ပြောလိုက်လဲ ပြီးသား။ ထားကိုက အဲသည်ခြံနှင့်ပတ်သက်လာလျှင် စိတ်ဝင်စားလွန်းသည်။ နေရာတကာ ပါဝင်ပတ်သက်ချင်လွန်းသည်။

"လိုက်ပြမယ်"

ထား အိမ်ကလေးပေါ်မှ ခုန်ပေါက်၍ ဆင်းလာသည်။ ဦးကျော်သူ၏ ခိုင်ခံ့ထယ်ဝါလှသော ခြံတံခါးကြီးက ဒီနေ့မှ ထူးထူးခြားခြားပွင့်နေ၏။ ဧည့်သည်တစ်ယောက်ယောက်လာရင်း ဖွင့်ဝင်သွားပြီး ပြန်မပိတ်ရသေးတာဖြစ်နိုင်၏။ ကိုကိုလေးလည်းဖြစ်နိုင်သည်။ အိမ်လည်တတ်သော ကိုကိုလေးက အပြင်မှပြန်လာလျှင် ခြံတံခါးကို အလုပ်သမားတစ်ယောက်ယောက်လာ ဖွင့်ပေးစေဖို့ ဘဲလ်နှိပ်၍ ခေါ်လေ့မရှိပါ။ သူထွက်သွားတာ လူကြီးတွေ မသိစေချင်သလို၊ ပြန်ရောက်တာလည်း သိစေချင်ပုံမရ။ တံခါးကို သူ့ဘာသာဆင်းဖွင့်သည်။ ဖွင့်ပြီးလျှင်တော့ ပြန်ပိတ်လေ့မရှိ။

ထား ... ခြံထဲသို့ ခုန်ပေါက်ပြေးဝင်ခဲ့ရာ နောက်မှ ကားက ဖြေးဖြေးမောင်း၍လိုက်ရ၏။ ဒီခြံကြီးထဲ ဝင်ဖို့ အကြောင်းမရှိအကြောင်းရှာနေသော ထား၏ အိမ်တ



www.burmeseclassic.com

www.burmeseclassic.com



ခါးမကြီး၏ဘဲလ်ကို နှိပ်ချပစ်ထုံလိုက်၏။ ဒီနေရာမှာ ဘဲလ်ရှိနေတာ၊ ဒီလိုနှိပ်ရတာ ထားတို့တစ်ခြံလုံး ထားမှလွဲလျှင် မည်သူမျှသိမှာမဟုတ်ပါ။ ထားသာ ... သစ်ပင်တွေ တစ်ပင်ပြီးတစ်ပင်ကူးပြီး ဟိုကတက်ကြည့်လိုက်၊ ဒီကတက်ကြည့်လိုက်နှင့် အိမ်နောက်ဖေးဘက်ကျသော မီးဖိုချောင်နှင့်ပတ်သက်တာပဲ မတွေ့ရလို့ မသိဘဲကျန်သည်။ ရေပိုင်း၊ ဘေးပိုင်းနှင့် အပေါ်ထပ်ထိ၊ ထားမသိချင်မှအဆုံး။ မတွေ့ချင်မှအဆုံး။ တွေ့ပြီးသားမြင်ပြီးသား။ ဆယ့်သုံးလေးနှစ်အတွင်း ဒီခြံကြီးထဲဝင်ခွင့်ရတာလေး ငါးကြိမ်ထက်မပိုပေမယ့် ဘယ်နားမှာဘာရှိလို့ ဘာပန်းက ဘာရောင်ပွင့်ပြီး ဘယ်သူတွေ ဘယ်လိုဝါသနာနှင့် နေထိုင်ကြသည်ဆိုတာကစလို့ ထားလေ့လာ၊ ခိုးချောင်းစူးငေးမျှော်ကြည့်ပြီးသားတွေချည်း။

"ဘာလဲ"

ဘယ်လိုက ဘယ်လို တိုက်ဆိုင်စွာ ဦးကျော်သူကိုယ်တိုင် တံခါးထဖွင့်သည်မသိ။ အဝတ်အစားခပ်ညံ့ညံ့နှင့်ကောင်မလေးတစ်ယောက်ဟာ ဆင်းရဲသားအုပ်စုမှဖြစ်နေနိုင်တာ၊ တုန်းခနဲသိပုံ၊ ကောင်းကောင်းလဲမမှတ်မိပုံနှင့် ငေါက်ဆတ်ဆတ်မေးလေ၏။

"ဘဘကြီးညှော်သည်"

"ဘာ"

စပို့ရှပ်လို့ခေါ်မှန်း ထား သိသည်။ ထားတို့





ဆင်းရဲသားအုပ်စုကိုလည်း အထင်မသေးပါနှင့်။ ဟိုရှေးရှေးမျိုးဆက်သုံးဆက်လောက်တုံးကသာ ပြောရလျှင် ကျေးတော်မျိုး၊ ကျွန်တော်မျိုးဆိုပါတော့၊ အဲဒါတွေကပေါက်ဖွားဆင်းသက်လာသော မျိုးဆက်သစ်တချို့တချို့က ကျေးတော်မျိုးကျွန်တော်မျိုးမဖြစ်တော့ဘဲ၊ ကျောင်းနေကြ၊ စာတတ်ကြ၊ ဘွဲ့ရကျောင်းဆရာတွေဖြစ်တာလဲဖြစ်၊ တစ်ယောက်ဆိုသဘောသား၊ သူ့အိမ်က ဒီအုပ်စုထဲမှာ အချောင်လယ်ဆုံး၊ အဲပေါ်စက်အောက်စက်နှင့်၊ ထားတို့ တစ်အုပ်စုလုံး သွားသွားကြည့်နေရတာ၊ အဲသည်တော့ သည်အုပ်စု ကွက်ကွက်ကလေးထဲကျဉ်းမြောင်းနံ့ချာစွာကြီးပြင်းခဲ့ရသည်ဆိုပေမယ့်၊ ကိုယ့်အထွာနှင့်ကိုယ်၊ အကြားအမြင်ဗဟုသုတက ကြွယ်ဝသင့်သလောက် ကြွယ်ဝနေခဲ့ပါပြီ။

အဲသည်တော့ ...

ဘဘကြီးဝတ်ထားတာ၊ စပို့ရှပ်၊ ငါးရှဉ့်သွေးဆိုပေမယ့် ရဲသည့်ဘက်လျော့ကာ ရင့်သည့်ဘက်သို့ လုနေသည်။ ဘောင်းဘီကိုတော့ ဘာသားမှန်းမသိ၊ ထူထူပွပွ၊ မီးခိုးပြာရောင်ဆိုပေမယ့် အသွေးက ခပ်မှိုင်းမှိုင်း၊ ဆံပင်လှိုင်းတွန့်တွေက ကျဲပါးစပြုပေမယ့် အဖြူတစ်ချောင်းမတွေ့ရသေး၊ ဆိုးထားတာလည်းဖြစ်နိုင်သည်။ ဒီလောက်စိတ်ပျိုကိုယ်နုကာ သားတွေနှင့် ညီလိုအစ်ကိုလိုဖြစ်နေသူကိုမှ "ဘဘကြီး" ခေါ်မိတာ "မှားပြီ" ... ဟု ထား သိလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟဲ့ ... ဦးဦးခေါ်ပါဟဲ့၊ နင်ကလဲ"

ဦးကျော်သူနောက်မှာ လူတစ်ယောက်ထပ်ပေါ်လာသည်။ ဦးကျော်သူထက် အရပ်မြင့်၏။ သူလဲပဲ စပို့ရှပ်နှင့် သူ့စပို့ရှပ်က ဆင်စွယ်ရောင်လေးမို့ မျက်နှာသားနှင့် တစ်ရောင်တည်းလိုဟပ်ဖော ငေးကြည့်ယူရလောက်အောင် ချောမောလှပ၊ ကျက်သရေရှိစွာ ခံ့ထည်နေပါသော ... ဗလကျော်သူဆိုသည့် ကိုကိုကြီး။

"ဖေဖေ့ကို နောက်တစ်ခါ ဘဘကြီးခေါ်ရင် အရိုက်ခံရမယ်"

"ဟုတ်"

ထားမျက်နှာလေး မဲ့ကျသွားရပေမယ့် ကိုကိုကြီးမျက်နှာမှာ ရယ်မြူးရိပ်ကိုတွေ့ရသည်။ မာကျောခက်ထန်မနေပါ။

"အောက်ခြေကလေ ဖေဖေ၊ ရုပ်ဆိုးမပေါ့"

"အော် ... အော်"

ဦးကျော်သူက ခုမှမှတ်မိသွားရသည်။ ထား၏ငယ်နာမည်က "ရုပ်ဆိုးမ" ပါ။ ပြောပလောက်အောင်၊ အရုပ်ကလည်းဆိုးလွန်းသည်။ လုံးနေအောင်ဝသော (မဝဘဲခံနိုင်ပါ့မလား၊ တစ်နေ့တစ်နေ့ အလုပ်မရှိတိုင်း ထမင်းအိုးချည်းသွားဖွင့်စားနေတာ၊ ပျင်းပျင်းရှိ ထမင်းစား၊





လကားနေ ထမင်းစား၊ အလုပ်မရှိ ထမင်းစား၊ အမေလဲ ထမင်းစား) ထား၏မျက်နှာမှာ လေသွင်းထားသော လုံးတစ်ခုလိုဖောင်းကားပူတင်းနေသည်။ ပေါက်ထွက်မလားတောင် စိုးရိမ်ရသည်။ ပါးပြင်က မို့ချင်တိုင်းမို့ ချင်တိုင်းဖောင်းနေတော့၊ နှာခေါင်းခမျာ ခွက်၍ကျန် ရှာ၏။ ပင်ကိုယ်က ပြူးချင်ကျယ်ချင် မျက်ဝန်းခမျာ ပါးအစ်အစ်နှင့် မျက်ခွံဖောင်းဖောင်းအလယ်မှာ ဝိုင်း ခွင့်မရ၊ ဖိချခံရသလို မှေးစင်းစင်းနှင့် အလျားရှည်ရှည် ကျဉ်းကျဉ်းဖြစ်နေရသည်။

ဆပ်ပြာရည်နှင့် ပြုတ်စိမ်လျှော်ဖွပ်ပစ်လိုက်ရ ဖွေးဆွတ်သွားနိုင်ဖွယ်ရှိသော အသားရောင်ကလည်း ရကောင်းမှန်းမသိသေးသည်မို့ သနပ်ခါးမရှိ၊ ချေးစင်း ရှိသည်။ စိတ်ကောက်တတ်သူမို့ နှုတ်ခမ်းနှစ်ခုက ထောဝ လန်နေတာများသည်။ အမေက ... လျှော်တတ်အောင် ... တဲ့။ သို့ပေမယ့် ထားအတွေးထဲမှာတော့ အမေက ပေးဖို့ပျင်းတာပါ၊ အဖေ့အဝတ်ကျတော့ လျှော်ပေးပြီး အဝတ်ကျတော့ လျှော်မပေး၊ ထားလည်းပျင်းတာပေါ့၊ ဓါတလေ ဆပ်ပြာတိုက်၊ တစ်ချက်နှစ်ချက်ဆောင့်ပြီး ပစ်ထည့်၊ ကောက်ညှစ်လှမ်းပြီး၊ ခြောက်တော့ ဆွဲ လိုက်သည်။ ဒီထက်မက ပိုပျင်းသည့်အခါတွေကျ ဆပ် တောင်မတိုက်တော့၊ ရေထဲ သုံးလေးကြိမ်လှုပ်ခါနေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး လှုံ့န်းလိုက်သည်။ ပျင်းလွန်းမကပျင်းခြင်းကြီးသော

တွေကျတော့ မလျော့ဘဲ ခဏသိမ်းထား၊ သုံးလေးရက်

တော့ ပြန်ထုတ်ဝတ်တာလည်းရှိသည်။ ထားအဝတ်တွေ

အမျိုးအစားညံ့တာက တော်ရုံရယ်၊ ညစ်ပတ်ပေရေပြီး

ရောင်မထွက်တာက များများဖြစ်နေသည်။

ပြီးတော့ ... ရုပ်ဆိုးမ ... ဆိုတဲ့နာမည်

အဖေကစပြီးခေါ်တာ။ အဖေပြောတော့ ချစ်လို့တဲ့။

ဖြင့် စိတ်နာလိုက်တာလေ။

"စာမေးပွဲအောင်လား ခင်ထားတင်"

ဆောတော့။ ကိုကိုကြီးက ထားနာမည်

သိလို့ပါလား။ ထားတို့အုပ်စုလေးထဲမှ လူတချို့ကို

ကြီးပေါ်ကသိပါသည်။ နောက်ပေါက်တွေကျတော့

အရောတဝင် အဆက်အဆံမှုမရှိတာ။ သူတို့ဆီမှာ

ဆက်လုပ်တုန်းလုပ်ဆဲလူတွေနှင့် အဲသည် မိသားစုတွေ

တော့ သိသည်ပေါ့၊ ထားတို့လို ဝင်မလုပ်ကြတော့သူ

ပြီးတော့ ထားတို့အရွယ်ကလေးနှင့် ကလေးသာသာအရွ

တွေကို အိမ်ကြီးရှင်တွေက စိတ်မှလဲမဝင်စားတာ၊ ဘယ်

ဘယ်မှတ်မိကြမှာလဲ။ ကိုကိုကြီးက "ခင်ထားတင်"

တောင်ခေါ်နိုင်သည်ဆိုတော့ ထား ဝမ်းသာလွန်းလို့

ခနဲခုန်လိုက်သည်။

"အောင်ပါတယ် ကိုကိုကြီး"





"ဘယ်နှစ်တန်းရောက်ပလဲ"

"ခုနစ်တန်းပါ"

"တော်သားပဲ"

အမလေးလေ။ ကိုကိုလေးတို့စုံတွဲ အော်သလို

အားလားလားလို့တောင် အော်လိုက်ချင်သည်။ ကိုကိုကြီးက

တော်သားပဲတဲ့။ ထားကို တော်တယ်တဲ့။ ဒီထက်တော်အောင်

ထား စာတွေအများကြီးကျက်တော့မယ် ကိုကိုကြီးရေ။ ကဲ

ကော်ပင်ပေါ်တက်ရင်လည်း ကျက်စရာစာအုပ်ယူသွားမယ်။

သစ်ပင်ပေါ်မှာ အကြာကြီးနေမယ်၊ ကြည့်စရာရှိလဲကြည့်၊

ကြည့်စရာမရှိရင် စာကျက်။ အားလားလား။ ကိုကိုကြီးလို

ဆေးတက္ကသိုလ်ကျောင်းသားကြီး၊ အဲ ... ကျောင်းသူကြီး

ဖြစ်ချင်လိုက်တာနော်။ ဖြစ်မယ်လဲ မထင်ပါဘူး၊ အမေက

ကျူရှင်ပေးမှာမှမဟုတ်တာ။

"ကျောင်းကြီးကလဲ ဒီစာပဲသင်တာ၊ ကျူရှင်

ကလဲ ဒီစာပဲသင်တာ၊ တူတူကြီးကို ဘာဖြစ်လို့ ပိုက်ဆံ

ပိုကုန်ခံမလဲ အချိန်လဲ နှစ်ဆကုန်သေး၊ ညည်း ကျူရှင်

တက်မယ့်ပိုက်ဆံကို ကျုပ်လက်စွပ်လုပ်ဝတ်မယ်" ... တဲ့။

"အေးလေ ... ကျူရှင်မယူဘဲ ဂုဏ်ထူးတွေ လေး

ငါးလုံးထွက်တာ ဟိုကအထဲမှာ နင်မကြည့်ရဘူးလား၊

ဘယ်မင်းသားလဲ၊ ရေလဲထမ်းရသေးတယ်"

အဲဒါ ... ဗီဒီယိုထဲမှာ။ ဗီဒီယိုဆိုတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပလောကမှာဖြစ်နေတာတွေကိုပဲ ရိုက်ပြတာဆိုတော့ [illegible] နိုင်ပါတယ်လေ။ ထား ကြိုးစားရမှာပေါ့၊ ခက်တာက ... ကျက်ရမှာ ကျားဖင်ရိုက်ရမှာထက်ကြောက်သေး။ အရမ်းပျ[illegible] တာ။ အဟုတ်။

"ဦးကျော်သူ"

"ဟာ ... ဦးကျော်ဇော၊ ကြွပါ၊ ကြွပါ ... [illegible] ရပ်ထားတာတော့ တွေ့သား၊ ကားလဲလိုက်သလား၊ အရင်ကားမဟုတ်လို့ မမှတ်မိဘူးဗျာ ... ဒေါ်[illegible] မိမိရော မပါဘူးလား ... ပါလာသလား၊ နှင်း[illegible] လာပါအုံးကွ၊ သားကြီးရေ၊ မင်းမေမေကို ခေါ်ချ[illegible] ကွာ၊ သွား၊ သွား၊ ဒီမှာ ဦးကျော်ဇောတို့ ဒေါ်ခင်[illegible] တို့"

ဦးကျော်သူက အိမ်ပေါ်မှဆင်းကာ ကား[illegible] ထိရောက်လာသည်။ ဦးကျော်ဇော၏လက်ကို ဆွဲ၏။ [illegible] ငေးကြည့်နေလိုက်သည်။ ခုနေသာ အနားမှာ ပုရွက်ဆိတ်[illegible] အုံရှိလျှင်၊ သကြားလုံးတစ်လုံးချပေးလျှင်တောင် လှည့်မကြ[illegible] ဘဲ၊ ပုရွက်ဆိတ်ထုကြီးတစ်ရပ်လုံး ဦးကျော်သူမျက်နှာ[illegible] ပဲ ခုန်တက်ကြလိမ့်မည်ထင်သည်။

အဲသည်နေ့ကစ၍ ဦးကျော်သူကို "ဘဘ[illegible]" ခေါ်လျှင် ကိုကိုကြီးက ရိုက်မည်ဆို၍ "ဦးဦး" ပဲ [illegible] တော့တာပါ။





"ဦးဦးကျော်သူက လူပျိုလေးကျနေတာပဲ"

စောစောကချထားသည့်မှတ်ချက်ကို ဒုတိယအကြိမ်ချ ဖြစ်ပြန်၏။

"ဒေါ်လေးနှင်းနှင်းကလဲ အပျိုလေးလိုပါပဲ"

ဦးဦးကျော်သူက အပေါ်ပိုင်းဗလာ၊ အကျီဝတ်မထားပါ။ ရေကူးဘောင်းဘီလေးနှင့်၊ ရေကူးကန်ထဲခုန်မဆင်းဘဲ လှေခါးမှဆင်းသည်။ ရော်ဘာဘောကွင်းကြီးကို မှိုင်းအောက်ထဲ လှို၏။ ရေထဲမှာ ဟိုမျောဒီမျောလုပ်နေသည်။ ဒေါ်လေးနှင်းနှင်းလည်း ရေကူးဝတ်စုံနှင့်ပါ။ ခါးနေရာမှာ သိပ်မသိမ်ဘဲ ဗိုက်နေရာက နည်းနည်းစူထွက်နေသည်ဆိုပေမယ့် ထားအဖို့ကျတော့ ကြည့်လို့ကောင်းတာပါပဲ။ ဒေါ်လေးနှင်းလည်း ရော်ဘာဘောကွင်းကြီးထဲ ဝင်အိပ်သလိုလုပ်နေသည်။ ဒါဟာ ကြဖန်စိမ်ခံတာပေါ့နော်။ အဲသ်လိုစိမ်မျိုး ထားလဲ ရချင်လိုက်တာ။ လူကြီးတွေဆိုတော့ ရေထဲမှာ တဖွမ်းဖွမ်းကူးလျှင် မောမှာစိုးလို့ထင်ပါရဲ့။ ဟုတ်တာပေါ့။ အသက်တွေက နည်းမှမနည်းကြတော့တာ၊ ကိုကိုကြီးတော့ နှစ်ဆယ့်သုံးဆိုလား။ ကိုကိုကြီးက `ထားထက် ငယ်နှစ်ကြီးပြီး ကိုကိုလေးက ငါးနှစ်ကြီးသည်။

သူဌေးတွေကျတော့လည်း မိသားစုနည်းလိုက်တာ [illegible] အိမ်ပုဘ်ကလေးတွေထဲက ခုထိ၊ ဦးဦးကျော်[illegible] ဦးသိန်းဝင်းဆိုလျှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်တဲ့။ သူ့မိန်းမက လေးဆယ့်ငါးတဲ့။ ဆယ့်ရှ...
သမီးကို နှစ်ဆယ့်သုံးနှစ်သားက ခိုးပြေးခဲ့တာတဲ့။ မွေး...
တဲ့ကလေးတွေ တစ်နှစ်ခွဲကို ဘစ်ယောက်တဲ့။ ရှေ့တစ်ယော...
က မကြီးသေးဘူး၊ နောက်ထပ်အငယ်တစ်ယောက်မွေး...
စုစုပေါင်းမွေးထားလိုက်တာ ကိုးယောက်တိတိ။ ဒါပေ...
ကြားထဲမှာ နှစ်ယောက်ဆုံးသွားလို့တဲ့။

"သားသမီးဆိုတာ ရတနာပဲ၊ ရချင်သလောက်...
စေ" ... တဲ့။

ရတနာတွေက များလွန်းတော့ ဆင်းရဲ...
တာ၊ ဆောင်းတွင်းရောက်လို့မှ စောင်ခြုံစရာမရှိ။ မိုး...
ရောက်လို့မှ ထီးဆောင်းစရာမရှိ၊ အဝတ်အစားတွေဆို...
စုတ်ပြတ်။ ကိုကိုကြီးတို့ကျတော့ ညီကိုနှစ်ယောက်ထဲမို့ ...
သာတာထင်ပါရဲ့။ ဒါဆို တားလည်း တစ်နေ့ ချမ်း...
မှာပေါ့၊ တားမိဘတွေမှာ သားသမီးနည်းသည်လေ။ ...
က တစ်ဦးတည်းသောသမီး၊

"ဟောတော့ ... ကိုကိုလေး"

ကိုကိုလေးကကျတော့ ဦးဦးတို့နှင့် ဝေး...
ဘက်သို့လျှောက်သွားသည်။ ဦးဦးနှင့်ဒေါ်လေးနှင်းတို့က ...
ကူးကန်၏အဝိမ်ဘက်ပိုင်းဖြစ်ရမည်၊ ကိုကိုလေးသွား...
တာက အနက်ပိုင်းထင်ပါရဲ့။ ဒိုင်ဗင်ထိုးတော့မှာ၊ ...
ကြီးကနေ တက်သွားပြီ။ အဲသည်ပျဉ်ပြားရှည်ရှည်ကြီး...





... တား လျှောက်ချင်လိုက်တာ၊ ဘယ်လောက်အသည်းယား
...ကောင်းလိုက်မလဲ၊

"အမလေး"

ကိုကိုလေးလိမ့်ကျသွားတယ်မှတ်လို့။ ခြေချော်
...သွားတယ်မှတ်တာ။ ကိုကိုလေးက ခြေတစ်ဖက်ရှေ့တိုးပြီး
...မိုးဆင်းလိုက်တာကိုး၊ တစ်ခါတလေတော့ ခြေထောက်စုံ
...ပြီး လူကိုမြင့်တက်သွားစေပြီးမှ ဒိုင်ဗင်ထိုးချတာ။ ဒီတစ်
...က လေထဲလမ်းလျှောက်သလို ဆင်းချသွားတာ။ တတ်
...တတ်နိုင်ပါပေရဲ့၊ တော်ပါပေရဲ့၊ ရေကူးဝတ်စုံလှလှလေး၊
...ရောင်မျိုးစုံပါတဲ့အကြားလေးဝတ်ပြီး အဲဒီပျဉ်ပြားကြီးပေါ်
...ကနေ ခုန်ချခွင့် တစ်ကြိမ်လောက်ရဖူးရင် တား သေပျော်
...ပါပြီ။ တကယ်သေချင်သေသွားမှာ၊ တားက ရေမှမကူးတတ်
...တာ။ တစ်နေ့နေ့မှာ ရေကူးလေးတော့ သင်ထားမှ။

"အဲဒီကိုကိုကြီးဟာလေ ... ပျင်းစရာကောင်းလိုက်
တာ"

ဇလကျော်သူက မြင်ခင်းထဲမှာ။ မြက်ခင်းထဲ
မှာ ကြွင်းပေါက်စလေးတွေရှိ ... ထင်ပါရဲ့။ တစ်လံနှစ်
...အကွာလောက်ကနေ၊ ဂေါက်သီးဘောလုံးလေးတွေကို တုတ်
... ဖြေးဖြေးရိုက်ရိုက်ပြီးသွင်းနေတာ၊ ဝင်တဲ့အခါလဲရှိရဲ့၊ ချော်
...အခါလဲ ချော်ထွက်သွားရဲ့။ သူများတွေ ဂေါက်သီးရိုက်တာ
...ပီထဲမှာမြင်ဖူးပါရဲ့။ ဂေါက်သီးကို၊ ရိုက်တံနဲ့လက်ကို...



www.burmeseclassic.com

www.burmeseclassic.com



အားလွှဲပြီးရိုက်တော့ ဂေါက်သီးက ဘယ်ရောက်သွားမှန်းကောင်းမသိ။ အဝေးကြီးသွားကျတာ၊ အဲဒီဘောလုံးဆီရောက်ချင်ရင်တောင် တော်တော်ကြီးသွားယူရတာ၊ အဲဒီကစားနည်းကို ထားတော့ မပျော်ပေါင်၊ ပျင်းစရာကြီး။ ခုလို တခါကွာနှစ်လံကွာကနေ ဖြေးဖြေးလေးရိုက်သွင်း၊ မြေလိမ့်သွားအဲဒါက ပိုလို့ပိုလို့တောင် ပျင်းသေး။ ကိုကိုကြီးရယ် ... အဲဒီမြင်ခင်းပြင်ပေါ်မှာ ထုပ်ဆီးသာတိုးလိုက်ချင်တော့တာပဲ ချော်လဲရင်တောင် ဒူးမပြဲဘူး၊ မြက်ခင်းလေးက ကတ္တီပါသားလိုခံပေးမှာ။

"ဟော ... ဝင်လာပါပြီ ကားတစ်စီး"

အဲဒီကားကို ထား ကောင်းကောင်းသိတာပေါ့၊ ကိုကိုလေးရဲ့အဖွဲ့။ ယောကျ်ားတွေလို့မထင်နဲ့နော်၊ မိန်းမတွေ။ ကိုကိုလေးက မိန်းမရှာမဟုတ်၊ အခြောက်မဟုတ်၊ ကျားကျားယားယား သန်သန်မာမာကြီးနဲ့၊ ရေကူးလားကူးရဲ ကြက်တောင်ရိုက်လားရိုက်ရဲ၊ ဒါပေမယ့် ဒွေးရောယှက်တင်နေလိုက်ပလားဆို၊ မိန်းကလေးတွေနဲ့ချည်း ယောကျ်ားလေးချည်းပေါင်းတာ၊ ဘယ်နေရာဘယ်အချိန်မှာ ဘယ်လိုပေါင်းတာပဲမသိ၊ ထားတွေ့လိုက်တိုင်းတော့ ကောင်မလေးတွေနဲ့ချည်း၊ ခြေပုတ်လက်ပုတ်နဲ့၊ မျက်စိတော့လဲနောက်သား၊ ပျော်တော့လဲပျော်သား။

"လှလိုက်တဲ့ မမလေးတွေ"





ကိုကိုလေးက ရေကူးကန်ထဲကတက်၊ မျက်နှာသုတ်ပုဝါကြီး ခါးမှာပတ်၊ လက်တစ်ဖက်မြှောက်ပြ၊ အိမ်ထဲဝင်၊ ပြန်ထွက်လာ၊ ကိုကိုကြီးက သူ့ဘောလုံးပေါက်စလေးကောက်ပြီး အိမ်ထဲဝင်၊ ကိုကိုလေးရဲ့အဖွဲ့က မြက်ခင်းကိုနေရာယူ၊ ဦးကြီးမ်နဲ့အဖွဲ့ (ရွှေကြည်နဲ့ရွှေရီဆိုတဲ့ သမီးနှစ်ယောက်၊ သူတို့က ထားတို့နဲ့ ထစ်ခြ်ထဲနေတာ၊ တစ်ခုသောအိမ်ပုတ်ကလေးရဲ့ ပိုင်ရှင်လေးတွေပေါ့၊ ခုထိ အိမ်ကြီးမှာထဲတော်ပါး ခစားတုန်း၊ အလုပ်အကျွေးပြုရင်း လခကောင်းကောင်းထုတ်နေသူတွေလေ) က ကက်ဆက်သယ်သူကသယ်ပုန့်တွေစားစရာတွေလဲပါနဲ့၊ ဟိုဟာ ရေခဲမုန့်ထဲ့တဲ့အအေးဗူး၊ မြင်ဖူးပြီးသားမို့ ထားသိနေတာ၊ ဟောဟိုဟာက ရေခဲချည်းထဲ့တဲ့ရေခဲဘူး၊ အအေးပုလင်းတွေက ကပ်လိုက်၊ ပန်းကန်တွေထဲမှာလည်း စားစရာတွေ၊ တစ်ခုချင်းတော့လဲ အတိအကျမသိနိုင်တော့ဘူး၊ မြက်ခင်းက ထား တက်ကြည့်နေတဲ့ ကုံကော်ပင်နဲ့ နည်းနည်းလှမ်းလို့လေ။

"သီဟာကျော်သူကိုယ်တော်လေး ကြွချီတော်မူလာပါပြီ"

မမလှလှလေးတွေက သံပြိုင်ညီညာဝိုင်းအော်ကြသည်။ ဟောဒီကိုကိုလေးလောက် မိန်းမတွေ ဝိုင်းဝိုင်းလည်တာမရှိတော့၊ ပျော်စရာကြီး။ အဲသည်ဝိုင်းဝိုင်းလည်တွေထဲမှာ ထားလဲပါခွင့်ရချင်လိုက်တာ။ ကိုကိုလေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပျော်တတ်ပါဘိသနဲ့။ ထိပ်ပုတ်ခေါင်းပုတ်၊ မုန့်တွေလုစား၊ တစ်ခါတစ်ခါ ဂလိထိုးကြ၊ အိုကွယ် ... ယားကျိကျိခံရ၊ မှုက ကုံကော်ပင်ထိပ်ဖျားထိတောင် ရောက်လာသေး။ ပျော်လိုက်တာ။ ကြည့်ရုံနဲ့တောင် ဒီလောက်ပျော်ရရင် ကိုယ်တိုင်များပါဝင်ဆင်နွှဲခွင့်ရရင် ဘယ်လောက်ပျော်လိုက်မလဲ။ ဒီခံစားခွင့်ကလေးအတွက် တကယ်ပဲ သွားရေကျမျှော်လင့်တောင့်တမိခဲ့တာ နှစ်ပေါင်းများစွာ။

"တစ်နေ့နေ့မှာတော့ အဲဒီခြံကြီးထဲကို ဝင်ခွင့်ရမှ ရမယ်၊ ရမှဖြစ်မယ်"

ထား အံကြိတ်လိုက်သည်။ ဆုံးဖြတ်ချက်ချလိုက်သည်။ ဝင်ချင်လျှင် ... ခုဝင်သွားလည်း ရသာပေါ့။

"ဦးဦးကျော်သူ ... သမီးခင်ထားတင်ပါ။ အောက်ခြံက ဦးအောင်တင်သမီးပါ"

အဲသည်လောက် ဝါကျလေးတစ်ကြောင်း ပြောလိုက်ရုံပဲဖြစ်သည်။ အဲသည်ခြံထဲသို့ ဝင်ခွင့်ရမှာ အသေအချာ။ သို့ပေမယ့် ... ခုလို၊ မြက်ခင်းကြီးပေါ်မှာ လူးလိမ့်ကစားခြင်း၊ ကက်ဆက်ဖွင့်လျက် တေးသွားနှင့်အညီ ပြူးတူးခုန်ပေါက်ရခြင်း၊ ရေကန်ကြီးထဲ ဗွမ်းခနဲမြည်အောင် ဒိုင်ဗင်ထိုးချခြင်းမျိုးတွေတော့ ဘယ်လုပ်ရပါ့မလဲ။ အိမ်ကြီးပေါ်လဲ တက်ခွင့်မရ။ အိမ်ကြီးဘေးက ပတ်ဝင်ပြီး၊ မီးဖို





ချောင်ထဲသွား။ လုပ်စရာရှိတာတွေ ဝိုင်းလုပ်ခဲ့၊ စားစရာရှိတာတွေလည်း ဝိုင်းစားခဲ့။ ပြီးရင် ပြန်လာ။ ဒီလောက်ပဲပေါ့။

ထားက ... အဲသည်လောက်နှင့်မှ မတင်းတိမ်တာ။ မရောင့်ရဲနိုင်တာ။

မြက်ခင်းကြီးပေါ်မှာ ကိုကိုလေးနှင့် မျက်နှာချင်းဆိုင်ပြီး လက်မြှောက်ခြေဆောင့် ခုန်ပေါက်ကခွင့်ကိုရချင်တာ။ အလှဆုံးသောရောင်စုံကြား ရေကူးဝတ်စုံလေးဝတ်ပြီး အဲဒီသစ်သားပြားတန်းကြီး (ဘာခေါ်မှန်းလဲမသိပါဘူး) ပေါ်ကနေ ဝုန်းခနဲခုန်ချလိုက်ချင်တာ၊ ဘယ်လောက်များ အသည်းထဲ လှပ်ခနဲအေးသွားလိုက်မလဲ၊ လောကကြီးကို မေ့သွားလိုက်မယ့်အမျိုး။

"ဟော ... လုပ်နေပြန်ပါပြီ"

အဲသည် ကိုကိုလေးဟာ အဖုံးပါတဲ့ဖန်ခွက် ရှည်လျှောလေးနှစ်ခု၊ ဆောင်းဘီအိတ်ထဲ ဘယ်တစ်ခု ညာတစ်ခုထည့်တာ၊ ဘယ်လိုဝါသနာပါမှန်းကိုမသိ။ ထည့်နေပြန်ပါပြီ။ အိမ်ထဲ ပြန်ဝင်သွားပြန်ပြီ။ ပြန်ထွက်လာတော့ မျက်နှာက ပြုံးစိစိ၊ ကြည့်လေ ... ဒီလောက် အလှချင်းပြိုင်နေတဲ့မမတွေကြားထဲက ဟိုမမ ညိုစိမ့်စိမ့်လေးကို နားနားကပ်ပြီး ဘာတွေပြောမှန်းမသိ။

ကွယ် ... ။ ထားရဲ့ ကုံကော်ပင်အောက်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားရောက်လာကြပြန်ပါပြီ။ ထား မျက်စိရှက်ပါ တယ် ကိုကိုလေးရယ်။ ပန်းကိုင်လား၊ ပါးဆွဲလားဆိုတာ လေးတွေဆိုတာ၊ ကိုကိုလေးတို့အလွှာမှာတော့ အာပလာ။ ထားတို့ကတော့ လက်ဖျားနဲ့တောင် အတို့ခံရဲတာမဟုတ်၊ မျက်စိလည်းရှက်ပါရဲ့၊ ရုပ်ရှင်ထဲက မင်းသားမင်းသမီးစုံ လေးရဲ့ ချစ်ခန်းသရုပ်ဖော်လေးနဲ့လဲတူရဲ့၊ တီဗီထဲက ကြော် ငြာလေးတွေနဲ့လဲတူရဲ့။ ကြည့်လို့လဲကောင်းပါရဲ့။

ထားတို့လည်း တီဗီနေတိုင်းကြည့်ရတာပါ ရေ ဆင်းရဲသားရုပ်ကွက်ကို အထင်မသေးပါနဲ့၊ အပေါ်စက်နဲ့ အောက်စက်နဲ့ စမတ်ကျနေတဲ့သူတွေရှိနေပါပြီ။ ထားပြဲ တောင် မကြာခင် ဆယ့်လေးလက်မရောင်စုံလေးဝယ်မ လို့ ဖေဖေက ပြောနေပြီ။

"ဟေး . . . နှစ်ယောက်ထဲ ကျိတ်တိုင်ပင်လို့မရဘူး လေ၊ သယ်ရင်းတွေကြားထဲမှာ ဆပါဆပါပြော"

မမလှလှလေးတွေ တစ်အုပ်စုလုံး ဒီနားရောက် လာကြတာ အလှပြိုင်ပွဲလား၊ အဝတ်အစားပြိုင်ပွဲလားထင် အောင် ကြည့်လို့ကောင်းပါဘိ၊

"မစားဘူးတာကို ကျိတ်ကျွေးနေတာ"

"ဘာလဲ"

"ဒီမှာ"

ကိုကိုလေးက ဖန်ခွက်ကလေးတစ်လုံး မြှောက်





ပြသည်။ လက်နှစ်လုံးပဲ လက်ကျန်ရှိ၏။

"မသောက်ဘူးတာလို့ပြောပါ"

"အေး"

"ဘာလဲ"

"ရေနွေးကြမ်း"

"ပြ"

"သွားကွာ"

ဝါးခနဲ ဝိုင်းရယ်ကြသည်။

"တကယ့်ရေနွေးကြမ်းတွေ"

တကယ့်ရေနွေးကြမ်းတွေဖြစ်နေတာ ဒီလောက် ဂုန်ပေါက်ရယ်စရာလား။ ရယ်နေလိုက်ကြတာ၊ ရေဒီယိုဟ ဒယာရှင်ဆေးမှာ အနောက်က ဝိုင်းရယ်ပေးတဲ့အသံတွေထက် တောင် ကျယ်သေး။ ကိုကိုလေး၊ ကိုကိုလေး။ လူရှုပ်။ တောင်မလေးတစ်ယောက်ထဲကို တိတ်တိတ်ကျိတ်ခေါ်လာ ပြီး ဝါဘာတာအညည်တွေတိုက်နေတော့ ကျန်သူတွေက စပ် စုစိတ်နဲ့ရောက်လာ၊ ဝိုင်းမြှည်းကြ၊ ရေနွေးကြမ်းတွေဖြစ်နေ သက်သက်မယ့် နောက်တာလေ။ လူလည်လူရှုပ်ကြီး။ မရယ် ရ ရယ်ရအောင် စီလဲဇီမံတတ်ပါရဲ့။

"အဲဒီဝိုင်းထဲမှာ ထားလဲပါချင်လိုက်တာ"

ရင်ထဲမှာ အကျယ်ကြီးအော်ပြောလိုက်သည်။ အဲသည်တုန်းက ထား ဆယ့်လေးနှစ်ကျော်လို့ ဆယ့်ငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ထဲတောင်ရောက်ပြီ၊ ကိုးတန်းလေ။

❀ ❀ ❀

ခြင်းတောင်လေးဆွဲလျက် လမ်းထဲလျှောက်ဝင်လာနိုက်၊ အနားမှာ ကားတစ်စင်း ငြိမ့်ခနဲထိုးရပ်လိုက်တာ သိပေမယ့် လုံးဝလှည့်ကြည့်လို့မဖြစ်ပါ။ သိလိုစိတ်ထက် ကြောက်စိတ်က ပိုပြီး ခြေလှမ်းကို ပိုသွက်ပစ်လိုက်ရသည်။

အဖေဆုံးပြီး၊ အမေက အလုပ်မလုပ်တတ်၊ ထားတို့သားအမိ ထိုင်စားနေကြတာ အဖေဝင်ငွေကောင်းခဲ့ကဆင်ခဲ့သော ရွှေတိုရွှေစလေးတစ်ခုနှစ်ခု ပုံစပြုပြီမို့ သားအမိနှစ်ယောက်၏ စားဝတ်နေရေးက ထားတာဝန်ဖြစ်လာခဲ့ရပါ၏။ ဆယ်တန်းကိုတောင် နှစ်နှစ်ဖြေရသောထားကို အမေက ကျောင်းဆက်မထားချင်သလို၊ ထားကလည်း တက်ချင်တော့တာပါ။ လူငယ်တစ်ယောက်၏ တစ်သက်တာမှာ အပျော်ရွှင်ဆုံးအချိန်၊ ပျော်ရွှင်ဖွယ်ရာအကောင်းဆုံးနေရာဆိုသော တက္ကသိုလ်မြေကျွန်းသာမှာ လွန့်လွန့်ကလေး မြူးချင်စိတ်ကို ကြေကွဲဝမ်းနည်းစိတ်ဖြင့် မချိတင်ကဲ ဖိချုပ်ခဲ့ရပြီးနောက် ...





"အပ်ချုပ်သင်တန်းတက်ရင်ကောင်းမလား၊ အလှပြင်သင်တန်းတက်ရင်ကောင်းမလား အမေ"

အသက်မွေးဝမ်းကျောင်းပညာလေးတစ်ခုတတ်မှ ဖြစ်တော့မည်လေ။

"ညည်း စက်ချုပ်တတ်ရင် ဖင်ပြူတ်တက်အောင် တကုပ်ကုပ်ချုပ်ရင်း ခြေသလုံးတွေတုတ်လာဖို့ပဲရှိတော့မှာပေါ့၊ အလှပြင်သင်တန်းက ကိုယ်လဲလှသေး၊ သူများလဲလှသေး"

အမေ့အမြင်ကို မချိတင်ကဲကြားမှုပဲ ထား ခိခနဲရယ်ဖြစ်ခဲ့ရသေးသည်။ ထားလည်း လူငယ်မို့ စက်ချုပ်နေရမှာနှင့်စာလျှင် မိတ်ကပ်လိမ်းနေချင်သည်။ ဆံပင်ကောက်နေချင်သည်။

"အမေ့မှာ သင်တန်းကြေးရှိလို့လား၊ အလှပြင်သင်တန်းက စက်ချုပ်သင်တန်းထက် သင်တန်းကြေးပိုများလိမ့်မယ်ထင်တယ်၊ သေတော့မသေချာဘူး၊ စုံမှမစုံမေးရသေးတာ"

"အမလေးအေ ... ရွှေရှိရင် ငွေရှိတာပဲ"

"ရှိသမျှရွှေတွေ ငွေအဖြစ်ပြောင်းပြီး ကုန်အောင်သုံးနေလို့လဲမဖြစ်သေးဘူး"

"ဟုတ်ကဲ့အမေ ... မလိမ္မာတာတွေ့ရင်လဲ ဆုံးမပေါ့၊ ညည်းကအမေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ... အမေက သမီးကို ငရဲပေးပြီ"

ဒေါ်သန်းစိန်က သမီးကို တွန်းထိုးရယ်လိုက်ပြ အမေနောက်ပြောင်မှန်းသိကာ ထားပါရောရယ်ဖြစ်လိုက်ရ၏။

"ဆွဲကြိုးတစ်ကုံးဆို မလောက်ဘူးလား"

"အမေ့ဆွဲကြိုးက ဘယ်လောက်သားမို့လဲ"

"တစ်ကျပ်ခွဲသား"

"ဟာ ... လောက်တာပေါ့၊ ပိုဦးမှာ၊ ဒါပေမယ့် နမြောစရာကြီး"

အဖေ့ဝက်သားတုတ်ထိုးက ရွှေတော်တော်များများ ခဲ့မှန်း ခုမှပဲသိရတော့သည်။

"ဘာသင်တန်းမှတက်မနေတော့ဘဲ ဝက်သားတုတ် ထိုးသာ ထိုင်ရောင်းလိုက်ချင်တော့တာပဲ"

"မိန်းကလေးနဲ့ မသင့်တော်ပါဘူးအေ။ ဒါမျိုး ... ယောကျ်ားလုပ်တာပဲကောင်းတယ်"

"တချို့အမျိုးသမီးတွေ ရှိတယ်နော်"

"ရှိတော့ရှိတယ်၊ ကန့်ကွက်လဲမမဲ့ပါဘူး၊ ဒါပေမယ့် ... မေ့မျက်စိထဲတော့ ဒါဟာ ယောကျ်ားအလုပ်လိုပဲ၊ ရေ ထမ်းသလိုပေါ့၊ ရေထမ်းသမားဆိုတာရှိတယ်၊ ရေ ထမ်းသမီးရယ်လို့မရှိဘူး၊ မိန်းမတွေ ရေတော့ထမ်း ကြပါတယ်၊ ဒါပေမယ့် မိန်းမအလုပ်မဟုတ်သလို"

အဲသည်လိုနှင့် ...





ထား အလုပြင်သင်တန်းတက်ဖြစ်ခဲ့တာ၊ မနက်ဆို ထမင်းဗူးပါသော ခြင်းကလေးဆွဲ၍ အိမ်ကထွက် သွားနေကျပြန်လာ၊ ဘတ်စကားစီးဒုက္ခကို နေ့တိုင်းခံယူ၊ ကားမှတ်တိုင်မှသည် ကိုယ့်အိမ်ဆီသို့ ခြေလျင်လျှောက်။ သည်လို လျှောက်ခိုက်၊ ဘေးနားမှာ ကားတစ်စီး ငြိမ့်ခနဲထိုးရပ်တာ ထား ဘယ်လှည့်ကြည့်ရပါ့မလဲ။ ကိုယ့်ခြံထဲလာနေကျ၊ ကားတွေထဲက တစ်စင်းစင်းဆိုလျှင် ထားကို တလေးတစားနှုတ်ဆက်တာမျိုးလုပ်မှာမှမဟုတ်တာလေ။

"ခင်ထားတင်"

"အမေ့"

ရုတ်တရက်လန့်သွားသည်မို့ ချော်လဲမလိုတောင် ဖြစ်သွားရသည်။ ဒီလိုအခေါ်ခံရလိမ့်မယ်လို့မျှ ထင်မထား တာ၊ ဒီအသံကိုကြားရလိမ့်မယ်လို့မှ မျှော်လင့်မထားတာ။

"သတ္တိကလဲ ... နာမည်ခေါ်သံကြားရုံနဲ့ လန့်ရတယ် လို့"

"ကိုကိုကြီး ဘယ်ကပြန်လာတာလဲ"

ပဋိသန္ထာရစကားကို ဆိုဖြစ်၏။ ဤပုဂ္ဂိုလ်ဟာ ကိုကိုကြီးဗလကျော်သူဆိုတာ ... ထားကတော့ နေ့စဉ်နဲ့ အမြဲမြင်တွေ့သိနေရတာလေ။ ကိုကိုကြီးကဆို၊ ထားကို ဂါဝန်ညစ်စုတ်လေးနှင့် ပြေးဆော့နေသည့်အရွယ်လေးလောက် တုန်းကသာ မြင်ဖူးမည်ထင်ထားတာ။ တွေ့မြင်ခွင့်လမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမျှမကြုံခဲ့။ ထား ဒီအရွယ်ရောက်နေတာ တစ်နှ... အားဖြင့်ဆိုရလျှင်၊ ဒီအရွယ် ဒီမိန်းကလေးဟာ "ခပ်... တင်" ဆိုပြီးသိနေနိုင်တာ၊ အတော်ကြီးထူးခြားဆန်း... လှသည့် အံ့ဖွယ်သုတတစ်ခုပါပဲ။

"ဘယ်ကပြန်လာလဲ"

ထားအမေးကိုမဖြေဘဲ၊ သူက ပြန်မေး... သေး။

"သင်တန်းကပါ"

"ဘာတက်နေလဲ၊ ကွန်ပျူတာလား"

"ဟင့်အင်း ... အလှပြင်"

"အော် ... ကောင်းတယ်၊ ဆိုင်ဖွင့်မယ်ပေါ့"

"တော်ရုံနဲ့ မဖွင့်နိုင်ပါဘူး၊ လခစားပဲ ပြန်လု... မှာပါ"

"အော် ... ကောင်းတယ်"

အော် ... ကောင်းတယ်ဆိုတာ ကို... ဘာပြောရမှန်းမသိတဲ့အခါတွေမှာ ပြောချဖို့ပြင်ဆင်... လက်သုံးစကားထင်ပါရဲ့။

"ကိုကိုကြီးက ကျွန်မကို မှတ်မိတယ်နော်"

ဗလကျော်သူက တစ်ချက်ပြုံးလိုက်သည်။ ... တော့ ခေါင်းညိတ်လေ၏။ အမလေး ... ချိုလိုက်... တစ်သက်လုံးရုပ်တည်ကြီးနှင့်သာနေလေ့ရှိသော ညီ...





ရင်းဖြစ်ပါလျက် ကိုကိုလေးနှင့် လုံးဝဆန့်ကျင်သော ကိုကိုကြီးကို မိန်းမသားတွေနှင့် ရှပ်ရုပ်ယှက်ယှက် ဒွေးရောယှက်ဟင် တစ်ခါမျှမမြင်ဘူးသလို၊ ပြုံးပြုံးရယ်ရယ်လဲ မတွေ့ဘူးလှပါ။ ဦးဦးတို့ ဒေါ်လေးနှင်းတို့နှင့် စကားပြောနေတာကို ထား ကံ့ကော်ပင်ပေါ်မှတွေ့ရတိုင်း မာသည် ထန်သည်ဟုတ်ကြား၊ ချိုချိုလျှော့လျှော့လည်းမရှိလှ၊ ပုံမှန်အနေအထားမျိုးနှင့်ပြောနေတာပဲ တွေ့ရသည်။ ပြုံးလားရယ်လား နည်းပါးပါဘိခြင်း။

"ဘိုးဘိုးဦးစိန်သီးခုံးပြီး ဖေဖေက ကားဆက်မမောင်းဘဲ ဝတ်သားတုတ်ထိုးရောင်းကထဲက ကျွန်မ ခြံကြီးပေါ်မရောက်တော့တာ"

"ဒါပေမယ့် ... ညည်း ခြံထဲမှာ ပြေးလွှားဆော့နေတာတွေ့ရသားပဲ၊ ညည်းကာရော ကိုကိုကြီးကို ဘာဖြစ်လို့မှတ်မိနေသေးလဲ"

ခြံရှင်းကပ်ဟုပြောလျှင် လက်တွေ့ဖြစ်ရပ်ထက် ပို၍ကင်းကွာပါလိမ့်ဦးမည်။ စင်စစ် ... တစ်ခြံထဲပါ။ ကိုကိုကြီးတို့ပိုင်သောခြံထဲမှာ ထားတို့က မှီခိုကပ်ရပ် သို့မဟုတ် မဆီမဆိုင်ကျူးကျော်နေထိုင်ရသူတွေပါ။ သို့ပေမယ့် ထဲသည်တစ်ဦးတည်းပိုင်ခြံကျယ်ကြီးက ဆင်ခြေလျှောလိုဖြစ်ပြီး တစ်ခြမ်းမြင့် တစ်ခြမ်းနိမ့်ဖြစ်နေရတဲ့အထဲ ... ချောင်းရိုးလေးတစ်ခုက အလယ်ခေါင်မှနေပြီး ဖြတ်စီးနေတော့ ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ခြမ်းခွဲခြားကြီးကို ဖြစ်နေတော့တာပါ။

အဲသည်လိုနီးကပ်စွာတည်ရှိကြပါလျက်၊ ကွာခြားမှုအဆင့်အတန်းတွေကြောင့် တစ်ဦးနှင့်တစ်ဦး နှစ်ရှည်လများ မတွေ့ဖူးဘဲ မှတ်မိစရာအကြောင်းမရှိအောင်ဖြစ်နေရသည့် လောကသဘာဝကြီးက ထူးဆန်းလှပါ၏။

"ကျွန်မကတော့ အမြဲ မှော်ကြည့်နေတဲ့သူပဲ"

"အဲဒီလိုဆို ကိုကိုကြီးကလဲ ... မကြာခဏငုံ့ကြည့်နေမိလို့ဖြစ်မယ်"

ထား ရယ်လိုက်သည်။

"လိမ်လိမ်မာမာနေ ... ဟုတ်လား"

"ဟုတ်ကဲ့"

ဟော့တော့ ... တစ်နေရာထဲသို့သွားမှာချင်းတူပါလျက်၊ ထားကို "လိုက်မလား" တောင် လောကွတ်မလုပ်။ "လိုက်ခဲ့" ဟုခေါ်မတင်၊ ကားကြီးကို လျှောခနဲမောင်းထွက်သွားလိုက်တာ။ ဒီဟာ ... သူဌေးဝါဒထင်ပါရဲ့။ သူဌေးကားကြီးပေါ် ဆင်းရဲသားတွေ စီးနင်းလိုက်ပါလာလျှင် ဘုန်းနိမ့်တတ်ပါသလား ကိုကိုကြီးရယ်။ သူဌေးဆိုတဲ့အမျိုးဟာ ဘယ်ဆင်းရဲသားကိုမှ ကားပေါ်ခေါ်မတင်ချင်တာတော့ သူဌေးဝါဒစစ်စစ်ကြီးပဲဖြစ်မည်။ သူဌေးအစစ်မပြောနှင့်၊ သူဌေးကားကိုမောင်းရသည့် သူဌေးအတုပဲထားပါတော့၊ ယာဉ်မောင်းဦးလေးသိန်းဝင်း ပြောနေကျ ...





"ကိုသီဟတကွာ ... သူ့သူငယ်ချင်း တွေ့ကရာရှစ်သောင်းတွေ ကားပေါ်အကုန်ခေါ်တင်ပြီး တစ်အိမ်တက်ဆင်းပို့ပေးရတာလောက် စိတ်ပျက်တာမရှိဘူး" ... တဲ့။

ဦးလေးသိန်းဝင်းက ခုထိ ခြံကြီးမှာ ကားဟောင်းတွန်း၊ ကိုယ့်သားအရွယ်တွေကို၊ ကိုဗလ၊ ကိုသီဟပါပြီး စကားပြောသည်။ ဦးဦးကျော်သူတို့ကပဲ သင်ထားလား၊ ကိုဗလနှင့် ကိုသီဟတို့ကပဲ သင်ထားသလား၊ ဦးလေးသိန်းဝင်းကိုယ်တိုင်က တလေးတစားဆက်ဆံတာလားဟော့ မသိပါ။

"သူ့ကားပဲရှင် ... သူပို့ဆို ပို့ရုံပေါ့"

"မဟုတ်ဘူးကွ၊ သူ့သူငယ်ချင်းတချို့က ကားစီးဖူးတာမဟုတ်ဘူး၊ ကားပိုင်မရှိဘူး"

"မရှိတဲ့သူမှ ပိုပို့သင့်တာပေါ့တော်၊ ကျုပ် သတိထားမိတယ်သိလား။ ကားရှိတဲ့သူချင်းဆိုရင် သိပ်ရိုင်းပင်းတာပဲ၊ ကားမလာဘူးလား၊ လိုက်ပို့ရမလား၊ ကားအခက်အခဲရှိလား၊ ကားလွှတ်ပေးရမလားနဲ့၊ ကားပိုင်ရှင်တစ်ယောက် ကားပြဿနာတက်ရင်၊ နောက်ကားပိုင်ရှင်က နေမထိထိုင်မထိကို ကူချင်တာ ... "ကားမရှိတဲ့မိတ်ဆွေများ၊ ဘတ်စကားရပ်စောင့်နေတာတွေ့ရင် နှုတ်တော့ဆက်ပါရဲ့၊ ခေါ်တင်သွား



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်ရှားရှား"

"ဒါက ... ကားစီးနေကျလူ၊ ကားအခက်အ
တော့ ကိုယ်ချင်းစာပြီး ကူတာပေါ့ကွ၊ ကားမ
သူကို ကူရမယ်ဆိုရင်၊ ဘယ်ကူလို့ ဆုံးတော့
သူမှ ကားမရှိတာ၊ နေ့တိုင်းကူနိုင်မလားမင်း ...
ပြော"

ဦးလေးသိန်းဝင်းနှင့်ဒေါ်လေးဆင့်တို့ အ
ချပြောစကားကို အဲသည်တုန်းကတော့ ထား ရယ်ပြီး
ထောင်နေခဲ့တာပါ။

"ကိုသီဟကျတော့ တစ်မျိုးကွ၊ သူခင်ရင်ကူတ
သူ့သူငယ်ချင်းတွေက ကားရှိတဲ့မဟုတ်ဘူး၊ မို
ထီးနဲ့သွားနေတာ၊ ကားပေါ်တက်တော့ သူတို့
ကြီးတွေနဲ့ ကားကြမ်းပြင်မှာခင်းထားတဲ့ သဏ္ဍာ
စိုရွဲပြီး၊ သူတို့ခြေထောက်က ရွှံ့နဲ့ရောတော့
ပတ်သွားရော၊ အဲဒါကို သန့်ရှင်းရေးလုပ်တော့ ငါ
လုပ်ရတာ၊ သုံးလေးရက်လောက်ကြာမှလုပ်ရင် နံ
နေတာပဲ၊ ချက်ချင်းလုပ်ရတယ်၊ သူကတော့ကူညီ
ပဲ၊ ငါက ဒုက္ခများလို့ပြောတာ၊ တစ်ခါတစ်ခါ
အစ်မနှင်းဆီက ဆံပင်ခြောက်မှုတ်စက်တောင်းပြီး
ပူနဲ့တောင် မှုတ်ရတယ် ...

"ကားအရမ်းညစ်ပတ်တာပဲ၊ ကားပိုင်ရှင်က စေတ





ကောင်းပေမယ့် လက်တွေ့လုပ်ရတဲ့ငါက စေတနာ
ကောင်းနိုင်ဘူး၊ ထီးစိုကြီးတွေနဲ့ ကားပေါ်တက်လာ
ရင်၊ ရိုက်ကိုချချင်တာ" ... တဲ့။

ခု ... ကိုကိုကြီးမှာ ယာဉ်မောင်းမပါ။ သူ့
သာမောင်းလာသည်။ ကိုကိုကြီး ... ထားကို ဘာဖြစ်
သူ့ကားပေါ် ခေါ်မတင်သွားတာလဲ။ ထား ... ကိုယ့်
ကိုထီးလေးကိုယ်ကြည့်မိသည်။ ခေါက်လျက်သားလေးပါ။
မဆောင်းရသေးပါ။ မိုးတွင်းတော့မိုးတွင်းပေါ့လေ။ မိုးမှ
သေးတာ၊ ထီးခြောက်ခြောက်ကလေးနဲ့ပဲဟာ ကိုကိုကြီး
ကားကြမ်းခင်း သဏ္ဍာလပ်တွေကို မညစ်ပတ်နိုင်ပါဘူး၊
ခုတော့ရှိတာပေါ့၊ ဘတ်စ်ကားပေါ်ကဆင်းပြီးလျှောက်
ခဲ့တဲ့ လမ်းတစ်လျှောက်မှာတော့ ရွှံ့လဲရှိရဲ့၊ သဲလဲရှိရဲ့၊
ကျောက်လဲမရှောင်သာလို့ နင်းခဲ့ရရဲ့၊ ဒီဖိနပ်ဟာ ကိုကိုကြီး
ကားကြမ်းခင်းကို ညစ်ပတ်စေနိုင်သလို၊ ကားမှန်ပြန်ပိတ်
မောင်းထွက်သွားတဲ့ ကိုကိုကြီးရဲ့ကား၊ လေအေးပေးစက်
ပြီး ရေမွှေးနံ့လေးသင်းနေတဲ့အထဲမှာတော့ ရွှံ့စော်ဗွက်
တွေနဲ့ ယောင်သွားနိုင်တာပေါ့လေ။

"ဒါဟာ ... ခင်ထားတင်" ... လို့ မှတ်မိ
နေပေမယ့် ခင်မင်မှုအတိုင်းအတာက၊ ကရိကထခံချင်
အောင် မလေးနက်လို့ပေါ့၊ ပေါ့တိမ်လို့ပေါ့၊ ပါးပါး
လွှာလေးမို့ပေါ့။ ဒါပေမယ့် ... ဒါပေမယ့်ပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ... ခင်ထားတင်" ... လို့ ...
ပေါင်းများစွာ မတွေ့မမြင်ရပါဘဲ မှတ်မိပေးလိုက်မှုလေး...
ပဲ၊ အဲသည်မှတ်မိမှုကလေးဟာ အမြင့်တစ်နေရာကနေ ...
ချပေးရတာဆိုရင်လဲ အဲသည် ပါးပါးလှစ်လှစ် ခြေ...
မှုကလေးကိုပဲ ကျေးဇူးတွေအများကြီး၊ အများကြီး၊ တက...
ကိုအများကြီးတင်လိုက်ရတာပါ ကိုကိုကြီးရယ်။ ကိုကို...
တို့အရိပ်မှာ ခိုနေရသူအဖြစ် ထာဝရ ကျေးဇူးရှင်လို့ သ...
မှတ်ထားတာပါ ကိုကိုကြီးရယ်။

လမ်းက တစ်ဆစ်ချိုးမို့၊ ကိုကိုကြီးကားလေး...
ကွေ့ချိုးပျောက်ကွယ်သွားချိန်မှာ ထားကတော့ ရှောင်ပို့...
ဖို့ ရုတ်တရက်မေ့သွားလို့ ဗွက်ကလေးတစ်ခုထဲ ခြေ...
ရွံ့ပေလေးနဲ့ ကျန်ရစ်ခဲ့ရတာပါ ကိုကိုကြီးရယ်။

❀ ❀ ❀

"ကြည့်လှပ်၊ ကြည့်လှပ်၊ ကြည့်လဲလှပ်နော် ...
ပြောလိုက်ပါပေရဲ့"

ဒေါ်သန်းစိန်က ဆေးပေါ့လိပ်ကို တ...
လိုက်သည်။ ထားက တခစ်ခစ်ရယ်လိုက်၏။ ထားရဲ့...





ထားအတွက်ဆို တော်တော်ကလေး လုံလောက်နေသည်။ အလျားနှစ်ပေခွဲ၊ အနံတစ်ပေဆိုတာ၊ နည်းတဲ့မှန်လား။ ဒါ ထားအလှပြင်သင်တန်းတက်ပြီးမှ အိမ်မှာ ကိုယ့်ဘာသာမိတ် ကပ်လိမ်းကျင့်ဖို့၊ ဆံပင်ထုံးကျင့်ဖို့ဝယ်လိုက်တာပါ။ မှန် ထဲမှ ထားက ပင်ကိုရုပ်နဲ့ အတော်ကြီးကို ကွာခြားနေသည်။

နေ့ပူထဲလျှောက်သွားခဲ့သမျှ ညိုချင်တိုင်းညို နေသည့်အသားက ခုတော့ ... လတ်လတ်ကလေးဖြစ်လာ ကာ ဖြူသည့်ဘက်သို့ရောက်၏။ အဲသည်အသားလတ်က လေးကို မိတ်ကပ်ရောင်ဖျော့ဖျော့ခပ်ဖွေးဖွေးလေးဖြစ်အောင် လိမ်းပြီးမှ ပါးရိုးပေါ်မှာ ပန်းနုသွေးကို အရောင်မှိုင်းပြီး ပါးပါးမိုန်မှိန်လေးဖြစ်အောင်တင်၏။ မျက်ခွံက ပုလဲပါသော ...ရမ်းရောင်၊ သင်တန်းတက်နေသောတစ်ချိန်လုံးမှာ ဆရာမ က နည်းနည်းပါးပါး နှုတ်သိမ်းဖို့ တဖွဖွပြောခဲ့ပေမယ့် ခေါင်းရမ်းငြင်းဆန်ခဲ့သော မျက်ခုံးထူထူကို ဒီနေ့မှ စိတ် ...ည်လက်ရှည် တပင်ချင်းနှုတ်သည်။ နှုတ်ခမ်းက အနေ တော်လှလှပပလေးဖြစ်ပါလျက်၊ အောက်နှုတ်ခမ်းကို ရှိရင်း ...က်ချွတ်ထွင် အောက်ဆင်းပြီး ထူထူဝန်းဝန်းလုံးလုံးဖြစ်အောင် ...ိုး၏။ မျက်တောင်တုကို အကော့မတပ်ဘဲ ရှည်ရှည်စင်း ...င်းကြီးတွေဖြစ်နေအောင်၊ ကောက်ပြီးသားကို ပြန်ဖြောင့် ...ပြီးမှတပ်၏။ အားလုံးထဲမှာ ဆံပင်က လက်အဝင်ဆုံးပါ...

တစ်ခေါင်းလုံးရှိသမျှဆံပင်တွေကို တစ်...လျှင်



www.burmeseclassic.com

www.burmeseclassic.com



လက်သန်းခန့်သာရှည်လျက် မုန့်ကြိုးလိမ်ကလေးတွေ ကျ
သည်။ အဖျားသပ်မှာ သားရေကွင်းစီးပြီးမှ ကော်ခိုင်မှ
သုတ်၊ မြသွားတော့ သားရေကွင်းတွေကို ကတ်ကြေး
ညှပ်ထုတ်ပစ်၊ အဖျားသပ်လေးများမှာ၍ ပြားပြားလေး
ကာ အစီးအနှောင်မရှိ နှုတ်ခမ်းသပ်နေပုံက လှမှလှ။
ခေါင်းလုံးမှာ ကျစ်ရမည့် မုန့်ကြိုးလိမ် စုစုပေါင်း တစ်ရာ
နှစ်ဆယ်နှင့်သုံးချောင်းတိတိ။ လူကို သေလုရော။ လက်
လည်းသေရော။ ဆံန်းချင်ဦးလေ။ သင်တန်းမှာသူငယ်ချင်း
လေးငါးယောက်ခေါ်ပြီး ဝိုင်းကျစ်နိုင်းမီလျှင် အကောင်းသား။
ခုတော့ … အချိန်တောင် တော်တော်နောက်ကျသွားပြီ။
ခြံကြီးမှာ တီးဝိုင်းသံတွေကလည်း ဆူညံလှပြီ။ ကသည့်
သူက၊ ခုန်သည့်သူခုန်၊ အပျော်လွန်လို့လဲနေကြပြီ။
သောက်သူတွေလည်း ဗိုက်ကားလောက်ပြီ။ ယမကာမှိုဝဲသူ
များလည်း ရှိဝေထွေစပြုပြီ။

ဒီနေ့ပွဲက ကိုကိုလေးမွေးနေ့ပွဲ … ဟုအဆို
ရှိ၏။ သို့ပေမယ့် … ပျော်ပွဲရွှင်ပွဲသာလျှင်ဖြစ်လျက်
နေ့ကိတ်တွေဘာတွေလည်း လှီးဖို့ပြင်ဆင်ထားတာမရှိပါ။
အလှမပြင်ခင်ကထဲက ထားက ကုံကော်ပင်ပေါ်တစ်ခေါက်
ရောက်ပြီးပြီ။ လေ့လာပြီးပြီ။ သစ်ပင်ရယ်လို့ စတက်တာ
စဉ်ကထဲက တစ်နေ့မပြတ်တက်လာခဲ့လို့သာ ခုချိန်ထိ
နိုင်နေခဲ့တာ၊ ခုမှသာစတက်ကျင့်ရမည်ဆိုလျှင် ဘယ်လို





နိုင်သည့်ကိစ္စ။ ငယ်ကထဲက သစ်ပင်တက်လာခဲ့မိတာ
ကိုယ့်အကျင့်ကိုယ် ပြန်ကျေးဇူးတင်ရပါသေးသည်။
ဆုံးအလုပ်က အဝတ်လဲခြင်းပါပဲ။

"ငါ့သမီးက ဒီလိုတော့လဲ လှသား"

အမေကိုယ်တိုင် ချီးကျူးသည်မို့ ထား …
နားထင်ရောက်သွားရ၏။ ချီးကျူးခဲ့ပါဘိခြင်းမို့လား။

"ဒါပေမယ့် … ကပ်ပလီမအဖြူစားနဲ့ တူနေတယ်"

ဦးရေပြားအနှံ့အပြားမှ ပခုံးနှင့်ကျောဘက်၊ ရင်
ဘက်ဆီသို့ ကျချင်သလိုကျနေသော မုန့်ကြိုးလိမ်သေး
လေးတွေကြောင့်ပဲဖြစ်မည်။

"ဆော်ကြယ်တွေ ဘယ်သူထိုးပေးလဲ"

"ကိုယ့်ဘာသာပေါ့အမေရယ်၊ မအပ်နိုင်ပါဘူး၊ ဈေး
ကကြီးသနဲ့"

ထားဝယ်နိုင်သည့် ဇာက သိပ်ဈေးမကြီးပါ။
ကိုက်ကို ခြောက်ထောင်ခုနှစ်ထောင်ဆိုသော ဆွစ်ဇာ
ကြိုးဇာ၊ တက်တင်းဇာတွေ ဝယ်ချင်ပေမယ့်၊ ဝယ်မှမ
နိုင်ဘဲ။ ရိုးရိုးနိုင်လွန်ပေါ် ပန်းပွင့်တွေဖောက်ထားသည့်
ဝယ်တော့ တစ်ကိုက်ကိုရှစ်ရာ။ သို့ပေမယ့် … ပိတ်စ
ယ်ကာ ပန်းပွင့်တွေကို တစ်ပွင့်ချင်းညှပ်ထုတ်သည်။ အင်္ကျီ
ပန်းပွင့်ပေါ်မှာ ပုလဲတစ်လုံးသီသည်။ အဲသည်ပေါ်ကမှ
ထုတ်ထားသည့်ဇာပန်းပွင့်ကို တင်သည်။ အလယ်ပ



www.burmeseclassic.com

www.burmeseclassic.com



ဆံနေရာမှာ ပုလဲတစ်ကုံး၊ ပွင့်ဖတ်နေရာတွေမှာ ရောင်စုံ ဘော်ကြယ်များ။ အောက်ခံအသားနှင့် ထပ်ကပ်ထားသော ပန်းပွင့်ကြားမှ ပုလဲတစ်လုံးခံသည်မို့ ပန်းပွင့်က ကိုယ်မှ ကွာ၍ ကြွရွနေတော့သည်။

အင်္ကျီက ကိုယ်ကျပ်၊ လည်ပင်းမှသည် ခြေ ဖျားဆီထိ ကျပ်တောက်ကာ တစ်ဆက်တည်း။ အင်္ကျီဝတ် ထားသည်နှင့်မတူဘဲ ပိတ်စတွေညှပ်ပြီး အသားပေါ် ကော် နှင့် လိုက်ကပ်တင်ထားသလို ဘယ်နေရာမှာမှ ပိတ်စပိုထွက် မနေအောင် ဇစ်တွေနှင့် ကူညီထားရသည်။ လက်မောင်း တစ်လျှောက်လုံးလည်း ကြပ်ကာ လက်ဖျားကလက်ချောင်း များ လက်သည်းထိပ်ထိဖုံးအောင် ရှည်၏။ တစ်ကိုယ်လုံး မှာ ပုလဲတစ်လုံးစာ ကြွရွနေသည့် ဘော်ကြယ်ပွင့်ဖတ်တွေ လျှောက်တင်ထားသလိုမို့ ကြာဝတ်ဆံထဲမှထွက်လာသော ကြာ နတ်သမီးလေးနှင့်တူ၏။ လည်တိုင်ရင်းမှာ ပုလဲပုတီးတစ် ကုံးဆွဲထားသည်။ လည်တိုင်နှင့်ကပ်နေသော ပုလဲပုတီးမှ ပုတီးစေ့များ ဖန်ချောင်းများ ခပ်ကျဲကျဲဖြာထွက်လာပြီးခပ် ကျယ်ကျယ်ဟိုက်ထားသော အင်္ကျီလည်ပင်းပေါက်အနားသပ် မှာ လာရောက်တုပ်နှောင်တဲလေ၏။

တောက်တောက်ကြီးလက်ဝင်သလောက် ပုံဆန်းကာ ပြည်သူမျှမဝတ်ဖူးသေးသော အင်္ကျီမျိုးပေါင်ဖြစ်နိုင်ပါသည်။ ဖြစ်ကိုဖြစ်မှာပါ၊ ဒီဟာ ... ထားကိုယ်တိုင် ဒီနိုင်းထွင်ပြီး





ကိုယ့်ဘာသာချုပ်ထားတာ။ နိုင်ငံခြားမှလာသော ကျောက် မျက်ရတနာအတု ကပ်နားကပ်ခပ်ကြီးကြီး ပခုံးထောက် အောင်ရှည်သော အဆင်တန်ဆာမှလွဲလျှင် ထားတစ်ကိုယ် လုံး၌ ခြေသည့်လက်ဝတ်ရတနာမျှ မဆင်ထားပါ။

"ညည်းဟာက လူနဲ့တောင်မတူတော့ဘူး"

"ဘာနဲ့တူလဲအမေ"

"တို့ငယ်ငယ်က ဇာတ်တွေထဲမှာ အော်ပရာထွက်တော့ ကြာပန်းထဲက ထွက်လာတဲ့ နတ်သမီးနဲ့တူနေတယ် တကယ်ဆို ... သရဖူလေးဆောင်းဖို့ကောင်းတာ"

"ရှိုးသွားမှာပေါ့ အမေရဲ့"

"ညည်းကိုဖိတ်တာ သေချာရဲ့လား"

ထားတို့ခြံထဲမှ လူတော်တော်များများအပေါ် ခြံကြီးထဲသို့ ရောက်နေကြပါသည်။ ဖိတ်ကြားခြင်းခံကြရ တာမဟုတ်ပါ။ ခေါ်ခိုင်းခြင်းခံကြရသူက တချို့၊ တချို့က ကျတော့ အထူးအဆန်းနှင့် စတိတ်ရှိုးကြည့်ချင်သောကြောင့် စေတနာ့ဝန်ထမ်းသွားပိုင်းလုပ်ပေးကြတာ။ အားလုံးဟာ သန့် ရှင်းသင့်တင့်ရုံ ဝတ်စုံများဖြင့်သာ တက်သွားကြသည်။ ထား ကျွတာမှ ဖက်ရှင်မယှဉ်နိုင်အောင် ပြင်ဆင်ထားတာမို့ ဒေါ်သန်း စိန်က မယှဉ်နိုင်အောင်ရှိရင်း၊ အိမ်ကြီးရှင်တွေ မျက်မှာန်ရှု မှာလည်း စိုးလေ၏။

"ဖိတ်စာက ဝယ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... မွေးနေ့အလှူခံဆိုတာ ဒီတိုင်းခေါ်ကျွေးတာပဲ၊ ဘယ်နှယ် ... ဖိတ်စာကို ရောင်းရတယ်လို့၊ ကြား ... ကြားဖူးပေါင်တော်၊ ဘယ်မှာကုသိုလ်ရတော့မှာလဲ"

ကုသိုလ်လိုချင်လို့မှ မဟုတ်ဘဲ ... ဟု အမေ့ကိုရှင်းမပြဖြစ်တော့ပါ။ စင်စစ်၊ Fun fair ခေါ် ပျော်ပွဲရွှင်ပွဲကို ခြံကျယ်ကြီးထဲမှာ မွေးနေ့အကြောင်းပြပြီး ကျင်းပခြင်းသာဖြစ်ကြောင်း အမေ့ကိုရှင်းပြလျှင်လည်း အမေ နားလည်နိုင်မည်မထင်ပါ။ ခြံကြီးထဲမှာ မုန့်တွေရောင်းသည်၊ ပစ္စည်းတွေရောင်းသည်။ အချိုရည်နှင့်ဘီယာတချို့ရောင်းသည်။ ထားတို့ခြံထဲမှ ပန်းချီရောင်းနေကျပုဂ္ဂိုလ်ကလည်း ကိုကိုလေးခံမှာ ခွင့်တောင်းပြီး ပန်းချီဆိုင်သွားဖွင့်ထားပြီးပြီ။ ကိုယ်စားချင်သည့်မုန့်ကို ဝယ်စားရသည်။ သောက်လိုသည့်အရည်ကို ဝယ်သောက်ရသည်။ ဘာတစ်ခုကိုမျှ အလကားမကျွေးပါ။ ကိုယ်လိုချင်သောပစ္စည်းတွေ့လျှင် ဝယ်နိုင်သည်။ သီချင်းတော့ အလကားနားထောင်ရမည်။ တီးဝိုင်းနှင့်အဆိုတော်တွေရှိသည်လေ။

ကချင်ခုန်ချင်လျှင် ငွေပေးစရာမလိုပါ။ တီးဝိုင်းရှေ့သွားပြီး ခုန်ရုံပေါက်ရုံကရုံ။ ကံစမ်းကစားပွဲလေးတွေမှာ သွားကံစမ်းချင်လျှင်တော့ သူ့နှုန်းထားနှင့်သူ။ သောလုံးပစ်သူပစ်၊ ရွှေလျားနေသော ငှက်တိုင်ကလေးတွေမှာ ရာဘာ





ကွင်းကို လှမ်းပစ်ချင်ပစ်၊ တခြားကစားနည်းတွေလည်း အများကြီး၊ တချို့ ရှုံး၍ ကံကောင်းသူတွေ မြတ်၏။

"ဖိတ်စာတစ်စောင်ကို ငါးရာပေးရတယ်"

"ဘုရားရေ"

အမေတစ်ယောက်တော့ ဘုရားတရတာနှင့် ကုသိုလ်တွေ တော်တော်ရနေပါပြီ၊ ထား ... မိတ်ဆွေတစ်ယောက်နှင့်လှည့်၍ ဝယ်ခိုင်းထားရတာ။ ငါးရာတန်ဖိတ်စာကိုကိုင်၍ ညခြံထဲဝင်သွားလျှင် သီချင်းနားထောင်ခွင့်နှင့် ကနိုင်ခွင့်သာရှိလျက်၊ ကျန်တာတွေထဲ ပါဝင်ဆင်နွှဲလိုပါလျှင် ပိုက်ဆံထပ်ပေးရမည်ဖြစ်လေ၏။ စင်စစ် ... ညပွဲဖျိုးဆီသို့ အဖော်နှင့်သာသွားကြတာများသည်။ မိန်းမဖော်ချင်း၊ ယောကျ်ားဖော်ချင်း၊ သို့မဟုတ် ယောကျ်ားနှင့်မိန်းမတုံတွဲ။ ထားလို မိန်းမသားတစ်ယောက်ထဲ လာဝံ့သူက ထားတစ်ယောက်ထဲဖြစ်ပါလိမ့်မည်။

ထားကတော့ သွားဝံ့သည်လေ။ ဟန်ပုံမပေါ်လျှင် ဆင်ခြေလျှော့အတိုင်း ခုန်ဆင်းလိုက်ရုံနှင့် ကိုယ့်အိမ်ကိုယ့်ယာထဲရောက်သွားမှာမို့လည်း ဝံ့စားရခြင်းဖြစ်၏။ လူဟာကာ ကားတွေတစီစီနှင့် လာကြသော်လည်း၊ အဲသည်ကားတွေ ခြံကြီးထဲသို့ တစ်စီးမျှ ဝင်ခွင့်မရပါ။ ကားအတွက်နေရာမပေးနိုင်၊ ဆိုင်ပေါက်စလေးတွေနှင့်ပြည့်နေ၏။ ကားတွေက ထားတို့ခြံထဲဝင်ရပ်ထားတာ အများကြီး၊ လမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ဘေးကပ်ရပ်လျက် အများကြီး။ ထား ... ကိုယ့် အိမ်ပုတ်ကလေးပေါ်က ဆင်းသွားလဲ၊ ဘယ်အမျိုးကောင်း ကားကြီးပေါ်ကဆင်းလာတဲ့ သူဌေးသမီးလဲ ထင်ကြမှာရှည်း။

"ဖိနပ်ကလဲ မြင့်လှချည်လား"

"လေးလက်မ"

"မှောက်လျက်လဲပြီး အရှက်ကွဲတော့မှာပဲ၊ ခွာကလဲ သေးလိုက်တာ၊ အဲဒါပေါ့ ခွာသေးသေးဆိုတာ"

အမေက သူ့သမီးအရှူးထပုံကိုကြည့်၍ ရယ် နေသည်။

"ခွာသေးသေးဆိုတာ ဘာလဲအမေ"

"ခွေးသာသာ"

ထား တခိခိရယ်လိုက်သည်။ ရင်ထဲက ဘာ ခုန်ခုန်ရှိလှ၏။ ကိုယ်ခြံထဲမှထွက်၊ ကားတွေကိုကွေ့ပတ် လျှောက် ခြံကြီး၏ဂိတ်ဝရောက်လျှင် တစ်ယောက်ထဲမို့ ဆော် တော်ကြီးကြောင်မှာကို တွေးကြောက်လျက် ခြေဖျားလာ ဖျားတောင် အေးစက်သည်။

တတ်နိုင်ပါဘူး။

နှစ်နှင့်ချီ၍ တမ်းတခဲ့ဖူးသောဆန္ဒ၊ ကိုးကွယ် ခဲ့ဖူးသော အိပ်မက်ကလေး။ ဒီခြံကြီးထဲမှာ ဝိုင်းလုပ်ပေးရ ရသူမဟုတ်ဘဲ၊ လက်မှတ်ကို ငွေပေးဝယ်ယူပြီး တန်းဝင ပျော်ရွှင်ခွင့်ကို တမ်းတခဲ့ရတာ နှစ်ပေါင်းများစွာ။ ကံကော





လိပ်ဖျားထိတောင် တက်ပြီး သွားရေကျငေးမျှော်ခဲ့ရစဉ် ... မှုရှက်ဆိတ်ကိုက်၊ ခါချဉ်ကိုက်၊ အနာခံခဲ့ရတာတွေ၊ ဒီ ... ဒါ ... ကြည်နူးပီတိလေးကို ချိုချိုမြိန်မြိန်ကြီးကို ခံ ... လိုက်ပါဦးမည်။

ရင်ထဲက ခုန်လိုက်တာ မောများတောင်မော ပါ၏။

❀ ❀ ❀

"ဟ ... လှလှချည်လား"

"လှလှချည်ဆို လှလှရဲ့သမီးလေ"

"ဒါ ... ငါ့ပြဿနာ"

"လေလံအပြိုင်ဆွဲတာ စီးပွားရေးသမားတွေရဲ့အလုပ် ကွာ၊ ဒို့ကတော့ အေးဆေးပဲ"

ရောဘတ်က ချာခနဲလှည့်ထွက်သွားသည်။

စင်စစ် ... ခန္တီစ ငါမနိုင်၍ သည်းခံရခြင်း ... လည်းကောင်း ... ဆိုတာမျိုး။ မနိုင်မှန်းသိလို့ ပြိုင် ... တရင်းမှ ထွက်သွားခြင်းဖြစ်သည်။ သိဟာကျော်သူဆို ... မစ်ကီကို ရောဘတ်က အစစ ဦးစားပေး၍ပေါင်းရ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ရောဘတ်လဲ မစ်ကို့လောက်တော့ အစွမ်းထ
ပါပဲ၊ သို့ပေမယ့် ... သုံးဖြုန်းနိုင်စွမ်းအားမှာ မ
ဘယ်လိုမှမမီ။ မစ်ကို့ထံမှ ဟွန်ဒါဆိုင်ကယ်တို့၊ ဆ
ပါဆလွန်းတို့၊ လိုသလိုခွဲသုံးလို့ရသည်။ သုံးလေးရ
သလို ပြန်မပေးသေးဘဲ ဆိုင်းငံ့ထားလဲရသည်။
မျက်မှန်တို့ ဂျာကင်တို့ ရှန်ဆွန်မီးခြစ်တို့ဆိုလျှင် ပြ
ဘဲ အပိုင်သိမ်းလိုက်လို့ရသည်။ ကိုယ်လည်း ချစ်ပြ
ခြင်းမကြီးသော၊ ခုမှမြင်ဖူးသည့် မိန်းမတစ်ယောက်နှ
သက်၍ အထက်ပါအခွင့်အရေးတွေကို ရောဘတ် အ
မခံနိုင်ပါ။ ရောဘတ်လှည့်ထွက်သွား၏။ မစ်ကီက
ကြည့်နေလိုက်သည်။ လှလိုက်တဲ့ကောင်မလေး။ ဆံပ
ဆန်းလိုက်တဲ့ကောင်မလေး။ ဝတ်ထားသည့်ဒီဇိုင်းက
လိုက်တဲ့ကောင်မလေး။ ဒီကောင်မလေးကို မစ်ကီ
ဘူးတာ သေချာသည်။ ကိုယ့်အပေါင်းအသင်းတွေထဲက
ယောက်မျှမဟုတ်။ အဖော်မပါ၊ တစ်ယောက်ထဲလျှော
လာပုံက နည်းတဲ့သတ္တိမဟုတ်၊ ဒီလိုသတ္တိခဲမျိုးကို
အထင်ကြီးသည်။

မိန်းကလေးဖြစ်ပြီး "အားနဲ့သုပါရှင်" ...
လုပ်၍ မျက်ရည်တစမ်းစမ်းဖြစ်နေလျှင် မစ်ကီ အလှ
ငွေ့၏။ စိတ်ပျက်၏။ သံယောဇဉ်ပြတ်၏။ မစ်ကီ ...
သစ်ခွဆိုင်သို့ ပြေးသွားလိုက်သည်။ ဒီခြံထဲမှာ ဖွင့်ထား





ိုင်တွေထဲမှာ သစ်ခွဆိုင်နှင့် နှင်းဆီပန်းဆိုင်နှစ်ဆိုင်လည်း
ါသည်။ နှင်းဆီက ရိုးတန်ရှည်မှာ ဆူးခက်ခြွေလျက်၊ အ
ျက်နည်းနည်းချန်ထားသော ငုံရာမှ ပွင့်အာစနီနီရဲရဲ တစ်
က်ချင်းတွေဖြစ်လျက် သစ်ခွတွေကကျတော့ အိုးတွေနှင့်
ိုက်ဆွဲထားသည်။ မျိုးကလည်း စုံပါ၊ မရောင်းရလျှင် အ
ွင့်အလကားမဖြစ်ဘဲ အိုးလိုက်ပြန်ယူသွားရုံ၊ တစ်ပွင့်ချင်း
ွက် ဈေးကြီးသည်မို့ အချည်းနှီးမခံနိုင်ပါ။

"ဒါ ... ဘယ်လောက်လဲကွ"

သစ်ခွဆိုင်ထွက်နေသူက မစ်ကို့သူငယ်ချင်းပါ
ပဲ။

"အိုးလိုက်လား"

"မင်းဘကြီး၊ တစ်ပွင့်ချင်း"

"အဲဒါ ကက်တလီယာခေါ်တယ်"

"နာမည်မေးနေတာမဟုတ်ဘူး"

ပန်းက တော်တော်ကြီးကိုလှ၏။ ကော်ဖီပန်း
ကန်၏အောက်ခံပန်းကန်ပြားလောက်ကို ကြီးမားပြန့်ကား
သည်။ တစ်ပွင့်လုံး ဆွတ်ဆွတ်ဖြူ။ အဖြူမှအဖြူနှစ်ရောင်
ို့ ဖွေးဆွတ်နေအောင်ကိုဖြူ၏။ ဘယ်နေရာမှာမှ ဘာရောင်
ျ တစ်ကြောတစ်မျှင်အရောင်သန်းမနေပါ။ ပြီးတော့ ပွင့်
ချပ်နုတ်ခမ်းသားတွေက ဇာနားတပ်ထားသလို ပါးပါးလွှန်
လွှန်နှင့် လှိုင်းအိကလေးတွေထပ်နေပုံက ပန်းမို့သာပဲ။ ဒီတ



www.burmeseclassic.com

www.burmeseclassic.com



စသာဆို ကောင်မလေးတွေ ဂါဝန်ချုပ်ဝတ်လိုက်လျှင် လိုက်မည့်ဖြစ်ခြင်း။

"တစ်သောင်"

"သေလိုက်"

တစ်ပွင့်ကိုငါးရာပတ်ဝန်းကျင်ဈေးရှိမှန်း ကီသိပါသည်။ မင်ကီက ပန်းစိုက်ဖို့သာ ဝါသနာမပါ။ ပန်းဝယ်သည့်အလုပ်ကျတော့ ဝါသနာပါလို့မဟုတ်၊ လို သည်မို့ မကြာခဏလုပ်ဖြစ်၏။ ကိုယ့်မိန်းကလေးသူ ချင်းတွေကို လက်ဆောင်ပေးဖို့ဝယ်ရတာ။ မိန်းမဆိုတာ ကလည်း ရယ်ရသား။ သူတို့ကို အဖိုးတန်ပစ္စည်းတစ် ပေးလျှင် တော်ရုံမိန်းမကောင်းလေးတွေက ငြင်းကြတာ သည်။ လိုချင်မျက်စိနှင့် ချုံချင်သူတွေကတော့ တစ်ခု တစ်ခုယူ၊ တစ်သိန်းပေးတစ်သိန်းယူလေ။ မာနလေးနှင့် တတ်သည့် ခက်ထန်ထန်လေးတွေပေမယ့် ပန်းပေးလျှင် ခုန်ပေါက်ပျော်ရွှင်ဗျာ ယူ၏။ ပြီးတော့လဲ ဟိုပစ်ဒီပစ် တာလဲမဟုတ်၊ ပန်းစရာနေရာလဲ သူတို့ခေါင်းပေါ်မှာ မရှိ၊ ဆံပင်ကတိုတို၊ ပန်းပွင့်ကြီးငုတ်တုတ်နှင့်ဆိုတော့ ကြောင်ကြောင်ကြီးဖြစ်ဦးမည်။

"ငါးရာပါကွာ၊ လုပ်မနေနဲ့"

"အဲဒါ ခြံဈေး၊ ခုဟာက ဖန်းမဲ့ယား၊ မင်းကို ငါက ဆိုင်ခန်းခပေးရဦးမှာ၊ ဘယ်ဖန်းမဲ့ယားမှာ





ပစ္စည်းတစ်ခုကို ငှာနဲ့ရာတန်ကြေးနဲ့ရှုံးသလဲ"

"ရပါတယ်ကွ"

"ဈေးလျှော့ရောင်းရင်လျှော့၊ နှစ်ဆသုံးဆတင်ရင်တင် ရောင်း"

"ဒါဖြင့်လျှော့၊ သုံးရာပေးမယ်"

ပန်းဆိုင်ဖွင့်ရောင်းနေသော ဗိုင်းမော်က တ ယ်စီးပွားရေးသမားစစ်စစ်။ ကျောင်းတက်ရင်းက ပွဲစား ည်းလုပ်သည်။ ငွေရှာရတာကို ဝါသနာပါ၏။ လူငယ်ပီ ပျော်ဖို့ပါးဖို့ထက် ပိုက်ဆံရှာဖို့ပဲ စိတ်သန်သည်။ အမြတ် ည့်ထင်လျှင် သူ့အမေခြံထဲမှ သစ်ခွအိုးတွေကို သူ့အိုးအ ငွေချေဝယ်ထားပြီး၊ ပိုပေးသူထံလှည့်ရောင်းဟတ်အူ ၏။ ငွေမျက်နှာမလွဲလျှင် ဘယ်မျက်နှာကိုမှ မကြည့်သူ သူ့နာမည်ကို "မန်းနီး" ... ဟု ပေးထား၏။

"တစ်သောင်က တစ်ပြားမှမလျှော့နိုင်ဘူး"

"ဟေ့ကောင် ... မန်းနီး၊ ဝယ်နေတာငါကွ"

"ဘယ်သူဖြစ်ဖြစ်၊ ဒီအချိန်မှာ ငါ့ရည်းစားကိုယ်တိုင် လာဝယ်လဲ တစ်သောင်ပဲ၊ ငွေမျက်နှာကိုကြည့်ရမယ် ဆိုရင် ရည်းစားမျက်နှာကိုကြည့်ဖို့တောင် ခဏဆိုင်း ထားလိုက်မယ်"

"ဈေးကွာ ... ယူကွာ ... မသေထားရစေတာ့ အတွက် စားသမျှ အဆီဖြစ်ပြီး အသဲမှာဖုံးပါစေ"



www.burmeseclassic.com

www.burmeseclassic.com

"ဖက်တီးလစ်ဗာ (Fatty Liver) ပေါ့၊ ခေတ်မီတဲ့...
ဂါပဲ၊ ဂုဏ်ယူလျက်ပါ"

"ချိတ်အလကားပေး"

"ဒီလောက်တော့ရှာတယ်"

"နှစ်ချောင်းပေး"

"သုံးချောင်းယူ"

"မန်းနီးနော် ... နာမည်ပြောင်းလိုက်ရင် မန်း...
ဖြစ်သွားမယ်"

"သစ်ပင်ပေါ်တက်ပြီး၊ လူသားအားလုံးကို အပေ...
ကကြည့်ခွင့်ရမယ့်အတွက် ဤအဖြစ်ကို ဝမ်း...
ဂုဏ်ယူစွာ ကြုံဆိုလျက်ပါ"

"အံ့ပါရဲ့ ... လူစင်စစ်က မျောက်ဖြစ်ချင်တဲ့ကော...

"ဒါဝင် (Darwin) ရဲ့ မြေးအရင်းလေ"

"သေ"

မစ်ကီ ... ကက်တလီယာခွတ်ခွတ်ဖြူ...
ပွင့်ကိုယူလိုက်၏။ တစ်ထောင်ကိုတော့ နမြောသား...
ပေမယ့် ... အစစကုန်ဈေးနှုန်းတက်နေချိန်မှာ ပိုးကြေး...
ကြေးတစ်ထောင်ဆိုတာ၊ တန်တာပါပဲ၊

ခြံဝမှ ... တနုံနုံနှင့် လှမ်းဝင်လာသူ...
ကို ပြေးကြိုလိုက်၏။ တကာယ်ဆို ... ပြေးကြိုမည့်...
အတောင်နှစ်ဆယ်ဝတ်တွေ အများကြီး။ မစ်ကီက ဖန်...





...ကြည်လှပ်သော အိမ်ပိုင်ရှင်ဂုဏ်မောက်လျက်၊ လက်မထောင်
...တာ ဘွတ်ကင် (Booking) လုပ်လိုက်ပြီမို့ အဝေးမှ
...ရသူတွေက ဖြစ်နိုင်လျှင်တော့ မစ်ကီ့ကို ကုတ်မှုံဆွဲကိုင်
...သွားကာ ဇရာဝတီမြစ်လယ်ခေါင်ရောက်မှ လွှတ်ချချင်
...။ ကောင်မလေးက အဲသည်လောက်ကိုလှသည်။

"တို့နာမည် မစ်ကီ"

အဲဒါ ... မစ်ကီ့ဒီဇိုင်းပါပဲ။ တခြားကောင်
...လေးတွေက တစ်ခါမှမတွေ့မမြင်ဘူးသေးသောကောင်မလေး
...ဘူး မကျွမ်းဝင်ဘူးသေးသောကောင်မလေးနှင့်တွေ့လျှင်
...ယ်သို့စတင်ကြသည်မသိ၊ မစ်ကီကတော့ ဤသို့စ၏။
...ရင်း ... ဖေဖေဆိုလျှော့ရှိသော သီချင်းက ခေါင်းထဲပြေး
...ဝင်လာသေးသည်။ သားတွေ ထင်သလိုနေ၊ ကြိုက်သလို
...ဖြန်း၊ လုပ်ချင်တာလုပ်၊ တားဆီးပိတ်ပင်လေ့မရှိသောဖေဖေ
...၊ သူ့ကိုတော့ "ဖေဖေ" ပဲ ခေါ်နိုင်း၏။ "ဒက်ဒီ" ခေါ်
...မပြုချေ။ ပြီးတော့ ... ဖေဖေသည်လည်း သီချင်းဝါ
...နာပါသူဖြစ်၏။ သီဟာကျော်သူဟု မှည့်ဆိုထားပါလျက်၊
...ကိုယ့်ကိုကိုယ် မစ်ကီလှုပ်ကာ၊ ဆိုလိုက်မှဖြင့် ... အင်္ဂလိပ်
...သီချင်း။ Back Street Boys ရဲ့ We've got it going on
...လိုသီချင်းမျိုး။

ဖေဖေဦးကျော်သူကတော့ မြန်မာသီချင်းမှ မြန်
...မာသီချင်း။



www.burmeseclassic.com

www.burmeseclassic.com

"စတင်ရန်ခက်ပါဘိ ... အသက်ကြောင့်...
ဖေဖေ အဲသည်လိုဆိုလျှင် မေမေက ...
ခစ်ရယ်ကာ "စကားလုံးတွေမှားနေတယ်" ... ဟုပြော...
"အမှန်က ဘာလဲ" ဆိုတော့၊ မေမေလည်း မပြော...
သည်မို့ ရယ်ပဲရယ်နေကြသည်။

"အုံ့ပုန်းမောင့်ချက်နေသယ်မှာ ... ကွက်မလယ်...
ဘူး ... ဟူး ... ဟူး ... "

အဲသည်ခါမှာ မေမေသာမက သားနှစ်ယော...
ပါ ဝိုင်းရယ်နေရပါပြီ။ ဖေဖေအသံသြသြဝါဝါကြီးက ...
လှပေမယ့် ဆိုပုံဆိုပေါက်နှင့်အသံနေအသံထားက ညံ့လှ...

"ရွှေပုံးမင်း အမြီးမျှော်သလို ... ခရီးတော် ...
နီးရက်နဲ့ဝေး ... ဝေး ... ဝေး ... ဟေး ... ဟေး ...
ဝေး၊ အေး" ... တဲ့။

ဝါးခနဲ ပွဲကျကာ ဖေဖေက လက်သီးနှင့်လို... ထိုးတော့သည်။ ဒီသီချင်းကို သေချာလည်းမရ၊ မရဘာမှ... စာသားလည်းမရ အလိုက်လည်းမရ၊ ဘယ်လိုမှမရပါဘဲ ... တိုင်းဆိုပုံထောက်တော့ ဖေဖေနှင့်မေမေကြားမှာ "ထိုသီချင်း" ဟာ အောက်မေ့ဖွယ်အမှတ်တရလေးတစ်ခု ဖြစ်နိုင်၏။ ... ဖေဟာ မေမေ့ကို ချစ်ရေးဆိုဖို့အတွက် စတင်ရန်ခက်ခဲ့... လေသလား။

"သားတွေဆီများ ပြန်ပြီးတပည့်ခံပါတော့ မေမေရာ"





... ဆိုတော့၊ ဖေဖေက ...

"နောက်တစ်ယောက်ကျမှ" ... တဲ့။

မစ်ကီတို့များဖြင့် စတင်ရန်မခက်ပါ။ စတင်...ရှိ ဒီနိုင်းမျိုးစုံရှိသည်။ ဘဝသံသရာတစ်လျှောက် ခရီးသွား...လို့ပေါ့၊ ဒီကွေ့မှာ ဒီတက်နဲ့လှော်၊ ဟိုကွေ့ရောက်တော့ ဟိုတက်နဲ့လှော်။ သို့ပေမယ့် ... မစ်ကီ့မှာလည်း ပုံသေ...နိုင်းလေးတစ်ခုတော့ရှိပါသည်။

ဒုလုံးရှည်၊ ဆလင်ဒါပုံအဖုံးပါသော ဖန်ခွက် ...ပါးပါးကြည်ကြည်လေးလေး။

"တို့နာမည် မစ်ကီ ... မစ်ကီက ဒီညမှာ အလှဆုံး
လို့ဆိုနိုင်မယ့် ကြယ်နက်သမီးလေးအတွက်၊ အမွှန်
မြတ်ဆုံးလက်ဆောင်"

"ဝမ်တီး ဝမ်တီး"

သူငယ်ချင်းတစ်စု ဝိုင်းအော်ကြသံက ညံခနဲ ထွက်လာ၏။ လုပ်မနေနဲ့၊ ဒီဒီနိုင်းက သက္ကရာဇ်တစ်ထောင့် တစ်ဆယ်ခုနှစ်လောက်မှာကျန်ခဲ့ပြီဟု ဆိုလို၏။

"ပေါ်လိုက်တဲ့ကောင် ... တစ်ကောင်မှ တစ်ကျပ်
တည်း"

နောက်ဆုတ်ပေးလိုက်ရသော ရောဘတ်၏အသံကျယ်ကြီးထွက်လာလည်း မစ်ကီအပြုံးမပျက်ပါ။ သူတို့ပြောသလို၊ မစ်ကီ့လုပ်ပေါက်က နှစ်ပေါင်းကိုးရာကျော်တွင်

www.burmeseclassic.com

www.burmeseclassic.com



ထောင်နီးပါးနောက်ကျကျနဲ့ခဲ့ပြီဆိုလေကောင်းလေ။ ဖက်ရှင်ဆိုတာ သံသရာလည်နေတာ၊ အသစ်တွေက ဟောင်းသွား၊ အဟောင်းတွေက ပြန်သစ်လာ၊ ပြန်သစ်လာသည့်အဟောင်းတွေထပ်ဟောင်းသွား၊ ဟောင်းသွားခဲ့ဖူးသောအသစ်တွေ ပြန်သစ်လာ၊ သစ်လိုက်ဟောင်းလိုက် သံသရာထဲက ထွက်နိုင်တာမှတ်လို့။ အဟောင်းဆုံးဟာ လောလောဆယ်အတွက်တော့ အဆန်းသစ်ဆုံးပါပဲ။

“ကျေးဇူးတင်ပါတယ်”

“တစ်ယောက်ထဲလား”

“မြင်တဲ့အတိုင်းပဲ”

“တို့ကလဲ အဖော်မျှော်နေတာ”

“ကောင်းတာပေါ့”

“ယူ့နာမည်”

“စင်ဒရဲလား”

“စနိုးဝှိုက်တ် မဟုတ်ဘူးလား”

စင်ဒရဲလား ... ဆိုကထဲက နာမည်မှန်မဟုတ်၊ ပုံပြင်ထဲက မင်းသမီးလေးနာမည်ကို ပြောပြီဆိုတာသိလိုက်၏။ စနိုးဝှိုက်တ်သည်လဲပဲ ပုံပြင်ထဲမှာ နာမည်ကြီးလေ။

“စင်ဒရဲလားပါပဲ”

မစ်ကီက အဖြူရောင်သစ်ခွပန်းကြီးကို လက်နှစ်ဖက်နှင့် တကူးတကရှိုသေပြထားပုံပြကာ မျက်နှာကျ





တော့ စပ်ဖြဲဖြဲလုပ်ကာပေးလိုက်သည်။ ခုခေတ် တချို့မိန်းလေးတွေက တည်တည်တံ့တံ့ပုံမှန်ဆိုလျှင် သိပ်စိတ်ဝင်းကြတာမဟုတ်ပေ၊ တည်ငြိမ်ဆိုလည်း ဘုကျ၊ ငွစာ၊ ကန့်လန့်တိုက်၊ ဘယ်မိန်းမကိုမှ မျက်မွေးထော်လို့ မော်မကြည့်ကြဘဲ အောရုပ်ပြိုင်ပွဲစွန်းမှာရိုပ်ကြီးခိုတော့မည့်ပုံစံမျိုးဆိုမှ ပါမှမဟုတ် အလွန်ပျော်ရွှင်ဖွယ်ပုံစံ ဟေးလား၊ ဝါးလားနှင့် ါးစပ်မပိတ်တာန်းရယ်နေရမှ။ တချို့ တချို့တွေပေါ့လေ။

ရိုးသားအေးဆေးပြီး မိန်းမသားဆိုတာ မိန်းမသားပီသစွာနေမှ ... ဆိုသည့်မိန်းမသားမျိုးကျတော့လည်း စ်ကီတို့လိုလူမျိုးနှင့် ဘယ်မှာပတ်သက်တော့မှာလဲ။

“ကျေးဇူးတင်တယ်နော်”

“ကိုယ်ပန်ပေးခွင့်ရမယ်ဆိုရင် ... ”

“ဒီဆံပင်ပုံကြီးပေါ်မှာ ... ”

စင်ဒရဲလားက မျက်တောင်လေးဝင့်၍ မေးလိုက်၏။ သူ့မျက်တောင်တွေက ရှည်လျားလွန်းပါဘိ။ သို့သော်မယ့် အပေါ်သို့ကော့ပျံတက်မနေဘဲ၊ ရှေ့သို့ တည့်တည့်ထွက်ကာ ခပ်ဆင်းဆင်းမို့၊ မျက်ဝန်းကို ဘယ်လိုပဲပင့်ပင့်သူ့မျက်ဝန်းထောက်တောက်စိုရွှန်းလက်တွေကို မျက်တောင်တွေကြားမှပဲ ဖြတ်မြင်လိုက်ရသည်။ အလှဆုံးကို စာပါးဖုံးသလို၊ မြင်ရသူအသည်းယားဖွယ်ဖြစ်တော့၏။ ဇာခန်းထိပါးပါးလေးနောက်ကွယ်မှာ ပုံ့ပုံ့ကုလေးထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လှနတ်သမီးကိုမြင်နိုင်ဖို့ရာအတွက် ဓာခန်းဆီးကို အားကု
သုံး၍ ဆွဲဖယ်လှစ်ကြည့်လိုက်ချင်သလို၊ အဲသည်မျက်တော
စင်းစင်းလေးတွေကို လက်ညှိုးလေးတစ်ချောင်းထဲနှင့် သ
သာလေးပင့်ကာ မျက်နက်အိမ်ရွှန်းစိုစိုလေးကို ငေးလို့မျှ
ကြည့်လိုက်ချင်စမ်းပါဘိ။

"ဒီဆံနွယ်လေးတစ်ခုရဲ့အဖျားမှာပေါ့"

"သိပ်ကို ကဗျာဆန်တဲ့စိတ်ကူးကလေးပဲ"

မစ်ကီက မုန့်ကြိုးလိမ်ဆေါက်စ၊ သေးသေးရှည်
ရှည်ဆံနွယ်လေးတစ်ချောင်းကို ဆွဲယူလိုက်သည်။ ဧရာမသ
ခုဖြူဖြူကြီးကိုကပ်၍၊ ချိတ်သုံးချောင်းလုံးသုံးကာ ခက်ခက်
ခဲခဲတပ်ယူမှ မုန့်ကြိုးလိမ်ဆံနွယ်တစ်ခွေ၏အဖျားမှာ သဲ
ဖြူဖွေးကြီးက ယိမ်းကာနွဲ့ကာ၊ ကိုယ်ခန္ဓာက လှုပ်ရှားပါ
လေတိုင်း၊ လေသိမ်းတိုင်းနွဲ့သည့်ကောက်ပင်ပျိုလို၊ ကဗျာ
လေးတစ်ပုဒ်သီဆိုရင်း ကပြနေသလားထင်ရလောက်အောင်
ကို တင့်တယ်လွန်းလှပါတော့၏။

"ဆပ်လို့မကုန်နိုင်တဲ့ကျေးဇူးပါပဲ"

"တစ်သက်လုံးဆပ်လိုက်တော့လေ"

မစ်ကီပဲ၊ နှုတ်ခမ်းနှင့်လျှာဖျားက ဂျက်လေ
ယာဉ်စီးထားတာထက် သွက်လက်လျင်မြန်ပါသေးသည်။

"ဦးနှောက်မှာ စဉ်းစားတတ်တဲ့အခန်းတွေအများကြီး
ပဲ၊ သိလား"





"သိတယ်၊ ဖြူနှစ်နှစ်လို ဝါကျင့်ကျင်အရောင်သန်း
သလို ပျော့စိပျော့စိတွေထဲ အနီရောင်သွေးကြောမျှင်
လေးတွေလဲပါတယ်"

"တော်လိုက်တာ"

"ဖေဖေက ကြိုက်လို့ ဆိတ်ဦးနှောက်ဟင်း၊ မေမေ
ချက်နေကျ"

"သွား"

"လာ"

သူကသွားဆိုတော့၊ ကိုယ်ကလာဟု ခေါ်လိုက်
၏။ လက်ဖျားလေးကမ်းပေးလိုက်သည်။ သူ့လက်ဖျားလေး
ကိုယ့်လက်ဖဝါးထဲတော့ရောက်လာပါသည်။ သို့ပေမယ့် …
လက်ချောင်းတွေထိပ်ဖုံးနေအောင်ရှည်သော အင်္ကျီစသား၏
ကြမ်းရှရှအထိတွေ့က ခုခံလို့နေတော့သည်။

❋ ❋ ❋

နှစ်ပေါင်းများစွာ … ကုံကော်ပင်ထိပ်ဖျားမှ
ပျော်လင့်တမ်းမှတ်ခဲ့ရသည့် အိပ်မက်ကလေးဟာ ဒီညကျ
မှ အသက်ဝင်ရှင်သန်ခဲ့ရတာပါ။ ပျော်လိုက်တာ။ ဒီအပျော



www.burmeseclassic.com

www.burmeseclassic.com



မျိုး၊ လူရယ်လို့ဖြစ်ကတည်းက တစ်ခါမှမပျော်ခဲ့စဘူးသော ဘ၊ ပျော်ထူး၊ နောက်ကိုလည်း သေတစ်ပန့်သက်တစ်ဆုံး ဘယ်တော့မှ ဒီလိုအပျော်မျိုးကို ထပ်မံရရှိတော့မှာ မဟုတ်သော အပျော်ထူး၊ တစ်သက်မှာတစ်ခါ ပျော်ရသည့်အပျော်ထဲမှာ နစ်မြုပ်ပျော်ဝင်ကာ ခြေဖျားနှင့် မြက်ခင်းမထိ၊ မိုးပေါ်မှ ကရိန်းကြီးတစ်ခု လေဟာပြင်ထဲတည်တံ့ရပ်ဆိုင်းကာ ကြိုး တစ်ချောင်းချလျက် ထားရဲ့ ခါးလယ်မှဆွဲထားပြီး ချာချာ လည်လှည့်ပေးနေသလို၊ ပျော်ရလွန်းလို့ မူးနောက်ရီဝေလို့ တောင်လာရပါ၏။

"တစ်ဝင်းလုံးမှာ တို့ကြွယ်နှတ်သမီးလေးအလှဆုံး"

"ကျေးဇူး"

ကျေးဇူးတစ်ခါပြောတိုင်း မျက်ဝန်းတစ်ခါပိတ်တော့ ရှည်ရှည်စင်းစင်းမျက်တောင်ကြီးတွေက ထိစပ်ကုန်ကြသည်။ မျက်ဝန်းပြန့်အဖွင့်မှာ မျက်တောင်နှစ်ကန့် ဖြည်းဖြည်းကွာပုံကစလို့ တကယ့်ကို အထူးအဆန်းကြည့်ကောင်းလိုက်ပုံများ၊ မစ်ကီလိုလူတောင် တစ်လောကလုံးကိုမေ့လေ၏။ ကိုယ်ကြပ်ဂါဝန်အောက်နားစကေ လေးလက်မမြင့်သော မေမေ "ခွေးသာသာ" ဆိုသည့် ခွာသေးသေးဒေါက်ကို လုံ ရှုံ့ဖုံးသည်မို့ ဂျပန်မြက်မျိုး မြက်ခင်း၏အစိမ်းရင့်ရင့်ထူအိအိကတ္တီပါသားကို ထိရုံတို့နမ်းသလောက်ရှိ၏။ ဖိနပ်မမြင်ရသည်မို့ လူက လျှောက်လှမ်းပါသော်ငြား၊ လျှောက်လှမ်းဟန်





မထင်၊ ပုံပြင်ထဲမှ နတ်သမီးလေးမို့ တန်ခိုးနှင့်ရွေ့နေသလားထင်ရသည်။

"လှလိုက်တာ"

မစ်ကီမမျိုးသိပ်နိုင်စွာ အံကြိတ်၍ပြော၏။ မစ်ကီတစ်သက်တာမှာ မြင်ဖူးသမျှ၊ သူရည်းစားတော်ခဲ့ဖူးသမျှ၊ သူငယ်ချင်းဖြစ်ရုံ ခင်ခဲ့ဖူးသမျှ၊ အဲဒီ "သမျှ" "သမျှ"တွေ တွေထဲမှာတော့ ထိပ်ခေါင်တင်မဟောသီ၊ တကယ့်လှဒေဝီလေးပါပဲ။

"ထင်လို့ပါ"

"ဘာစားမလဲ"

"ဘာမှသိပ်မစားချင်ဘူး"

"မဆာဘူးလား"

"အလှပျက်မှာစိုးလို့ ဆာရင်တောင် အောင့်နေလိုက်တော့မယ်"

"အင်း ... အလှပုရားမလေးရဲ့ဒုက္ခ၊ အချိုရည်တစ်ခုခုတော့ဖြစ်တယ်မဟုတ်လား"

"နည်းနည်းပါးပါး"

"ကမယ်မှလား"

"သီချင်းက အရမ်းခုန်ပေါက်နေတယ်၊ တို့က ဖြေးဖြေးလေး ငြိမ့်ငြောင်းတာကို ပိုကြိုက်တယ်"

"ဘာလိုချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်ပေးမလို့လား"

"ပရင့်ဆက်စ်ဒိုင်ယာနာရဲ့ အကျႌတွေတောင် လေလံဝင်ဆွဲပေးနိုင်သေးတယ်"

"ရောင်းလို့လား"

"နယူးယော့ခ်မှာလေ၊ မင်းသမီးဒိုင်ယာနာက သူ့အကျႌခုနစ်ဆယ့်ကိုးထည်ကို လေလံပစ်တယ်တဲ့"

"ဟာတော့"

"အဲဒီထဲက တစ်ထည်က ..."

"ဟုတ်လို့လား"

"အော် ... တကယ်၊ ဂျော်နယ်ရိုက်သမတဖြစ်တုန်းက၊ အိမ်ဖြူတော်မှာ ပရင့်ဆက်စ်ဒိုင်ယာနာက ဂျွန်ထရာဗိုလ်တာနဲ့တွဲကတုန်းက ဝတ်ခဲ့တဲ့အကျႌ"

"ကြည့်နူးဖွယ်အမှတ်တရလေးပေါ့"

"အဲဒီအကျႌတစ်ထည်ထဲ၊ ဒေါ်လာနှစ်သိန်းနှစ်သောင်းနှစ်ထောင့်ငါးရာရတယ်"

"အမလေး ... မြတ်စွာဘုရား"

"အဲဒီအကျႌအပါအဝင်၊ စုစုပေါင်း ခုနစ်ဆယ့်ကိုးထည်ရောင်းတာ ဒေါ်လာသုံးသန်းကျော်"

"အမလေး ... မြတ်စွာဘုရား"

"တိတိကျကျပြောရရင် သုံးဒသမနှစ်ခြောက်သန်း၊ နောက်ပြီး တခြားဘာတွေဆိုလဲ၊ ကက်တလောက်





တဲ့ အဲဒါတွေလဲပါတယ်၊ ထပ်ရောင်းတာက ဒေါ်လာနှစ်သန်းခွဲ"

"အမလေး ... မြတ်စွာဘုရား"

"အဲဒီကရတဲ့ပိုက်ဆံတွေအားလုံးကို အေအိုင်ဒီအက်စ်နဲ့ ကင်ဆာရောဂါကုသရေးအတွက် လှူလိုက်တယ်တဲ့။ မသေခင်မှာယူသွားတဲ့ကုသိုလ်ပေါ့နော်၊ ခု ... သူကွယ်လွန်တော့ ဒီကုသိုလ်တွေ သူ့နောက်ပါသွားပြီ"

"ဘုရား ... ဘုရား ... ဒီညတော့ မြတ်စွာဘုရားကိုတရတာနဲ့တင် ကုသိုလ်တော်တော်ရသွားပြီ၊ သူ့အလှူကိုသာဓုခေါ်ကြည်နူးရတဲ့အတွက်လဲ ကုသိုလ်ရသွားပြီ၊ ဟုတ်ရောဟုတ်ရဲ့လား မစ်ကီရယ်"

တစ်သက်လုံးက ကြောက်ရွံ့လေးစားခဲ့ရပါသော ကိုကိုလေးကို "မစ်ကီ" ဟုခေါ်ချလိုက်ရတဲ့အရသာဟာ ဒီတစ်သက်မှာ အထူးကဲဆုံးသောအရသာတွေထဲမှာ တစ်ခုပါအဝင်ဖြစ်ရတော့သည်။

"နယူးစ်ဝိခ်ထဲမှာ ဖတ်ထားတာ"

မက်ကီက သူဗဟုသုတ မည်မျှကြွယ်ဝကြောင်းပြမြင်ဖူးသောဘောင်မလေးရှေ့မှာ ကြွားလိုက်တာ၊ သူဟာနယူးစ်ဝိခ်တို့လိုမဂ္ဂဇင်းတွေကို ဖတ်နိုင်သော အင်္ဂလိပ်စာကျွမ်းကျင်သူအဖြစ် ကြွားလိုက်တာပေမယ့်၊ စင်စစ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက သူ့အမေကို ပြောပြနေတုန်း သူကြားထားလို တာဖြစ်၏။ နယူးစ်ဝိခ်ထဲမှာတော့ ပါတာပေါ့။ သို့ပေ အဲဒီနယူးစ်ဝိခ်ကို ဖတ်သူဟာ သူမဟုတ်ဘဲ သူ့အဖေဦး သူဖြစ်နေတာကိုတော့ မစ်ကီ မြင်ထားလိုက်တော့သည်။

"ကိုယ့်စင်ဒရဲလားလေးကသာ ပူဆာရင် အဲဒီလေ ပွဲကို အမီသွားပြီး ကြိုက်ရာတစ်ထည်ဝယ်ပေးလို ချင်ပါရဲ့"

ထား ... မျက်စောင်းလေးတစ်ချက် ထိုးလို သည်။ မက်ကီ ... ကလီစာတစ်ခွေလုံးကြွေလေသတည်း။

"တစ်ခါတစ်ရံမှာ နှုတ်ခမ်းဖျားကို ဖြတ်သန်းပို ခတ်လာတဲ့လေချိုလေးတွေမှာ ကျေးဇူးတရားတွေပါ လာတတ်ပါတယ်"

"လှလိုက်တဲ့ ဝါကျလေး၊ ဘယ်ဝတ္ထုထဲကခိုးကျ ထားလဲ"

"ကံရာဇာကြီးနဲ့ ကံရာဇာငယ်တို့ အိမ်ပြိုင်ဆော ကြတုန်းက ရပ်ကွက်ထဲမှာ ပြောတဲ့စကားပါ"

မစ်ကီ ခေါင်းကုတ်လိုက်သည်။ ကံရာဇာကြီး နှင့်ကံရာဇာငယ်ကို မစ်ကီမသိပါ။ ရှိစေတော့။ ဒါ ... ဟိုရှေးရှေးတုန်းကလို့ ဆိုလိုခြင်းဖြစ်မည်ဟူ၍တော့ သဘော ပေါက်လေ၏။

"အပေါင်းဆုံးဟာ အသစ်ဆုံးပေါ့၊ ကျောက်ဖြစ်ရု





ကြွင်းတွေဟာ ဘယ်လောက်တန်ဖိုးရှိလဲ"

"ဒါဆို ... ချစ်သမျှကိုပတ်ပျိုးဆိုပြ"

"ဟိုက်"

မစ်ကီ၊ ကိုယ့်နဖူးကိုယ် ဖတ်ခနဲရိုက်လိုက်၏။ တော့ ဟက်ခနဲရယ်သည်။ မစ်ကီ တကယ်ပျော်နေ၏။ ရဲလားဆိုသော ကောင်မလေး၊ ဒီဖန်းဖဲယားကိုရောက်လာ သိကြားမင်းက ကိုယ့်အတွက်၊ နတ်သမီးတစ်ပါးကို ယောင်ဖန်ဆင်းပြီး ချပေးလိုက်သလား ထင်မိသည်။ အ ထူးခြားဆန်းသစ်သော အတွေ့အကြုံဖြစ်၏။ ပြော သည့်စကားတွေကလည်း မစ်ကီ့အတွက် အစိမ်းရောင် န်းလွန်းလို့ မနည်းမီအောင်ကြိုးစားလိုက်ရသည်။

"ရှေးသီချင်းတွေ ဖီးမလာဘူး" ... ဟု မြန် ပြာရမှာ ဝန်လေးနေသည်။ ခုခေတ်ဗန်းစကားတွေသာပြော ကြားဆို၊ မြန်မာစကားကို မြန်မာနားမလည်နိုင်အောင် မစ် ပြောတတ်၏။ မစ်ကီတို့သူငယ်ချင်းတွေ အော်ဟစ်ပြော နေစဉ် ဖေဖေလာနားထောင်ကြည့်လျှင် သဘောလောက် ပေါက်လျက် လုံးစေ့ပတ်စေ့မသိနိုင်။ ဒါတောင် ဖေဖေ တော်တော်ခေတ်မီနေသေးသော လူကြီးပိုင်း။

ခု ... စင်ဒရဲလားနှင့်ပြောရတာက ဆယ်တန်း န်းက မြန်မာစာမှာသင်ဖူးသော "ဝက်ဝုတ္တိအလင်္ကာ" ဆို မျိုးဖြစ်နေသည်။ ဗန်းစကားမဟုတ်ပါပဲ၊ တိုက်ရိုက်မကျ



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ကာဝိုက်ကာ သွယ်ကာပတ်ကာနှင့်၊ တစ်ဆင့်ခြား
နားလည်ယူရတာမျိုး။ အတွေ့အကြုံဆန်းသစ်လေ
ရင်ထဲ စွဲလေ။ စင်ဒရဲလားလေးရယ်၊ တစ်သက်တာပိုင်
ခွင့်ကြီးများကိုတောင် တစ်ထိုင်ထဲတောင်းဆိုလိုက်ချင်
ဒါပေမယ့် ... သိတယ်မဟုတ်လား၊ လူဆိုတာ
ကဆင်းသက်လာတာတဲ့။ ဒါဝင်ပြောခဲ့တာလေ။ လူ့စိတ်
မျောက်စိတ်လိုပဲတဲ့။ မန်ကီလဲ လူဆိုတော့ မျောက်စိတ်
ပဲပေါ့။ ဟိုခုန်သည်ကူး။ ဘယ်လောက်မှကြာခင် ...
ပါ့မဖုရား ... အောင်မိမှာမျိုးဆိုလျှင်တော့၊ အတွေ့အ
ဆန်းသစ်ရုံနှင့်၊ မတူညီလှသောစရိုက်နှစ်ခုကို ဆွဲမစေ့ချင်ပါ။

ထားကတော့ ပွဲခင်းတစ်ခုလုံးကိုကြည့်၍
ပျော်မှာ အပျော်ဖုံးလျက် ပျော်မခုံးဖြစ်နေရသည်။ စားသော
ဆိုင်တွေကိုကြည့်လဲပျော်သည်။ ဘာကိုမှတော့ စားသောက်
စိတ်မရှိ။ ဆေးလ် (Sale) ဆိုပြီး ဆိုင်တင်ရောင်းချနေ
ပစ္စည်းတချို့ကို အိမ်မှာ အလှဆင်ဖို့ မက်မောဖွယ်လို
စရာပေမယ့် ထားတို့ အိမ်ပုတ်ကလေးထဲ၊ ဘယ်နေရာ
ထားရမှာလဲ။ ဝယ်ဖို့စိတ်ကူး မရှိပေမယ့် ပျော်တာပါ
သီချင်းသံတွေ ဆူညံနေတာကလည်း ရင်ထဲ ဘုရားပွဲ
သလို ဝုန်းဒိုင်းကြဲအောင် ပျော်နေမိတာပါပဲ။ ကိုကော
ပေါ်မှ မျှော်ငေးရစဉ်က အဲဒီစတိဘ်ရှိုးရှေ့မှာ ဝင်ခုန်ကလို
ပဲ ... တွေးပျော်ခဲ့ဖူးပေမယ့်၊ တကယ်တမ်းကျ





ဝါမျှမကာဘူးတာရယ်၊ မကာတတ်တာရယ်၊ မကာရဲတာ
ယ်ပေါင်းပြီး မကာဖြစ်ပေမယ့် ပျော်တာပါပဲ။ ကိုကိုလေး
မန်ကီခေါ်ပြီး တန်းတူရည်တူပေါင်းသင်းဆက်ဆံခွင့်ရ
ဟာလည်း ဘယ်လောက်ပျော်စရာကောင်းသလဲ၊ ဘီယာ
တွေဝယ်ပြီး တစ်ငုံနှစ်ငုံသောက်၊ မကုန်ခင်မှာ နောက်ပြန်
ပြီး လွှင့်ပစ်လိုက်မှ ငွေဖြုန်းနိုင်သူ သူဌေးသားဖက်ရှင်
ားမသိ၊ အဲသည်လိုလွှင့်ပစ်နေတာတွေကို ကိုယ့်ခြံထဲက
တူးလိုက်ကောက်နေတာကြည့်ပြီးတော့လည်း ရယ်ချင်
နှင့် အရမ်းပျော်ရသည်။

တာတွေးက ထားကိုမော့ကြည့်ပေမယ့် နည်း
ည်းလေးမှ မမှတ်မိ၊ ထား ဂါဝန်ဖျားလေးကို သူ့လက်
ငွ့်တိုက်မိသွားလို့ "ကန်တော့" ... တဲ့။ ခိ၊ ဘယ်လောက်
ယ်စရာကောင်းလိုက်ပါသလဲ။ ခင်ထားတင်တဲ့ကွနော်။ ဦး
ာင်တင်၊ ဒေါ်သန်းစိန်သမီး၊ ခင်ထားတင်အကြောင်းကို
ကြပြီမဟုတ်လား။ တစ်နေ့မှာ ... ဒီခြံထဲကို ဂုဏ်သ
ရှိစည့်သည့်အဖြစ် ဝင်ကိုဝင်နိုင်မှ သေတော့မည်၊ ဒီကိစ္စ
ကောင်အထည်မဖော်ရသေးလျှင် အသက်ငင်နေလျှင်တောင်
အောင့်ထားဖို့ထိ စိတ်ကူးပြီးသား။ ခု ... ကိုယ့်ဆန္ဒအပြည့်
ဝကြီးပြည့်ဝနေကာ ဘယ်လောက်ပျော်စရာကောင်းလိုက်
ပါသလဲ၊ ပျော်လွန်းလို့ကို လွင့်တက်ပြီး၊ ရင်ထဲမှာ မုန်တိုင်း
ကျသလောက် ပြောင်းဆန်နေတာတွေဟာလဲ အပျော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။

"နားညည်းရင် ... ဟိုမြက်ခင်းစပ်လေးသွားမ

ထား ပြုံးလိုက်သည်။ ထားတက်နေ

ကော်ပင်နှင့်ဆိုလျှင် အမြင့်တပြေးတည်းလောက်ရှိပြီး နည်းသာကျွဲလှမ်းသောနေရာလေး။ ကိုကိုလေး ... မလေးတို့ကိုခေါ်လာနေကျနေရာလေး။ ခု ... ခေါ်နေပြီ၊ ကဲ့ကော်ပင်ပေါ်မှာ ထားမရှိတော့ တစ်ယောက်များတက်ကြည့်နေမလား။ မြင်များသွားရင်ဖြင့်၊ ရယ်လို့လဲ မှတ်မိသွားရင်ဖြင့် ဒီဆင်းရဲသားခြံကလေး မည်ပျက်လို့ကောင်းလိုက်မယ်ဖြစ်ခြင်း၊ အဖတ်ဘယ်လို ရပါ့။ ဒီကဲ့ကော်ပင်ပေါ်မှာတော့ ဘယ်သူမှမရှိတာန် ဘူး ထင်ပါရဲ့။ ဒီနေရာကို ထားတစ်ယောက်ထဲ သိ တာလေ။

"အချိုရည်သောက်မှာနော် ... သွားယူလိုက် ဒီနားကခဏစောင့်၊ ဟိုငကြောင်တွေလာစကား ရင် ဘာမှပြန်မပြောဘဲ ခပ်တည်တည်နေ"

ထား ပြုံးလိုက်သည်၊

"ဆောင်းဘီအိတ်ထဲ ဖန်ခွက်လေးနှစ်လုံးထည့် လား"

"ဟင်"

မစ်ကီ မျက်လုံးပြူးသွားသည်။ သူ ဘယ်





ပါလိမ့်။ စင်ဒရဲလားတဲ့။ ဟိုတုန်းက အတိတ်တစ္ဆေတွေ ဘူးတာ လာရောက်ခြောက်လှန့်တာများလား။ ဒေါ်စင်ဒ လား ... ခင်ဗျား၊ အချဉ်တော့မဟုတ်ပါလား။

ထားက မစ်ကီ့ခါးကို "သွားလေ ... " ဆို ည့်အဓိပ္ပါယ်နှင့် သာသာတွန်းလွှတ်လိုက်သည်။ မစ်ကီမှ လှမ်းပြည့်အောင်မခွာရသေး၊ ရောဘတ်နှင့်အဖွဲ့က ဝိုင်း ရှဲလိုက်တော့သည်။

"တို့နာမည်ရောဘတ်"

"ငပျောဖတ်ဆိုတာ မုန့်ဟင်းခါးထဲမှာပဲသုံးလို့ရတာ အေ့၊ တို့နာမည်ကမှ နိုဝယ်လ်"

"ဖရဲသီးဆိုတာ ဘဲဥနဲ့စားရင် သေတတ်တယ်၊ ခပ် စိမ်းစိမ်းကလေးနေ။ တို့ကမှ ပေါလ်"

"ဟား ... ဟား ... အဲဒါမှ အရှုးအစစ်၊ နာမည် က သက်သေခံနေပြီ"

သူတို့အားလုံး ရယ်လိုက်ကြသည်။

ထား အရမ်းပျော်သွားသည်။ ရှယ်တူယောကျ်ား းများရဲ့ အရေးပေးခြင်းကို ဘယ်တုန်းကမှ မခံခဲ့ရဘူး အရုပ်ခပ်ဆိုးဆိုး (မပြင်မဆင်တတ်တာက အဓိကကျ ထင်သည်) ခပ်ဆင်းဆင်းရဲရဲကောင်မလေးတစ်ယောက်ကို ဒိတ်ကျဲဆိုတဲ့ သူဌေးသားတွေက ဝိုင်းဝိုင်းလည်ခစား ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"တို့အားလုံးက ခင်တတ်တယ်၊ စင်ဒရဲလားလဲ
တတ်တာပဲမှလား"

ဆောဆောကထဲက နှာခေါင်းကို ခိုးနားထောင်နေ ပုံရသည်။ နှာမည့်ကိုတောင် ခိုးနားထောင်ခြင်းခံရပြီဆို ထားဘဝ ဘယ်လောက်မြောက်တက်သွားပြီလဲ။ ပျော်လို့ တာ။ ခုနေ ··· ခြေဆောင့်ခုန်ပြီး ခုန်မြင့်တက်လာ ခြေနှစ်ချောင်းကိုစုပြီး လက်နှစ်ဖက်ကို ဖြန့်ကားလိုက် ဆိုရင်၊ လေထဲမှာတောင် ဝဲသွားမယ်ထင်ရဲ့။ အဲသည်လေ ကိုပျော်တာ။ အပျော်ကြီးကိုပျော်တာ။ မြောက်နေအောင် ရတာလေ။ နှစ်ပေါင်းများစွာ တမ်းတခဲ့ရတဲ့ အိပ်မက် လေးအသက်ဝင်လာတာ။ ခင်ထားတင်ဘဝမှာ ဒီလို မှ ယောကျ်ားသားတွေက လှည့်ကြည့်မှာတဲ့လား။ ကိုယ် ပြန်ခင်တာမခင်တာအပထား၊ သူတို့ ဝိုင်းခင်ကြတာကို ချင်တာကတော့ ခင်ထားတင်တို့ နှစ်ရှည်တမ်းတခဲ့ရတဲ့ မက်လှလှလေးပါပဲ။

"ပိုင်ရှင်လာပြီကွ"

မစ်ကီက ခပ်ရှမ်းရှမ်းပဲ ပြောချလိုက်သည်။ မိနစ်ပိုင်းလေး ခွာသွားရုံနှင့် ဒီလောက် လူဝိုင်းစရာလ ဒီပွဲမှာ မိန်းမလှကလေးတွေများမှများ။ တစ်ခုတော့ရှိ ပေါ့လေ။ အဲသည်မိန်းမလှလေးတွေက ခြင်ဖူးနေကျချော လေးတွေ၊ ခင်ဖူးပြီးသားသူငယ်ချင်းတွေလေ၊ စင်ဒရဲ





လေးကျတော့ ချော်နှာသစ်ကလေး၊ ခင်ချင်ဖွယ်အသစ်အဆန်း လေး။

နိုဝယ်လ်တို့၊ ရောဘတ်တို့ဆိုတာကလည်း ခပ် သေးသေးပုဂ္ဂိုလ်လေးတွေတော့မဟုတ်ပါ။ သို့ပေမယ့် ··· ကိုယ့်ရည်းစားမဟုတ်သော မိန်းမတစ်ယောက်အတွက်နှင့် တော့ သော်ဒါတွေကြားထဲ မီးပုံတစ်ခု ထမတောက်စေလို ပါ။ ကိုယ်တို့ ကိုယ်တို့မှာလဲ ကိုယ်စီကိုယ်စီ အပေါ်များ သားပါလေ။ မစ်ကီက ထားလက်ဖျားလေးကို ဖမ်းဆုပ် လိုက်၏။ ဆောဆောကလိုပဲ၊ အသားနှစ်ခုကြားမှာ ကြမ်းရှ သောဝေသား၏ခံစားမှုက ခြားနားလျက်ရှိနေသည်။

"ဟိုကျောက်ထိပ်ကလေးကို သွားမလို့လား"

"ဘုရား" ··· ဟု ကျိတ်တလိုက်မိ၏။ စင် ဒရဲလားကို မစ်ကီ နည်းနည်းပါးပါး မြူစပြု၏။ ကိုယ့် လှုပ်ရှပ်တွေ သူက ကြိုသိနေနှင့်၏၊ အကြားအမြင်ပဲပေါက် နေလေရော့သလား။ အတိတ်အိုမှ တစ္ဆေယောင်းမတစ်ယောက် က ခြောက်လှန့်ဖို့ ကိုယ်စားစေလွှတ်လိုက်သူတစ်ဦးလေလား။

"ဘာလို့သွားရမှာလဲ"

"သိဘူးလေ"

"စတွေချိုနောက်ကိုသွားမယ်၊ အဲဒီမှာ သစ်ခွရုံကလေး ရှိတယ်၊ မေမေစိုက်ထားတဲ့ပန်းတွေ၊ ဘာလှသလဲ မမေးနဲ့၊ ကြည့်မလား"



www.burmeseclassic.com

www.burmeseclassic.com

"ပေးမှာလား"

"မလုပ်နဲ့၊ တစ်အိမ်လုံး လောင်မီးကျသွားမယ်၊ ကွင်း ထဲကဆိုင်မှာ လိုချင်တာယူ၊ ဝယ်ပေးမယ်၊ မေမေ့ပုံ တွေကတော့ ပြရုံပဲ"

"ကြည့်ရုံတော့ ပျင်းတယ်"

"လေယာဉ်ပုံစရိတ်အကုန်ခံပြီး ဇန်ကောက်သွားကြ ရင်တောင် မေမေ့ပန်းမျိုးတွေ တွေ့ဘူးဖို့မလွယ်ဘူး၊ မေမေ့သစ်ခွရုံက သံဇကာတစ်ထပ်၊ မှန်စိမ်းတစ်ထပ် အဲယားကွန်းအမြဲဖွင့်ပြီး၊ သော့ခပ်ထားတာ"

"ဂလပ်စ်ဟောက်စ် (Glass House မှန်အိမ်)ပေါ့၊ ပိုက် ဆံအရမ်းကုန်တယ်ဆို"

"ရန်ကုန်မှာ ဒါမျိုးထားနိုင်တာ ဒေါ်နှင်းနှင်းပြီးရင် ဦးကျော်သူပဲရှိတယ်"

"သွား"

ထား မျက်စောင်းထိုးတော့ မစ်ကီရယ်၏။ ရန်ကုန်တစ်မြို့လုံးမှာမှ သူ့အမေတစ်ဦးတည်းမှာပဲရှိသည်ပေါ့ လေ။

"မှောင်နေလား"

"မေမေ့ဆီကသော့တောင်းထားတယ်၊ မီးပြာလေးပဲ ထွန်းထားတယ်၊ သိပ်သာယာတယ်၊ အရမ်းကြည့်လို့ ဖို့ကောင်းတယ်"





တကယ်တော့ ... ကျောက်ထိပ်နားလေးပဲသွား ထိုင်ဖို့ပါ။ ရည်းစားစကားကို အပျော်ပြောဖို့ပါ။ သူက ကျောက် ထိပ်ကလေးနားသွားမလို့လားမေးလို့ကို မသွားရဲတော့တာ။ အကြံအစည်ကို ချက်ချင်းပြောင်းလိုက်ဖြစ်သည်။ မစ်ကီတို့ က ဖြေခဲ့သမျှ ကျောင်းစာမေးပွဲတွေ တစ်တန်းမှမကျဘူး ပေမယ့်၊ တစ်ခါမှလဲ ထူးထူးချွန်ချွန်အောင်မြင်ခဲ့သည်မရှိ၊ ဉာဏ်က အဲဒီဘက်မှာ မပြေးခဲ့။ ဒီမှာဘက်ကျတော့ သိပ် ပြေးသည်။ မေမေက မနက်က သူ့အပင်လေးတွေကြည့်အ ပြီး၊ ခြံဦးခန်း ညည်သည်ရောက်လာလို့ ...

"သားလေးရေ ... သီဟ၊ မေမေ့ဂလပ်စ် ဟောက်စ်လေး သော့ခပ်လိုက်ပါ" ... ဆိုပြီး အပ်သွားသည့် သော့။ ခပ်တော့ပြီးပြီ။ မေမေ့ကိုပြန်အပ်ဖို့မေ့၊ မေမေက လည်း ပြန်တောင်းဖို့မေ့၊ အဲဒီသော့ကို ခါးပတ်မှာ ယာယီ ချိတ်ထားခဲ့တာ၊ ဖန်းဖဲယားအတွက် ဆင်းလာတော့ ဘောင်း ဘီလဲခဲ့ပေမယ့် ခါးပတ်မလဲခဲ့မိပဲပါလာသည့် မေမေ့သော့ ကို ချက်ချင်းစမ်းမိ၊ ဦးနှောက်ထဲ ချက်ချင်းမီးလင်း၊ အစီ အစဉ် ချက်ချင်းပြောင်း။ ဒီဘက်မှာ ဉာဏ်ပြေးသည်လေ။

မှန်အိမ်လေးနား ရောက်လာခဲ့၏။

"ဟင် ... မှောင်တယ်"

စတိတ်ရှိုးဆီမှ၊ ဖန်းဖဲယားပွဲဆီမှ လွင့်ဝဲလာ သောမီးရောင်မှိန်ပျပျလေးပဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



“မီးမှမထွန်းရသေးတာ”

ထား နည်းနည်းတော့ ကြောက်သွားသည်။ ကိုကိုလေးက ကောင်မလေးတွေကို ချောက်ထိပ်ခေါ်လာပြီ၊ ရည်းစားစကားပြော၊ ထိပ်ပုတ်လိုက် ခေါင်းပုတ်လိုက်လုပ် နေတာ၊ ထားကျတော့ ဆင်းရဲလို့ ဒီအခွင့်အရေးမရဘူးနော် ဆိုပြီး ... ဒီအခွင့်အရေးကိုပဲ နှစ်နှင့်ချီ၍ မျှော်လင့်ခဲ့ရ တာဟာ “မိုက်မဲခြင်း” ... ပါလားဆိုသည့်အလင်းတွေ က ဦးနှောက်ထဲသို့ ဖျတ်ခနဲဝင်လေ၏။

တစ်ချိန်ထဲမှာပဲ ...

ကိုယ့်ကာလရှည်အိပ်မက်လေးတစ်ခုဟာ ... ခြားသူတွေထက် တစ်ဆင့်မြင့်လျက် ပိုမိုသစ်ဆန်းစွာ ရှ သန်ခွင့်ရလိုက်တာကိုလည်း လွင့်ခနဲမြောက်အောင်ပျော်ရပြ ၏။ ဒီလိုအခွင့်အရေးနှင့်အပျော်မျိုးကို နောက်တစ်ကြိမ်ထပ် ရဖို့ မလွယ်ပါ။ ထားရဲ့ဝတ်စုံအတွက် လပေါင်းများစွာ စုရသည်။ ဒီအခွင့်အရေးတစ်ခုအတွက် ပြင်ဆင်ချိန်က မျှော် လင့်ချိန်နှင့်ပါပေါင်းလျှင် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရ သည်။ အခု ... ထားဖြစ်ချင်တာတွေဖြစ်ခွင့်ရနေတာလေ။ ကိုကိုလေးက တစ်ခုခုများ ဆိုးဆိုးဝါးဝါးဆိုလျှင်တော့၊ ချက် ချင်းထိုင်ချပြီး လက်အုပ်ချီရှိခိုးတောင်းပန်လိုက်မည်။

“ကိုကိုလေးတို့ပိုင်တဲ့ အောက်ခြံက အိမ်ပုတ်ကလေး တွေထဲက ခင်ထားတင်ပါ ကိုကိုလေးရဲ့၊ ဦးအောင်





တင် ဒေါ်သန်းစိန်သမီး၊ ဝက်သားတုတ်ထိုးရောင်း တာပါ၊ ထားအားကျပြီး အရမ်းလာချင်လွန်းလို့လာ မိပါတယ်၊ ခွင့်လဲလွှတ်ပါ၊ သနားလည်းသနားပါ၊ ရှိခိုးပါရဲ့ ကိုကိုလေးရယ်” ... လို့။

မစ်ကီက မှန်အိမ်ကလေး၏သော့ကိုဖွင့်သည်။ တံခါးဖွင့်လိုက်တာနှင့် စိမ့်စိမ့်ပြေပြေအေးချမ်းမှုလေးက ဆီး ကြို၏။ မစ်ကီသွားဖွင့်သည့်မီးလုံးက အပြာရောင်လေး။ အပြာရောင်မှ တကယ့်ကို ပြာလဲ့လဲ့လေး။

“လှလိုက်တာ”

ပွင့်နေလိုက်တဲ့ပန်းတွေ။ ထား သစ်ခွပန်းမျိုး တွေရဲ့နာမည်ကို မသိပါ။ သို့ပေမယ့် ... အခြားပန်းတွေ နှင့်မတူ။ ဒါဟာ ... သစ်ခွပန်းရယ်လို့တော့ သိသည်။ သစ်ခွဆိုတာ မြန်မာမျိုးဆိုလျှင် တစ်နှစ်မှတစ်ခါပွင့်သည်တဲ့။ တချို့နိုင်ငံခြားမျိုးတွေက နှစ်ခါပွင့်သည်တဲ့။ သုံးခါလေးခါ ပွင့်သောပန်းမျိုးလည်းရှိသည်တဲ့။ ဘာမျိုးတွေခေါ်မှန်း ထား မသိပါ။ လှလိုက်တာ။ လှလိုက်တာ။ ဒီလောက်လှတာ တစ်သက်မှာတစ်ခါပဲ မြင်ဖူးသည်။ နောက်ကိုလဲ ထားလို လူမျိုးအဖို့ ဘယ်တော့မှ မြင်ခွင့်ရတော့မယ်လဲမထင်ပါ။

အဖြူစွတ်စွတ်တွေ၊ အဝါတွေ၊ အစိမ်းတွေ စီးရောင်လည်းပါ၏။ အဝါမှာ အလယ်ကအနီ၊ ခရမ်းရောင် ပြောင်၊ အဖြူမှာ အလယ်ခေါင်က အဝါ၊ ကျားချက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကျားနေသည့်ပန်းတွေရော၊ အစက်အပြောက်ကလေးတွေနှင့် လှချင်တိုင်းလှနေသည့် ပန်းတွေရော၊ တချို့ကျတော့ အစင်းကြားလေးတွေနှင့်။ တချို့က အရမ်းကြီးသည်၊ ကြီးဆို ... ထားရဲ့ခံပင်မှန်ကြိုးလိမ်တစ်ချောင်းမှာ ချိတ်ထားသည့် ပန်းထက်ကြီးသေးသည်။ တချို့က နည်းနည်းသေးသည်။ အသေးဆုံးပန်းတောင်မှ ဂုံညင်းဒိုးခပ်ကြီးကြီးလောက်ရှိသည်။ အရောင်စုံသလောက် ပုံစံတွေလည်းဆန်းကာ လှလိုက်ပါဘိ။ ဒီမှန်အိမ်ကလေးကိုများ ပိုင်ခွင့်ရလျှင် အရှင်လတ်လတ် နတ်ပြည်ရောက်ရသလို ခံစားရမှာ၊ လိုချင်လိုက်တာ၊ ပိုင်ချင်လိုက်တာ။ ဒီတစ်ခါဆန္ဒက ဘယ်တော့မှပြည့်ဖို့မလွယ်သလို၊ ကုံကော်ပင်ပေါ်တက်ပြီးမျှော်ငေးလို့လဲမရနိုင်။

ဒီမှန်အိမ်လေးထဲမှာ ခုနေလဲကျပြီး သေဆုံးသွားရမည်ဆိုလျှင်တောင် ကဗျာဆန်လွန်းလို့ ထားတကယ် ပဲလဲကျသေဆုံးလိုက်ချင်ပါ၏။

"ကိုကိုလေး"

"ဟာကွာ ... မင်း"

တာတူးလေ။ သူက ထားကို မမှတ်မိပေမယ့် ထားက မှတ်မိနေရသည်။

"မေမေနှင်းခေါ်ခိုင်းလိုက်လို့ပါ၊ အရေးကြီးလို့တဲ့၊ မြန်မြန်လာပါတဲ့"





"အင်း ... ခုမှသော့တွဲကို သတိရတယ်ထင်ပါရဲ့။ စင်ဒရဲလား၊ ထိုင်နေနော်၊ ဘယ်မှမသွားနဲ့၊ ခဏလေး။ တံခါးကို အတွင်းကချက်ချထား။ သော့ခလောက်က ဒီမှာဖွင့်ထားတယ်၊ ယူထားလိုက်၊ သော့ချောင်းသွားပေးလိုက်ဦးမယ်၊ စောင့်နေနော် ချက်ချင်းပြန်လာမယ်၊ စိတ်ချမယ်"

ထားမေးစေ့လေးကို လှမ်းဆွဲ၍ ညှစ်လိုက်သည်မို့ ရင်ထဲ ဝုန်းခနဲဆောင့်ခုန်သွားကာ လိပ်ပြာလွင့်မလောက်ကြောက်သွားရပြီး၊ လက်နှစ်ဖက်က ရှိခိုးမည့်ဟန်၊ ရောင်ယာမ်းပူးယှက်လိုက်မိတော့သည်။ မစ်ကီဆိုသည့် ကိုကိုလေးက သတိထားလိုက်မိဟန်မတူပါ။ သူတို့အိမ်မှာသူတို့အမေကို၊ ဖေဖေကရော သားနှစ်ယောက်လုံးကပါ တုန်နေအောင်ချစ်ကြလျက်၊ အလိုလည်းလိုက်ကာ ဒီအမေရဲ့ တစ်သွေးတစ်သံတစ်မိန်နှင့်သာ လှုပ်ရှားကြတာမို့၊ သူ့အမေဆီ လှစ်ခနဲပြေးသွားလိုက်တာ၊ မျက်စိအောက်မှာ ဘယ်လိုပျောက်သွားမှန်းတောင်မသိလိုက်ရပါ။

ဆွဲညှစ်ခံလိုက်ရသည့် မေးစေ့လေးမှာ အဝတ်ကြမ်းတစ်ခုကပ်ကျန်ရစ်သည့်ခံစားမှုမျိုး အသိစိတ်ကြီးဝင်လျက် ရင်ခုန်လိုက်ရပုံများကျတော့ မုန်တိုင်းမွှေသလိုပါပဲလေ။

❀ ❀ ❀


www.burmeseclassic.com

www.burmeseclassic.com



"ခင်ထားတင်"

"အမေ့ ... ဘုရား၊ ကိုကိုကြီး"

ထား လိုပ်ပြာလွင့်သွားသည်။ ရုတ်တရက်ကြီး ထခုန်မိလိုက်တာမှာ ဘိုင်းခနဲတောင်ချော်လဲသွားရသည်။ လ ပေါင်းများစွာ ပိုက်ဆံစုပြီးချုပ်ထားရသည့်အင်္ကျီလေးမှာ ရေ ညှိတွေပေကုန်၏။ ထား ... ထူမည့်သူမရှိဘဲ ကိုယ့်ဘာ သာ တုန်ချိနာကျင်စွာ မတ်တပ်ထရပ်ရသည်။ တင်ပါးက လည်း နာ၏။ လက်ထောက်လိုက်မိသည့်အတွက် လက် ကောက်ဝတ်ကလည်းနာ၏။ အင်္ကျီလေးပေသွားတာလည်း နှမြော၏။ အစိုရွှဲကြီးမဟုတ်ပေမယ့်၊ ဤမှန်အိမ်ကလေးထဲ မှာ အေးစိမ့်ခြင်းဖြင့် စွတ်စိုထိုင်းမှိုင်းလျက် ကြမ်းခင်းအုတ် ခဲတွေမှာ ရေညှိတွေတက်နေ၏။

ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ရီရီနှင့် ... ကိုကိုကြီးမျက်နှာကို မော့ကြည့်လိုက်တော့ ဒေါသစီးတွေလျှံ တက်နေသည့်မျက်ဝန်းကြီးများနှင့် ရင်ဆိုင်လိုက်ရသည်။ ရင် ထဲ ဒုတ်ခနဲဆောင့်ခုန်ကာ၊ ဘာကိုကြောက်မိမှန်းမသိ၊ ဒေ လုမျှောပါးကြောက်စိတ်ကြီးကာ မျက်ရည်ပေါက်ပေါက်ကျ လေသတည်း။

"ခင် ... ထား ... ဘင်"

ဒေါသခေါ်သံကြီး တစ်ခွန်းချင်းထွက်လာပြန် သည်မို့ အင့်ခနဲတစ်ချက်ရှိုက်ကာ အီးခနဲ ငိုချလိုက်မိတော့





သည်။

"နေစမ်းပါဦး၊ ငါက ဘာလုပ်လို့ နင်ကငိုရတာလဲ"

လေသံများ နည်းနည်း လျော့သွားသလား။ လျော့ဆိုလဲ တကယ့်ကို မသိမသာ နည်းနည်းကလေးပဲဖြစ် မှာပါ။ ဒီရုပ်ဒီရည်၊ ဒီပုံစံ၊ ဒီဆံပင်နှင့် ဒီကောင်မလေးကို "ခင်ထားတင်" ... ဟု ကိုကိုကြီး တိခနဲခေါ်ချပစ်လိုက် နိုင်တာကိုတော့၊ အကြောက်ကြီးကြောက်နေမိသည့်ကြားထဲ မှ အံ့လဲသြ၊ ဝမ်းသာသလိုလိုလဲ ရှိမိပါသေး၏။

"ဟိုကောင် ... နင့်ကိုဘာလုပ်သွားလဲ"

"ဟင့် ... ဟင့်အင်း"

သက်ပြင်းမောကျသံကြီး ကြားလိုက်သလိုလို ရှိလေ၏။

"နင့်ကို ရည်းစားစကားလေးတောင် ပြောမသွားဘူး လား၊ ဒီကောင်က ဒီနေ့ ရှစ်ပါးသီလခံယူထားသတဲ့ လား ... ဟင် ... ပြောစမ်း"

ဒေါသသံကြီး ပြန်ထွက်လာပြန်သည်။

"မ ... မဟုတ်၊ မပြော၊ မပြောရသေးပါဘူး"

"ဩ ... တော်တော်အပြောခံချင်နေတယ်၊ ဟုတ် လား။ မပြောရသေးခင် ငါရောက်လာတဲ့အတွက် နင် က ဝမ်းနည်းပက်လက်ကြီးများဖြစ်သွားသေးသလား"

မိန်းမသားမာနလေးက ထောင်းခနဲထ၏။



www.burmeseclassic.com

www.burmeseclassic.com



ထား ... မျက်ရည်တွေကို လက်ခုံနှင့်ကြမ်းကြမ်းပဲပွတ်သုတ်ပစ်လိုက်သည်။ ပါးနှင့်လက်ခုံကြားမှာ ရှည်လျားစွာရှိနေသည့်ခေအကျီစက ကြမ်းရှသောခံစားမှုကို ပေး၏။

"အဲဒီလိုမပြောပါနဲ့ ကိုကိုကြီးရယ်၊ ကျွန်မဟာ ဒီလိုပွဲတွေကို ဆယ်နှစ်သမီးလောက်ကထဲက မျှော်မျှော်ငေးကြည့်ပြီး အငေးကပျော်ခဲ့ရတာပါ။ ဒီပွဲမှာ တစ်သက်တစ်ခါ ပါဝင်ဆင်နွှဲခွင့်ရရင်တောင် သေပျော်ပါပြီလို့ မိုက်မိုက်မဲမဲ မျှော်လင့်ခဲ့ရတာပါ"

မျိုးဆက်နှင့်ချီ၍ အနိမ့်စံဖြစ်ခဲ့ရသောမိသားစုချင်းမို့၊ ထား ... မာနလေးတင်းခနဲဖြစ်တာတောင် ပေါ်လေးမောလေးနှင့် မပြောရဲပါ။ အောက်ကျို့၍ပဲ ပြောရဲ၏။

"ကျွန်မလဲလူပါ ကိုကိုကြီးရယ်။ လူတွေပျော်နေတဲ့ပွဲမှာ၊ လူတစ်ယောက်အဖြစ် ဝင်ပျော်ခွင့်ကလေးရဖို့"

ထား မျက်ရည်ကျပြန်၏။

"ငါလဲလူပဲ ခင်ထားတင်။ ငါ ... ဒီပွဲမှာ ဘယ်နေရာမှာဝင်ပါနေတာ နင်တွေ့လဲ။ ငါ့အဖေလဲ လူပဲ၊ ငါ့အမေလဲလူပဲ၊ နင်တွေ့သလား၊ ဖေဖေနဲ့မေမေကို။ ဒီပွဲဟာ သီဟတစ်ယောက်ထဲပျော်တဲ့ပွဲ၊ ဖေဖေနဲ့မေမေနဲ့က သားကိုချစ်လို့အလိုလိုက်တာ၊ သီဟနဲ့ငါနဲ့ ဘသက်ချင်းဘယ်လောက်ကွာလို့လဲ၊ သူ့မှာရှိမယ့်အပျော်





စိတ်မျိုး ငါ့မှာလဲရှိတာပဲ၊ ဒါပေမယ့် ...

"ငါ ဘောင်ဝင်မပျော်ချင်တဲ့ပွဲကို နင်က ဘာဖြစ်လို့ဝင်ပျော်ချင်ရတာလဲ၊ ပြောစမ်း"

မပြောတတ်ပါ။ ပျော်ချင်တာပဲ သိပါသည်။ ပျော်ခွင့်အတွက် ကြိုးစားချိန်လည်း အများကြီးယူခဲ့ရပါသည်။ ပျော်လဲပျော်ခဲ့ပြီးပါပြီ။ ခုမှ ... စောစောကပျော်ထားရတာနှင့်မကာမိအောင် ကြောက်စိတ်ညစ်ကြီးနှင့် တုန်လှုပ်နေရပါတော့သည်။

"လူဆိုတာ ကိုယ့်ဝါသနာနဲ့ကိုယ်ပဲ၊ ငါ့ညီနဲ့သူ့အပေါင်းအသင်း၊ ကောင်လေးတွေရော ကောင်မလေးတွေရော ဒီလိုအပျော်မျိုး ဝါသနာပါကြတယ်။ ဒါပေမယ့် ငါ အပြစ်မတင်ဘူး၊ ဖေဖေနဲ့မေမေကလဲ ခွင့်ပြုတယ်၊ တို့ခြံထဲမှာ ဒီလိုပွဲတွေ မကြာခဏ နင်တွေ့ရမယ်၊ ဒါတွေကို ငါကြိုက်လွန်းလို့ လက်ပိုက်ကြည့်နေတာ မဟုတ်ဘူး၊ ဒီပွဲထဲမှာ နင့်ကိုမပါစေချင်ဘူး"

"ရှင်"

အော် ... ကိုယ်တိုင်မကြိုက်ပေမယ့် ညီချစ်ကိုကျတော့ လိုက်လျော၊ သူတို့ပိုင်ခြံမြေထဲမှာ တစ်ဆင့်နိမ့်လူသားတွေအဖြစ် မှီခိုကပ်ရပ်နေရတဲ့ အိမ်ပုတ်စံအောက်တန်းစားမနဲ့တော့ မတန်မရာပွဲပေါ့လေ။ ပြောရက်ပါပေ့၊ ရက်စက်ပါပေ့ ကိုကိုကြီးရယ်။ ထား ခုလိုအပြောအဆိုခံရတာကို



www.burmeseclassic.com

www.burmeseclassic.com



ထားလေးစားကြည်ညိုနေမိတဲ့ ကိုကိုကြီးမှာလဲ အဆင့်အတ
ခွဲခြားစိတ်နဲ့ပဲ၊ ကြည်ညိုလေးစားလောက်ဖွယ် မြင့်မား
စိတ်ဓာတ်မျိုးရှိမနေပါလား ... ဆိုတာကိုသိရတဲ့အတွ
ပိုပြီးဝမ်းနည်းမိပါတယ် ကိုကိုကြီးရယ်။

"ဘာလဲ ... ဒီမျက်နှာက၊ နင်ဆင်းရဲလို့ မလာ
ချင်ဘူးထင်သွားတာလား"

လှစ်ခနဲမော့အကြည့်၊ မျက်ဝန်းမှာထင်တဲ့ခံ
မှုကို ကိုကိုကြီးက လိမ္မာပါးနပ်လွန်းစွာ နားလည်လိုက်
ပဲနော်။ အင်းလေ ... ဒီလောက်ပုံဖျက်ထားလို့ ကိုကို
တောင် လုံးဝမမှတ်မိဘဲ၊ ကြယ်နတ်သမီးလေး၊ လနတ်
မီးလေးခေါ်ပြီး တယုတယလာလုပ်နေပါလျက်၊ ကိုကို
ကျတော့ ... ခင်သားတင် ... လို့ တုံးတိကြီးကိုခေါ်
လိုက်နိုင်တာလေ။ ကိုကိုကြီးရယ် တော်ပါသေးတယ်။

"ကိုယ်ကျင့်တရားဆိုတာ ဆင်းရဲတာချမ်းသာတာ
ဘာမှမဆိုင်ဘူး။ ယဉ်ကျေးမှုဆိုတာ ဆင်းရဲတဲ့လူ
မှာလဲရှိတယ်၊ ချမ်းသာတဲ့လူမှာလဲရှိတယ်။ ခုလုပ်
နေတဲ့ပွဲက ငါတို့ မြန်မာ့ယဉ်ကျေးမှုပွဲမဟုတ်ဘူး။
ဒါပေမယ့် ...

"လောကမှာ လူဆိုတာ တစ်ယောက်ထဲနေလို့မရဘူး။
ရပ်ကွက်ဆိုတာလဲ တစ်ကွက်ထဲနေလို့မရဘူး၊ ဟို
ရပ်ကွက်နဲ့ဒီရပ်ကွက်နဲ့ပေါင်းပြီး ဆောလုံးကန်ကြ





ရှိသလို၊ ချိန်းရိုက်ကြတာလဲ ရှိတာပဲ ...

"ငါပြောချင်တာက၊ လူဆိုတာ၊ လူလူချင်းပေါင်းကြ
တယ်၊ အဲဒီအခါမှာ တစ်ယောက်အကျင့်စရိုက်နဲ့ အ
လေ့အထတွေ တစ်ယောက်ကို ကူးတယ်။ တိုင်းပြည်
ချင်းကျတော့လဲ တူတူပဲ၊ အလေ့အထတွေ၊ ယဉ်
ကျေးမှုတွေ တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည် မတူဘူး၊
အဲဒီတော့ ကူးစက်တယ်၊ ရောနှောတယ်။ စိမ့်ဝင်
ရောဝင်လာတဲ့ ယဉ်ကျေးမှုတွေဟာ ရေစီးကြောင်း
လိုပဲ တားရခက်တယ်၊ တားလို့မလွယ်ဘူး၊ ဒါပေ
မယ့် ... ရှောင်ချင်ရင်ရှောင်လို့တော့လွယ်တယ်၊ ရ
တယ် ...

"သီဟက မရှောင်ချင်ဘူး၊ ကြိုက်တယ်၊ လက်ခံ
ပျော်ရွှင်တယ်၊ ငါကမကြိုက်ဘူး၊ လက်ခံပြီးမပျော်
ဘူး၊ ရှောင်တယ်၊ အဲဒီလိုရှောင်တဲ့အုပ်စုထဲမှာ နင့်
ကိုပါဆွဲချင်တာ၊ ငါကတော့ အနောက်ယဉ်ကျေးမှု
ဟာ ငါတို့ အရှေ့ယဉ်ကျေးမှုနဲ့၊ တကယ့်ကို အရှေ့
နဲ့အနောက်မို့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တယ်လို့ သတ်
မှတ်တယ်။ ငါမကြိုက်ဘူးကွာ၊ နင်လဲမကြိုက်နဲ့"

တွဲလောင်းချိတ်ဆွဲထားသော သစ်ခွအိုးလေးတွေ
းမှာ လူထိုင်ဖို့ နောက်မှီမပါသောခုံတန်းရှည်လေးရှိသည်။
း သွားထိုင်ချလိုက်၏။ ဆက်လက်ပြီး မတ်တပ်ရပ်မနေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပါ။ ခြေတွေက မခိုင်မြဲတော့သလို၊ တစ်ကိုယ်[illegible] လည်း တုန်တုန်ရီရီဖြစ်နေသည်။ မျက်ရည်မကျတော့[illegible] ရင်ကွဲပက်လက်ခံစားမှုက လည်ချောင်းတစ်လျှောက် [illegible] လို့နေ၏။

"နင်ပြင်ဆင်ထားလိုက်ပုံကိုကြည့်စမ်း၊ ကပ္ပ[illegible] လို၊ ဒါပေမယ့် ... နင်လှပါတယ်၊ အဲဒါ [illegible] ကြိုးလိမ်ဆံပင်တွေကြောင့် လှတယ်များထင်သ[illegible] ဒီအကျီက တစ်ဆက်ထဲအရှည်ကြီးကျပြီး တစ်[illegible] လုံးကြပ်ကပ်၊ ကိုယ့်ကိုယ်လုံးကလေး ဒီလို[illegible] ယောကျ်ားတွေမြင်အောင် ... "

ဗလကျော်သူ ဒေါသထွက်လာပြန်သည်[illegible] သံပြန်မာပြီး အမူအရာက လက်နှစ်ဖက်သေးကား ရင်[illegible] ချီလျက် လုပ်ပြပုံက မခို့တရို့မနိုင်ဘဲ ဒေါကြီးမော[illegible] အေးအေးဆေးဆေးသာဆိုလျှင် ရယ်စရာဖြစ်ရမှာ၊ [illegible] ထား ကိုယ်ကလေးတောင်တွန့်၍ ကြောက်သွားရပြန်[illegible]

"အဲဒီလိုပြစရာလား၊ နင်ဘယ်လောက်လှတယ်[illegible] ယောကျ်ားတကာသိဖို့လိုသလား၊ ကိုယ့်ဘာသ[illegible] နဲ့ ကျေနပ်မနေနိုင်ဘူးလား၊ နင့်ကိုယ်က လှပြီး[illegible] မို့ ကတုံးတုံးထားလဲ လှမှာပဲ၊ ဒီဆံပင်တွေအ[illegible] အချောင်းဖြစ်မှ လှတာမဟုတ်ဘူး၊ နားလည်[illegible]

ထား ဆံပင်တချို့ကို ဆွဲဆောင့်လိုက်သ[illegible]





[illegible]း နာကျင်သွားရပြန်၏။

"ဒီလို ထူထူကြီးဆိုးမှ နင့်နှုတ်ခမ်းက လှတယ်ထင် နေလား၊ ဘာမှမဆိုးလဲလှတာပဲ၊ နင် မျက်နှာသစ် ဖို့ အိမ်ပေါ်ကဆင်း၊ အိမ်ဘေးကရေအိုးမှာ မျက်နှာ ပြောင်နဲ့ရပ်နေလဲ လှတာပဲ၊ သိရဲ့လား အမိုက်မရဲ့"

ဆံပင်တွေကို နောက်တစ်ကြိမ်ဆွဲဆောင့်ပြန်၏။ [illegible]တစ်ကြိမ်က စောစောကအကြိမ်ထက် ပိုနာ၏။ သို့ပေမယ့် [illegible]ည်းနည်းကလေးမှ မနာတော့ပါ။ ထား ... မျက်နှာတောင် [illegible]သစ်ရသေးဘဲ အိမ်ပေါ်ကဆင်းလာ၊ ရေအိုးဘေးရပ်နေတုန်း [illegible] လှတာပဲတဲ့။ ကိုကိုကြီးက။ ထားပျော်လိုက်တာ ကိုကို [illegible]ိုးရယ်။

"နင် ... မှန်အိမ်တံခါးကိုမပိတ်ဘဲ ဒီမှာတစ်ယောက် ထဲထိုင်နေတာ၊ ဘယ်လောက်အန္တရာယ်များလဲ နင် သိရဲ့လား၊ ခုချိန်မှာ ဝင်လာတဲ့ကောင်ဟာ ငါမဟုတ် ဘဲ တခြားကောင်ဆိုရင် နင်ဘာဖြစ်သွားမလဲ"

ကိုကိုလေးက အတွင်းမှ ချက်ချပိတ်ဖို့မှာသွား [illegible]ယ့်၊ မပိတ်မိလိုက်သည့် နမော်နမဲ့အမှားတစ်ခုဟာ ဘဝ [illegible]စ်ခုလုံး ပျက်စီးသွားနိုင်ကြောင်း၊ ခုမှတွေးမိ သဘော [illegible]ါက်ကာ အကြောက်ကြီးကြောက်မိလေ၏။

"နင်က သီဟကိုစောင့်နေတာလား၊ ဒီက"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"မလာနိုင်တော့ဘူး၊ ဘောင်းဘီအိတ်နှစ်ခုထဲ ဖန်ခွက် နှစ်လုံးအမြဲထဲ့ပြီး ကောင်မလေးတွေကို အချိုရေ လိုနဲ့ ပန့်ချိုတိုက်တာ သူ့အကျင့်လေ၊ ခုလဲ ဘော ဘီထဲမှာ ဖန်ခွက်ပါလာတာ။ နင်မသောက်ရသေး တော်သေးတာပေါ့"

ကိုကိုလေးက သိပ်အဆိုးကြီးတော့မဟုတ်ပါ။ ရိရိဝေဝေလေးဖြစ်လာလျှင် လက်ကလေးဆွဲ၊ ခေါင်းကလေး ပွတ်၊ ပခုံးလေးကိုင်နှင့် စကားတွေ တတွတ်တွတ်ပြောက မိနစ်ပိုင်းအတွင်း သမီးရည်းစားဖြစ်သွားအောင် ဆောင်ရွ ရုံသာပဲဖြစ်သည်။ နောက်နေ့ကျ သူစိတ်ဝင်စားသေးလျှ ရည်းစားဆက်ဖြစ်ပြီး၊ ဆေးကြာတော့ဖြတ်၊ စိတ်ဝင်စား နည်းပါးလျှင် ပွဲပြီးတာနှင့် ရည်းစားဘဝမှပြတ်ခဲ၊ ပွဲကလေး တစ်ပွဲမှာ ရည်းစားလေးတစ်ယောက်ရအောင် ဖန်တီးတာ သူ့ဝါသနာလေးပဲဆိုတာ သား ... သိလားခဲ့ပါ၏။

"ငါ ... ဒေါသထွက်ထွက်နဲ့ မောင့်တွန်းလိုက် တော့ ဗင်ထိုင်ရက်လဲတယ်၊ ဖန်ခွက်ကွဲတယ်၊ ငါ တိုင်းက ဂျင်းဝတ်တာ၊ ဒီနေ့မှ စတိုင်ဘောင်းဘီတဲ့။ အသားကပါးပျော့ပျော့နဲ့ ဖန်ခွက်ကွဲပြီး အသား စိုက်လို့၊ ခု ဆရာဝန်ခေါ်ပြီး ချုပ်နေရတယ်"

"ဘုရား ... ဘုရား ... "

"သိပ်မများပါဘူး၊ နည်းနည်းပါ။ အဲဒီကိစ္စနဲ့ကြ





နေတုန်း၊ ငါဆင်းမလာခင် မင့်ဆီ တခြားတစ်ကောင် သာရောက်လာရင်၊ နင့်ဘဝ တွေးဝံ့စရာရှိသေးရဲ့လား ဟင် ... သိပ်မိုက်တဲ့မိန်းမ"

"ကျွန်မလဲလူပဲ"

"ပြောပြန်ပြီ။ နင်လူဆိုတာ လူတိုင်းသိတယ်။ လူ မို့လို့ အသိဉာဏ်ရှိတာပေါ့"

"ကျွန်မ ... ဒီပွဲကို တတ်ချင်လို့၊ ဒီတိုင်းကြီးဝင် လာရင် ကျွန်မဘဝက အာလူးကြော်ထုတ်တဲ့ပလပ်စ တစ်အိတ်ကောက်၊ ဘီယာဗူးခွံကောက်ရုံပဲဖြစ်မှာ၊ ကျွန် မလဲ ကိုကိုလေးသူငယ်ချင်းမတွေနဲ့ တန်းတူအခွင့် အရေးရချင်လို့"

ဗလကျော်သူ့ထံမှ ကျွတ်ခနဲ စုတ်သပ်သံထွက် လာ၏။

"ဖေဖေမရှိတော့ အိမ်ရဲ့စားဝတ်နေရေးဟာ ကျွန်မ အလှပြင်ဆိုင်မှာလုပ်တဲ့ဝင်ငွေပဲရှိတာ၊ အဲဒီထဲက နည်း နည်းချင်းစုပြီး ဒီအကျီကိုချုပ်ရတာ၊ ဘော်ကြယ်တွေ က ကိုယ့်ဘာသာထိုးလို့ ချုပ်စသိပ်မကုန်လို့တော် သေးရဲ့"

စင်ဒရဲလားမလေးရဲ့ဘဝကို ကိုကိုကြီးကို ပြော ပြချင်စိတ်ပြင်းပြ၏။

"ကျွန်မကို ကိုကိုလေး မမှတ်မိဘဲလာနှုတ်ဆက်တော့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းပျော်တာပဲ"

မှတ်မိပါ့မလား ခင်ထားတင်၊ တစ်ချိန်တုန်းက ယာဉ်မောင်းကြီးဦးစိန်သိန်းဆိုတာကို သိပ်ဘာခိုတဲ့ကောင်က မှတ်တောင်မှ မှတ်မိတော့မှာမဟုတ်၊ နာမည်တောင်ပျောက်လောက်ပြီ၊ သူ့သားကိုအောင်တင်က ကားဝင်မမောင်းပါ ခြံထဲကလည်းထွက်မသွား၊ ဝက်သားတုတ်ထိုးရောင်းပြီး ကိုယ့်ခြံထဲနေ၊ သူ့စီးပွားသူလုပ်၊ သူ့မိန်းမကလည်း ခြံထဲအမှိုက်ကလေးတစ်စမှ လာမကောက်၊ ဒီလိုနေတာထိုင်တာ မေမေနဲ့မေမေက မကျေနပ်လို့ တဖြစ်တောက်တောက်လုပ်လဲ သူနှင့်မဆိုင်သလို စိတ်မဝင်စားတဲ့သိပ်ပါ။ ဗလမှာသာ အစ်ကိုကြီးအဖအရာမို့ မိဘနဲ့တန်းတူ စိတ်ဝင်စား၊ စိတ်ဆိုးတန်တာဆိုး၊ ခွင့်လွှတ်တန်တာလွှတ်၊ သူတို့သမီးကလေးခင်ထားတင်ဆိုတာ မျက်စိအောက်တင် အပျိုကလေးဖြစ်ပြီး စက်စက်ယိုအောင်လှလာတာ၊ ဒီအလှကလေးကို တစ်နေ့တစ်ကြိမ်တွေ့ရမှ ဒီနေ့အဖို့ တစ်နေ့တာ၊ တာဝန်ကြီးပြီးပြည့်နှံ့သလိုခံစားသွားရတာ၊ အဲဒီအလှကလေးကို တွေ့ဖို့အတွက် သူ့အိမ်ကလေးကို လှမ်းမြင်နိုင်တဲ့အခန်းရှိတဲ့ အပေါ်ထပ်ကိုပြောင်း။

"ကုန်းမြင့်ရတဲ့အထဲ အပေါ်ထပ်ဆိုတော့ လေပိုတိုက်တာကြိုက်လို့မေမေ"

မညာစဘူးညာ၊ ဘိုးဘိုးရှိစဉ်က အိပ်သွားသော





အခန်း၊ ဘုရားခန်းနှင့်ကပ်လျက်အခန်းကမှ အနိမ့်ပိုင်းကို ငုံ့ကြည့်လျှင် သစ်ပင်ကြီးတွေနှင့်လည်းလွတ်၊ နည်းနည်းပါးပါးဝေးကွာသည်မို့ အမြင်မကြည်လင်တာကိုတော့ ...။

ခင်ထားရယ်၊ မင်းအလှလေးကို ကိုကိုကြီးက မှန်ပြောင်းကလေးတစ်လက်နဲ့ နေ့ရှိသ၍ ခံစားပြီးရောင့်ရဲရတာပါကလေးရယ် ... လို့ ဝန်ခံလိုက်ရတော့မလား။ ဟင် ... ဝန်ခံလိုက်ရတော့မှာလား ခင်ထားရယ်။

"လောကကြီးဟာ တရားမမွှာက်ကကြည့်ရင် ဘယ်လိုမှ နေပျော်စရာမရှိတဲ့ ဒုက္ခဘုံကြီးတဲ့။ ဘွားဘွားရှိတုန်းက မြေးကြီးကို ချစ်လွန်းလို့ နေ့တိုင်းတရားဟောခဲ့တယ်၊ ကိုကိုကြီးက လူငယ်ဆိုတော့ အရမ်းပျင်းပြီး ဆန့်ကျင်ဘက်အတွေးတွေဝင်တယ် ...

"လောကကြီးဟာ နေတတ်ရင်ပျော်စရာတွေချည်းပဲလို့ တွေးလိုက်တယ်။ ခုလိုကပွဲတွေမှာ ဝင်ပြီး ကရခုန်ရမှ ပျော်စရာကောင်းတာမဟုတ်ပါဘူး ခင်ထားရယ်၊ တခြားပျော်စရာတွေအများကြီးနဲ့ နင်ပျော်စမ်းပါ။ ရိုးရိုးသားသား မြန်မာဆန်ဆန်လေးနဲ့ပျော်စမ်းပါ"

"ခင်ထားလေ ... "

ကိုကိုကြီးခေါ်သည့်အတိုင်း ကိုယ့်ကိုယ်ကို "ခင်ထား ... " ဟုထပ်ပြောရင်း မျက်ရည်ကျရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလေးက ခင်ထားကို ခင်ထားမှန်းသိသွား[ပြီ]
လားဟင်"

"ခုမှ ... ပြောလိုက်လို့သိတာ"

❋ ❋ ❋

"မေမေရေ ... သော့လား၊ ဒီမှာ"

သီဟက နည်းနည်းကလေးမှ အချိန်ဝုပ်ပ[ယ်]နိုင်ပုံနှင့် ဖိနပ်တောင်မချွတ်နိုင်ဘဲ အိမ်ပေါ်သို့ပြေးတက်လာသည်။ သီဟ ဘယ်လောက်ရည်းစားများများ၊ မိဘစီးပွားရေးကို လုံးဝစိတ်မဝင်စား၊ ပျော်ဖို့နှင့်ပါးဖို့သာ လုံးဝအာ[ရုံ]ထားပေမယ့်၊ အမေကိုတော့ ဂရုစိုက်သည်။ အမေ့မျက်[နှာ]အညိုမခံ၊ အမေပြောလျှင် တစ်ခွန်း၊ အမေပြောလျှင် ဘယ်လောက်အရေးကြီးသည့်ကိစ္စပဲဖြစ်ဖြစ် ထားပစ်ခဲ့၊ အမေ့[ကို]အမြန်ဆုံးပြေး၊ အမေ့ကိုတောင် ဒီလောက်မဟုတ်၊ သားနှစ်ယောက်လုံး အမေ့အမေ။ ဒီအမေက သားနှစ်ယောက်[အ]ပေါ်မှာ လုံးဝဥဿုံ အောင်မြင်သည့်အမေဖြစ်၏။

"သီဟ"

"မေမေခေါ်တယ်ဆိုလို့"





"ငါခေါ်တာ"

"ဟာဗျာ ... ကိုကိုကလဲ။ ကိစ္စရှိရင်လာပြောရောပေါ့၊ ဒီမှာ ... မေမေ့ကို ဂလပ်စ်ဟောက်စ်သော့မပေးရသေးလို့"

"နေစမ်းပါအုံးခေတ"

"ဟိုမှာ ... ဂလပ်စ်ဟောက်စ်ထဲမှာ ကောင်မလေးတစ်ယောက်ထဲထားခဲ့ရလို့၊ ပြောစရာရှိရင် မြန်မြန်ပြောဗျာ"

"သီဟ ... မင်းကောင်မလေးကို ဘယ်သူလဲ မင်းသိလို့တွဲလိုက်တာလား"

"စင်ဒရဲလားတဲ့။ နာမည်မှန်ဟုတ်မယ်မထင်ပါဘူး၊ သူ့နာမည် အတုမဖြစ်တော့လဲ ဘာအရေးလဲ။ ပွဲပြီးရင်မီးသေမှာ၊ မျက်နှာစိမ်းလေးမို့ ဖမ်းတွဲလိုက်တာ၊ ဘာလဲ ... ကိုကိုနဲ့သိလို့လား"

"အဲဒါ ... ခင်ထားတင်"

"ဘယ်သူလဲ ... ကိုကို့မိန်းခဲလေးလား၊ ဒါဆိုလဲဘွာတေး၊ ညီတို့က ပေါပါတယ်၊ ကိုကိုဆင်းသွားလိုက်လေ၊ ဂလပ်စ်ဟောက်စ်ထဲမှာရှိတယ်"

"ခွေးစကားမပြောနဲ့"

"ဟာဗျာ ... လက်ဖက်ခြောက်တွေ လာခပ်နေတယ်၊ ဘွာတေးပါဆို ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ထားတင်ဆိုတာ ကိုအောင်တင့်သမီး"

"ဘယ်ကိုအောင်တင်လဲ"

"အောက်ခြိက"

"အော် ... ဝက်သားတုတ်ထိုး၊ သူသေပြီပဲ၊ သူ့သမီး၊ ဟုတ်ရဲ့လားကိုကို၊ မဖြစ်နိုင်ဘူး၊ ဝတ်ပုံစားပုံအဆင်အပြင်ကစပြီး အရမ်းစမတ် (Smart) ဖြစ်တယ်"

"သေချာလို့ပြောနေတာ"

"ဒါဆို သူက ဘာလာလုပ်တာလဲ၊ ဘယ်သူ့အကျႌတွေ ငှားဝတ်ပြီး အရောင်လာဆောင်လာလဲ၊ မိုးလင်းတာနဲ့ ဘဝမှန်ပြန်ရောက်မှာမို့ စင်ဒရဲလားပြောတာကိုး၊ သီဟာကို ဒါမျိုးလာကြောလို့မရဘူး၊ သိမယ်"

သီဟာက ချာခနဲလှည့်ထွက်သည်။ ဇလက ဝုန်းခနဲဆောင့်ဆွဲ၏။

"ကိုယ့်အရိပ်ခိုပြီး ကိုယ့်ထက်နိမ့်ကျတဲ့အနေအထားမှာရှိတဲ့မိန်းကလေးကို ရည်းစားစကားပြောရင် အထက်စီးက အနိုင်ပိုင်းရာရောက်တယ်ကွာ ... မင်းစိတ်လျှော့လိုက်"

"ဘာလို့လျှော့ရမှာလဲ၊ မတန်မရာလာညာလို့ကို ပညာပေးရမှာ၊ ရည်းစားစကားပြောမလို့မဟုတ်ဘူး၊ ချောက်ထိပ်ကနေ ကန်ချမလို့၊ တူသလားတန်သလား ကိုကို





ကိုယ့်နေရာကိုယ်မနေဘူး"

"သီဟာ ... "

"ညီတို့ခြံကြီးက သိန်းကို ထောင်နဲ့ချီပြီးတန်နေပြီ၊ ဟိုအဘိုးတွေအဘေးတွေလက်ထက်ကထဲက မြေနိမ့်ပိုင်းမှာ ကိုယ့်အလုပ်သမားတွေနေခိုင်းထားတာ၊ အဲဒီကနေ လင်ယူကြ၊ သားမွေးကြ၊ ပေါက်ဖွားကြ ..."

"သီဟာ"

"ဘာလဲကိုကို၊ ကိုယ့်အိမ်မှာ လာအလုပ်လုပ်နေသေးတဲ့လူတွေကျတော့ လခလဲပေးရမယ်၊ အိမ်နေဖို့လဲပေးရမယ်၊ ဒါဟာ အိမ်ရှင်ရဲ့တာဝန်။ ကိုယ့်အလုပ်သမားမဟုတ်ဘဲ ခြံထဲမှာ ကျူးကျော်နေတာ၊ ဖယ်ခိုင်းတော့လဲမဖယ်၊ ဒါဟာ သက်သက်စော်ကားတာ၊ လုပ်ပါးတော၊ တစ်သက်လုံးနေလာခဲ့ရတဲ့ကျေးဇူးကျတော့ မထောက် ...

"တစ်ယောက်ဆယ်သိန်းပေးမှဖယ်မယ်ဆိုပြီး ဖေဖေ့ကို ရှေ့နေနဲ့လာပြောတာ ဘယ်သူ၊ ကိုထွန်းကြိုင်ဆိုတဲ့လူမဟုတ်လား၊ ဒါ ... တရားသလား၊ ကိုယ့်ဘာသာအေးဆေးထွက်သွားပါလား ...

"သူများပစ္စည်းမတရားလိုချင်တဲ့သူတွေ၊ သေရင်တောင် အဝီစိ [illegible] ကပ်မလား၊ ကျွန်တော်တို့[illegible]မှာ [illegible] စောင့်ပြီး [illegible]ပေးတဲ့ခွေးပဲဖြစ်မလား၊ [illegible]ငရဲ



www.burmeseclassic.com

www.burmeseclassic.com



မကြောက်၊ မြေမကြောက်"

"သီဟ … ဒေါသထွက်တာ သပ်သပ်ထွက်၊ စကား လုံးတော့ မရိုင်းစေနဲ့ကွာ၊ စကားလုံးရိုင်းရိုင်းတွေ ပြောတာ သူ့ဗိုဒ်အတွက် ပြောတာပေမယ့်၊ ထွက် တော့ကိုယ့်ပါးစပ်ကထွက်ရတာ၊ ကိုယ်ပဲ အသရေ လျော့တယ်"

"ဖေဖေသာခွင့်ပြုရင် တစ်ကောင်ချင်း ကုပ်ကနေ ပြီး ကိုင်ကိုင်ပေါက်ချင်တာ၊ ရှိသမျှအိမ်ပုတ်ကလေး တွေ ဘွတ်ဖိနပ်နဲ့ကော်ပစ်ချင်တာ၊ သိပ်လှပါးဝတဲ့ပါ တွေ၊ နှစ်ပေါင်းများစွာ အလကားနေလာရပြီး ဆယ် သိန်းထပ်ယူချင်နေသေးတယ်၊ ဖေဖေက သူ့ကျေး မို့ပေးရမှာလား"

"သီဟ … ပြောရင်းကကွာ"

အောက်ခြကလူစုနှင့်ပတ်သက်၍ ဒေါသအ ထွက်ဆုံးက ဖေဖေဦးကျော်သူနှင့် သီဟကျော်သူတို့သားအ ဖြစ်၏။ ဒေါ်နှင်းနှင်းကလည်း ဘယ်တော့ကျေနပ်ပါမလဲ သို့ပေမယ့် ကိုယ့်ရောဂါနှင့်ကိုယ်။ သူများအပေါ် ဒေါသ ထွက်မည်ကြံကာရှိသေး၊ ကိုယ်က သွေးတိုးနှင့်နေပြီမို့ စိတ် ဆိုးဒေါသထွက်စရာကိစ္စတွေမှာ လစ်လျူရှုကာ ဝင်မပါဘဲ နေနေရသည်။ ဗလကျော်သူကကျတော့ "တရားရှင်" ဟု လို့တော့မပြောတ်ပါ။ ခေတ်ကြီးကိုက အဲဒီလိုဖြစ်နေတာ မှုက်





င်တွေလဲများလှပြီ။ သနားလို့ အိမ်ပေါ်ခေါ်တင်၊ ခြံထဲ နေခွင့်ပေး၊ ကိုယ့်ခြံမှာ အခပေးပြီး အစောင့်ထား၊ သားစဉ် မြေးဆက်တွေပေါက်ဖွားပြီး ခြံတန်ဖိုးတက်လေ သူတို့က ခြံကို အပိုင်သိမ်းချင်လေ၊ ဖယ်ပေးဖို့စိတ်ကူးမရှိတော့သည်မို့ ကိုယ့်ခြံကိုယ်ပြန်ရဖို့ ပြန်ဝယ်ယူရသလို၊ မတရားသဖြင့်ကြီး တွေက ဖက်ရှင်လိုကိုဖြစ်နေတာ။ တရားသည့်သူက တရာ မှာလည်း တစ်ယောက်မရှိ။

မတရားတာကြီးကိုပဲ အေးလူတွေကလည်း ပိုင်းမြှောက်ပေး။

"မတွက်နဲ့၊ မဖယ်နဲ့၊ သိန်းနဲ့ချီတောင်း" … ဆိုတာတွေကလည်းရှိသေး။ သူတို့မပေးရတိုင်း။ ဒါမျိုးတွေ များလာတော့ မတရားတာကပဲ ထုံးစံလိုဖြစ်သွားကာ၊ ဒီ ကိစ္စမျိုးမှာတော့ တရားသဖြင့်ကပျောက်ကွယ်တိမ်ကောလို့ သောင်နေပါပြီ။

"အဲဒါကြောင့်၊ ခြေနှစ်ချောင်းလဲမကယ်နဲ့ … ဆိုတာ" … ဟု ရှေးစကားကို တ,၍ပြောချင်၏။ ဒီမတ ရားထုံးစံကြီးကို ဒေါသထွက်နေလျှင်၊ အချိန်ကြာလေ ကိုယ် နစ်နာလေပဲမို့ ဗလကျော်သူက ဆယ်သိန်းစီတောင်းတုံး ပေး ၍ နှင်ချင်၏။ နောင်နှစ်ခါလောက်ရောက်လာလျှင် သိန်း နှစ်ဆယ်မတောင်းပါဘူး … ဟု ဘယ်သူအာမခံနိုင်မှာလဲ။ သည်တော့ … စိတ်တိုဒေါသထွက်ဖို့ထက်၊ ဆယ်သိန်းစီ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်မို့ ဆုံးဖြတ်ပြီးပြီမို့၊ စိတ်ငြိမ်ကျကာ ဖြေသာသလို ရှိနေသောသူဖြစ်၏။

"မင်း အဲဒီလိုလုပ်တော့လဲ၊ ဘေးလူတွေက ဘာပြော မလဲ၊ ကြီးနိုင်ငယ်ညှင်းလို့ပြောလိမ့်မယ်၊ သူငယ်ချင်း ငွေးတွေများ ဆယ်သိန်းကလေးစီပေးလိုက်ပေါ့လို့ ပြော မှာ၊ မင်းပဲလွန်တဲ့သူဖြစ်ပြီး၊ ဟိုလူတွေကိုပဲ သနား မှာ"

"ဒါ ... သနားစရာလား၊ ဘယ်သူက မတရား တာလဲ"

"ဒါတော့ဒါပေါ့ကွာ၊ အဲဒီမတရားတာကြီးက ထုံး စံဖြစ်နေပြီ"

"အဲဒီထုံးစံကြီးကို ဖျက်မယ်။ လူသတ်ရသတ်ရ၊ ဘာ လို့ငွေခံရမှာလဲ၊ ကိုယ်က သူဌေးမို့ ဆင်းရဲသားနဲ့ပြဿနာ ဖြစ်ရင် ကိုယ့်အလွန်ပဲဖြစ်မယ်ဆိုပြီး ငွေခံကြလို့၊ သဘော နည်းကြလို့ ဒီထုံးစံကြီးဖြစ်သွားတာ၊ ဖျက်မယ်"

"သီဟ ... မင်းလူသတ်လို့ ထောင်ကျတော့၊ ဘယ် သူအရင်ဆုံးသေမလဲ။ မေမေ ... လေ"

"တော်ပြီဗျာ ... ငြင်းနေလဲ အဖြေကိုမရဘူး၊ ပြဿနာ ချေးမလေးကိုပဲ ဂျောက်ပေါ်ကနေ သွားကန်ချမယ်"

သီဟ ရှန်းထွက်ပြန်၏။ ဗလက ခေါ်သွား ခဲ့၏။ သီဟက ရှန်းရက်ကျသွားသည်။ ဖန်ခွက်က ပြုံး





ကွဲ၊ အစထောင်ပြီးကွဲတာကကွဲ၊ ကြေတာကကြေ၊ ဒီနေ နေဗီဘလူးခေါ်သည့် မီးခိုးပြာအသွေးမှိုင်းမှိုင်းဘောင်းဘီ အသားပျော့ပြီး ခပ်ပါးပါးမို့ ဖန်ကွဲစက အသားထဲသို့ တက်လေ၏။

"အား"

သီဟ တစ်ချက်တော့အော်သည်။

"ညီ"

ဗလ ပွေ့ထူသည်။ ဘာနှင့်ဘယ်လိုထိခိုက်သွား မှန်းမသိ၊ တင်ပါးမှာတော့ သွေးစွန်းနေလေပြီ။

"ရတယ်ကိုကို၊ ဒီလောက်တော့ အာပလာပါ။ ချုပ် တော့ချုပ်ရလိမ့်မယ်ကင်တယ်၊ တော်တော်နာတယ်၊ ကိုယ့်ဘာသာကြည့်လုပ်မယ်၊ ကိုကိုသူငယ်ချင်းဒေါက် တာမြတ်သစ်ပဲ ခေါ်လိုက်မယ်၊ မေမေမသိစေနဲ့၊ ခု လောက်ဆိုလဲ ဒိုင်ယာဇီပင်နဲ့အိပ်နေမှာပါ၊ ကိုကိုသာ အောက်ကိုဆင်းသွားတော့၊ တော်ကြာ၊ ဟိုကောင်မ လေး တစ်စစီကြွေသွားရင် နေရင်းထိုင်ရင်း အမှုက ညီ့လာပတ်အုံးမယ်၊ စောစောကတွဲထုတ်လာတာမြင် တဲ့လူကလဲ မြင်မှာ။ သွား ... သွားတော့"

သီဟပြောသည့်စကားက နည်းလမ်းကျသည်။ ရရဲ့လား" ... တစ်ခွန်းမေးတော့ "အိုကေ" ... ဟုဆို လက်မထောင်ပြပေမယ့် မျက်နှာကမဲ့နေ၏။ "ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ပဲ" ... တဲ့။ ရည်းစားထားဖို့ ဝါသနာပါတဲ့ညီဟာ ပြဿနာရှင်းတတ်မှာပါလေ။

❀ ❀ ❀

"ဖြစ်မှဖြစ်ရလေ"

"ထားလိုက်ပါ ... နင်ဘယ်လိုပြန်မလဲ၊ သီဟ... သလို ရျောက်ထိပ်ကနေကန်ချလိုက်ရမလား"

ဗလက တစ်ချက်ကလေးပြုံး၍ပြောလိုက်... မို့ ထား ဝမ်းနည်းကြေကွဲထားရတာတွေအားလုံးပျောက်... သည်။

"ကုံကော်ပင်ပေါ်တက်ပြီးသွားရေကျခဲ့ရတာ နှစ်... များစွာပါ ကိုကိုကြီးရယ်၊ ဟိုစတိတ်ရှိုးမှာ ခ... ကလို့မရဘူးလား"

"ခွေးမ" ... ဟုပြောချင်၏။ မိန်းမသ... တာ တော်တော်မိုက်မဲတဲ့အမျိုးအစားပေပဲ။ ဒါကြေ... နာခေါင်းမပါရင် မစင်စားမယ်အပြောခံရတာ။ ခုထိ ... ဖို့ စိတ်ကူးမရှိသေးသော ကောင်မလေးကို ခေါင်း... ချင်၏။





"ညည်းကလေးက ကုံကော်ပင်ပေါ်တက်ပြီး နှစ်ပေါင်းများစွာမျှော်ငေးခဲ့ရသလို၊ မျက်စိအောက်မှာတင် အပျိုကြီးဖားဖားဖြစ်လာခဲ့ရတဲ့ကောင်မလေးကိုလဲ ကိုကိုကြီးက မှန်ပြောင်းလေးတစ်လက်နဲ့ မချင့်မရဲငေးခဲ့ရတာပါကွယ်" ... ဟု ဖွင့်ဟဝန်ခံလိုက်ချင်၏။

သို့ပေမယ့် ...

ဗလမှာ သတ္တိမရှိပါ။

ခင်ထားတင်ဆိုတဲ့ကောင်မလေး အောက်ခြံအုပ်စုမှာရှိနေကြောင်း သီဟတောင် သတိမထားပါဘဲ ဗလသိထားမိတာဟာ ဘာကြောင့်လဲ၊ ဂါဝန်လေးတကားကားနှင့် ညစ်တီးညစ်ပတ် ပေပေရေရေပြေးလွှားဆော့ကစားနေစဉ်ထဲက၊ ဘာကြောင့်မှန်းမသိ၊ အဲဒီကောင်မလေးကို ခြံကြီးပေါ်ခေါ်ပြီး ကစားခိုင်းခွင့်ပေးဖို့ စေတနာပေါက်ခဲ့ဖူးသည်။ ပေပေရေရေစုတ်တီးစုတ်ပြတ်မလေး၊ တစ်စစ သန့်ရှင်းစင်ကြယ်လာလေ၊ သူ့ရုပ်ကလေးဖွေးဆွတ်ပြီး ကြည်စင်လှပလာလေ သံယောဇဉ်က တစ်ဖက်သတ်ခိုင်မြဲလေပါ။ ဗလကသာ ချစ်ပွင့်တောင်းလျှင် လက်ခံမည့်မိန်းမသားတွေ အများကြီးရှိပါလျက် ဘယ်သူနှင့်မျှ မပတ်သက်ဘဲ၊ ဒီကောင်မလေး ပျိုဘော်တောင် သေသေချာချာ မဝင်မီကထဲက ဗလအပေါ်ထပ်ကို ပြောင်းပြီး သူ့အိမ်ကလေးပေါ်က ဆင်းဆင်းလာတတ်တာကို မှန်ပြောင်းတစ်လက်နှင့် ကြည့်ဖြစ်နေခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်သည် ရင်တွင်းချစ်ကို သယ်ဆော
လာခဲ့၏။ အချစ်ဆိုသောခံစားမှုကို ဒီကောင်မလေးနှင့်
မှ နားလည်ခွင့်ကြုံ၏။ ကိုယ့်ကိုယ်ကို ကံဆိုးသူဟု သ
မှတ်လိုက်သည်။ ဖေဖေနှင့်မေမေလည်း သဘောတူကြည်
မှာမဟုတ်၊ အဆင့်အတန်းခြင်းက ကွာလှ၏။ ပြီး
ကျေးစူးတရားကို မဆောက်ထား၊ ဆယ်သိန်းဆောင်း
စုစာရင်းထဲမှာ ဒေါ်သန်းစိန်လဲ လက်မှတ်ထိုးထား
ဒီလိုအမျိုးသမီးကို ယောက္ခမတော်ဖို့ စိတ်ကူးထဲ လုံး
ထည့်နိုင်။ ယာယီခံစားမှုကလေးမျိုးနှင့် အပျော်ချစ်ဖို့ကျ
လဲ ကိုယ့်သိက္ခာကို မှိုင်းမတိုက်နိုင်။

"ကိုယ်ဟာ တော်ချင်မှတော်မယ်၊ လူတော်ဖြစ်ချ
ဖြစ်မယ်၊ ဒါပေမယ့် ... လူကောင်းတော့ ဖြစ်
တယ်၊ ကောင်းအောင်အမြဲကြိုးစားလိုစိတ်ရှိတယ်"

သူငယ်ချင်းတွေကြားထဲ ကြွေးကြော်ကာ
ရားတာမဟုတ်တာ မမှန်တာမျိုးကို ရှောင်ကြဉ်ခဲ့သူလ
ဖြစ်၏။ သည်လိုလူစားက ခင်ထားကို အပျော်မချစ်နိုင်
လို လက်ထပ်ဖို့ကျတော့လည်း သတ္တိမရှိ။ သို့သော်ငြား ...
အချစ်ဆိုသောနတ်ဆိုးက ကျဉ်းထဲကြပ်ထဲမှ လူသား
ယောက်၏နှလုံးသားထဲကိုမှ ထိုးဖောက်ဝင်ရောက်လာခဲ့
၏။

"ပြန်ပါတော့ ခင်ထားရယ်၊ ကိုကိုကြီးတောင်





ပါတယ်"

နှလုံးသားထဲသို့ စိမ့်ဝင်လာသောအချစ်ချိုတွေ
က လေသံကို နူးညံ့ပျော့ပျောင်းစေ၏။ "ခင်ထားတင်"
ဟု ပြတ်ပြတ်ခေါ်ခဲ့တာတွေဟာ၊ သူနှင့် ကိုယ်နှင့် မဖြစ်
နိုင်မှန်းသိလွန်းလို့ကို ခပ်ထန်ထန်ဆက်ဆံခဲ့တာ၊ တစ်လမ်း
ထဲမှာ ကားကြုံပါလျက် တင်မခေါ်ခဲ့တာဟာ၊ ကိုယ့်စိတ်
ကိုယ် ဖွတ်ညာပြီး ဆုံးမချိုးနှိမ်လိုက်ရတာ ခင်ထားရယ်။

"ကိုကိုကြီးက ခင်ထားကို ဘယ်လိုမှတ်မိတာလဲဆို
တာလေးတော့ ပြောပြပါ"

"ခင်ထားကို အမြဲတွေ့နေတာပဲ။ မြေကြီးက အမြင့်
ပိုင်းနဲ့အနိမ့်ပိုင်းဖြစ်နေတယ်၊ အလယ်မှာလဲ မြောင်း
ကဖြတ်စီးနေတယ်၊ ဒါပေမယ့် ... တို့တွေဟာ တစ်
ခြံထဲပဲ"

ပြောလိုက်လို့ မိုးရောင်လေးက ဗလစိတ်တွေကို
သွတ်ပျောင်းစေလာ၏။ ဒါကြောင့်လဲ အချစ်ရောင်ကို အ
ပြာရောင်ဟု သတ်မှတ်ကြတာလားမသိ။ သစ်ခွရွက်စိမ်းစိမ်း
လေးတွေမှာ သစ်ခွပန်းဖြူဖြူလေးတွေက အပြာရောင်သန်း၊
ပန်းရောင်လေးတွေကျတော့ ခရမ်းသွေးလှ၊ အပြာရောင်တွေ
သန်းထားလိုက်တဲ့အထဲမှာ အပြာဖျော့ဖျော့ ကြယ်မင်းသမီး
လေးရဲ့ ငွေရောင်ဘော်ကြယ်လေးတွေမှာတောင် အပြာရောင်
လေးတွေဖုံးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လှလိုက်တဲ့ ခင်ထားရယ်။

"ခင်ထားကို ကိုကိုကြီး တစ်ချိန်လုံးတွေ့နေခဲ့တာပဲ"

"ဟင် ... ဟုတ်လို့လား"

ခြံကြီးမှာ အလုပ်သွားမဝင်ကြသူတွေဆိုရင်း တို့က ပုတ်လေသည့်ငပိလိုသဘောထားကြတာ၊ ဖွေးလို့ မသိ၊ သေလို့လဲ စိတ်မဝင်စား၊ ကိုယ့်ခြံထဲ အရှက်မရှိ ရပ်နေပြီး၊ မတရားသဖြင့် ငွေတောင်းဖို့စိတ်ကူးနေကြ အောက်တန်းစားများအဖြစ်၊ လှည့်လို့ကိုမကြည့်ကြတာ၊ ကိုကြီးကကျမှ ထားကို တစ်ချိန်လုံးတွေ့နေခဲ့တယ်တဲ့။

"ငယ်ငယ်ကလေးထဲက ခင်ထားက ချစ်စရာလေး"

"ဟင် ... ဟုတ်လဲဟုတ်ဖဲနဲ့"

"ဂါဝန်လေးက ကျိုးပေနေပေမယ့် လှတယ်၊ အရုပ် ကလေးလိုပဲ"

"သွား" ... ဟု ပြောလိုက်ချင်၏။ ကို ကြီးရင်ဘတ်ကို တွန်းလိုက်ချင်၏။ မလုပ်ရဲသည်မို့ လွှာလေးချလိုက်ရသည်။

"ဒီကောင်မလေးကို ခေါ်ကစားချင်လိုက်တာဆိုတဲ့ ဟာ ကိုကိုကြီးလဲ ကလေးဘဝမှာထဲက ရှိခဲ့တယ်"

အဟုတ်ပဲလား ကိုကိုကြီးရယ်၊ ထား လိုက်တာ။ ဒီအပျော်ကမှ စောစောကအပျော်နှင့်မတူ၊ ယှဉ်သာအောင်ထုထည်ကြီးမားပြီး လေးလေးနက်နက်





ကျက်မိတဲ့အပျော်ပါလား။ ဒီအပျော်ကို ခံစားရမှ၊ စောစော အပျော်လွန်ပြီး ပျံတက်တော့မလောက်ပျော်ခဲ့မိတာ၊ ဘာ ဟုတ်တဲ့အပျော်သေးကွေးလေးပါလား ... လို့ သဘော ပေါက်မိရတော့သည်။

"ချစ်စရာကောင်းတဲ့ကလေးလှလှလေးဟာ ကိုကိုကြီး မျက်စိအောက်မှာ လူလားမြောက်လာခဲ့တာပဲ၊ ဒါဟာ ခင်ထားတင် ... လို့ ဘယ်သူလာပြောဖို့လိုသေး လဲ"

ကိုကိုလေးတို့ကကျတော့ အနိမ့်ပိုင်းကို ငုံ့လို့ မကြည့်ခဲ့သူမို့ ထားတစ်ယောက် လူ့ပြည်မှာရှိနေတာ မသိနိုင်ခဲ့တာဖြစ်မှာ။

"နောက်ကို ဒီပွဲကိုမလာပါနဲ့ ခင်ထားရယ်၊ တခြား လဲမသွားနဲ့၊ ဒီလိုလဲ မပြင်ဆင်နဲ့၊ ခင်ထားကို ခင် ထားအတိုင်းပဲ ကိုကြီးချစ်တယ်"

"ရှင်"

ဖုံးဖို့ဖိဖို့ ကွေ့ရှောင်ဖို့ မဖြစ်နိုင်မှန်းသိလို့ မ ပြောဘဲ၊ သတ္တိကို မကြောင် ... ကြောင်အောင် ဖွတ်ကြောင် ထားခဲ့ရလို့၊ မျိုးသိပ်ထားသမျှ မမျှော်လင့်ဘဲ ရင်ပွင့်ခဲ့ရပါ သို့ပေမယ့် ... ဗလ တကယ်ပဲ သတ္တိကြောင်ပါသည်။ ရာရာမှာ နိုင်းဆချင့်ချိန်တတ်သူများ၊ အောင်မြင်မှုနေး သလို အမှားလဲနည်းတတ်၏။ တုံးတိုက်တိုက် ကမ်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက် မိုက်ရှူးရဲတွေကျတော့ အမှားများသလို မြင်ပြီဆိုလျှင်လည်း နေချင်းညချင်း။ မလက ချင့်ချိန် သူ့ထဲမှာပါသည်။ အဲဒါကြောင့် ... သတ္တိကြောင်သူ ထားပါတော့။

"တစ်ခြံထဲနေတဲ့ ညီမလေးကို မြူမြူးခင်စင် ချစ်ချင်တယ်၊ မြန်မာမိန်းမသားဆိုတာ ဣန္ဒြေကို ခြံစောင်လေးလိုခြံထား၊ ကျက်သရေဆောင့်ပြီး ထောင်ရက်သားကျရင်ဆောင် မင်းကတော်ဝိုးကာ ဖြစ်ကြတာလေ"

ဆီလျော်လား မဆီလျော်သလားတော့ တော့။ ပါးစပ်ထဲ ရုတ်တရက်ဝင်လာသမျှ စကားတွေ ချလိုက်သည်။ "ချစ်တော့ချစ်တာပေါ့ ခင်ထားရယ်၊ ကူးယဉ်မနေနဲ့၊ ကိုကိုကြီးချစ်တာ ညီမလေးလို" ... ပွင့်ပွင့်ကြီးပြောပြီး ဖုံးဖိရလျှင်တော့ မကောင်းတတ်သူ ၏။ ကိုယ့်ရင်ပွင့်ကို ကိုယ့်ဘာသာဖုံးဖိရတာ ရင်ထဲမှာ နာလှပါပြီ ခင်ထားရယ်။

"အော်"

ထား ... တစ်ခွန်းထဲပြောလိုက်သည်။ စစ် ... အော် ... ဆိုတာ ဘာအဓိပ္ပါယ်မျှမရှိသော မေဒိုတ်စကားဖြစ်၏။ သို့ပေမယ့် အဓိပ္ပါယ်တွေအများ ပါသွားသည်။ ကိုကိုကြီး ... အမြင့်စံဘဝကနေ





ပိုင်းကို ငုံ့ချစ်နေမိတာ သတ္တိကြောင်ပြီး ရင်မဆိုင်ရဲဘူးဆို လဲ ကိုကိုကြီးဘက်က တရားပါတယ်။ ထားကလည်း ကို ကိုကြီးကို နေ့တိုင်းတွေ့မြင်နေတာပါ။ ကိုကိုလေးကိုတွေ့ ရတိုင်း၊ ထားနဲ့ ကင်းစိမ်းလွန်းတဲ့လှုပ်ရှားမှု အသစ်အဆန်း တွေမို့ စိတ်ဝင်စားရပေမယ့် ကိုကိုကြီးကိုတွေ့လေတိုင်းမှာ လေးစားကြည်ညိုစိတ်ပွားလို့၊ ခြေတော်ရင်းမှာ ဝပ်စင်းခစား လိုက်ချင်တဲ့စိတ်မျိုးနဲ့ပါ။ ဒါကို ထားအစက နားမလည်ခဲ့ ပေမယ့်၊ ခုအချိန်လေးမှာပဲ ထားနှလုံးသားမှာ မိုးကြိုးပစ် သလိုခံစားလိုက်ရပါတယ်။ ဝင်းထိန်သွားတဲ့ အလင်းရောင် ထဲမှာ ထားတွေ့လိုက်တာ၊ ထားနှလုံးသားထဲက "အချစ်" ဆိုဒါကို ကိုကြီးအတွက်။

လေးစားကြည်ညိုနေတယ်မှတ်တာ။ ပျော်စရာ ကောင်းလိုက်တာလို့ မှတ်နေတာ။

ဒီညီအစ်ကိုနှစ်ယောက်အပေါ်မှာထားမိတဲ့ ထား ရဲ့စိတ်ဝင်စားမှုအတိုင်းအတာဟာ တသီးတသန့်စီဖြစ်ပြီး၊ ခု ... ထားကိုယ်ထား နားလည်လိုက်ရတာပါ ကိုကိုကြီး ရယ်။ ဒါပေမယ့် ... ဒါပေမယ့်လေ ... မထိန်းနိုင်လွန်း လို့ ပွင့်သွားရတဲ့ကိုကိုကြီးရဲ့နှလုံးသားကို ပြန်လည်ဖုံးဖိသွား တော့ လပြည့်ညလို ရွှန်းစက်သွားရတဲ့ထားရဲ့နှလုံးသားကို ငုပ်ဖမ်းနိုင်းလိုက်ပါတော့မယ် ကိုကိုကြီးရယ်။

ကိုကိုကြီးရယ် ... မပြောရဲလို့သာပါနော်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး ထားကိုချစ်တယ်၊ အဲဒါကို ထားသိတယ်၊ ထား သိသွားပြီဆိုတာလဲ ကိုကိုကြီးသိတယ်၊ ထားပြန်ချစ်တယ် ဆိုတာလည်း ကိုကိုကြီးသိတယ်၊ ထားပြန်ချစ်တာကို ကို ကြီးသိသွားပြီဆိုတာလည်း ထားသိတယ်၊ ဘာလိုသေး ကိုကိုကြီးရယ်။ ထားနဲ့ကိုကိုကြီးတို့ရဲ့ နှလုံးသားနှစ်ခုကြား မှာ ဘာတွေခြားနားဟန့်တားနေကြသလဲ။ ဂုဏ်ပေါ့နော်။ ငွေပေါ့နော်။ ပကာသနပေါ့နော်။ အလွှာပေါ့နော်။

"ကိုကိုကြီး"

"ပြော ... ခင်ထား ဘာလုပ်ချင်လဲ၊ စတော့ချိန်း မှာ သွားကရမှ ခင်ထားပျော်မယ်ဆိုရင်၊ ဒီတစ်ည တော့ ကခွင့်ပေးလိုက်တော့မယ်"

"ဟင့်အင်း"

ထား ခေါင်းခါလိုက်သည်။

ခင်ထားဆိုတာ အချစ်ကို ကိုးကွယ်တတ်ပြီး အလွန်စိတ်ကူးယဉ်သောကောင်မလေးပါ ကိုကိုကြီးရယ်။

"ခင်ထား အင်္ဂလိပ်သီချင်းတစ်ပုဒ်မှလဲ မရပါဘူး၊ ဒါပေမယ့် ကိုကိုကြီးက အင်္ဂလိပ်သီချင်းအေးအေး လေးတစ်ပုဒ်ကို ဆိုတတ်မယ်ဆိုရင်၊ ကိုကိုကြီးရဲ့ မှာ ဖြေးဖြေးလေးရွေ့ပြီး ခင်ထားတစ်ယောက်ထဲ က ချင်တယ်"

ဗလကျော်သူ ... တစ်ကိုယ်လုံးအရည်ပျော်





ကျလေတော့၏။

"ခင်ထား ... မင်းကိုသိပ်ချစ်တယ်"

ခင်ထားလက်ဖျားလေးကို ဆွဲညှစ်လိုက်သည်။ ခင်ထားက လက်ချောင်းထိဖုံးနေသော ဇာအင်္ကျီကို ဆွဲပင့် ပြီးမှ သူ့လက်ချောင်းလေးများကို ဗလလက်ထဲထည့်၏။ ကိုကိုကြီးနှင့်ခင်ထားတင်တို့ လက်ချောင်းကလေးတွေချည်း က ဆုံဆည်းခွင့်ရတဲ့အချိန်မှာ၊ ဒီအင်္ကျီဇာသားကြီးခြားနား လို့ မနေစေချင်ဘူးလေ။ ကြမ်းရှိတဲ့အရသာကို ကိုကိုကြီး ခံစားရပါစေနှင့်။

လက်ဖျားလေးခုကို တစ်စုတည်းပေါင်းဆုံလိုက် တော့ သံယောဇဉ်ကြိုးလေးချောင်း တစ်နေရာမှာ လာငြိ ကွယ်သလို ခံစားရပြန်၏။ ကိုကိုကြီးက ခြေဖျားကို ဖြေး ဖြေးရွှေ့သည်။ ခင်ထားဆီလျော်အောင်ကြည့်ပြီး လိုက်ရွှေ့ ရသည်။ ဗလက သီချင်းမဆိုပါ။ ရီဝေကြေကွဲသောမျက်ဝန်း များဖြင့်သာ ခင်ထားကိုကြည့်၏။ ချစ်သူနှစ်ဦးက ပဝါတစ် ကမ်းမှ တကယ့်ကို ပဝါတစ်ကမ်းအစစ်။ ခါးကိုဖက်၍ ပခုံးကိုဖက်၍ လက်နှစ်ဖက် ပူးယှက်မြှောက်ထောင်ကာ၊ အ မျိုးသား၏ရင်ခွင်ကျယ်မှာ အမျိုးသမီးက မျက်နှာအပ်၍ ကရသော အင်္ဂလိပ်အကမျိုးလည်း မဟုတ်။

ဘာသီချင်းသံမှလည်းမပါ။ ဆင်ခြင်နိုင်စွမ်း လှသောချစ်သူနှစ်ဦးကလည်း ပဝါတစ်ကမ်း။ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



လက်လေးချောင်းသည်သာ တစ်နေရာမှာ ပေါင်းဆုံလျ ဖြေးဖြေးရွေ့ကာ ကိုယ့်နှလုံးသားမှာ တွယ်နှောင်လာသည့် အချစ်ကြိုးကို ကိုယ်ဘာသာကိုယ် ဖြေလျှော့နေကြရသည့်နှယ် တူနေတော့သေး၏။

"ကိုကိုကြီး ... မင်းသမီးဒိုင်ယာနာရဲ့အကျီတွေရော တဲ့အကြောင်း သိလားဟင်"

"သိတယ်"

"ပြောရရင်တော့၊ ခင်ထားရှုံးပြီလို့ ပြောကြလိမ့်မယ်၊ ခင်ထား ဒီညဝတ်တဲ့ဒီဝတ်စုံလေးကို ဒေါ်လာတကျပ် ရရင်တောင် ခင်ထားမရောင်းဘူး၊ အဲဒီလိုပြောတော့ ခင်ထား ရှုံးပြီလားဟင်"

"မရှုံးပါဘူး ခင်ထားရယ်"

"ဈေးညှိတွေပေးစွန်းနေလဲ၊ ခင်ထားလျှော်မပစ်ဘူး၊ အကျီ လက်ဖျားလေးမှာ ငြိတွယ်နေမယ့် ကိုကိုကြီးရဲ့အငွေ့ အသက်ငွေ့လေးတွေ ပျယ်လွင့်သွားမှာစိုးလို့၊ အိမ်ရောက် တာနဲ့ ပလပ်စတစ်အိတ်ထဲထည့်ပြီး အသေပိတ်ထားလိုက် တော့မယ်"

ဗလ ... ခင်ထားလေးကို ကောက်ပွေ့ကာ ကမ္ဘာ့အပြင်ဘက်၊ အဝေးဆုံးတစ်နေရာဆီသို့သာ ပြေးသွား လိုက်ချင်တော့သည်။ ယောကျ်ားမှာလည်း နှလုံးသားရှိပါ တယ် ခံစားတတ်ပါတယ် ခင်ထားရယ်၊ မင်းကို သနား





နဲ့တဲ့ချစ်စိတ်နဲ့ ကိုကိုကြီးရှုံးရတော့မယ်။ ခင်ထားရဲ့အကျီ က်မောင်းသားနှစ်ဖက်ကို သူ့လက်နှင့် လျှောက်ထိကိုင် ယ်ပေးလိုက်သည်။

"ဆော်ကြယ်တွေနဲ့ မရှုဘူးလားဟင်၊ ခင်ထား ဒီပွဲ ကိုလာတော့၊ တစ်ယောက်ယောက်ရဲ့လက်ဆွဲတာကို ခံရနိုင်တယ်လို့ ကြိုတွေးပြီး အကျီကို လက်ဖျားဖုံး ချုပ်ခဲ့တာပါ"

ဒီလောက်ဆို ... ကိုကိုကြီး လက်ဖျားချင်း တ်ဖို့အကျီလက်ကလေးပင့်ပေးလိုက်တာ သဘောပေါက် တော့ပေါ့နော်။

"ခင်ထားပြန်တော့မယ်"

ဗလ ... လက်ဆောင်တစ်ခုခုပေးလိုက်ချင် သည်။ ခင်ထားက သူ့အကျီကို မလျှော်တော့ဘဲ အလုံပိတ် မ်းမည့်အထဲမှာ ထာဝရနေခွင့်ရမည့်လက်ဆောင်လေးလဲ စ်ဖို့လို၏။ ဝဲဘက်လက်သူကြွယ်မှ နဝရတ်လက်စွပ်ကို တ်လိုက်သည်။

"မငြင်းနဲ့နော်၊ ခင်ထားအတွက် ကိုကိုကြီးတစ်သက် လုံးချစ်နေမယ့်အထိမ်းအမှတ်လက်ဆောင်"

ခင်ထားက နဝရတ်လက်စွပ်ကလေးကို ယူ ိုက်၏။ လှည့်ပတ်ကြည့်သည်။ ရှေးအခါက ကြားဖူးနား တွေ့ရှိပါသည်။ ရှင်ဘုရင်တို့ မင်းညီမင်းသားတို့ တော



www.burmeseclassic.com

www.burmeseclassic.com



ကစားထွက်ကြ၊ မျက်စိလည်လမ်းမှားကြ၊ ဒုက္ခရောက်
ကျေးလက်တောသူမလေးက မသိဘဲစောင့်ရှောက်ကူညီ
ချစ်သူတွေဖြစ်၊ လက်ထပ်ကြ၊ ကိုယ်ဝန်ရလာမှ၊ နန်း
က လိုက်ခေါ်လိုခေါ်၊ ပြန်မည့်သူကလည်း စောစော
တော့မပြန်၊ ကိုယ်ဝန်ရှိကာမှ ပြန်ချင်စိတ်ပေါက်။

"မိန်းကလေးမွေးရင် ဒီလက်ဝတ်ရတနာကို
သောက်တော့၊ ယောကျ်ားလေးမွေးရင်၊ နန်း
ကိုလိုက်လာ၊ ဒီလက်ဝတ်ရတနာပြပြီးဝင်ခဲ့"
တဲ့။

ထီးမူနန်းဟန်နှင့်တော့ ပြောမှာပေါ့၊
ဆိုလိုရင်းက ဒါပါပဲ။ သမီးမွေးလျှင်၊ ကိုယ့်သမီးကိုယ်
ပါလားရယ်လို့တောင် ပြန်လှည့်ကြည့်ဖို့ စိတ်ကူးမရှိ၊
မွေးမှလိုက်လာတဲ့။ ရက်စက်ပြတ်တောက်နိုင်ကြပါဘိ

ကိုကိုကြီးနဝရက်လက်စွပ်ကို ပေးတဲ့အခါ
တော့ ခင်ထားအတွက် အမှာချေစကားမပါရှိခဲ့ပါ။
ချေရအောင် ခင်ထားမှာလည်း အထိအရှမရှိ။ သို့
ထိရှကျိုးပဲ့ကြေမွသွားရတာက နှလုံးသားပါ ကိုကိုကြီး
ခင်ထား ကြိုးစားပါ့မယ်။ ခင်ထားတင်ဆိုတဲ့မိန်းမသား
စုတ်ပြတ်မွဲတေပြီး အငတ်ဘေးဆိုက်ရင်တောင် ဒီလက်
ကို ထုခွဲရင်းနှီးမစားပါဘူး။ ဒါပေမယ့် ... ခင်ထား
ဆိုတဲ့မိန်းမ လူရာဝင်လို့ ဂုဏ်ရှိငွေရှိ၊ တင့်တယ်လာတဲ့





နေ့ကျရင်တော့ ဒီလက်စွပ်ကိုင်ပြီးလိုက်လာခဲ့ပါရစေ။ အဲ့ဒီ
အခါမှာ ကိုကိုကြီးလက်ထပ်ပြီးနေပြီဆိုရင်တော့ အိမ်ပေါက်
ဝမှာ ရင်ကွဲနာကျပြီးသေတဲ့ အသုဘတစ်လောင်းကို ကောင်း
မွန်စွာသဂြိုဟ်ပေးပါတော့ ကိုကိုကြီးရယ်။

❀ ❀ ❀

ကိုကျော်ပြူ - ၁၁၉၈
တစ် ... ၁ ( ) ကျပ်
... ပျောက်ဆုံးလျှင်
... လျော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

စင်စစ် ... အမေဆုံးသွားခြင်းကြောင့် ထ
ထားဘဝလေး တစ်ဆစ်ချိုးကွေ့သွားရခြင်းဖြစ်၏။ ကျော
ဆက်တက်နိုင်မည့်အထောက်အပံ့ ရပ်ဆိုင်းသွားခဲ့ရသည်။

"ကျောင်းတက်ချင်တယ်အမေ"

"ကျောင်းမှာ လေးငါးနှစ် အချိန်သွားဖြုန်းပြီး ...
ရလာတော့ ညည်းလခက ဘယ်လောက်ရမှာမို့လို့လဲ၊
ညည်းကို ဘယ်သူက အလုပ်ခန့်မို့လို့လဲ၊ ညည်း...





ရော စာမေးပွဲအောင်မယ့်လူလား"

ထား ... မျက်ရည်ပေါက်ခနဲကျသည်။

ထားက ဆယ်တန်းကို နှစ်နှစ်ဖြေမှအောင်၏။

ထား စာမတော်ပါ။ ဉာဏ်မကောင်းတာမဟုတ်ဘဲ စာမ
ကျက်တာ၊ စာကျက်ပျင်းတာ၊ စာကျက်ရမယ့်အချိန်တွေမှာ
အစွယ်ကြီးဖားဖားနဲ့ ကဲ့ကော်ပင်တွေပေါ်ပဲတက်ပြီး မြဲကြီး
ကိုကြည့်ရင်းဆေးရင်း စိတ်လေချိန်တွေချည်းများခဲ့တာဆိုသည်
ကို ထားအသိနောက်ကျခဲ့ရပါသည်။

"ထားက အိမ်မှာ ထမင်းချက်ခြင်း၊ အဝတ်လျှော်
ခြင်း၊ စတာမျိုးတွေပေါ့နော် ... အဲဒါတွေ တစ်ခု
မှမလုပ်ရဘူး၊ သားမိကလဲ သုံးယောက်ထဲ၊ ကိုယ့်
အဝတ်သောက်ပဲ ကိုယ်လျှော်ပြီး၊ ကိုယ့်ထမင်းကိုယ်
ခူးစား၊ ကိုယ့်ပန်းကန်ကိုယ်ဆေး၊ ပြီးပြီ ... ကိုယ့်
တာဝန်လုံးဝကျေသွားပြီ၊ အမေက ကျန်တဲ့တာဝန်
တွေအကုန်နိုင်တယ်"

"မခိုင်းဘူးလား"

"ဟင့်အင်း"

"အလိုလိုက်သားပဲ"

"မခိုင်းရက်တာလဲပါမယ်၊ ခိုင်းဖို့မေ့နေတာလဲပါမယ်၊
ထားမှာ အရည်အသွေးတစ်ခုခု တိုးတက်မြင့်မားလာ
အောင် မြေတောင်မြှောက်ပေးဖို့ အမေက သတိ...



www.burmeseclassic.com

www.burmeseclassic.com



ရမရှိဘူး၊ လူဆိုတာ နေရင်းထိုင်ရင်းဖြစ်သွား လေ၊ ထားတို့ အိမ်ပုတ်ကလေးတွေထဲက နီယာတစ်ယောက်နဲ့ ကျောင်းဆရာမတစ်ယောက် တယ် ...

"သူတို့မိဘတွေက နည်းနည်းပါးပါးပြုစုပျိုး တတ်တယ်ပေါ့၊ ကျန်တဲ့လူတွေကတော့ ကလေး လို့မွေးလာရင် နို့တိုက်တယ်၊ သွားပေါက်တော့ မင်းကျွေးမယ်၊ ငါးနှစ်ပြည့်ရင် ကျောင်းထား ပြီးပြီ၊ အဲဒါ မိဘဝတ္တရားအကုန်ပဲလို့၊ အဲဒီလေ ပဲ ဗဟုသုတရှိတာရှိတဲ့ မိဘတွေရှိတယ် ...

"မချစ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ့်သား သမီးချစ်လိုက်တာ တုန်လို့ပေါ့၊ သူများက စောင်းလောက်လာထိုးရင်တောင် ထင်းချောင်း လိုက်ရိုက်ချင်တာ"

ထားက အမေ့ပုံစံကို မြင်ယောင်ရင်း ကြေကွဲကွဲလေးပြုံးရှာ၏။ အမေ့ကို လွမ်းလှပါသည်။ မေသည် ထားကို ဘာတစ်ခုမျှမခိုင်းခဲ့တာ၊ မခိုင်းရက် လည်းပါမည်ပေါ့။

"ထား ပျောက်ပျောက်နေတာ၊ ဘယ်သွားနေလဲ ဘူးလား"

"အားအားရှိ ကုံကော်ပင်ပေါ်ပဲတက်နေတာ





သိတယ်"

သူငယ်ချင်းတွေ တခိခိရယ်ကြလေ၏။

"ဘယ်အရွယ်ထိတက်လဲ"

"အဲဒီခြံထဲက ထွက်လာတဲ့နေ့ထိပဲ၊ ပြောင်းကာနီးမှာ တောင် နောက်ဆုံးအနေနဲ့တက်ခဲ့သေးတယ်"

"အံ့ရော"

"အေးကွာ ... မိန်းမသားက ကုံကော်ပင်ထိပ်ဖျား ထိတက်နိုင်တာ၊ ကြား ... ကြားဖူးပေါင်"

"အလေ့အကျင့်ပေါ့။ မိန်းမရယ်လို့ လျှော့မတွက်နဲ့၊ တို့ခြံထဲမှာ အုန်းပင်ကို ရင်ပတ်နဲ့ဖက်မတက်ဘဲ၊ ခြေ နှစ်ချောင်းလက်ချောင်းထောက်ပြီး တက်သွားနိုင်တဲ့ မိန်းမတောင်ရှိတယ်"

"ဟောတော့ ... တကယ်"

"တကယ်ပေါ့၊ အဲဒါကြောင့် ကိုကိုကြီးက တို့ခြံကို စံပြဥယျာဉ်ဆိုပြီး ဆိုင်းဘုတ်ချိတ်ပြီး ပြစားချင်တယ် ပြောတာ။ လူပေါင်းစုံသလောက် အတတ်ပညာပေါင်း ကလဲစုံတယ်၊ အုန်းပင်များတက်သွားတာကွာ ... အဲဒီမိန်းမက ... စပ်ရင် ခင်ထားနဲ့အဒေါ်တော်မယ် ထင်တယ်၊ သုံးဝမ်းကွဲလောက်ရှိမှာပေါ့ ...

"လူက ပိန်ကျစ်ကျစ်၊ အရိုးဂေါင်ဂင်နဲ့ပေမယ့် ခပ် သေးသေး၊ အသားကညိုညို၊ ဆံပင်က ရွှေရောင်၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းရုံလိုက်ရင်းနေပူထဲမှာ အုတ်ခဲသယ်လို့ အ
ပြောင်းသွားတယ်ပြောတာပဲ"

"ထားရယ် ကြားလိုက်ရမှဖြင့် အဆန်းချည်းပဲ"

"အော် ... ဒါကြောင့်၊ တကယ့်ဖြစ်ရပ်
စိတ်ကူးယဉ်ဝတ္ထုတွေထက် ပိုပြီးဆန်းကြယ်ပါ
ပြောတာပေါ့"

"သူ့မှာ ဖလန်နယ်အညိုရောင်၊ ကြိုးရှုံ့နဲ့
ဘီတစ်ထည်ရှိတယ်၊ ခပ်ကြပ်ကြပ်ကွာ၊ အဲဒါ
အုန်းပင်တက်သွားရင်၊ ခပ်လှမ်းလှမ်းကသာ
မျောက်မှမျောက်၊ ပြောရတာလဲ ကန့်တော့ပါရဲ့"

ခိုးခိုးခစ်ခစ်ရယ်သံလေးတွေ ထွက်လာ။

"အိမ်ကြီးပေါ်က ဒေါ်လေးနှင်းက လှမ်း
ဟော တော့ ... အောက်ခြံက အုန်းပင်ပေါ်မှာ
မျောက်၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူးဆိုလို့ ..."

ထား ဝါကျမဆုံးခင် ဟက်ဟက်ပက်ပ
လေး ရယ်လိုက်သည်။ အဲသည်ဒေါ်လေးကို မျက်စိ
ယောင်လာသည်။

"ဦးဦးကျော်သူတို့ ကိုကိုကြီးတို့ ကိုကိုလေးတို့
ဆင်းလာပြီးကြည့်ကြတာပေါ့၊ ခြံကြီးပေါ်က
ရတာ သရက်ပင်တချို့နဲ့ကွယ်လို့ အောက်
ပြေးဝင်လာကြတာ ကိုကိုလေးက ဖမ်းထ





မလို့တဲ့"

ထားက ပြောရင်း ခိခနဲရယ်ပြန်သည်။

"အုန်းပင်ရင်းရောက်တော့မှ ဒေါ်လေးသိန်းမှန်းသိပြီး
ဒေါ်လေးနှင်းက စိတ်ဆိုးလိုက်တာမပြောပါနဲ့တော့၊
ဦးဦးကရယ်တယ်၊ ကိုကိုလေးဆိုတာတော့ မြေကြီးပေါ်
ထိုင်ချပြီးကိုရယ်တာ၊ ကိုကိုကြီးကတော့ ခပ်တည်
တည်ပဲ အနားမှာသွားရပ်ကြည့်တဲ့ထားကိုတောင် ရုပ်
တည်ကြီးနဲ့ တစ်ချက်လှမ်းကြည့်သေးတယ်"

"ဒေါ်လေးနှင်းက ဘာဖြစ်လို့စိတ်ဆိုးတာလဲ"

"ဒီအောက်ခြံဟာ ထင်ရာကိုစိုင်းနေတော့တာပဲတဲ့၊ မိန်း
မ အုန်းပင်တက်ရတယ်လို့ အရပ်ရပ်နေပြည်တော်
ကြားလို့မှမလျော်တဲ့"

"အေးလေ ... ဟား ... ဟား ... "

အရယ်သန်သော သက်နှင်းကြင်က ခိခိသံမ
တော့ဘဲ အော်ရယ်၏။

"ထား အဲဒီခြံက ဘာဖြစ်လို့ထွက်လာခဲ့ရတာလဲ၊
နောက်ဆုံး"

"မပြောနဲ့တော့။ ကိုကိုကြီးပြောသလိုပဲ၊ အတတ်ကျူး
တဲ့လူတွေချည်းဖြစ်လာတော့ မကောင်းတဲ့နေရာမှာ
စံပြဥယျာဉ်ဖြစ်လာတော့တာပေါ့။ ရန်ဖြစ်သံဆဲသံတွေ
ကတော့ နေ့တိုင်းညတိုင်းကြားရလွန်းလို့ စလောင်း



www.burmeseclassic.com

www.burmeseclassic.com



မထောင်ဘဲ ကြားနေရတဲ့တီဗီနောက်တစ်လိုင်းလား
သတ်မှတ်ထားတော့တယ်ထင်ပါတယ် ...
"ဖဲဝိုင်းရှိလာတယ်ကွာ၊ ကားကြီးကားငယ်အသွ
သွယ်တွေထိုးဆိုက်လာတယ်"
"ဟင် ... အဲဒီဖဲဝိုင်းက အိမ်ကြီးပေါ်ကျတော့ မရှိ
ဘူးလား"
"ရှိတယ်"
"ဘာထူးလဲ"
"ထူးတယ်၊ သူတို့က သူဌေးဖဲဝိုင်း၊ ထားတို့ကျ
တော့ သူဌေးတွေပဲလာကစားတာပေမယ့် ဆင်းရဲသား
ဖဲဝိုင်း"
"ဘယ်လိုကွာလဲ"
"သူဌေးဖဲဝိုင်းက ဖဲလေးရိုက်လိုက်၊ အစားလေးစား
လိုက်၊ စကားလေးပြောလိုက်၊ ရှုံးလဲပျော်ပျော်၊ နိုင်
လဲပျော်ပျော်၊ ငွေရမှုငွေဆုံးမှုကို အဓိကမထားဘဲ အ
ပျော်သက်သက်တဲ့၊ အပျော်သက်သက် ဆိုပေမဲ့
ထောင်နဲ့သောင်းနဲ့ချီပြီးလဲ ရှုံးတာနိုင်တာနော်၊ သော
ဂဏန်းဆိုတာ သူတို့အတွက် အာပလာ၊ သူတို့ပြ
တော့ လောဘမပါဘူးတဲ့"
"ဟာသပဲ"
"တို့ခြံထဲကဝိုင်းကကျတော့ လောဘကြီးတာသ





ကွ၊ ရှုံးရင်၊ တောက်၊ တက်၊ ကျတ်၊ ဟင်း၊ ဖြူး၊
တွေ ဖြစ်ကုန်ရော"
"ဘာတွေလဲ"
"သက်ပြင်းချတာ၊ မကျေနပ်တဲ့လေမှုတ်သံ"
"အော် ... ဖြစ်မှဖြစ်ရလေ"
"နိုင်တဲ့လူကလဲ ထိုင်ရက်ကနေ ခုန်နေတာ ဈာန်
ပျံသလားမှတ်ရတယ်"
ရယ်ကြရပြန်၏။
"အော်သံတွေလဲထွက်၊ တစ်ခါတစ်ခါကျ ငြိမ်နေ
လိုက်တာ တရားစခန်းလိုပဲ၊ ပုံမှန်မရှိဘူး၊ တော်
ကြာရန်ဖြစ်ကြရော၊ ဆိုးတာက အဲဒီလိုကားတွေနဲ့
လာကြတဲ့ထဲက တချို့က၊ ခြံထဲက မိန်းကလေးတ
ချို့ကို မျက်စိကျတာ"
"ကြိုက်ပစေလေ၊ ဒါဟာ လောကသဘာဝပဲဟာ"
"ဘယ်သူက အတည်ယူမှာလဲကွာ"
"ဒါဆိုလဲ ထင်းချောင်းနဲ့လိုက်ရိုက်လေ"
"တို့ခြံထဲမှာ တော်တော်ကြီးချောင်လည်စပြုတဲ့လူတွေ
ရှိသလို ငတ်လုနီးပါးစုတ်ပြတ်နေတဲ့သူတွေလဲ ရှိ
တယ်ကွာ။ မဝတ်နိုင်ဘူး၊ မစားနိုင်ဘူး၊ ဝတ်ချင်
စားချင်တယ်"
"သဘောပေါက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးက တစ်ယောက်ကို ဆယ်သိန်းစီပေးပြီး ယူတာတဲ"

"ဘယ်နှစ်ဦးလဲ"

"ဆယ့်ရှစ်ဦး"

"မြတ်စွာဘုရား၊ သိန်းတရာ့ရှစ်ဆယ်"

"သူ့ခြံက သိန်းတစ်ထောင်လောက်တန်နေပြီတဲ့"

"ကိုယ့်ခြံကိုယ် ... သိန်းတစ်ရာ့ရှစ်ဆယ်ပေးပြီး ဝယ်ယူရတဲ့သဘောပဲနော်"

"ဒါတောင် လွယ်လွယ်ကူကူဖယ်ကြတာမဟုတ်၊ ရုံးပြင်ကန္တားနဲ့၊ ရှေ့နေနဲ့ဝတ်လုံနဲ့၊ ရဝတနဲ့ နဲ့၊ တရားသဖြင့်လုပ်တာတောင် ခက်ခက်ခဲခဲ ရတာ"

"ရှင်လဲ ဆယ်သိန်းရတာပေါ့"

ထား ခေါင်းခါလိုက်သည်။ မျက်ရည်ဝဲ ခနဲကျ၏။

"ဟာ ... ဘာဖြစ်တာလဲ"

"အမေယူသွားတယ်"

"ဒါကို ရှင်က နမြောနေတာလား၊ ကိုယ့်အမေ"

"အမေက ယောကျ်ားယူသွားပြီ"

"ဟောတော့"

မည်သူမျှ မရယ်နိုင်ကြတော့ပါ။ ထား





ဝိုင်းကြည့်လိုက်ကြသည်။

"ကျုပ်ကို သနားတဲ့အကြည့်နဲ့ ဝိုင်းကြည့်မနေကြနဲ့"

ထားက မျက်ရည်သုတ်ပြီး အဟဲဟုရယ်၏။

မျက်လုံးတွေအားလုံးက လွှဲပေးလိုက်ကြသည်။

"ခု ... ကျုပ်အလုပ်ချင်ဆုံးတစ်ခုရှိတယ်၊ ဘာလဲ သိလား"

ထားက ကျဆဲဖြစ်သောမျက်ရည်စတွေကို အပြုံးနှင့်သိမ်းရင်း မေးသည်။

"ဘာလုပ်ချင်လဲ၊ တို့ပါ ဝိုင်းလုပ်ပေးမယ်"

"ရှင်တို့မကူညီနိုင်ပါဘူး"

"တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏တဲ့ကွ၊ တို့အဖွဲ့ကငါးယောက်တောင်ပဲ"

"ကျုပ်က ... "

"အင်း"

"ခြံထဲက ကုံကော်ပင်ကို သွားတက်ချင်တယ်"

"ဘုရားရေ"

"ဒီတစ်ခါတော့ ကိုကိုကြီးကိုချောင်းကြည့်ချင်တာပါ"

မေ၊ ကြော့၊ သက်နှင့်ဝေတို့ ရင်ဘတ်ကလေး တွေကို ကိုယ်စီဖိလိုက်မိကြလေတော့၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



လှဝင်းတို့အိမ်မှ အိမ်ဖော်ကောင်မလေး… က "နော်ချမ်းသူ" … တဲ့။ ကရင်မလေးတဲ့၊ စကား… လျှင် သူ့ကိုယ်သူ "ချမ်းသူ" ကလေ … ဟု ထည့်… တတ်သည်။ ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့်လေး။ … အမောင်းလေးမြင့်မား၍ ရှည်သွယ်ပါးလျားသည်။ … နည်းနည်းကြီးချင်၏။ မျက်နှာ … အထက်နှင့်… နည်းနည်းတိုသည်။ စေ့စေ့ကြည့်လျှင်တော့ မျက်နှာပေါ်… ပြစ်ချက်တွေထွက်လာမှာပေမယ့် … ရုတ်တရက်ကြည့်… ကတော့၊ အသားဖြူမျှဉ်းတစ်ပြေးဆိုသလို၊ သူ့သွယ်… ပါးပါးကိုယ်လုံး၊ လက်ချောင်းဖြူဖြူသွယ်သွယ်လေးများ… ကြည့်ကောင်းကာ သန့်ပြန့်နေ၏။

လှဝင်းအမေ အသင်အပြကောင်းလွန်းလို့၊ … ကျေးသိမ်မွေ့စွာပြောဆိုဆက်ဆံတတ်ခြင်းကိုလည်း … ကျင်နေပြီ။ အဲဒီကောင်မလေးကို အသုံးချဖို့ လှဝင်းက … မေ့ကို ဖြောင်ဖွင့်ပြောပြီး အကူအညီတောင်းရ၏။

"ဟဲ့ … လှိုု့ဝှက်သဲဖိုပဲ၊ လုပ် … လုပ်၊ ပြီး… လဲ ရှင်းပြတာပေါ့၊ မကောင်းကြံတာမှမဟုတ်… မေမေလဲပျော်တယ်"

လှဝင်းတို့အမေက အဲသည်လို အမေမျိုး… သည်။ လှဝင်းတို့ကို သူငယ်ချင်းပေါင်းပေါင်းသည်။ … နွေးလို့ကောင်း၏။ ခုခေတ်အမေတွေလည်း ကိုယ့်အ…





ကိုယ် မေ့ထားကာ သားနှင့်သမီးနှင့်မှ ရှယ်တူလိုသဘော ပိုက်ထားရတော့သည် ထင်ပါရဲ့။ ဒါမှသာ သားတွေသမီး တွေကို မျက်ခြေမပြတ်ဘဲ မကောင်းမြစ်တားဖို့၊ ကောင်း ရာညွှန်လတ်ဖို့၊ အတတ်လည်းသင်စေဖို့၊ ပေးဝေနီးရင်းဖို့ ရဆောင်းရင်း ကိုယ်သဘောကျနှစ်ခြိုက်သည့် ဥစ္စာပေါရပ် ချော၊ အလိမ္မာ၊ အိမ်ပါ … ဆိုတာမျိုးနှင့် ထိမ်းမြားခြင်း အမှု အထမြောက်အောင်မြင်စေဖို့ … စီရင်ဖန်တီးနိုင်မှာ ဖြစ်လေသည်။ ခုခေတ်မှာ အမေလုပ်ကြ၊ သားသမီးနှင့် မျက်ခြေပြတ်လျှင် အုပ်ထိန်းရအလွန်ခက်တတ်လေ၏။ လှ ဝင်းအမေကတော့ လှဝင်းထက်သောင် ပိုငယ်သေးလားထင် ရအောင် စိတ်ပျိုလျက်၊ သားသူငယ်ချင်းတွေပါ သူ့သူငယ် ချင်းဖြစ်နေတော့သည်။ ဒါကြောင့်လည်း လှဝင်းလိုလူလယ် တစ်ယောက် မပျက်မစီးဘဲ ဆရာဝန်လောင်းဖြစ်လာတာ ထင်ပါရဲ့။

"မင်္ဂလာဆောင်မှာ ပန်းကြဲဖို့၊ သူတို့ခေါ်ပေးတဲ့ မိတ် ကပ်ကိုမကြိုက်လို့လေ … ဒီကခင်ထားတင်နဲ့ပြင် ပါရစေ"

လှဝင်းအမေက ဆိုင်မှာလိုက်ခေါ်ပေးသည်။ ဆိုင်ရှင်ဆီမှာ နေ့ရက်ကိုပြော၍ ကြိုပို့ဖို့၊ အချိန်တွေ နေရာ တွေပြောတော့ ခြံချင်းက မျက်နှာချင်းဆိုင်ဖြစ်နေ၏။ ထား… က ကိုယ်ပိုင်ဆိုင် မဖွင့်နိုင်သေးပါ။ ကိုယ့်အိမ်ကိုယ်…ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းဆာက်မြို့နိုးတာကို လာကြိုလာပို့ခိုင်းပြီး ထိုင်ပြြင်ရလောက်အောင်လဲ မိတ်မမှားသေးပါ။ နာမည်ကလေးက ခုမှရဖို့ ဒီဆိုင်မှ အလုပ်မထွက်ရသေးပါ။ သို့ပေမယ့် … မိတ်ကပ်နှင့်ဆံထုံးမှာ ထားအစောတ်ခုံးမို့ ဆိုင်ရှင်က ဖွားဖုးမှုတ်ထား ခြင်းကိုခံရသည်။ လခစားဘင်မကာ၊ အပြင်ထွက်လိုက်ပြင် ပေးရလျှင် အဲသည်ထဲမှ ထားကို အချိုးကျခွဲပေး၏။ မိတ်ကပ်နှင့်ပစ္စည်းတွေကိုတော့ ဆိုင်မှကျခံ၏။

မင်္ဂလာဆောင်က ညနေခြောက်နေရီတဲ့။ ဒီတော့ ထားက ခလေးနာရီမှာ စလိမ်းမည်။ ဆံထုံးကို သိပ်ထူးထူးခြားခြားမထုံးရပါက ငါးနာရီမှာပြီးမည်။ ဆံထုံးပါ သုံးရလျှင်တော့ ခြောက်နာရီထိုးမှပဲပြီးမည်ဆိုတော့ … လိုလုံမယ်မယ်၊ ညနေသုံးနာရီခွဲမှစ၍ အေးအေးဆေးဆေးလိမ်းခြယ်ရေးတောင်း၊ နားနားနေနေလုပ်၊ အလုပ်ပြီးလျှင် လမ်းဖြတ်ကူးပြီး ကိုယ့်ခြံထဲဝင်လိုက်ရုံမို့ ဆိုင်ပြန်လာစရာမလို။

အစီအစဉ်က အကွက်ဆေးလျက် ခေါ်ချမ်းသူလည်း သူ့တစ်သက်မှာတစ်ခါ အလှဆုံးအပြင်ခံရမှာကို ထွန့်ထွန့်လူးအောင်ပျော်၏။ ထား ပြင်ဆင်နေတုန်းမှာ၊ လှဝင်းအမေက အရိပ်တကြည့်ကြည့် စကားတပြောပြော၊ လှဝင်းနှင့်ဖရက်တို့က အစားအသောက် လာချပေးကြသည်။ သူတို့ပါ လူရှိုးဒီမိုး ထားတွေနှင့် မသိနားမလည်ပုံဖမ်းကာ အနားကပ်နေ၏။

"ဒါက သားလေး၊ လှဝင်းသော်၊ ယောကျ်ားလေး





ခေါ်လေးတို့က လှဝင်းပဲခေါ်တယ်။ မယ်ဒီကယ်မှာ (Medical) ပါ့တ်တူး (Part II) တက်နေပြီ၊ ခုကျောင်းပိတ်ထားလို့ အိမ်မှာတွေ့ရတာ …

"ဖျက်စီနောက်လဲ သက်သာနေတယ်၊ ကျောင်းသာဖွင့်ရင်၊ သူက သွားအိပ်လိုက်၊ ဒီလာအိပ်တဲ့ သူ့သူငယ်ချင်းတွေကို ချက်ပြုတ်ကျွေးမွေးလိုက်နဲ့ …

"သူတို့အကျက်တာကလဲ တစ်ပြုံကြီးရှေ့နေတာ၊ ဒါက သားသူငယ်ချင်း၊ ခေါ်လေးတို့နဲ့ တူလိုသားလိုခင်နေတော့ သားပဲဆိုပါတော့ …

"မိဘတွေက နိုင်ငံခြားမှာ နေတာ၊ အနှစ်နှစ်ဆယ်ကျော်၊ သူ့အရင်ပြန်လွှတ်ပြီး၊ ရန်ကုန်မှာ မြေဝယ်တိုက်ဆောက်ခိုင်းထားတယ် …

"အဖေ ကွန်ထရက် (Contract) စေ့လို့ ပြန်လာရင် အဆင်သင့်တက်နေနိုင်အောင်၊ သူလဲ ခုမှပြန်လာတာ၊ အနှစ်နှစ်ဆယ်ကျော်အတွင်းမှာ၊ မြန်မာပြည်ကို သုံးလေးခေါက်တော့ ပြန်တာပေါ့ … ဖရက်ဒီတဲ့၊ သူတို့ချင်း … ဖရက်လို့ခေါ်ကြတယ် …

"မြန်မာနာမည်ရှိပါတယ်၊ ဘယ်သူ … သား"

"နေထက်ပါ"

"ရှင်"

ထား … လွန့်ခနဲ လှည့်ကြည့်ဖြစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

အို … ဘယ်လိုကြည့်နေတာလဲ။ ချက်ချင်း မျက်နှာ လွှဲပြီး ရင်ထဲက ဒိန်းဒိုင်းမြည်တော့သည်။ တစ်ဖက် ပါးပြင်ပေါ်တင်နေရသော ထားလက်ချောင်းလေးတွေ စက်လာသည်။ ဖြေးဖြေးဆတ်ဆတ်၊ မသိမသာလေးတုန် ဘာဖြစ်တာလဲ။ ဒါဟာ … ဒီလိုခံစားရလား။ ပွဲ ထိုင်တက်ရမည့်သူကလေးမျက်နှာပေါ် အမှားအယွင်းအ မခံနိုင်ပါ။ မှားသွားပြီးလျှင် ပြန်ဖျက်လို့ရတာမဟုတ်၊ သည့်တိုင် … ဓကောင်းတာမဟုတ်၊ တစ်ချီထဲ လက် ကာ လှပအချိုးကျသွားရမည်ဖြစ်၏။ ခုလို စိတ်လှုပ် ပုံမျိုးနှင့်ဆိုလျှင် မှားယွင်းတော့မည်။ ထား … သေး ခုန်ကလေးမှာ ခဏထိုင်လိုက်ရ၏။ စိတ်ကို ငြိမ်အောင် စား၍ တည်ဆောက်ရသည်။ ဘယ်နေရာလိုသေးလဲ … ကြည့်သလိုလိုနှင့် ပန်းကြီရမည်ဆိုသောကလေးမလေး မျက်နှာကို ဟိုသည်ငဲ့ကြည့်နေလိုက်ရသည်။

"အအေးလေးသောက်ပါဦး"

"ဟုတ်"

အမိန့်တစ်ခုလို မလွန်ဆန်နိုင်စွာ လှမ်းယူရင်း မော့သောက်တော့ သီးမလိုဖြစ်သည်မို့ မနည်းကြီးထိန်းလိုက် ရသည်။ ဘယ်လိုအကြည့်ရူးကြီးပါလိမ့်။ ထားနှင့် စကျွ ပိုင်းလောက်လေး မျက်ဝန်းချင်းဆုံလိုက်တာမှာ၊ သူ့မျက်ဝန်း တွေက သူ့ထံမှ ခုန်ထွက်လာကာ ထားမျက်အိမ်တွေကို





ကွန်းထိုးဖယ်ရှား တိုးဝင်လျက် ရင်ခေါင်းထဲထိရောက်လာ လားထင်ရသည်။ ရင်ထဲ … မုန်းတိုင်းမွှေသလို ဖော့ ယမ်းလှုပ်ရှားပြီး ပြန်ထွက်သွားတော့ လစ်ဟာ၍ကျန်ရစ်ခဲ့ ပုံများ။ သူ့နာမည် "နေထက်" … တဲ့။ သက်ပြန်ပြော ကဲ့ "နေထက်" လား။

အအေးတစ်ဖန်ခွက်သာ ကုန်သွားသည်၊ လူ က ဆောက်တည်ရာမရသေး။ သို့ပေမယ့် … သူများအိမ် လာပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေဖို့ မဟုတ်သည်မို့ ဆံပင် ကို ငတင်ဖြီးသင်ရတော့သည်။ ကောင်မလေးက ဆံပင်ဝို ဟိုလေး။ ငယ်ထိပ်ပေါ် သရဖူလေးတင်လို့လဲမလှ။ ဘေးသို့ ကားနေသောမေးရိုးကိုလည်း ဖုံးချင်သည်။ မေးရိုးကို အနီ ိုင်းရောင်ပါးပါးသုတ်၍ ဖျောက်ထားပေမယ့် စိတ်မချရပါ။ ါက တိုက်ရိုက်မြင်ရမည့်အလုပ်မျိုး။ လူကို အကောင်အ ည့်လိုက် အလှကြည့်ရမည့်ကိစ္စကြီး။ ဓာတ်ပုံရိုက်တာ တီ ီရိုက်တာ ဗီဒီယိုရိုက်တာဆိုလျှင်တော့ သည်ပါးရိုးကို အနီ ိုင်းရောင်ပါးပါးသုတ်ရုံဖြင့် လုံလောက်၏။

"ဆံပင်ဖားလျားချရင် မင်္ဂလာဆောင်ရှင်က ကြိုက် ပါ့မလားရှင်"

"ကြိုက်တယ်၊ ကြိုက်တယ်၊ လှရင်ပြီးရော၊ သူတို့ အယူမသီးပါဘူး"

"ဒီလိုဆို ဖားလျားကလေးချလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျောလယ်လောက်ရှိသော ဆံပင်တုတ်တ... ဆောင်းရသည်။ အပေါ်ပိုင်းကလေး နည်းနည်းခွဲယူ၊ ... ပုံဖော်၍ စည်းနှောင်၊ အောက်ပိုင်းက ဖားလျားဝေဝေ ... ပါးပါးချလိုက်တော့ သရဖူးလေးဆောင်းလို့လည်း လှ... သည်။ မေးရိုးကားကားလေးလဲပျောက်ကာ မျက်နှာ... ဆောင် သွယ်ယောင်ယောင်နှင့် အလွှန့်အလွန်လှသွား... သည်။

"ကြိုက်ရဲ့လား"

"ကြိုက်တယ် ... အရမ်းလှတာပဲ"

"ဒါဆို ... ကျွန်မပြန်တော့မယ်"

"ဒီပစ္စည်းတွေ ... "

ထား စိုက်သုံးပေးထားရသော ဆံတုရှိသ... စိန်တုသရဖူလေးရှိသည်။ ပြီးတော့ ... ရှုရှားစိန်ကို... နှင့်လုပ်ပြီး ရွှေချည်စိမ်ထားသော လက်ဝတ်ရတနာတွေလ... ပါ၏။ တန်ဖိုးမကြီးလှပေမယ့် ဒွန့်ပစ်နိုင်လောက်အောင်လ... တန်ဖိုးမသေးပါ။ ဒါတွေ ပြန်သိမ်းရမည်။

"ဆိုင်လာပေးမှာဆေးရင်လဲ ကျွန်မဆီလာပေးလို့... လို့ရပါတယ်၊ ညတွင်းချင်းပြန်ပေးဖို့မလိုပါဘူး၊ ... နက်ဖြန်မှပေးပါ၊ မနက်ဖြန်က ကျွန်မ အလုပ်နား... နေ့၊ ကျွန်မ ဆိုင်မသွားပါဘူး၊ ဘယ်အချိန်ပေး... ရပါတယ်၊ သန်ဘက်ခါ ကျွန်မ ဆိုင်သွားတော့...





ယူသွားလို့ရပါတယ်"

_ စာလို့များ လောကွတ်ချော်ပြီးပြောမိပါလိမ့်။ ...င်စစ် ... ဒီလိုပဲပြောရမည်ထင်သည်။ ဒါဟာ အထူးအ...ှင့်အရေးပေးတာလဲမဟုတ်၊ သာမန်သာသာရယ်။ သာမန်...တော့ သူတို့ဆိုင်ကို သွားအပ်ရမည်ပေါ့။ ဒီလောက် ခြ...ုင်းမျက်နှာချင်းဆိုင်နေတဲ့ဟာ၊ ထားဆီလာပေးဖို့ပြောမိသော ...ာမန်သာသာ စကားလုံးတွေဟာ မလွန်ဘူးထင်ပါသည်။ ...ည်ထဲမှ ဝုန်းဒိုင်းကျဲမှန်ဝိုင်းက မရပ်ချင်သေးသည်မို့ မျက်...ှာကိုလည်း ချချင်၊ ခေါင်းကြီးငုံ့ပြီး ရှက်နေရမှာလည်း ...ှက်ဖို့ကောင်း၊ လူလားမမြောက်ရာရောက်သည်။ မျက်နှာ...ယော့မော့ မျက်လွှာချချနှင့်ဆိုတော့ မျက်ကြောင်းကလေးတွေ ...ပေါ်လွင်လျက် အလှဖန်တီးရှင်မလေး၏မျက်နှာအလှက မီး...ထိုးပြသလားထင်ရအောင် လှ...သည်။

အလှဖန်တီးရှင်...မို့ ကိုယ့်ကိုယ်ကို မလှလှ...အောင် ပြုပြင်ထားလို့များ ဒီ...လောက်လှနေသလား တွေးစ...ရာရှိပါ၏။ တချို့ ... မိတ်...ပ်ပြုပြင်ခြင်းအမှုကို တစ်နာ...ရီနီးပါး ပြုစုချယ်မှုန်းပြီးမှ ...ဘာမှလုပ်မထားသော သဘာဝ...မလှလိုမျိုးထွက်လာအောင် ဖန်တီးတာရှိ၏။ အဲသည်လို...များဖန်တီးထားသလား။ ကြမ်းပြင်ပေါ်မှာ စုစုလေးကျနေ...သော ခြေဖဝါးနှစ်ဖက်သည် ဖွေးဖွေးစင်စင်ရှိလှ၏။ ခြေ...သည်းနီမဆိုးပေမယ့် ခြေသည်းလေးတွေ နည်းနည်းရှည်၏၊



www.burmeseclassic.com

www.burmeseclassic.com



ကောကော့လေးတွေဖြစ်နေသည်။ ခြေသည်းရှည်လေးတွေ မှာ ချေးညှော်ကင်း၏။ သန့်သန့်လေး။ ခြေချောင်းလေး ကစလို့လှ၏။ ထိုင်ခုံမှာ လက်နှစ်ဖက်ဆုပ်ထားသည်မို့ ခုံလေးတွေကြည့်တော့လည်း ဖွေးဖွေးဥဥနှင့် အကြော ပြိုင်းထတာမျိုးမရှိ၊ မို့မို့အစ်အစ်ကလေး။ လက်ခုံက တွေသာ အကြောမရှိလို့အစ်နေတာ၊ ကိုယ်လုံးလေးက သွယ်သွယ်ပါးပါး၊ ဝတ်ထားသောအင်္ကျီလေးကို၊ နေ ဘာသားမှန်းမခေါ်တတ်ပေမယ့်၊ အိအိတွဲတွဲလေးမို့ ချ လေး။

အရောင်နုနု အသွေးမှိန်မှိန်မို့ လုပ်လီလုပ် ကလေး။

ထားက မတ်တပ်ကလေးထရပ်လိုက်သည်။ အလှပြင်ပစ္စည်းတွေထည့်သော သေတ္တာလေးနှစ်လုံးကိုဆွဲ

"ကျွန်တော့်ကိုပေး"

နေထက် ... လှမတတ်ဆွဲယူ၍ ပေးလိုက် ရသည်။ ထားဘေးမှ အလှပြင်သေတ္တာနှစ်ခု၊ ဘယ်တစ် ညာတစ်လုံးဆွဲလျက် ကိုယ်ရံတော်တပ်မှူးလေးလုပ်ပြီး ပါလာသည်မို့ ထား ခြေလှမ်းတွေမှားရသည်။ "နေပါ ပြောဖို့လဲ သတိမရ၊ ကိုယ့်ခြံထဲဝင်တော့လဲ သူနောက် ပါလာ၊ အိမ်ထဲရောက်သည်ထိဆိုတော့ မေက မျက်လုံး ပြူးလေးနှင့် ကြို၏။





"ထိုင်ပါဦးလား"

ပြန်မည့်ပုံမပေါ်သူကို ဒီလောက်မှ လောကွတ် လုပ်လျှင် အားနာစရာကြီးမို့၊ တစ်ခွန်းခေါ်ရသည်၊ မပြန် သူက ဧွခနဲ ဝင်ထိုင်၏။

"ဒါ ... မေလေ၊ မေသိင်္ဂီရည်"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"မေ ... ရွှေခြံက"

ထား ဒီနေ့ညပိုင်း ရွှေခြံက ပန်းကြီမည့်ကောင် လေးကို ပြင်စရာရှိတာ မေသိပြီးသား။ ရွှေခြံကဆိုရုံနှင့်၊ လှပြင်သေတ္တာကြီးနှစ်လုံး ဆွဲလိုက်လာတာနှင့် ပေါင်း၍ သောပေါက်လိုက်သည်။

"ကိုနေထက်တဲ့"

"ကိုနေထက် ... "

သက်ပြောထားလို့ ကြားဖူးနေရသော ဇာတာ က နာမည်တင်ညွှန့်၊ ကိုယ့်ဘာသာကဗျာဆန်ပြီးမှည့်တာ နေရဲ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်တော့ နေထက် သောပုဂ္ဂိုလ်မှာ ဒီပုဂ္ဂိုလ်မှလွဲ၍ မည်သူဖြစ်နိုင်ပါဦးမည် နည်း။ သူ ... ရွှေခြံမှာနေလို့လဲ ဒီလောက်ဒီအိမ်အကြောင်း ကာ ဖုန်းတွေဆက်နေနိုင်တာဖြစ်မည်။ မေက ထားလို ျက်နှာကြီးတွေ ပူထူမနေသူမို့ နာမည်တွေအားလုံးကို သ ရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေထက်က ပျော်တတ်ပုံရတယ်နော်၊ ဖုန်း…ရင် ရယ်စရာပြောတတ်တယ်"

သွားပါပြီ။ ထား … ရှက်အားနာနှင့်နာကြီးပူကာ ဘာပြောရမှန်းမသိ၊ ငူငူကြီးရပ်နေ၏။ … လူတစ်ယောက်ကို တစ်ကြိမ်တွေ့ရုံနှင့် ဒီလောက် … ပျက်တာ၊ မေ … ဒီတစ်ခါပဲတွေ့ဖူးသေးသည်။ မေ… ဝင်ထိုင်နေပြီဖြစ်ပါလျက်၊ ထားက မထိုင်နိုင်သေးပါ။

"ထိုင်လေ ထားရဲ့ … ညောင်းလာလို့လား"

ပြောမှ … ထားက ဝင်ထိုင်ဖြစ်သည်။

"ကိုနေထက် … အအေးသောက်ပြီးမှပြန်နော်"

"နေပါစေ၊ မခင်ထားတင်ကိုတိုက်ရင်း အိမ်ကသော…ခဲ့ပြီ"

မခင်ထားတင် … ဆိုသည့်ခေါ်သံကြား… ထား … ကိုယ့်အသိစိတ်လေးတွေ ကိုယ်ပြန်ထိန်းလို့ရ… သူက သူ့အလုပ်သူလုပ်တာ၊ အိမ်နီးချင်းတို့ဝတ္တရားအ… လိုက်ပို့တာ၊ ခေါ်တာတောင် ကြည့်ပါလား … မခင်… တင် … တဲ့။ ဒါကို … ကိုယ်က ရှက်စနိုးကြီးလု… နေမိတာ ဘယ်လောက်ရှက်စရာကောင်းလိုက်ပါသလဲ။

"ဟုတ်တယ် … မမေသီဂီ၊ ကျွန်တော်က … တတ်တယ်၊ ပြီးတော့ ခင်မင်တတ်တယ်၊ အဲဒါ … ဒီအိမ်ကို ဖုန်းလှမ်းဆက်မိတယ်၊ ဘယ်လိုမှမသေ…





မေ့နဲ့နော်၊ ပျော်တတ်လို့ပါ"

"ရပါတယ် … ရိုးရိုးသားသားဆို၊ ကျွန်မတို့ကလဲ ခင်တတ်ပါတယ်၊ ကျွန်မတို့ငါးယောက်လဲ အလွန်ပျော်ပျော်နေတတ်တော့ ကိုနေထက်တို့ သတိထားကြည့်ရင် တွေ့မှာပဲ၊ တစ်ခါတလေ … ခြံထဲဆင်းပြီး စိန်ပြေးတမ်းကစားတာ"

"တွေ့တယ်"

"ဟောတော့ … ကြည့်တယ်ပေါ့"

"ဖန်ခုန်တာလဲတွေ့တယ်၊ သားရေကွင်းတွေနဲ့ဆက်ပြီးတန်းထားပြီးခုန်တာ ဘာကစားနည်းမှန်းမသိလို့ ဒေါ်လေးကိုမေးရသေးတယ်၊ ဖန်ခုန်တာတော့ လှဝင်းပြောတာ၊ အိစ္စတ်ကတော့ လှဝင်းတောင်မသိဘူး၊ ဒေါ်လေးက ခုခေတ်အိစ္စတ်သိပ်မခုန်ကြတော့ဘူးတဲ့"

"ကြည့်စမ်း"

မေက ဟက်ဟက်ပက်ပက်ကလေးရယ်လိုက်သည်။

"ဆယ့်နှစ်ဆယ့်တစ်နှစ်သမီးတွေ ကစားတာမျိုး၊ မေတို့နှစ်ဆယ်ကျော်တွေ ဆော့နေတာမြင်တော့ အရူးတွေမထင်ဘူးလား"

"မထင်ပါဘူး၊ ကြက်တောင်တွေဘာတွေ မရိုက်လို့နည်းနည်းအံ့သြတာတစ်ခုပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာကစားနည်းတွေ ပိုကြိုက်တယ်၊ ထုပ်ဆီး... ရင် လူမပြည့်လို့ ပေါက်စကိုထဲ့ရတယ်၊ အညော... အညာပြေတာမှ၊ လူရောစိတ်ရော၊ ပျောပျော... ဟားနဲ့ စိတ်ကို လွတ်လပ်ပေါ့ပါးသွားတာ"

"မောင်လိုနှမလို ခင်မင်တယ်ဆိုရင်၊ ကျွန်တော်နဲ့... ပင်းလဲပါချင်တယ်"

"ဒါတော့ မရဘူးရှင့်၊ ကျွန်မတို့ မိန်းမအုပ်... ယောကျ်ားတွေကို တစ်ယောက်တစ်မျိုး စိတ်... ကြတာဆိုတော့၊ သိပ်ရင်းရင်းနှီးနှီး မပေါင်း... ဘူး"

မကေပြော၍ ရိုးသားစွာရယ်နေ၏။ ပွင့်... ပြီး ခင်မင်စရာကောင်းတာကို အသိအမှတ်ပြုရပါတော့... ခပ်လှမ်းလှမ်းကသာမြင်ရလျက်၊ မှန်ပြောင်းနှင့်ကျတော့... ထဲဆင်းပြီး ပေါ်တင်ကြီးချောင်းရမှာ ခေါ်လေးကိုရှက်... နာမို့ ညညမှ ပေါ်တီကိုပေါ်ကာကြည့်ရတော့၊ သဲသဲ... မမြင်ခဲ့ရတာ၊ ခုတော့ လေးယောက်ကို မျက်ဝါး... ရေ့ကို မြင်ရှုဒိန်မှာ ထင်ထင်ရှားရှားတွေ့အပြီးမှာ၊ တစ်... တစ်မျိုးလှကြတာကို ဝန်ခံရပါမည်း အလှချင်းညီ... အထဲ ... ထားကတော့ ချစ်ဖွယ်လေးပါ။ ချစ်... ကောင်းတာ၊ ငင်ခုန်ဖွယ်မြတ်နိုးစရာလေးကို ဖြစ်...

"ရှင် ... သက်တံ့ဆိုင်မှာလဲ သွားပြီးဂျ...





တယ်ဆို"

"ဟုတ်ကဲ့"

မေးသူရောဖြေသူပါ ပွင့်လင်းကြသည်မို့ ရယ်... ရာလေးများဖြစ်ထွန်းရတော့သည်။

"ရှင်လုပ်နေပုံတွေက ဘာဒီဇိုင်းလဲ၊ ခုခေတ်ကောင်လေးတွေနဲ့ ဒီဇိုင်းချင်းမဆင်ဘူး"

"မြန်မာပြည်ရဲ့ ခုခေတ်ဒီဇိုင်းကို ကျွန်တော်က သိပ်လက်လှမ်းမမီတော့ လုပ်ချင်ရာတွေလျှောက်လုပ်နေတာ ပေါ်ကြောင်ကြောင်ဖြစ်နေလား"

"ဖြစ်နေတယ်"

"ဟောဗျာ"

ဒီတစ်ခါတော့ ထားပါရယ်ဖြစ်တော့သည်။ နေ... ...က်က သူ့မိဘများ မြန်မာပြည်မှထွက်ခွာသွားပုံ၊ သူ ... ...ိုင်ငံခြားသားဖြစ်မှာစိုးလို့ မြန်မာပြည်မှာ ပြန်မွေးတော့၊ ...ရန်ကုန်သားဇာတိဖြစ်ပုံ၊ လသားလေးမှာ နိုင်ငံခြားပြန်သွား... ...ိုမှာကျောင်းနေ၊ ရှင်တစ်ခါလာပြန်ပြု၊ ဆယ်နှစ်ပြည့်မှ ...က်ပုံတင်ပြန်လုပ်၊ ခုတစ်ခေါက်လာမှ နိုင်ငံသားစိစစ်ရေး ...တ်ပြားလုပ်ရပုံ ... တွေပြောပြသည်။

"ဇာတာထဲမှာ တင်ညွန့်၊ ကိုယ့်ဘာသာကဗျာဆန်မလားမှည့်ကြည့်တာ နေရဲ"

မေတို့က "နေရဲ" ဆိုသောနာမည်ကို နောက်...



www.burmeseclassic.com

www.burmeseclassic.com



…ကြတာလို့ …ရပ်ဖြစ်ကြသေးသည်။

"နိုင်ငံ…စီးဝစ်ရေးကတော်ပြားထဲမှာ နေထက်၊ …မှာ…တော့ ပရက်ဒီတဲ့၊ အတိုခေါ်… ဖရက်"

"အဲဒီ…မည်မသိသေးဘူး၊ ကျွန်မတို့မြန်မာပြည်… အဲဒီ… နာမည်များရင် ဘိုးတော်အတုဖြစ်… များတယ်"

နေထက်က အိမ်ရှေ့အိမ်မှာနေတာမဟုတ်၊ … လေးအိမ်မှာ …နေရင်း မီဘတွေလာခေါ် အသင့်နေ့ … ဆောက်နေတာတွေပြောပြသည်၊ နောက်ဆုံး … စိ… ရင်လဲ ခံရတော့မယ် … ဝန်ခံကာ၊ ယော်တတ်သော… လေးကိုပ် အကူအညီတောင်းပြီး၊ ခင်ထားတင်နှင့် ရ… ချင်လွန်းသည်မို့ အိမ်ကကောင်မလေးကို ခေါ်လာဆော… ကြိမည့်ပုံ ဖန်တီးတာပါ ဝန်ခံပစ်လိုက်တော့သည်။ … ကရော။

"ဖြစ်မှဖြစ်ရလေ၊ ဘာတွေလျှောက်လုပ်နေတာ…

"မမေသီကီတို့နဲ့ ခင်ချင်တာပါပဲ"

"ခင်မင်ချင်ရတဲ့အကြောင်းရင်းက"

"ကျွန်တော်ရဲ့ သွေးသောက်ညီမလေးတစ်ယော… ငါးယောက်ထဲမှာ ရှိနေတယ်ထင်လို့"

"အမယ် … သွေးသောက်ဆိုတဲ့စကားလုံးက …





တို့မှုပိုင်ပါ၊ ပြောပါအုံး၊ ရှင်က ဘာတွေဘယ်လိုထင်ပြီး စုံစမ်းနေတယ်ဆိုတာ …"

"ကျွန်တော့်ကိုခင်တယ်ဆိုမှ၊ သူငယ်ချင်းအဖြစ်လက်ခံတယ်ဆိုမှ ကျွန်တော် ဒါတွေရှင်းပြလို့ဖြစ်မှာ၊ အဲဒါတွေလာပြောတဲ့နေ့မှာ မမေသီကီတို့က ထမင်းတစ်နပ်တော့ကျွေးမှဖြစ်မှာ"

"ဒါ … ညီအစ်မတွေကြားထဲမှာ တိုင်ပင်ပြီးမှ အဖြေပေးနိုင်မယ်ရှင့်၊ ဒီကြားထဲမှာ … ရှင် ပေါကြောင်ကြောင်တွေလျှောက်လုပ်မနေနဲ့၊ အိမ်ရှေ့ခြံကခေါ်လေးလဲ၊ တစ်ခါ … အဲဒီအိမ်မှာ မဟာလာဘမုနိဘုရားကြွလို့ သွားဖူးရင်းတွေ့ဖူးပါတယ်၊ လူကြီးလဲမနေရ၊ ရှင် … တော်တော်ဆိုးတာပဲ"

"ကျွန်တော်တို့အားလုံးက လူပျော်တွေချည်းမို့ပါ"

"ထားပါတော့"

"ကျွန်တော်ပြန်တော့မယ်၊ နောက်တစ်ခါ လာလည်ပါရစေ"

"ဒါလဲ ညီအစ်မတွေကြားထဲမှာ တင်ပြအစီရင်ခံရအုံးမယ်"

"ဖုန်းဆက်မယ်၊ ဒါတော့ ညီအစ်မတွေထဲ တင်ပြမနေနဲ့တော့ ခင်ဗျားတို့ခွင့်မပြုလဲ ဆက်မှာပဲ၊ နားမထောင်ချင်ရင်ချပစ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ"

နေထက်က မတ်တပ်ထရပ်လိုက်သည်။

"ကျွန်တော် ပြန်မယ် မခင်ထားတင့်"

"ဟုတ်ကဲ့"

နေထက် ပြန်သွားသည်။ မေက ထားကိုကြည့်သည်။ စိတ်ပျော့မလေး၊ ဒါဟာ ဒီလောကကြီးရှက်နေစရာလား၊ သူများတွေက သူတို့အကြောင်း သူတို့ပြောရင်း၊ ငိုဖို့သတ်မရဘဲ၊ ဒေါသကလေးတွေထွက်နေချိန်မှာတောင် သူက ကိုယ်စားဝင်ငိုပေးနေတတ်သည့်ကလေးမ။ ဒီနေ့ည ... အချိန်ရလျှင် ဇေ့အကြောင်းကိုပြောနိုင်း၊ အားလုံး ဇာတ်လမ်းကလေးငါးခုပြီးဆုံးသည့်အချိန်မှာ နေထက်ဆိုသော ဇာတ်ထဲမှာ တင်ညွှန့်ဆိုသည့်ပုဂ္ဂိုလ်လေးရှင့် ဘယ်သူက ဘယ်လိုသက်ဆိုင်နေမယ်ဆိုတာ ... ဆုံးဖြတ်ပြီးမှ ... ကိုယ်တော်လေးကို ခင်သင့်မခင်သင့်ပေါ့လေ။

လောကမှာ မကောင်းသည့် ယောကျ်ားငါး ယောက်ရှိတာနှင့် ယောကျ်ားတွေအားလုံးမကောင်းဘူး သတ်မှတ်လို့မရ၊ သူငယ်ချင်းလောက်တော်ဖို့ကတော့ ဝန်လေးစရာမရှိဘူးမဟုတ်လား။ ကိုယ့်အလုပ်တွေထဲမှာလဲ ယောကျ်ားလေးမိတ်ဆွေလုပ်ဖော်ကိုင်ဖက်တွေရှိနေခဲ့ကြတာပဲ မဟုတ်လား။

❀ ❀ ❀



## အခန်း (၃၀)

"သမီးဝေ ... ဧည့်သည်လာတယ်"

ဦးဘမင်းက ပက်လက်ကုလားထိုင်ပေါ်မှ မထဘဲ လှမ်းအော်လိုက်၏။ အိမ်ရှေ့မှာ ထိုးဆိုက်လာသည့် ကားဖြူဖြူဖွေးဖွေး လုံးလုံးကြီးကိုလည်း ကြည့်လိုက်သည်။ ဘာကားမှန်းတောင်မသိတော့။ အရင်တုန်းကနှင့် ကွာပြီလေ။ ဟိုတုန်းကဆို ... ကားမြင်ရုံနှင့် ဘာအမျိုးအစား၊ ကောင်းသင့်၊ ညံ့ တန်းခနဲပြောနိုင်၏။ ကားတစ်စီးကို ဝယ်ဖို့ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက် စက်ဖုံးဖွင့်ကြည့်စရာမလို၊ ကားကို ပတ်ချာလည်လျှောက်ပြီး အပြစ်အနာရှာစရာမလို၊ တန်ဖိုးကို တန်းခန့်ပြောနိုင်သည်။

ခုတော့ ... မျက်စိမှုန်သီဝေခဲ့ပြီမို့ ခုလိုလှမ်းကဆို သဲကွဲစွာမမြင်နိုင်တော့တာလဲတစ်ကြောင်း၊ နောက်ပိုင်း သုံးလေးနှစ်အတွင်းမှာ ဝင်လာသမျှကားတွေနှင့် အလှမ်းဝေးခဲ့ပြီမို့လဲတစ်ကြောင်း၊ ဖြူဖြူဖွေးဖွေးလုံးလုံးကြီးကို ဘာကားမှန်းမပြောနိုင်တော့ပါ။

"ဟုတ်ကဲ့ဖေဖေ ... လာပါပြီ"

ဝေ ... ပြေးထွက်လာရ၏။ ဧည့်သည်ဆိုသူများကို လှမ်းကြည့်သည်။ အော် ... ဦးဦးနိုင်

"ဦးနိုင် ... ကြွပါ။ ကြွပါရှင့်"

ဦးနိုင် ... ဟု ခေါ်သူက အပျော်တမ်းမော်ဟုံဆရာကိုနိုင်မော်။ သူ့ဘေးမှာပါလာသောတစ်ယောက်က စီးပွားရေးကြော်ငြာများရိုက်ကူးနေသော ဒါရိုက်တာဦးလွန်းတင်။ နောက်တစ်ယောက်ကိုတော့ မသိပါ။ အသက်က လေးဆယ်ကျော်ခန့်ရှိမည်။ ငါးဆယ်ပြည့်ကာနီးဖြစ်နိုင်၏။ ဦးနိုင်နှင့် ဦးလွန်းတင်တို့က တီရှပ်တွေ ဂျင်းဘောင်းဘီတွေနှင့် ပေါ့ပေါ့ပါးပါးပေမယ့်၊ အမည်မသိရသေးသောပုဂ္ဂိုလ်ကြီးကတော့ တိုက်ပုံနှင့် ရခိုင်ပုဆိုးနှင့် အကျအနဆင်မြန်းထားပုံထောက်တော့ ကုမ္ပဏီပိုင်ရှင်သူဌေးကြီးထင်ပါရဲ့။





"ကြွပါဦးဦးတို့ရယ် ... ကောင်းကောင်းမွန်မွန်ဧည့်မခံနိုင်တာ၊ နေရာထိုင်ခင်းကောင်းကောင်း မရှိတာတောင်းပန်ပါတယ်၊ အဖေ့ကိုလဲ ခွင့်လွှတ်ပါ။ အဖေက လေဖြတ်ထားတော့၊ တွဲထူသူမရှိရင် မထနိုင်ပါဘူးရှင်"

ဝေ ... လက်အုပ်လေးရင်မှာယှက်၍ တောင်းပန်ရင်း သင်ဖြူးဖျာကလေး ခင်းပေးလိုက်သည်။ အိမ်၏ ဧည့်ခန်း (ဧည့်ခန်းပဲဆိုပါတော့၊ အိမ်ပေါ်တက်တက်ချင်း ပထမဆုံးရောက်သည့်အခန်း) မှာ ကုလားထိုင်ဆို၍ အဖေထိုင်နေသော ပက်လက်ကုလားထိုင်တစ်လုံးပဲရှိသည်။ တစ်လုံးထဲသောကုလားထိုင်က ချေးညှော်ကင်းလျက် ပြောင်စင်နေ၏။ ဆင်းရဲသားဧည့်ခန်းကလေးက ဖုံအလိမ်းလိမ်းတက်မနေဘဲ၊ သပ်ရပ်သန့်ရှင်းနေတာတော့ ဝေ့လက်ရာပါ။ ဝေတို့မှာ ကြိမ်ဆက်တီလေး တစ်စုံလောက်တော့ ဝယ်နိုင်ပါသည်။ အရင်ကလည်းရှိခဲ့ဘူးပါ၏။ ဝေတို့ပိုင်သောအိမ်ကလေးမှာ မြေကွက်က ပေအစိပ်၊ ပေငါးဆယ်၊ ဘေးတစ်ပေခွဲစီချန်တော့ အိမ်အကျယ်က နှစ်ဆယ့်နှစ်ပေ၊ ရှေ့မှာ ငါးပေချန်ပြီး နောက်ဖေးလမ်းကြားမှာ အပြည့်ယူလိုက်တော့ အိမ်အရှည်က လေးဆယ့်ငါးပေ။ အဲသည်နှစ်ဆယ့်နှစ်ပေ၊ လေးဆယ့်ငါးပေလေးက ပျဉ်ထောင်နှစ်ထပ်ကလေး။ ဆောက်တုန်းကတော့ လှလှပပလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမေမမာတော့ အိမ်ကလေးကို ထက်ခြမ်းခြမ်း၍ ပရိဘောဂခြင်းမှာ နှစ်ထပ်လုံး လူငှားတင်ရသည်။ စပေါ်လေးလခလေး သုံးရ၏။ အဲသည်ကတည်းက ထည့်စရာမှာ ကြို ကုလားထိုင်ဆက်တီလိုက်မထားတော့တာပါ။ အလယ်က ရှံဖို့ တိုင်စိုက်၊ အခန်းဖွဲ့၊ ဘာညာနှင့် ... ခုတော့၊ ဆယ် ပေပတ်လည်လောက်ရှိသည့် ဧည့်ခန်းကျဉ်းလေးထဲမှာ ကြို ကုလားထိုင်ကို လေးလုံးတစ်ခြမ်းတည်းထား၍ နှစ်ယောက် ထိုင်ကို အိမ်ထဲသွင်းလိုက်ရသည်။ နောက် ... အမေသုံး၏။ နာရေးဧည့်သည်များအတွက် ဖျာခင်းပေးရန် ကုလား ထိုင်တွေကို အိမ်ထဲသွင်း၊ ပြန်မထွက်ရသေးမီ၊ အမေ ရုတ်တရက်ကြီး လေဖြတ်သွားသည်။ အမေ့အတွက် ဆေး ကုဖို့ လူငှားတင်ထားသော ပရိဘောဂခြမ်းနှစ်ထပ်လုံးကို ပြီးရောင်းလိုက်ရ၏။ သစ်သားနံရံလေးတစ်ချပ်သာခြားသော လုံးချင်းအိမ်ကလေးကို တစ်ဝက်ရောင်းသည်ဆိုတာ အိမ်ပျ စားတွေတောင် ကြားဖူးရုံသာသာပဲရှိသိမ့်မည်ထင်၏။ သည်လိုရောင်းလိုက်ရသည့်အိမ်တစ်ခြမ်းကလေးထဲ ... ကြို ဆက်တီပါ ထည့်ရောင်းလိုက်၏။

ဧည့်ခန်းမှာ ... အမေ့အတွက် မရှိမဖြစ်ပက် လက်ကုလားထိုင်တစ်လုံး လိုလာပြီဆိုတော့၊ ပက်လက် ကုလားထိုင်တစ်လုံးချပြီးသည့်အခါ ကျန်နေသေးသောနေရာ မှာ ရှင်းရှင်းလင်းလင်းသင်ဖြူးခင်းလိုက်တာ အကောင်းဆုံး၊





ဧည့်သည်တွေက သင်ဖြူးသန့်သန့်လေးပေါ် ထိုင်၏။

"နင့်ကို ကြော်ငြာရိုက်ချင်လို့ လာခေါ်တာ"

"အမလေး ဝမ်းသာလိုက်တာ" ... ဆိုတာ ရင်ထဲမှာ အကျယ်ကြီးအော်လျက်၊ လူကတော့ လက်သီး လေးနှစ်ဖက် ကျစ်ကျစ်ဆုပ်၊ ရင်မှာ တူတူယှက်ပြီး ပြုံး ပစ်လိုက်ပုံက တစ်ကမ္ဘာလုံးမှာ ပျားရည်မိုးကြီးရွာချလိုက် သလားတောင်ထင်ရ၏။

ပြောသူက ခတ်ပုံဆရာကိုနိုင်မော်ပါ။

"ဒါက ဒါရိုက်တာဦးလွန်းတင်၊ နင်ကြားဖူးမှာပါ"

"ဟုတ်ကဲ့ ... မြင်လဲမြင်ဖူးပါတယ်၊ တီဗီမှာ အင် တာဗျူးတွေပါတာပဲ၊ မဂ္ဂဇင်းတွေထဲလဲ ပါတာပဲ၊ ကျွန်မက ဒါရိုက်တာဦးလွန်းတင်နဲ့ ကြော်ငြာတစ်ခု လောက်ရိုက်ခွင့်ရရင် သေတောင်သေပျော်ပြီလို့ ..."

"ကဲ ... ကဲ ... မသေလိုက်နဲ့အုံး၊ ကြော်ငြာလေး တစ်ခုတော့ ရိုက်သွားအုံး"

"အို ... အများကြီးရိုက်ချင်တယ်"

"လှမေ့အောင်မိတ်ဆက်ပေးပါရစေဦးဟာ၊ နင်ကလဲ ကြော်ငြာရိုက်ရမယ်ဆိုတာနဲ့ ကုန်းပေါ်ရောက်လာတဲ့ ငါးလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်လွန်းလို့ပါ"

"အေး ... ဖြေးဖြေးပျော် ဒါက မန်နေရျာကြီး ဦးအေးထွန်း။ အခု အံသစ်ထုတ်မယ့် ... ချင်ပင်ဇီ chimpanzee အားဖြည့်အချိုရည်တစ်မျိုးပဲကွာ။ မျက်နှာ နုပ်ခွေနုံးနေတဲ့ နလံထလူနာတို့၊ အားကစားသမား တို့၊ သက်ကြီးရွယ်အိုတို့၊ တစ်နေကုန်မနားရဘဲ မျှ တစိုစိုနဲ့မောနေရတဲ့ အိမ်ရှင်မတို့၊ စာကျက်ရလွန်းလို့ အိပ်ပျော်ပြီး မျက်ခွက်ချိုင့်နေတဲ့ကျောင်းသူကျောင်း သားတို့ ... /

"လိုအပ်တဲ့ခွန်အားကို ချက်ချင်းပြည့်သွားရစေမယ်၊ ချင်ပင်ဇီတစ်ကောင်လို ခုန်ပေါက်လှုပ်ရှားသွားနိုင်စေ ရမယ်။ အဲဒါ ... အဲဒါရိုက်မလို့၊ မန်နေရျာကြီးပဲ ကြော်ငြာမင်းသမီးတွေက မျက်နှာတွေထပ်နေပြီပဲ၊ အသစ်နဲ့ ရိုက်ချင်တယ်ဆိုလို့"

ကိုနိုင်မော်က အစကတည်းက ရင်းနှီးပြီးသားမို့ သူက ရှင်းပြ၏။ ဝေက အရယ်မျက်နှာကို မသိမ်းနိုင်ဘဲ အပျော်လွန်နေ၏။

"ငါကလဲ ပြောထားတယ်ကွာ ... ကောင်မလေးလှလှ တစ်ယောက်ရှိတယ်၊ မိုဒယ်သင်တန်းတွေဘာတွေမှ တက်ပြီးပြီ၊ ဓာတ်ပုံရိုက်တာလဲ ဝါသနာပါလို့ ရှိုး မှုမုန့်ဖိုး ဓာတ်ပုံရိုက်တာနဲ့ ကုန်တာပဲလို့၊ အေဂျ





ဘစ်တွေဘာတွေလဲ သပ်သပ်တက်ထားတာ၊ မော် ဒယ်သင်တန်းတွေမပေါ်ခင်ထဲကလို့၊ မျက်နှာကလဲ ဖိုတိုဂျင်းနစ် (Photogenic) ဖြစ်တယ်၊ အချိုးကျ တယ်၊ အဆင်ပြေတယ်လို့ပြောပြထားတယ် ...

"အဲဒါ ဒါရိုက်တာကြီးက လိုက်ကြည့်တာပဲ၊ ဒါရိုက် တာကြီးရေ ... ရှင်းရှင်းပြောလို့ရတယ်နော်၊ ပွင့် လင်းတာဟာ အကောင်းဆုံးပဲ"

"ဘုရား" ... ။ ဝေ့ရင်ထဲ ပူခနဲဆို့သွားရ ၏။ ဦးနိုင်ဆိုလိုတာက မကြိုက်ရှင်းရှင်း၊ ကြိုက်ရှင်းရှင်း၊ တစ်ခါထဲ ပွင့်ပွင့်လင်းလင်းပြောခဲ့။ မျှော်လင့်ချက်တွေပေး ပြီး တစ်ခါမှ ခေါ်မရိုက်လျှင် မျှော်ရတဲ့သူ သစ်ကုလားအုပ် ဖြစ်ပြီး လည်ပင်းရှည်ရောဂါနှင့် သေနိုင်၏ ... ဆိုသော အဓိပ္ပါယ်။ ဘုရား၊ ဘုရား။ သဘောကျပါစေ။ ဝေ ... ကြော်ငြာလေးတစ်ခုရိုက်ကိုရိုက်ချင်လှပါ၏။ ပါရမီကိုဖြစ် မှာ။ မော်ဒယ်သင်တန်းကို ချိူ့ချိူ့တဲ့တဲ့တက်ထားရသူမို့ နေ ရာတကာလဲ မပါနိုင်၊ ကိုယ့်အိမ်မှာ လူမမာပြုစုနေရတာနှင့် ကိစ္စပြီးနေရသည်။ သင်တန်းဆင်းပြီးသူတွေ လှုပ်ရှားကြ သည့်ကဏ္ဍတွေထဲမှာတောင် စုံစေ့အောင်ပါခွင့်မရ။ ကိုယ်က မအား။ အားတော့လည်း ဖုန်းဆက်အကြောင်းကြားဖို့ ကိုယ့် အိမ်မှာ ဖုန်းမရှိ။ မော်ဒယ်သင်တန်းဆိုတာ များသောအား ဖြင့် သူဌေးသမီးမလေးတွေချည်းလိုလို တက်ကြတာ။ ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲသားထဲမှတက်တာတော့ ပေတစ်ဆယ်ကျော်ပဲ ရှိလိမ့်မည်ထ ပါသည်။

"ဦးအေးထွန်း သဘောကရော"

သူက အလုပ်အပ်သည့်ဆေးရှင်ကြေးရှင်မို့ လွှန်းတင်က လှည့်မေး၏။

"ဒီလိုရှိတယ် သမီးရဲ့"

ဦးလွှန်းတင်က ရိုးသားရင်းနှီးလှသော်ပုံနှင့် သ ဟုခေါ်၏။

"တချို့ကုမ္ပဏီပိုင်ရှင်တွေက၊ ဒါရိုက်တာကောင်းမ ထင်သလို လုပ်ပါဆိုပြီး ပုံအပ်တာမျိုးရှိတယ်၊ တ က ဘယ်မင်းသမီး၊ ဘယ်မင်းသားလို့ချင်ပါတ ပြောတာမျိုးရှိတယ်၊ တချို့ကျ ဘယ်လိုအကွက်မျိုး လေးထည့်ရိုက်ပေးပါပြောတာမျိုးလဲ ရှိတယ်။ ခု … ဦးအေးထွန်းကတော့ ကြော်ငြာမှာ တစ်ခါမှမမြင်ဖူး ဘူးသေးတဲ့ မျက်နှာသစ်ကလေးဖြစ်စေချင်တယ်"

"ကျွန်တော့်သဘောက မျက်နှာသစ်ဖြစ်ဖို့တစ်ခုထဲပါ ပဲ၊ ဒီကလေးမက ရုပ်ကလေးရော ကိုယ်လုံးကို ပေါက်ပါလှပါတယ်၊ သူလုပ်နိုင်မလုပ်နိုင်နဲ့၊ ဆ သင်လို့ရမရ၊ ဆရာပဲဆုံးဖြတ်ပါ၊ ကျွန်တော် အပ ပြောဖို့မရှိပါဘူး"

"ကျွန်တော်တော့ မျက်နှာတည်ဆောက်ပုံကြိုက်တယ်။





တချို့မိန်းကလေးတွေ ချောကြလှကြပါတယ်၊ ဒါပေ မယ့် … ခံစားမှုမပါတဲ့ကွက်လပ်ကြီးမျိုးနဲ့လှနေတာ၊ တချို့ကျတော့ သိပ်မလှဘူး၊ ဒါပေမယ့် … မျက် နှာက အဓိပ္ပါယ်တွေအများကြီးထွက်နေတယ်၊ ကျွန် တော်တော့ မဆိုးဘူးထင်တာဘဲ"

"ဒါရိုက်တာကြီးကြည့်ဖို့၊ နင့်ဓာတ်ပုံတွေထုတ်ပြလိုက် လေ"

"ဟုတ်ကဲ့"

ဆ … အိမ်ခန်းထဲသို့ လှစ်ခနဲပြေးဝင်၏။ နိုင်မော်က၊ ငွေကို ဖြစ်စေချင်၏။ ကူညီလို့ရသလောက် ညီချင်သည်။ ကောင်မလေး … ငတ်ပြတ်နေတာတော့ ဟုတ်၊ သို့ပေမယ့် ဆင်းရဲရှာသည်ဟု ပြောလို့ရ၏။ အဖေ အကြီးကို ပြုစုရသေးသည်။ သူ့သား သူ့သမီး သူ့မြေး နေနေသော အဖေ့အစ်မကြီးကို အိမ်မှာ ဖွတ်ပင့်ထားရ း၏။ ဝေအပြင်သို့သွားလျှင် လူနာစောင့်ကလေးမှရစေ

သူ့သမီးကို ကိုယ်လုံးလှသည် မျက်နှာလှသည် နေကြသူတွေကို၊ ဦးဘမင်းက မျက်နှာပူစွာ၊ ပူလည်းမပူ စွာ ကြည့်နေရ၏။ အစတုန်းကတော့ ကိုယ်ရှာကျွေး ၊ သူတို့သားအမိ၊ အိုးပိုင်အိမ်ပိုင်၊ ရွှေတွဲလွဲငွေတွဲလွဲ သမီးကလေးက ကျောင်းတက်။ ဒီကလေးမ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကထဲက စာထဲစိတ်ဝင်စားမှုက လျော့ပါး၏။ ကျေ
ထက် အပြင်စာအဖတ်များသည်။ စာဖတ်ခြင်း ဝါသ
ပါလျက်၊ ကျောင်းစာကျတော့ ပျင်း၏။ အပြင်စာ
မှာ ဝတ္ထုမှ၊ ကာတွန်းမှ၊ ရုပ်ပြမှမဟုတ်၊ အခြားဗဟု
မည်သည့်စာမဆို၊ စာနံ့ဖတ်၏။ ဗဟုသုတတော့ ကြွယ်
အသိဉာဏ်ရှိသည်။ သို့ပေမယ့် ကျောင်းစာကျတော့၊
ပွဲမကျပေမယ့် နောက်နားက အောင်ခဲ့တာချည်း။

"သူလုပ်ကျွေးတာကို ပြန်စားရမယ့်အချိန်"

သည်အတွေးက ဖခင်၏ရင်ကို သည်း
ရိုက်ပုတ်၏။ နာကျင်စေ၏။ သို့ပေမယ့် ... တ
တတ်နိုင်တော့တာ။ ကိုယ်တိုင်က သူတွဲထူမှ ထရပ်နိုင်
တာ။

"သမီးပညာလေးနဲ့ အဖေ့ကို ကောင်းကောင်း
ပြီး ဆေးကောင်းကောင်းကုနိုင်ဖို့ ဘာအလုပ်
ကောင်းမှမရနိုင်ဘူးအဖေ၊ ဖြတ်လမ်းကလိုက်
ပဲပြောပြော၊ သမီး မော်ဒယ်သင်တန်းတက်ချင်
"မော်ဒယ်လုပ်မယ်၊ အဆက်အသွယ်ရရင် ရုပ်
ဒီယိုသရုပ်ဆောင်ထိလုပ်ချင်တယ်၊ ဝါသနာလဲပါ
အောင်မြင်ရင်လဲ စားရော"

ဝေ့စကားက ယုတ္တိကျနေ၏။

"ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွှေ့ဘူးဆို





ကားဟာ အခါခပ်သိမ်းမမှန်ဘူးလို့ မေမေရှိစဉ်က
ဆုံးမခဲ့ဘူးပါတယ်။ သမီး ကြည့်နေတတ်ပါတယ်၊
ကိုယ့်ကိုကိုယ်လဲ ထိန်းတတ်ပါတယ်။ ဒီအလုပ်မှာ
ယောကျ်ားလေးတွေနဲ့ တွဲရတယ်ဆိုပေမယ့်၊ အန္တရာယ်
ဆိုတာ ရှောင်ချင်ရင် ကင်းပါတယ်ဖေဖေ ...
"အင်မတန်ကံဆိုးမိုးမှောင်ကျလွန်းမှ ကိုယ်ကရှောင်
ပါလျက်နဲ့ အန္တရာယ်ဆိုးထဲ ကျတာပါ။ သမီး ဒီ
လောက်ကံဆိုးမယ် မထင်ပါဘူး ဖေဖေ"
"အေးလေ ... မိခင်ကြီး မမာတုန်းကလဲ ပြုစုခဲ့
ရတယ်။ အဖေမမာတော့လဲ ပြုစုရတယ်၊ ခု ...
အဖေကို လုပ်ကျွေးမယ့်သမီးဟာ အန္တရာယ်ကင်းမှာ
ပါ။ ကုသိုလ်ရမှာပါ"

ဖြေတွေးနှင့် စိတ်ချလိုက်ရ၏။ ဒါဟာလဲပဲ
အာဓိဝ တစ်မျိုးပဲလေ။ ဝေက ဓာတ်ပုံအယ်လ်ဘမ်တစ်
ထုတ်လာသည်။ ဒါတွေအားလုံး ဦးနိုင်ရိုက်ပေးထားတာ
ပါ။ ဒါရိုက်တာနှင့်မန်နေဂျာတို့က ဓာတ်ပုံတွေကိုကြည့်

"ဖြစ်ပါလိမ့်မယ်၊ စမ်းကြည့်တာပေါ့"
"ဒါရိုက်တာကြီးသဘောပါပဲ"
"တစ်ခုတော့ရှိတယ် ... နာမည်က ဘယ်သူ"
"အကြင်နာဝေ ... ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နှာမည်လေးကတော့ လှပြီ"

စင်စစ် ... အဖေမှည့်ခဲ့သောနာမည်က "...

ဝေမင်း"။ ရိုးသားသည်ဟု ကိုယ့်ဘာသာဆုံးဖြတ်က...

ဒယ်သင်တန်းတက်ကထဲက ကိုယ့်နာမည်ကိုယ်ပြောင်း...

"အကြင်နာဝေ"။

"အကြင်နာဝေ ... အဲသမီးနာမည်ကလှပေမဲ့...

ရခက်တယ်၊ ဝေပဲခေါ်မယ်"

"ဟုတ်ကဲ့ ... ခေါ်ပါရှင့်"

"ဝေက လှုသစ်လဲဖြစ်နေတယ်၊ ဖြစ်မဖြစ်စမ်း...

ရအုံးမှာဆိုတော့၊ ဖြစ်ရင်တော့ အိုကေတယ်၊...

ရင် စမ်းကြည့်ရတဲ့ကုန်ကျစရိတ်ရှိတယ်၊ ...

ဦးအေးထွန်းတို့က ကုန်ကျခံရမှာ၊ ဦးက ...

ရှင်းရှင်းပြောတာက်လို့ပါ ...

"နှစ်ဦးနှစ်ဖက်မျှတာအောင် ဝေက အခုသရုပ်...

ခ အနုပညာကြေးကို မယူပါနဲ့ဦး၊ ဖြစ်ထွန်း...

ထွန်းသလို၊ ဦးအေးထွန်းတို့ကလဲ မနေပါ...

ကလဲ တောင်းပေးမှာ၊ ဒီကိစ္စ ... စေတနာ...

ပေးတဲ့ကိုနိုင်မော်ကရော သဘောတူသလား"

"ဘယ့်နှယ်လဲဝေ ... ငါ့တော့ သဘောတူ...

"ဖြစ်ပါတယ်ဦးရယ်၊ ရိုက်ခွင့်ရတာကိုပဲ ဝေ...

သာပြီး အရမ်းပျော်နေရပါပြီ။ နောက်ထပ်...



ကလဲ ဆက်ပြီးကူညီပေးပါဦး၊ ဦးဦးဆရာကလဲ၊ ဦးဦး ဆရာရိုက်တဲ့ကြော်ငြာတွေမှာ သမီးနဲ့ အဆင်ပြေမှာ ရှိရင် သုံးပေးပါရှင် ... ဦးလေးဦးအေးထွန်းတို့ ကလဲ နောက်ထပ်ကြော်ငြာရိုက်ဖို့ရှိသေးရင် ပြောပါ ရှင်"

ဦးဘမင်း ... မျက်ရည်ဝဲလာသည်။ ဖြစ်မှ ဖြစ်ရလေ သမီးလေးရယ်။ ဝါသနာနဲ့မှ ဝမ်းစာရှာချင်တော့ ဒွတ်ကြီးကို တိုးဝင်ရတော့တာပဲလေ။ သနားလိုက်တာ သမီး လေးရယ်။

"ဒါဖြင့် ... ငါတို့ပြန်မယ်၊ နင် အဝတ်အစားလေး ငါးစုံတော့ ပြင်ဆင်ထားပေါ့"

"ခေတ်တော့မှီရမယ်ပေါ့ဝေ၊ ဒါပေမယ့် ... ပေါ်ပေါ် လော်လော်ကြီးတွေ ဦးလေးတို့ကုမ္ပဏီက မကြိုက် ဘူး၊ အသားပေါ်မှ လှတာမဟုတ်ဘူးတဲ့၊ ဗိုက်တွေ ခါးတွေဖော်စရာမလိုပါဘူး"

"ကျေးဇူးတင်ပါတယ်ဦးလေး"

ဝေ မျက်နှာလေး ငုံ့၍ပြော၏။ ဦးဘမင်းက စိတ်အေးသွားပုံနှင့် မျက်ရည်ထပ်ဝဲရပြန်သည်။ နှစ်ခါပြန် ဝဲသွားသည့် မျက်ရည်စတွေက မျက်ဝန်းအိမ်မှာ ပြည့်လာ သည်မို့ လက်ကိုင်ပုဝါထုတ်၍သုတ်ရ၏။ ဦးဘမင်း ငိုနေ သည်ဟု မည်သူကမျှ မထင်ကြပါ။ လေဖြတ်ဝေဒနာရှင်များ ဟာ တစ်ခါတစ်ရံ ဒီလိုပဲ မျက်ရည်ထွက်နေတတ်မျိုး၊ ...



www.burmeseclassic.com

www.burmeseclassic.com



နည်းတာငိုတာမရှိဘဲနှင့်လည်း စိုးကျာတတ်တာမျိုးရှိတတ်၏။

"ပြန်ပြီ"

"ဟောတော့ … ဝေ ဘာမှလဲမကျွေးလိုက်ရဘူး။ ဝမ်းသာလုံးဆို့ပြီး အမျှော်လွန်သွားလို့ ကမ္ဘာကြီးကို တောင် မေ့သွားတယ်။ ခဏလေးလောက် ပြန်ထိုင် ပေးကြပါလားရှင်။ ဖဲ … ကော်ဖီလေးတိုက်ပါရ စေ၊ ကန်တော့ … ကန်တော့"

နိုင်မော်ကရယ်၏။ ဦးလွန်းတင်နှင့်ဦးအေးထွန်း တို့လည်း ပြုံးကြသည်။

"ရတယ်။ နင်ကြော်ငြာတစ်ခုကို ငါးသိန်းရတော့ ငါ့မိန်းမကို စိန်နားကပ်သေးသေးတစ်ခု ဝယ်ပေးပေါ့၊ ဒီကြားထဲမှာ ဘာမှစားမသွားဘူး"

နိုင်မော်က နှောက်၏။

"ဝယ်ပေးမယ် ဦးနိုင်"

"အေးပါ … အဲဒီအချိန်ကျ၊ ဦးနိုင်ဆိုတာ ဘယ်သူ ပါလိမ့်မဖြစ်ရင် ပြီးတာပါပဲ"

"ဝေ … ဒါမျိုးမဟုတ်ပါဘူး ဦးနိုင်ရယ်"

"အေးပါ … အေးပါ"

အိမ်ရှေ့ခါးလေးကိုဆင်း၊ ငါးပေကျယ်ခြံက လေးကိုလျှောက်၊ ခြံဝထိ ဝေက လိုက်ပို့ပေးလိုက်တော့၊ ကားရှေ့ခန်းယာဉ်မောင်းနေရာမှ မှန်တံခါးက အောက်သို့





လျှောကျသည်။

"ဟွန်း"

ဝေ … စိတ်ထဲ မျက်သွား၏။ ဒရိုင်ဘာက ပြုံး ငေးနေလိုက်တာ၊ ကိုက်စားတော့မလားထင်ရတယ်၊ ဝမ္ဗိုလို့ပေါ့နော်၊ အလကားပဲတင်းမိုဒယ်လေးမို့လို့ပေါ့နော်၊ နာမည်ကြီးမိုဒယ်တွေသာဆို၊ သူ အဲဒီရှေ့ကဖြတ်လျှောက် လျှင်တောင် ခေါင်းငုံ့လျှောက်ရမှာ၊ ခုတော့ … ဝေက လူ ပလေးခွေးမခန့်စဉ်ကာလပေါ့လေ။ စောင့်ကြည့်ပါ။ လူရော တ်ပါ ရှိသေလေးစားခြင်းခံရတဲ့ "အကြင်နာဝေရဲ့နေ့" ကို ရောက်စေရမယ်မှတ်။

❋ ❋ ❋

"ဘယ့်နှယ်လဲ … အစ်ကိုလေး"

"ဖွဒ်ရှယ်ပဲ"

"ခင်ဗျားတော့လေ … "

ဦးအေးထွန်းက ရယ်လိုက်၏။ ကိုယ့်ယာဉ် မောင်းကို အစ်ကိုလေးခေါ်သည့် ဦးအေးထွန်းကို ဦးလွန်း တင်နှင့်ကိုနိုင်မော်တို့က၊ နောက်ခန်းမှနေ၍ အံ့သြစွာကြည့် လိုက်၏။ နားထဲမှာ "အစ်ကိုလေး" လို့ ကြားလိုက်မိပါ တယ်။ နာမည်က "ကိုကိုလေး" မို့ "ကိုလေး" "ကိုကို

www.burmeseclassic.com



လေး" အဲဒီလိုခေါ်လိုက်တာလည်း ဖြစ်နိုင်၏။ "ခင်ဗျား" "ကျွန်တော်" ဆိုတာကတော့ ခေတ်မီယဉ်ကျေး၍ အသ... မာခြင်းကင်းသော အလုပ်ရှင်တွေက၊ ကိုယ့်အလုပ်သမား ကိုကိုယ် တစ်ခါတလေ သုံးစွဲပြောဆိုတတ်ပါ၏။

"ဆရာဦးလွှန်းတင်၊ ကျွန်တော့်ဘက်ကတော့ အိုပ... ပြီနော်"

"ကျွန်တော်လဲ မျက်နှာကျကို ကြိုက်တယ်။ သူ့မျက်နှာက ခံစားချက်ပါတယ်"

"ကျွန်တော် ခေတ်ပုံရိုက်လာသမျှသက်တမ်းအတွင်းမှာ စိတ်တိုင်းအကျဆုံး မိုဒယ်ပဲ"

"မဂ္ဂဇင်းမျက်နှာဖုံးပါဖူးလား"

"သုံးလေးခုလောက်ပါဖူးပါတယ်"

"အတော်ပါပဲ။ ပရိသတ်မသိတာသိကလေးပေါ့။ ... တဲ့လူနည်းနည်းရှိ၊ မသိတဲ့လူများများရှိလေးပေါ့၊ ... လေးပြောသလို ဝွဒ်ရှယ် ... "

"ကိုလေး" ဆိုတာကို ပီသစွာကြားလိုက်ရ... သူတို့ကပါ "ကိုလေး" ခေါ်ဖို့ ဆုံးဖြတ်ချက်ကျသွားကြ၏။ နာမည်ရင်းက ကိုကိုလေးထင်ပါရဲ့။

❀ ❀ ❀



BURMESE CLASSIC .com



ကားပေါ်ကနေ လှမ်းကြည့်လိုက်တော့၊ ပြဒါး ဝါမှန်ပြတင်းမှဖြတ်လျက် သူ့မျက်နှာဝိုင်းမလိုလိုနှင့်သွယ်ကျသွားသည့်မေးချွန်ချွန်းလေကို တွေ့၏။ အသားရောင်က မလိုင်ဖွေးဖွေးမှာ စထရော်ဘယ်ရီသွေးနှောထားသလို၊ ဖြူဖြူမှာ ပန်းသွေးပြေးလျက် လက်နေပေမယ့်၊ ဘာတစ်ခုမျှ မလိမ်းမခြယ်ရသေးတာ သိသာသည်။ တယုတယမွှေးထားပုံရသော ဆံပင်ဖားလျားကြီးက တစ်ကျောလုံးဖုံးလျက်ရှိနေတာတော့ စိတ်အိုက်ချင်စရာကောင်း၏။ နည်းနည်းပါးပါး နွမ်းပါးပုံရသော ကောင်မလေးတစ်ယောက်ဟာ ဒီလောက်တောင်လှရသတဲ့လား။ ကုသိုလ်ကံက အလှလေးတစ်ခုထဲမှာ စုပ်ကောင်းနေပြီး၊ ကျန်သည့်ဘက်ကျတော့ သိပ်ကောင်းပုံမပေါ်ပါ။ သနားစရာလေး။

"အလကားလုပ်ပေးရမှာ" ... တဲ့။

ဒီလိုပါပဲလေ။ အနုပညာလောကထဲ တိုးဝင်ရတာ၊ ကိုယ့်ပိုက်ဆံနှင့်ကိုယ်၊ ကိုယ့်ငွေထုပ်ကိုယ်ပိုက်ပြီး ကျောထောက်နောက်ခံအပြည့်နှင့် အလုံးအရင်းဝင်နိုင်လျှင် ဝင်။ ဒါတောင် ငွေမျက်နှာကိုကြည့်လေ့မရှိသော အနုပညာသည်ကြီးတွေဆီမှာ ... ငွေမျက်နှာကို လုံးလုံးလျားလျား ကြည့်ပါလျက် မကြည့်ချင်ယောင်ဆောင်ပြီး ဟန်ကြီးပန်ကြီးနိုင်ပြထားသည့် အနုပညာရှင်မဟုတ်သော၊ အနုပညာရှင်တွေကြားထဲ ကြင်လည်ကြက်စားနေသော လူတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ငွေထုပ် ကိုယ်ပိုက်ပြီး အောက်ကျခံရတာမျိုးတောင် ရှိသေးသည်။

ငွေမရှိ၊ ကျောထောက်နောက်ခံမရှိ၊ အနုပညာလေးတစ်ခုသာရှိပါသည်ဆိုသော အနုပညာရှင်ကလေးတွေ အဆိုတော်ဖြစ်ချင်သူတွေ၊ သရုပ်ဆောင်ဖြစ်ချင်သူတွေ၊ စာရေးဆရာဖြစ်ချင်သူတွေ၊ ပန်းချီဆရာဖြစ်ချင်သူတွေ၊ ခုဆို နောက်တစ်လိုင်းထပ်ပေါ်လာသေးသည်။ မိုဒယ်လုပ်ချင်သူလေးတွေ ... အဲဒါကလေးတွေရဲ့ဒုက္ခကို၊ ကိုလေး ကောင်းကောင်းသိပြီး ကောင်းကောင်းကြီး ကိုယ်ချင်းစာသည်။ နာမည်လေးက "အကြင်နာဝေ" ... တဲ့။ လှရှာသား။ လူတကာက အကြင်နာတွေဝေပေးခြင်းကို ရယူခံစားမယ့်အကြင်နာဝေလား၊ သူ့ဆီက အကြင်နာတွေကို တစ်ဖက်သားများဆီ ဝေပေးမယ့်အကြင်နာဖြန့်ချိသူကလေးလား။ သူ့ခမျာမှာ ... မိတ်ကပ်ဆရာလည်းပါမလာ။ အဖော်အလှော်လက်တိုလက်တောင်းလေး တစ်ယောက်မှလည်းပါမလာ။

ဟိုတစ်ခါ ကြော်ငြာရိုက်တုန်းကဖြင့် ... သရုပ် ဆောင်က ရွှေမင်းသမီးမို့ ပါလာလိုက်သည့် အခြွေအရံတွေ၊ သူ့ကို လာကြိုရန်မလိုပါတဲ့။ သူ့ကားနှင့်သူ နှစ်စီးလာ၏။ သူစီးလာသောကားက နစ်ဆန်းလော်ရဲ။ နောက်တစ်စီးကတောင်းအေ့စ်။ တောင်းအေ့စ်ကားပေါ်မှာ မိတ်ကပ်ဆရာ၊ အဝတ်သေတ္တာထမ်း၊ လက်တိုလက်တောင်းကောင်မ





လေးကချည်း နှစ်ယောက်၊ သူ့အဝတ်အစားတွေက သေတ္တာထဲလဲပါ၊ ကားခေါင်မိုးမှာတန်းလုပ်ပြီး ချိတ်နှင့်ဆွဲလာတာတွေကလည်း အများကြီး၊ ထိုင်ဖို့ အလူမီနီယံခေါက်ကုလားထိုင်မှန့်ဟင်းခါးဆိုင်တစ်ဆိုင် ကောင်းကောင်းလုံနိုင်သော ဇရာမထီးကြီးက တစ်ချောင်း၊ ယိုးဒယားဖျာကဲ တစ်ချပ်၊ တွေ့ကရာမစားတတ်သူမို့၊ သူဆာလျှင်စားဖို့ ချိုင့်ကြီးချိုင့်ငယ်ကအသွယ်သွယ်။ ရေခဲဗူး၊ ရေနွေးဗူး၊ အသီးအနှံက မျိုးစုံ။ ခွဲဖို့ဓားကအစ၊ လက်သုတ်ပုဝါအဆုံး၊ အိမ်တစ်ဆောင်လုံးများ ပြောင်းလာသလားထင်ရသည်။

သူ့ကားထဲမှာကျတော့၊ သူနှင့် သူ့အုပ်ထိန်းသူနှစ်ယောက်ထဲ။ ကားနှစ်စီး ယာဉ်မောင်းနှစ်ယောက်နှင့်ဆိုတော့ လူအုပ်စုစုပေါင်း၊ ရှစ်ယောက်တိတိ။ အကြင်နာဝေကလေးမှာဖြင့် တစ်ယောက်ထဲ။ ကားနှင့်သွားကြိုလာခဲ့ရာမှာ၊ ကင်မရာခရူဟုခေါ်သော ဗီဒီယိုရိုက်အဖွဲ့၊ စက်ပစ္စည်းအဖွဲ့ကိုကြိုသည့် ဟိုင်းလပ်စ်ကားနှင့်ပါလာခဲ့သည်။ ဒါရိုက်တာက ရှေ့ခန်းမှာထိုင်နေကျ၊ သူက ဆရာကြီးမို့ ရှေ့ခန်းမထိုင်မဖြစ်လို့ထိုင်ရတော့၊ ကောင်မလေး ... ကင်မရာသေတ္တာတွေ၊ ကင်မရာခြေထောက်သေတ္တာတွေ၊ မီးသီးမီးလုံးသေတ္တာတွေ၊ မီးကြိုးတွေ၊ မှန်ထိုးအဖြစ်သုံးသော ငွေရောင်ကတ်ပြားချပ်တွေကြားထဲ ပြားပြားညပ်၍ ပါလာခဲ့ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... ဘာကူညီရမလဲခင်ဗျာ"

သနားလွန်းသည်မို့၊ ကိုလေးက အနားသို့ ရောက်သွားသည်။ လုံခြုံသည့်တစ်နေရာမှာ အဝတ်သွားလဲ ဖို့ သူ့အဝတ်အိတ်ကြီးကို သေလုအောင်မနေတာ မကြည့် ရက်တော့ပြီ။

"ရပါတယ်"

အော် ... ကိုယ်က စေတနာနှင့် ကူညီတာ ကိုပဲ သူက လက်ခံချင်ပုံမပေါ်။ ဒရိုင်ဘာက မတန်မရာ လာရောနေတယ်ထင်ရင်လဲ ထင်တော့။ ဒရိုင်ဘာဆိုတာက တစ်နေ့မှာ ကားပိုင်ရှင်ဖြစ်လာဖို့ တက်လမ်းက နည်းလွန်း ၏။ သူတို့မိုဒယ်တွေက ကြော်ငြာတစ်ခုပေါက်သွားလျှင် တစ်ခုပြီးတစ်ခုပေါက်လျှင်၊ တစ်နေ့ ငါးသိန်းရအောင်ရှာ နိုင်သူတွေလေ။ နေ့တိုင်းရိုက်လျှင် တစ်လဝင်ငွေ သိန်းတစ် ရာ့ငါးဆယ်။ နေ့တိုင်းမရိုက်ရဘူးပဲထား။ တစ်လမှာ ကြော် ငြာဆယ်ခုလောက်ပဲရိုက်။ သိန်းငါးဆယ်။ အဝတ်အစားဖိုး ကကုန်လှ၊ နှစ်သိန်းသုံးသိန်းပေါ့၊ ကြော်ငြာဆယ်ခုအတွက် လေ။ တချို့ကျ အဝတ်အစားဖိုးကို ကုမ္ပဏီကကျခံရလျှင် ရသည့်ငွေကအသားတင်။ သူတို့မှာတော့ တက်လမ်းကြီးကို ဖြူးလို့။ လှေခါးကြီးကို မတ်လို့။ အပေါ်ထိမရောက်ဘဲ လမ်းတစ်ဝက်မှာတင် တန့်နေသူတွေလည်း ရှိသည်ပေါ့။

ကိုယ်က သနားလို့ကူညီချင်တာ၊ သူက အကဲ





နေတော့ ရှိစေတော့။ နေရိပ်ထဲမှာ သွားထိုင်နေလိုက်သည်။ ကောင်မလေး သူ့အိတ်အလေးကြီးကို ဒရွတ်ဆွဲ၍ သစ်ပင် ရွယ်သို့သွားနေ၏။ ကူညီကာကွယ်ပေးမည့်သူလည်းမပါ။ ဆောက်အဦးတစ်ခုခုထဲမှာ ရိုက်တာဆိုလျှင်တော့ အဝတ် စားလဲဖို့ရာ ပြဿနာမရှိ၊ ခုလို ... အဆောက်အဦးမဲ့ ကွင်းလင်းပြင်လိုနေရာမျိုးကျတော့ မခက်ဘူးလား။

"အမေ့"

"ဟား ... ဟား ... ဟား"

ချဉ်ချဉ်နှင့် အော်ရယ်ပေးလိုက်၏။ မှတ်ထား သူတော်ကောင်း၊ မကောင်းထင်လို့ ချော်လဲပြီ။ ပတ်ထဘီ က ခြေဖျားထိလုံသည်မို့ ခြေလှမ်းတုပ်ရသည့်အထဲ ဒရွတ် ဆွဲအိတ်ကြီးနှင့် ဖားလျားဝေကာအုပ်ဆိုင်းနေသော ဆံပင်ပြား ကြီးကိုလည်း နည်းနည်းကလေးမှ စည်းနှောင်နိုင်ပုံမရ။ ဒီ လို အားလျားချသော ဆံပင်တွေက စည်းနှောင်လျှင် ပုံပျက် သည်မို့ တစ်သက်လုံး ဖားလျားပဲချထားရသည်။ မျက်စိအ ပြင်ရှေ့မှာကွယ်လျက် ခဲလုံးလဲမမြင်တော့ဘူးထင်ပါရဲ့။

"ရှင် ... ဘယ်လိုလူလဲ"

"သူလိုငါလိုပါပဲ"

လှည့်ရန်တွေ့ခြင်းခံရတော့ ပိုရယ်ချင်သည်။ ကောင်မလေး ရှက်ရမ်းရမ်းတာ။

"တစ်ဖက်သား ချော်လဲတာကို ရယ်တဲ့သူလောက်



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းတဲ့သူမရှိတော့ဘူး"

သူ့ဘာသာ ဖုတ်ဖက်ခါထရရှာ၏။ ထူမည့်သူ လည်းမရှိပါ။ တစ်ဖွဲ့လုံးမှာ မိန်းမသားဆိုလို့ သူတစ်ယောက် ထဲရှိသည်။ သူများတွေလည်း သူ့အလုပ်နှင့်သူ ရှုပ်နေကြ တာမို့ သူဘာဖြစ်နေလဲလည်း ... ဘယ်သူမှ သိပုံမပေါ်ပါ။

"ဟောဗျ ... ဘာလို့ငိုတာလဲ"

"ဒုက္ခရောက်လွန်းလို့ပါရှင်"

"ဖြစ်မှဖြစ်ရလေဗျာ"

ကိုလေး ... ကြည့်မနေနိုင်တော့ပါ။ သူ့နား ကိုသွားလိုက်သည်။ ပြီးတော့ ပြုံးပြ၏။

"ဟားတာမဟုတ်ဘူးနော်၊ ခင်လို့ပြုံးပြတာ။ ခင်ဗျား မဂ္ဂဇင်းတွေ သတင်းစာတွေထဲမှာ ကြော်ငြာတာ ဖတ်ဖူးလား။ ငွေပန်းတိမ်တစ်ခုက ကြော်ငြာတာ ကျွန်တော့်ကိုခိုင်းပါ ... တဲ့ ...

"ခုလဲ၊ ကျွန်တော့်ကိုကျွန်တော် ကြော်ငြာပါတယ်၊ ကျွန်တော့်ကိုခိုင်းပါ၊ ကူညီပါရစေ ... ကူညီပါရ စေခင်ဗျ"

ရဲသီချင်းကို ဆိုပြလိုက်ပြန်၏။

"ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပေးပါရစေ၊ ကျွန်တော့်နာမည် ကိုလေးပါ။ ဟိုမှာတွေ့လား၊ ဟဲ ဒီကားမောင်းတယ်၊ ခင်ဗျားမှာ အဖော်မပါဘူး၊ ကျွန်





တော် ကူညီပေးနိုင်တာရှိရင်ခိုင်းပါ။ ဘာလုပ်ပေးရ မလဲ၊ ဆောစောကရယ်မိတာကိုတော့ခွင့်လွှတ်။ ရိုင်း မှန်းသိပေမယ့် ... မျက်စိရှေ့ ဗိုင်းခနဲလဲရင်တောင် ခွဲမထူခင် လူဆိုတာ ရယ်မိတာပဲ"

"ကျွန်မ အဝတ်လဲဖို့ နည်းနည်းပါးပါး အကာအ ကွယ်လေးရှိမယ့်နေရာတစ်ခု ရှာချင်တယ်၊ ပြီးတော့ အဲဒီနေရာကို ဒီအဝတ်အိတ်တွေ ရောက်စေချင်တာ ပါပဲ"

"ဒါလေးများ"

ကိုလေး ... ရှီခနဲ လေချွန်၍ ထွက်သွား၏။ ခဏကြာတော့ ပြန်ရောက်လာသည်။ သွက်လက်ဖျတ်လတ် ကာ ပေါ့ပါးရွှင်လန်းနေသည့်လူငယ်တစ်ယောက်၏ဟန်ပန် က သူ့မှာအပြည့်မို့ သူကြည့်ရတာနှင့်ပဲ ကိုယ်စိတ်ညစ်တာ တွေ ပြေလုနီးပါးဖြစ်ရတော့၏။

"ဒါရိုက်တာနဲ့မန်နေဂျာနဲ့ ငြင်းတုန်း၊ ခွင်ချတုန်း၊ ခင်ဗျားအတွက်နေရာတွေ့ခဲ့ပြီ။ ခေါင်ရန်းပန်းခြံကြီး ဗျ၊ ထူလဲထူတယ်၊ ဒီဘက်ခြမ်းက လူတွေအားလုံး ကွယ်တယ်၊ ဟိုဘက်ခြမ်းကျတော့ ရေစပ်၊ ခပ်လှမ်း လှမ်းမှာ ကျွန်း၊ ဒီတော့ ... ခင်ဗျား အဝတ်အစား လဲရင် ဒီဘက်တော့လုံတယ်၊ ဟိုဘက်ကလဲ ...

"ရှိးရှိုးမျက်စိနဲ့ဆိုရင် မမြင်ရဘူး၊ ဟိုဘက်ကျွန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မှန်ပြောင်းကိုင်ထားတဲ့လူရှိရင်တော့ ခင်ဗျား
လွယ်ဘူး။ ကုသိုလ်ပေါ့။ ပေး ... ”

အဝတ်အိတ်တွေကောက်ဆွဲပေးသည်။ ရှေ့မှ သွက်သွက်သွားသည်မို့ ဝေ အပြေးလိုက်ရသည်။

“ခင်ဗျားကလဲ အိမ်နီးပါးချင်းလေးတစ်ယောက်ယော ခေါ်လာရောပေါ့၊ ဒါမျိုးက မိန်းမဖော်လိုတယ်”

“အော်ရှင် ... ခေါ်စရာကိုမရှိလို့ပေါ့”

“စဉ်းစားကြည့်ပြီးခေါ်ပေါ့၊ ဒါမျိုးကိုလိုက်ချင်ကြ တယ်၊ ရပ်ကွက်ကြီးတစ်ခုလုံး တစ်ယောက်မဟု တစ်ယောက်အားမှာပါ၊ ခင်ဗျားရှေ့မှာ မတ်တပ်ရ ပြီး လုံချည်လေးဖြန့်ဝတ်သလိုလိုနဲ့ကာရင်တောင် ဖက်လုံအခန်းတစ်ခုရတယ်”

ဝေ ဘာမှပြန်မပြောတော့ပါ။ ငိုချင်နေ၏။ သူ့ခြေလှမ်းကျဲကြီးတွေနောက် ပြေးလိုက်ရတာနှင့်လည်း လှပြီ၊ စကားပြောချင်စိတ်မရှိ။

“စိတ်ကိုလျှော့မချနဲ့ဗျ၊ တောင့်တား။ သတ္တိမွေး။ နုပညာလုပ်ငန်းတွေဆိုတာ မအောင်မြင်ခင်မှာ တကာကို ရှိခိုးနိုင်မှ တော်ရုံကျတယ်။ အောင်မြင် တဲ့တစ်နေ့မှာ ခင်ဗျားကို လာရှိခိုးကြလိမ့်မယ်”

“ရှင့်အတွေးအခေါ်ကလဲ ညံ့လိုက်တာ”

စိတ်ပေါက်ပေါက်နှင့် ပြောချပစ်လိုက်၏။





“ဈေးတွက်ပဲတွက်တာကိုး။ အနုပညာ ရှုထောင့်ကမှ မကြည့်ဘဲ။ ကိုယ့်အနုပညာမာနကို မချနိုင်လို့ အဆင်းရဲခံနေတဲ့အနုပညာရှင်ကြီးတွေ အများကြီး”

“ဒီကိစ္စ ... နောက်မှ အကျယ်တဝင့်ဆွေးနွေးမယ် ဗျာ၊ ခင်ဗျားကို ဘာအကျိုးဝတ်ရမယ်ပြောပြီးသား မဟုတ်လား။ ပြီးရင် လေချွန်လိုက်၊ ကျွန်တော်လာ သယ်ပေးမယ်”

“မိန်းကလေးရှင့်၊ ဘယ်သူလေချွန်တတ်မှာလဲ”

“ဒါဖြင့်လဲ ... ရှီလို့အော်လိုက်ပေါ့”

“အရူးလား”

“ဒါဆို ဘယ်လိုခေါ်မလဲ ခင်ဗျားပဲဆုံးဖြတ်”

“ပြီးပြီ ... လို့ပြောလိုက်မယ်”

သူ ... အိတ်တွေပစ်ချကာ၊ မြက်ပေါ်ပါ ထိုင်ချလျက် ခွက်ထိုးခွက်လန် ရယ်တော့သည်။

“ဒါ ... ရယ်စရာလား”

“အော် ... ကျွန်တော် ငယ်ငယ်က မေမေက အီး တယ်ရင်၊ ပြီးတဲ့အခါမှာ အမေ့ကို လှမ်းအော်ခေါ် တာ ... သွားသတိရလို့”

“အို ... ရှင်”

ရှက်လည်းရှက်၊ ရယ်လည်းရယ်ချင်၊ စိတ်ထဲ တော့ နည်းနည်းပါးပါး ပေါ့ပါးသွားရသည်။ မိဒယ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာတော့ ငါအဆင်းရဲဆုံးပဲဆိုသည့်အတွေး ဝင်တော့လ မျက်ရည်က ဝဲရပြန်၏။ သူဆင်းရဲက သူဌေးသမီးတွေ တဲ့အလုပ်ကို ဝင်လုပ်ချင်တာကိုး... ဟု ကိုယ့်ကိုယ် ဆိတ်ဆွဲချင်၏။ သင်တန်းပြီးသွားလို့သာ၊ စိတ်ဓာတ်ကျ မှုလျော့ပါးသွားရတာ၊ သင်တန်းတုန်းကဆို ... သင်တန်း ကို ဘတ်စ်ကားစီးပြီးလာတာ၊ ဝေဆိုမှ ဆေတစ်ယောက် ပါ။

"ဒီလောက်ရယ်နေတာကိုတော့ ခွင့်လွှတ်ဗျာ ... တော်က အရယ်သန်တယ်"

သူထွက်သွားတော့ သူ့ကျောပြင်ကို တစ်ချက် တော့ငေးဖြစ်၏။ သူငယ်ချင်းရှားပါးသော ဝေ့အတွက် ထက် နည်းနည်းပါးပါးအသက်ပိုကြီးသော သူငယ်ချင်း ကိုကြီးတစ်ယောက်တော့ ရပြီထင်ပါရဲ့။

❀ ❀ ❀

"ခင်ဗျားတို့မိဒယ်သင်တန်းသူတွေထဲက ကြေ ကဏ္ဍာပေါ်ရောက်လာတာ ခင်ဗျားပါနဲ့မှ သုံးယော ပဲရှိသေးတယ်။ ဂုဏ်ယူပါဗျ"





"ကျွန်မကတော့ ကျွန်မမှာ ဂုဏ်ယူစရာ ဘာတစ်ကွက်မှရှိတယ်လို့မထင်ပါဘူး၊ ကြည့်ပါလား ... သရုပ်ဆောင်အမျိုးသားလုပ်တဲ့သူကတောင် မိတ်ကပ်ဆရာနဲ့ သေတ္တာထမ်းနဲ့ မှန်ကိုင်နဲ့၊ သူ့နောက်မှာ သုံးလေးယောက်ပါလာတယ်"

ဒီကြော်ငြာအတွက် အမျိုးသားသရုပ်ဆောင်ကိုလည်း မျက်နှာသစ်ထဲကပဲ ရွေးချယ်ထားသည်မို့ မင်းသားပေါက်စမဟုတ်သော ဝါသနာရှင်သူဌေးသားလေးက မင်းသားလောက်ကို ဂိုက်ထုတ်နေ၏။

"လောကမှာ ပိုက်ဆံဟာ နေရာတကာ စကားပြောတာပဲ"

ဝေက စိတ်ရှုပ်ထွေးစွာ ညည်းညူ၏။

"ငွေပေးဝယ်လို့မရတာတွေ အများကြီး။ ဥပမာ ... အချစ်ဗျာ၊ အနုပညာဗျာ ... "

"အချစ်လဲ ... တစ်ခါတလေ ငွေနောက်လိုက်သွားတာပဲ"

"လူပုဂ္ဂိုလ်ကြီးလိုက်သွားတာပါ။ အချစ်တော့ ပါမယ်မထင်ပါဘူး"

"အနုပညာရှင်တွေလဲ ကိုယ့်အနုပညာကို ကိုယ်ရောင်းရတာပဲ ပြည်သူလူထုဆီမှာ"

"ပြည်သူ့ဆီအရောက်ပို့တာပါဗျာ၊ နည်းနည်းပါးပါ



www.burmeseclassic.com

www.burmeseclassic.com



လေးများ ကဗျာဆန်အောင်ပြောစမ်းပါ၊ ကျွန်တော် သိတဲ့ အနုပညာသမားတစ်ယောက်ရှိတယ်။ သူက လုပ်ချင်လာရင်ထထလုပ်တယ်၊ အမြဲမလုပ်ဘူး"

"ဘာတွေလဲ"

"သီချင်းဆိုတယ်၊ စီးရီးတစ်ခွေကို ငါးသောင်းလောက် ပဲကုန်တဲ့ခေတ်တုန်းက စီးရီးထုတ်ဖူးတယ်၊ ဒီနေ့ခေတ် မှာတော့ စီးရီးတစ်ခွေဟာ ဆယ်သိန်းရဲ့အထက်မှာ ကုန်တာတောင် ထွက်လိုက်ကြတဲ့ စီးရီးတွေဗျာ၊ ကျွန် တော်တို့မြန်မာပြည်မှာ သူ့ခွေးပေါပါတယ်၊ ဆယ်သိန်း ဆိုတဲ့ပိုက်ဆံကို ထုတ်သုံးနေနိုင်ကြတာပဲ"

"အဲဒီထဲမှာ ကျွန်မတော့ မပါပါဘူး"

"တစ်ခါတလေ ... အခန်းတံခါးပိတ်ပြီး ပန်းချီဆွဲ နေတယ်ဗျာ၊ သူ့ပန်းချီကား၊ သူ့တစ်သက်မှာ ဆယ် ကားလောက်ဆွဲဖူးပြီး၊ တစ်ကား ရောင်းရဖူးတယ်၊ ဘယ်သူမှမဝယ်မှန်းသိပေမယ့်၊ သူက ... သူ့အိမ် မှာ တစ်ကိုယ်တော်ပန်းချီပြပွဲလုပ်တယ် ... "

"ဘယ်သူတွေလာကြည့်ကြလဲ"

"သူငယ်ချင်းတွေပေါ့။ အိမ်ကနေ ထမင်းစောင့်ကျွေး ရတယ်။ နောက်ပြီး ... သူ ... သရုပ်ဆောင်လဲ လုပ်ဖူးတယ်"

"ဘယ်သူလဲဟင်"





ကိုလေးက ရင်ကိုကော့လိုက်၏။ လက်မနှင့် ကိုယ့်ရင်ဘတ်ကိုယ်ထောက်သည်။

"လုပ်ချင်စိတ်ပေါက်လာတဲ့အချိန်၊ ကိုယ့်အနုပညာ ကို ပြည်သူဆီတင်ပြပို့ပေးချင်စိတ်ပေါက်လာတဲ့အခါ မှာ ထလုပ်လိုက်တာပေါ့ဗျ။ ငွေရဖို့လဲ မဟုတ်ဘူး၊ နာမည်ကြီးဖို့လဲမဟုတ်ဘူး။ အမြဲလဲမလုပ်ဘူး၊ လုပ် ချင်တဲ့အခါထလုပ်တယ်၊ ဒါပဲ၊ လုပ်စားတဲ့အသက် မွေးဝမ်းကြောင်းကျတော့ သပ်သပ်"

ဪ ... ကိုလေးကို သေသေချာချာကြည့် သည်။ တီဗီဖန်သားပြင်ပေါ်မှာတောင် မမြင်ဘူးသည့် အနု ပညာရှင်ပဲ။

"ရှင် ... တီဗီမရိုက်ဘူးလား။ သီချင်းလေးဘာ လေး"

ကိုလေး ခေါင်းခါ၏။

"စီးရီးတစ်ခွေရှိတယ်ဆို"

"ရိုက်ချင်စိတ်ရှိတုန်းက ဘာကြောင့်မှန်းမသိ မရိုက် ဖြစ်ခဲ့ဘူး။ ခုတော့ ... မရိုက်ချင်တော့ဘူးဗျ၊ အ သက်ကြီးသွားပြီ"

"ရှင် ... ရှင်က ... "

"သုံးဆယ်ကို တော်တော်တောင်ကျော်နေပြီဗျ၊ ဆယ် ခြောက်နှစ်ထင်လို့လား၊ အရွယ်တင်တယ်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟဲဟဲ"

ဝေပါ ရယ်လိုက်ရသည်။ ဝေက မတိမ်း ယိမ်းမှတ်နေတာ၊ သူက ဦးနိုင်တို့လောက်ဖြစ်နေတော့ ဦး ကိုပဲခေါ်ရမလား၊ ဦးလေးခေါ်ရမလား။ ကိုကိုလေးခေါ်ဖို့ ကျတော့လည်း စိမ်းလွန်းမည်ထင်၏။ မစိမ်းရအောင် သူ့ နှင့်ကိုယ်နှင့်က မီးလို့လား။

"ကျွန်တော်တို့သူဌေးက ခင်ဗျားကို သဘောကျသွား ပြီ။ ချင်ပင်ဇီအားဖြည့်အချိုရည်ကြော်ငြာကို ဆိမ် မှာကြည့်တော့ ကြိုက်လွန်းလို့၊ ဒါကြောင့် အခု … ခင်ဗျား၊ ဒီကြော်ငြာ ဆက်ရိုက်ရတာ"

အခုကြော်ငြာက အဆီကျ၊ အသားကျစ်၊ ဆ သားအရေနူးညံ့ပျော့ပျောင်းလျက် အရွယ်ကို နုပျိုစေသည့် "ရုပ်ပျိုဆေး"။ သူ … သူ့ကုမ္ပဏီသူဌေးဆီက ရုပ်ပျိုဆေး တွေတောင်းသောက်ထားလို့ တကယ်ပဲ ရုပ်ပျိုနေလေသလား မသိ။ ဝေ့မျက်စိထဲမှာတော့ သူဟာ ဘယ်လိုမှ သုံးဆယ် မပြည့်နိုင်သေးဘူး ထင်ရတာပဲလေ။

"ဦးကိုတို့ကုမ္ပဏီက အလုပ်တွေအများကြီးလုပ်တယ် နော်"

"ခင်ဗျား … ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

"ဦးကို … လို့၊ သုံးဆယ်ကို ကျော်ကျော်လို့ ဆို၊ ကျွန်မက နှစ်ဆယ်"





"နှားထောင်လို့ကောင်းပါတယ်"

"ကျွန်တော်နဲ့မပြောဘဲ ငါလို့ပဲပြောပါလား၊ ကျွန်မ ကျေးဇူးရှင်လဲဖြစ်ပါတယ်"

"ဘာကျေးဇူးတွေများ ပြုမိလို့ပါလိမ့်"

"စိတ်ဓာတ်ရေးရာပေါ့ရှင်၊ ကျွန်မက ဆင်းရဲလို့ စိတ် ဓာတ်ကျနေတာ၊ သူများနဲ့ယှဉ်လိုက်တိုင်း ကိုယ်က ချည်းပဲ အဖက်ဖက်က လျော့နေတော့ အရှမ်းစိတ် ဆင်းရဲရတယ်"

"တို့ကုမ္ပဏီမှာ အလုပ်ဝင်လုပ်မလား၊ သူဌေးကို ပြော ပေးမယ်"

"လခ ဘယ်လောက်ရမလဲ"

"ဟာကွာ … မင်းပိုက်ဆံစကားတော်တော်ပြောတဲ့ ကလေးမပဲ။ ဘာလုပ်ရမလဲတော့ အရင်မမေးဘူး"

"ဆယ်တန်းအောင်ထားပြီး၊ စပီကင်တို့၊ ကွန်ပျူတာ တို့ ဘာမှထပ်မတက်ဘူးတဲ့မိန်းမမှန်း ဦးကိုသိပြီး သားပဲ၊ ရနိုင်တဲ့အလုပ်ကို မှန်းနိုင်မှာပေါ့"

"နှစ်ထောင်လောက်တော့ ရမှာပေါ့"

"တော်ပါပြီ။ လမ်းစရိတ်ရှိတယ်၊ ကိုယ့်ထမင်းကိုယ် စားရမယ်၊ အပြင်ထွက်တော့ လူမြင်တင့်တယ်အောင် ဝတ်ရဦးမယ်၊ ဘယ်လိုလုပ်ပြီးလောက်မလဲ။ အိမ် ဖော်လုပ်တာကမှ ဝတ်ပြီးစားပြီး တစ်လကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



သောင်ကျော်အသားတင်ပိုက်မိဦးမယ်"

"ဟုတ်တာပဲ"

"ကျွန်မ ... မိုဒယ်လုပ်ရတာလဲ ဝါသနာပါတယ်၊ ဒီအလုပ်ကလေးဖြစ်ထွန်းချင်တယ်၊ ချင်ပင်ခိုက သ လကားသရုပ်ဆောင်ပေးရမယ်ဆိုပေမယ့် အဝတ်အ စားဖိုးဆိုပြီး တစ်သောင်းခွဲပေးပါတယ်"

"နာမည်ကြီးလာရင် ငါးသိန်းရမယ်"

"သွားရေယိုပါတယ်ရှင်။ ခု ... ဆေးကြော်ငြာကျ တော့ အဝတ်အစားဖိုးမပေးတော့ဘူး၊ သရုပ်ဆောင် ခတဲ့ သုံးသောင်းပေးတယ်၊ တစ်လနှစ်သောင်းနဲ့ ဘယ် လုပ်နိုင်ပါတော့မလဲ၊ ဦးကို ပြောပေးနိုင်ရင်၊ နောက် ထပ် ကြော်ငြာတွေရိုက်ပါဦးလို့ ပြောပေးပါလား၊ ဦး ကိုရဲ့သူဌေးက တခြားဘာတွေလုပ်သေးလဲ"

"ရွှေပန်းတိမ်နဲ့ရွှေဆိုင်"

"ဟား ... အဲဒါရိုက်ချင်တယ်။ ကိုယ်မပိုင်ရပေမယ့် ကိုယ်ပေါ်မှာ တင်ဖူးတယ်ရှိအောင်၊ စိန်ရွှေရတနာ တွေ အများကြီး တစ်ခါလောက်ဝတ်ဖူးရရင် သေပျော် ပါပြီရှင်၊ ပြောပေးပါဦးကိုရယ်"

ဝေက ကိုလေးဒူးကို တွန်း၍ပူဆာ၏။ ကိုယ့် ထက် ဆယ်နှစ်ကျော်ကျော်ကြီးသည့် ဦးလေးသားချင်းအရွယ် ပြီးတော့ သူက ယာဉ်မောင်းမို့ သူ့လိုကိုယ်လို ဆင်းရဲချမ်း





သာချင်းလဲ သိပ်မကွာ၊ ဝေ့ရင်ထဲမှာ ရင်းနှီးနေသည်။

"ပြောပေးရင် ... ဝေက ကိုယ့်ကို ဘာပြန်ပေးမလဲ"

"ရွှေတွေ အများကြီးဝတ်ထားတဲ့အချိန်မှာ ဦးနိုင်နဲ့ ဓာတ်ပုံရိုက်ပြီး၊ အဲဒီဓာတ်ပုံတစ်ပုံပေးမယ်"

"တကယ်လား"

"တကယ်"

"ပြောပေးမယ်"

"မရိုက်ရရင်၊ ဓာတ်ပုံလဲမရဘူး"

"ရအောင်ပြောပေးမယ်"

"သူဌေးက ဦးကိုနဲ့ တော်တော်ရင်းနှီးလား၊ တစ်ခါ မှလဲ ရိုက်ကွင်းတွေကို လိုက်မလာဘူးနော်၊ မန်နေ ဂျာတွေနဲ့ပဲ လွှဲထားတာပဲ"

"ဒါ ... သူ့အပိုင်းပဲကွ"

"မသိလို့မေးတာများ"

"နှုတ်ခမ်းစုရင်စု၊ မျက်စောင်းမထိုးနဲ့"

"ပဲ့ပါမှာကျနေတာပဲ"

"အကြင်နာဝေဆိုတဲ့ မိုဒယ်မလေး မျက်ရိုးကျိုးမှာ စိုးလို့ပါကွာ။ မျက်ရိုးကျိုးကြီးနဲ့ဆိုရင် ကြော်ငြာရိုက် လို့မရတော့ဘူး"

"သွား"

လက်ပြင်ကို တွန်းပစ်လိုက်ပြီးမှ ဝေ...



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာ လက်တွေ့သိပ်ပါနေမိပြီဆိုတာ သတိထားလိုက်မိ၏။ ဆင်ခြင်ဦးမှ။ ဆေကတော့ သူ့ကိုခင်လို့။ အရွယ်ချင်းလဲကွာလို့။ တရင်းတနှီး။ သို့ပေမယ့် … တစိမ်းယောကျ်ားလေး။ ယောကျ်ားနဲ့မိန်းမ တစိမ်းနှစ်ဦးသာ ဘယ်အရွယ်နဲ့ဘယ်အရွယ်မှ မနီးစပ်အပ်ဘူးတဲ့။ မေမေရှိတုန်းက ဆုံးမဖူးသည်။ မိန်းမသားဆိုတော့ မိခင်ရှိလို့ မိခင်က ဆုံးမလျှင်နာယူ။ မိခင်မရှိတော့တဲ့အခါမှာလည်း မိခင်ပြောခဲ့ဖူးတာလေးတွေ ပြန်ပြောင်းသတိရပြီး ဆင်ခြင်၊ ကိုယ့်မိခင်က ကိုယ့်ကို ဘယ်လိုမှမဆုံးမဘူး၊ ဆုံးမမသွားခဲ့ဘူးဆိုလျှင်တောင်၊ တခြားမိခင်တွေက သူတို့သမီးတွေကို ဆုံးမနေတာကြားလျှင် ကိုယ်က ကြားထဲမှဝင်ပြီး နာယူမှတ်သားလက်ခံထားလိုက်ခြင်းအားဖြင့် အလိမ္မာကို ပျိုးထောင်ယူရတာမျိုးပါ။ အနီးကပ်သွန်သင်မည့်သူနှင့် ဝေးတော့လည်း ရံခါဆိုသလို သတိလက်လွတ်ဖြစ်ရပါ၏။ ဆေ … အနေအထိုင် သိပ်များရဲတင်းရင်းနှီးလွန်းနေသလား။ သုံးဆယ်ကိုတော်တော်ကျော်နေပါပြီဆိုသည့် ဦးကိုက ဝေ့ကို တစ်ခါတလေကျ လူငယ်ပေါက်စလေးလို ငေးလိုငေး၊ ပြောလိုပြော။

မကျီစားနဲ့ဦးကိုရယ်။

❀ ❀ ❀





"ဦးလေး နေမကောင်းဘူးဆို … ဝေ"

"ဟုတ်ကဲ့ … ဖျားလို့၊ ဂရုစိုက်နေတဲ့ကြားက အအေးမိသွားတယ် ဦးကိုရယ်"

ကြော်ငြာဆိုတာ နေ့တိုင်းရိုက်နေရတာမှ မဟုတ်တာ။ ဝေ့အလုပ်က တစ်ခါလုပ်ထားပြီးလျှင် ရက်ပေါင်းများစွာ နားနေရသည့်အလုပ်ဖြစ်နေ၏။ အိမ်မှာပဲချက်ရင်းပြုတ်ရင်း ဖေဖေ့ကို ပြုစုရင်း၊ လက်ထဲကပိုက်ဆံလေးတွေနောက်တစ်ခါ ထပ်မရခင်စပ်ကြား လောက်အောင်ဆွဲသုံးဖို့ တွက်နေရသည်။ ဝေက အရမ်းချို့ချို့တဲ့တဲ့ကြီးတော့မဟုတ်ပါ။ အိမ်တစ်ခြမ်းရောင်းထားသော ငါးသိန်းခွဲကဖေဖေ့ကို ဆေးကုလာခဲ့တာ၊ ငါးသောင်းကျော်ကုန်ပြီမို့ ငါးသိန်းနီးပါး လေးသိန်းကျော်ကျော်တော့ ကျန်သေးသည်။ ဒါကို ဝေ … ဘယ်နှစ်နှစ်ထိုင်စားပြီး၊ ဖေဖေ့ကို ဘယ်နှစ်နှစ်ဆေးကုရမည်မှန်း မပြောနိုင်သည်မို့ မထိဘဲထားကာ၊ စားဝတ်နေရေးအတွက် ဝေက သပ်သပ်ရှာဖို့ ကြိုးစားနေရခြင်းဖြစ်ပါ၏။

"ဆရာဝန်ခေါ်လား"

"ခေါ်ရတယ်၊ ဖေဖေက လမ်းမလျှောက်နိုင်တော့ ဆေးခန်းသွားလို့မှ မရတာ"

"လူတွဲနဲ့ဆိုရင် ရတယ်ဆို၊ မေးကြည့်တာပါ ဆေးခန်းသွားနိုင်းတာမဟုတ်ပါဘူး၊ လိုအပ်ရင် ကိုယ့်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပါလားဝေရယ်၊ ယောကျ်ား ... ယောကျ်ား
ချင်းမှ ပွေ့ရချီရ နိုင်နိုင်နင်းနင်းရှိမှာပေါ့"

"ငါ"နဲ့ ပြောပါဆိုမှ၊ ဆေတွေ ကိုယ်တွေဖြစ်
နေတာ သတိထားမိပေမယ့် ဒီအတွက် ဝေ စိတ်အနောက်
အယှက် ဖြစ်မနေမိပါ။ အေးဆေးနားထောင်နိုင်နေ၏။

"ဦးကိုက ဘယ်နေမှန်းမှမသိတာ"

"ဖုန်းနံပါတ်ပေးထားမယ်၊ ဖုန်းဆက်။ မိန်းမသကြား
ချင်ကြားမယ်၊ အပေါက်ခံရရင်လဲ သည်းခံလိုက်
ပေါ့ကွယ်၊ လူကြီးနဲ့လူငယ်ပဲ"

"ဦးကိုဖုန်းမဟုတ်ဘူးလား"

"ဒရိုင်ဘာတစ်ယောက်ဟာ တယ်လီဖုန်းနဲ့ဘာနဲ့နေ
နိုင်မလား။ ကိုယ်ကပ်နေရတဲ့ကားပိုင်ရှင်ရဲ့ ဖုန်းပေါ့
ကိုယ့်သူဌေးဖုန်း၊ သဌေးကတော်လာကိုင်ရင် နည်း
နည်းပါးပါး လေသံမာတယ်၊ ဒါပေမယ့် ခေါ်ပေး
ပါတယ်"

ဒါပေါ့လေ။ ကိုယ့်ဖုန်း၊ ကိုယ့်အလုပ်သဘော
ကို သုံးခွင့်ပေးတာပဲ တော်လှပြီ။ ဦးကိုဆီမှ တယ်လီဖုန်း
နံပါတ်တစ်ခုရတာကိုပဲ၊ ကိုယ့်အိမ်ရှေ့မှာ ဆွေမျိုးတစ်ခု ဘွား
ဘွားကြီးလာရပ်သလောက် အားရှိသွားရသည်။

"ဒီကောင်လေး သိပ်ရှီးပုံမရဘူးနော်"

ကြီးကြီးက လက်တို့၍ သတိပေးတာကို သတိ





ရတော့ ဝေ အလကားနေရင်း ရယ်ချင်စိတ်ပေါက်လာရ
သေးသည်။

"ခု ... ဘာလုပ်ပေးရဦးမလဲပြော"

လုပ်စရာတော့ရှိသည်။ ပြောလို့ကောင်းပါ့မ
လား၊ ခိုင်းလို့ ကောင်းပါ့မလား။ ဖေဖေကရော ဘာထင်
မလဲ။ ကြီးကြီးများ ဆူမလား။ ခင်မင်ရင်းနှီးတာလည်း
သိပ်မကြာသေး။

"ရပါတယ် ... ဦးကိုထိုင်ဦး၊ ကျွန်မ ... ဖေဖေ့ကို
ဟိုဘက်ဒီဘက် နည်းနည်းစောင်းပြီး အရက်ပျံဆွတ်၊
ပေါင်ဒါဖြူးလုပ်ပေးမလို့ ...၊ တစ်ခြမ်းစောင်းကြီး
ကြာလာရင် ... ဘက်ဆိုး (Bed Sore) ရမှာ
စိုးလို့"

"အဲဒါ ... ကိုယ်လုပ်ပေးမှာပေါ့၊ ကိုယ်မှ နိုင်နိုင်
နင်းနင်းရှိတော့မှာပေါ့၊ ဟိုစောင်းဒီလှည့်"

"ရှင် ... အားလဲနာတယ်၊ ဖေဖေနဲ့ကြီးကြီးကြိုက်
ပါ့မလားလဲမသိဘူး"

"အဲဒါတော့ မေးကြည့်ပေါ့၊ ကြိုက်မကြိုက် ...
မေးကြည့်။ ကိုယ့်ကိုတော့ အားမနာနဲ့၊ ဝေ ...
ကိုယ်ဟာ ခုထက်ထိ ဝေအားနာရတုန်းလူလား၊ ကိုယ့်
ကို မခင်မင်သေးဘူးလားဝေ"

ဝေ မျက်နှာလေးငံ့လိုက်သည်။ ကျုံ့ကျုံ့လေး



www.burmeseclassic.com

www.burmeseclassic.com



မှ ဖြေးဖြေးထရပ်သည်။ မီးဖိုဘက်သို့ ဝင်ခဲ့၏။

"သူလုပ်ပေးမယ်တဲ့ ကြီးကြီး"

"လုပ်ချင်လဲလုပ်ပစေတော့လေ၊ ဒါလဲ ... တစ်မျိုးကောင်းတာပဲ၊ ကိုယ့်ဒုက္ခကို သူသိတာပေါ့ ... ဝေမျှခံစားနိုင်ရင် ... သူ့ရှေ့တိုးလိမ့်မယ်၊ လန့်သွားရင် ... နောက်လာမှာမဟုတ်တော့ဘူး။ ဒေပေးပေါ့"

သူကဖြင့် ဘာမျှမပြောရသေး၊ ကြီးကြီးက မေးပွဲတောင် စစ်နေပြီဆိုတော့ ဝေ မျက်နှာလေးရဲ၍ ရသည်။ သူ့ပုံစံဟာ ကြီးကြီးစာမေးပွဲစစ်လောက်အောင် သာထင်ရှားနေပြီလား။

"အားတော့နာတယ် ဦးကိုရယ်"

ဝေက အားနာစကားကိုပဲ ထပ်ဆို၏။ ကိုလေးက ပြုံးသည်။ ခွင့်ပြုမိန့်ကျခဲ့ပြီဆိုတာ အကြောင်းဆိုတဲ့ကောင်မလေး ဖွင့်ဟဝန်ခံဖို့မလိုတော့ပါ။ ထိုင်ရာမှ ရပ်လိုက်၏။ ကိုယ့်ရှေ့မှာ ခေါင်းငုံ့နေသော ဝေက မေးစေ့အောက်နားမှာ သူ့အရပ်ကလေးဆုံးသွားသည်မို့ နိမ့်နိမ့်ခေါင်းကလေးကို တစ်ချက်ပုတ်ဖြစ်လိုက်၏။ ပြီး အားနာသွားရသည်။ ဝေကသာ ကိုယ့်ကို ခင်ခင်မင်မင် တွန်းတွန်းထိုးထိုးရှိတာ၊ ကိုယ်က ယောကျ်ားမို့ ဆင်ခြင် ဝေ့ကို ထိထိတို့တို့ ဘယ်တုန်းကမျှမလုပ်ခဲ့ပါ။ ခု ...





ခေါင်းပုတ်မိသွားပြီ။ ဝန်ခံလိုက်ချင်တယ်ဝေ။ ချစ်လို့ပါ။ ဝေ့ကိုချစ်နေပြီ။

❋ ❋ ❋

"ကျေးဇူးတင်တယ် ကိုကိုလေးရယ်"

ကြီးကြီးက ကိုလေးပေးသောဆေးထုပ်ကို လှမ်းယူလိုက်၏။

"ကျသလောက်တော့ ပြန်ယူနော်၊ ဝယ်ပေးတာပဲ ကျေးဇူးတင်လှပြီ၊ မင်းသွားမပေးရင်၊ ဝေပဲသွားရမှာ၊ အိမ်ပြန်မရောက်မချင်း စိတ်ထဲ တပူပူနဲ့၊ မိုးကရွာ ကားကကြပ်"

"ဒီတစ်ခါတော့ နေပါစေတော့ ကြီးကြီး၊ နှစ်ရာကျော်လေးမို့လို့ပါ။ ထောင်ကျော်မှပေးပေါ့ ကြီးကြီးရဲ့၊ ကျွန်တော်က ဒီနေ့ ကြီးကြီးချက်တဲ့ ဆန်လှော်ဟင်းကိုစားမှာ"

ကိုလေးက ရယ်၍ပြောလိုက်၏။

ဤအိမ်က စားရေအိမ် သောက်ရေအိမ်ဖြစ်နေပြီ။ လှမမာက ငါးရံ့ဆန်လှော်ဟင်းကလေးစားချင်သည်ဆို



www.burmeseclassic.com

www.burmeseclassic.com

၍ ဝေက ဈေးသွားပြီး ငါးရံ့တစ်ကောင်ဝယ်လာခဲ့ပြီး မုန့်ဟင်းခါးဖတ်ပါဝယ်ခဲ့သည်ဆိုသော သတင်းကို အေးတာ ခေါက်ထွက်မဝယ်ခင်က ရပြီးပြီ။ ဝေက စားသွားပါဟုပြော ပြီးပြီ။ ဝေ့လက်ရာတော့မဟုတ်ဘူးတဲ့။ ဆန်လှော်ဟင်းလို့ လျှင် ကြီးကြီးချက်တာ ပိုကောင်းလို့ ကြီးကြီးကိုယ်တိုင် ချက်ထားတာတဲ့။

"ကျွေးမှာပေါ့ ကိုကိုလေးရယ် ... သူ့ဇွေးအိမ်မှာ သူ့ဇွေးထမင်းစားနေတဲ့သူက ဆန်လှော်ဟင်းကို မုန့် ဟင်းခါးဖတ်နဲ့ စားတတ်ပါ့မလားပဲ ပူတာ"

ဆန်လှော်ဟင်းဆိုတာ ခုခေတ်မှာ နေ့ပျောက် လုနီးပါး အစားအစာတောင်ဖြစ်နေပြီလားမပြောတတ်ပါ။ ထ မင်းလိုလို၊ ဟင်းလိုလို၊ ဆန်ပြုတ်လိုလိုနှင့် အကုန်လည်း မသက်သာ၊ သူ့တစ်မျိုးတည်းနှင့်လည်း ဟင်းမမယ်၊ ဟင်း အရာမှာထားပြီး ထမင်းနှင့်စားရပြန်တော့ ထမင်းကို "ထ မင်းဟင်း"နှင့် ပြန်စားရသလိုဖြစ်ကာ တကယ်ခွကျသော အစားအသောက်တစ်မျိုးမို့ အိမ်တွေမှာ အချက်နည်းကျ ပြီထင်ပါ၏။

ပထမတော့ ဆန်ကို လှော်ရသည်။ ခပ်ညို ညိုလေးရသည်ထိလှော်။ စလုံးစခု၊ မညက်တာညက်ထောင်း ငါးရံ့တစ်ကောင်လုံးကို ခေါင်းဖြတ်ထုတ်ပစ်ရသည်။ သည်ခေါင်းကို နောက်မှ သပ်သပ်ချက်စား။ ငါးရံ့ကို





ပည်ကိုကျတော့ အကြေးထိုး၊ ဗိုက်ခွဲ၊ ဆူးဒေါင့်ဖြတ်၊ အ ပိုင်းဖြတ်ပြီး စဉ်းတီတုံးပေါ်တင်၊ သစ်သားပြေပ်ကျည်ပွေ့နှင့် ပဲဖြစ်ဖြစ်၊ ဓားမကြီးကြီး ဓားပြားနှင့်ပဲဖြစ်ဖြစ် သာသာနှင့် နာနာဖြစ်အောင်ရိုက်ရသည်။ အထုနာမှ ငါးရံ့သားမာ၏။ ထုလွန်ပြန်လျှင်လည်း အရေခွံစုတ်ထွက်ကာ အသားပုံ ထွက်ပေါက်ထွက်လာမည်၊ သာသာနှင့်နာနာ အနက်ခံရ သည့်နေရာမှာတော့ ဆန်လှော်ဟင်းထဲရောက်မည့်ငရံ့ခမျာ ရှေ့ဆုံးကဖြစ်လေ၏။ ပြီးတော့ ... မွှန်း၊ ဆားလေးဘာလေး နယ်၊ စပါးလင်အရွက်နှင့် ငါးရံ့ကိုပတ်၍ချီထား။

ကြက်သွန်ဖြူနီကိုဆီသပ်၊ သင်းသင်းမွှေးမွှေး ရဲရဲလေးရတော့ လှော်ပြီးထောင်းထားသည့်ဆန်ကိုထည့်၊ ရေ နည်းနည်းထည့်၍လုံး၊ ခဏအုပ်ထား၊ ဆန်သားပျော့တော့ မှ ရေများများထည့်၊ ငရံ့ထည့်၊ ဆူအောင်ကြို၊ ဆန်အနေ အထားအပျော့အမာ စိတ်တိုင်းကျ မရမချင်းရေထည့်နိုင်၏။ ပြောရည်ထက် ဆားနှင့်ပိုလိုက်၏။ ဒါ ဆန်လှော်ဟင်းပါ ပဲ။ ထမင်းကို ဟင်းပြန်ချက်ထားသော "ထမင်းဟင်း" လည်းဖြစ်၏။ ထိုဟင်းကို ဆန်အနည်းအများ၊ အနူးအပွ၊ ရေအနည်းအများ၊ ဆီအနည်းအများ ချိန်ဆတတ်ဖို့ အရမ်း လိုသည်။ ဆီများသွားလျှင် သောက်လို့မကောင်းပါ။ ဆန် များသွားလျှင် ဆန်ပြုတ်ဖြစ်သွားမည်။ မပျစ်မကျဲ ဆီအနေ တော်၊ ပြေပ်သီးမပါဘဲ ညိုရောင်ဝါရောင်သန်းနေသည့် ဆန်


www.burmeseclassic.com

www.burmeseclassic.com



လှော်ဟင်းမွှေးမွှေးကလေးမှာ မုန့်ဟင်းခါးကို ထမင်းနှင့် စားတာလိုလို၊ ဘာလိုလိုညာလိုလိုတောင် မရောက်ပြော မရောက်နှင့် အလွန်စားလို့ကောင်းလေ၏။

အကောင်းလိုက်ကွေးကွေးကလေးဖြစ်နေသော ငါးရံ့ကို ဖွဲ့စားလျှင် အရသာအလွန်ရှိ၏။ လူမဆာက တိုင်းစား၊ လူကောင်းတွေကျ၊ မုန့်ဟင်းခါးဖတ်ထဲ့ပြီး သံပုရာရည်ညှစ်၊ အဲဒီအခါကျမှ ငံပြာရည်ထဲ့၊ ငြုပ်သီး များများဖြူး၍စား၊ ကိုယ့်ဆွေတစ်မျိုးလုံးမေ့ကာ အဝ မေ့ရောဂါတောင် ဖြစ်နိုင်လေတော့သည်။ ခေါင်းမဖော်တမ်း စားနေသေဇ ကိုလေးကို ဝေက ကိုယ့်ဘာသာမစားနိုင် သူ့ငေးရတာနှင့် အချိန်ကုန်တော့သည်။

"ကြိုက်လား ဦးကို"

"ကြိုက်တယ်၊ ဒီတစ်ခါပဲစားဖူးတယ်"

"ဟောတော့ ... ဦးကိုရဲ့သူဌေးအိမ်မှာ မချက်ဘူး လား"

ကိုလေးက သူ့သူဌေးအိမ်မှာပဲနေ၊ စားသည် ဆိုတော့ သူဌေးအိမ်မှာချက်မှ စားရမည့်သူဖြစ်၏။

"တစ်ခါမှ မချက်ဘူး၊ ဆန်ပြုတ်ဆိုလဲ ဆယ့်ကိုးလ ပြေးဝယ်လိုက်တာပေါ့၊ ဘဲအူသုပ်နဲ့ ဘဲသွေးနဲ့စား မုန့်ဟင်းခါးဆိုလဲ၊ ဗတင်တင်အေးတို့ ခင်ဌေးရီတို့ အောင်မိုးဟိန်းတို့ ကျော်ကြွားတို့ အပါကြီးတို့ ရှိတဲ့



အရပ်မှာ ချိုင့်ကြီးချိုင့်ငယ်နဲ့ လိုက်ဝယ်ပြီး စားလိုက်တာပဲ။ ဒီပါ့က ဆန်ပြုတ်နဲ့မုန့်ဟင်းခါးနဲ့ ကပြား ဆိုတော့ ရောင်းတဲ့ဆိုင်လဲမရှိ"

ဝေရယ်လိုက်သည်။ ဆန်ပြုတ်နှင့်မုန့်ဟင်းခါး နှင့် ကပြားရယ်လို့ပဲ။

"ဝေ ဆိုင်ဖွင့်ရောင်းမှထင်ပါရဲ့"

"မဖြစ်ဘူး၊ မုန့်နာမည် ဘယ်လိုတပ်မလဲ၊ မုန့်ဟင်း ခါးမဟုတ်၊ ဆန်ပြုတ်မဟုတ်"

"ဟုတ်ပါရဲ့"

"သိပြီ၊ မုန့်ဟင်းခါးနဲ့ဆန်ပြုတ်နဲ့ကပြားဆိုတော့၊ အ တိုနည်းနဲ့ ... မုန့်ဆန်ခါးပြား ... မကောင်းဘူး လား"

"ကောင်းတယ်" ... ဟုဆိုကာ ကြီးကြီးပါ ဝိုင်းရယ်၏။ မီးဖိုချောင်ထဲမှ ရယ်သံတွေကိုကြားနေရသော လူမမာလည်း စိတ်ချမ်းသာ၏။ သို့ပေမယ့် ... ဒရိုင်ဘာ မို့ ကားကို စိတ်တိုင်းကျရထားသူက အိမ်ရှေ့ ကားထိုးထိုး ဆိုက်တာ သိပ်မသင့်တော်ပါ။ လူရွယ်တစ်ယောက် ဆင်းလာ အိမ်မှာ အကြာကြီးနေ၊ ရယ်သံတွေထွက်။ ရပ်ကွက်ထဲ .. ဘယ်တော့ခဲပေါက်ခံရမလဲ ... ဆိုတာ တွေးလန့်ဖို့တော့ ကောင်းနေပြီ။ မိန်းမပျိုရှိသောအိမ်၊ ယောကျ်ားတစ်ယောက် ဒီလောက်ဝင်ထွက်နေတာ၊ ရပ်ကွက်က မျက်စိနောက်လောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မြန်မာလူမျိုးဆိုတာ စပ်လည်းစပ်စုသည်။ ကူလည်း ကူညီသည်။ အမြင်မတော်လျှင်လည်း မနေတတ်။ အိမ်တ... အိမ်၏အရေးကိစ္စသည် တစ်ရပ်ကွက်လုံး၏ အရေးကိစ္စ... ၏။

အိမ်ရှိလူကြီးတွေက မျက်စိမနောက်လျှင်တော... ရပ်ကွက်က မျက်စိနောက်လျှင် အရှက်ရ၏။ ဒါမျိုး... တော့ ... အသက်ရှူကြပ်လို့ တိုက်ခန်းနဲ့မနေနိုင်ပါ... ဆိုသော ဦးဘမင်းက တိုက်ခန်းပေါ်ပဲပြေးတက်နေလိုက်... တော့သည်။ တိုက်ရှေ့ ကားထိုးရပ်ထား၊ ယောက်ျားတ... ယောက်ဆင်းလာပြီး တိုက်ပေါ်တက်သွားလည်း၊ ဆယ့်... လွှာ၊ ဆယ့်ခြောက်လွှာထဲ၊ ဘယ်အလွှာဝင်သွားမှန်း ဘ... သူမှမသိလိုက်တာနှင့်၊ ခဲနှင့်ပေါက်ချင်လျှင်တောင် ဘ... အထပ် ဘယ်အလွှာကို ပေါက်ရမှန်းမသိဘဲ စပ်စုဖို့မေ့... သွားတတ်ကြလေမည်။

သမီးကပြောတော့ ရည်းစားမဟုတ်ဘူးဆို...။

❀ ❀ ❀

တမင်ရှောင်ပေးတာတော့ မဟုတ်ပါ။

---

ဓေတမှာတာဓေ



ကြီးကြီးက သူ့သားသူ့မြေးတွေနှင့် မတွေ့ရတာကြာပြီမို့ နေ့တစ်ဝက်သာသာပြန်၏။ ဦးဘမင်းက ရေပတ်တိုက်၊ အဝတ်လဲ၊ အိမ်ရှေ့တွဲထုတ်လာပြီး ပက်လက်ကုလားထိုင်မှာ ခဏထိုင်တုန်း၊ အိပ်ပျော်သွားတော့ အိပ်ရာထဲမပို့ဖြစ်တော့ဘဲ ဧည့်ခန်းမှာပဲဖြစ်နေ၏။ အဲသည်အချိန်မှာ ဝေက နောက်ဖေးဘက်မီးဖို၏ တစ်ဆင့်နိမ့်ရေကပြင်လေးမှာ အဝတ်လျှော်ရသည်။ ရေကပြင်နှင့်မီးဖိုးအတက်အဆင်းနေရာမှာထိုင်နေသူ ကိုကိုလေးနှင့်အဝတ်လျှော်နေသောဝေတို့မှာ လွတ်လပ်ခွင့်ရနေတော့သည်။

"ဝေ"

ကိုလေး ... ဝေ့ကို ဖွင့်ပြောချင်နေတာကြာပြီ။ အကြောင်းကြောင်းသော အကြောင်းကြောင်းများကြောင့် ထိန်းခဲ့၏။ ကိုလေးဆိုတာ မိန်းမတစ်ယောက်ကို ရည်းစားစကားပြောဖို့ ကြောက်လန့်တတ်သောလူစားမှမဟုတ်တာ။ ပြောခဲ့ဖူးတာတွေလည်း များလှပြီ။

"ဝေ ... အကြင်နာဝေ"

"ဘာမှန်းလဲမသိဘူး၊ နာမည်က စာနဲ့ရေးရင်သာ လှသလိုလိုနဲ့ ပါးစပ်နဲ့ခေါ်ရင် ပေါတောတောကြီးနော်"

"မပေါပါဘူး၊ လှပါတယ်"

"ဦးကိုက ဒီမှာလာထိုင်နေတော့ ရေစင်မှာပေါ့၊ အိမ်ရှေ့ ဖေဖေ့နားမှာသွားနေပါလား၊ ဝေ ... ရှေ့ရှေ့

---

ဖိဒ်ရတုအာယိမ်းအာမုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းနဲ့လက်ဖက်သုပ်နဲ့ချပေးမယ်"

"မစားချင်ပါဘူး"

အိမ်ထဲထိဝင်ပြီး နှစ်ယောက်ထဲဖြစ်နေရတာ မသင့်ကော်မှန်း ဝေနားလည်ပါသည်။ ဒီအချိန်မှာ ဝေက အဝတ်လျှော်ရမည်။ ဒီအချိန်မှမလျှော်လျှင်၊ ညနေပိုင်းကျ ချက်ရေးပြုတ်ရေးနှင့် ဝေ့မှာ အချိန်မရှိပါ။ သူ ... ဝေ့ နားမှာ လာရှိမနေအောင် စောင်းပါးရိပ်ခြေအမျိုးမျိုးပြောပြီး ပြီ။ သူလူကြီးပဲ။ နားလည်မှာပါ။ သက်သက်မဲ့ ပေကပ် ကပ်လုပ်နေတာ၊ ဒါကို ဝေကသိပေမယ့် စိတ်ဆိုးရခက်၊ ကျေနပ်ရခက်ရှိလှ၏။ ဖေဖေနိုးလာပြီး အိမ်ထဲမှ နှစ်ယောက် လုံးထွက်လာတာမြင်လျှင်လည်း မကောင်းပါ။

"ဝေ့ကို ပြောစရာရှိတယ်။ ပြောမှဖြစ်တော့မယ်ဝေ"

"ဘာလဲ ဦးကို" ... ဟု မေးစရာမလိုတော့ ပါ။ ဝေသိနှင့်ထားပါပြီဆိုတာ၊ ဦးကိုသိသွားမှာကိုတော့ ဝေက ကြိတင်စိုးရိမ်စိတ်နှင့် ရှက်ရပါ၏။

"ဝေ့ကိုချစ်တယ်။ မိုဒယ်ကြော်ငြာမင်းသမီးတစ်ယောက် ကို ဒရိုင်ဘာတစ်ယောက်က **ချစ်တယ်ဆိုတာ** တန် ရဲ့လားဝေ"

"ဘာဆိုင်လဲ"

အားတက်သရောပြောမိပြီးမှ မျက်နှာလေးပြန် ငုံ့ရသည်။ လူလည်ကြီးရယ်။ ဝေ့စိတ်ကို ရှင်သိနေပါပြီ။





"ဝေ့မှာ တက်လမ်းတွေ အများကြီးရှိနေတယ်၊ ဝေ ဟာ တစ်နေ့မှာ၊ ကြော်ငြာတစ်ခုအတွက် သုံးသိန်း ငါးသိန်းရတဲ့ မိုဒယ်တစ်ယောက်ဖြစ်လာနိုင်တယ်၊ ရုပ် ရှင်ဗီဒီယိုက ကမ်းလှမ်းလာနိုင်တယ်၊ တစ်လကို ဝင် ငွေဟာ သိန်းဂဏန်းဆယ်နဲ့ချီပြီးဝင်တဲ့ အနုပညာ ရှင်တစ်ယောက်ဖြစ်လာနိုင်တယ်"

"သွားရေယိုပါတယ်လို့ ပြောပြီးသားပါ ဦးကိုရယ်၊ ဖြစ်ချင်လွန်းလို့လဲ သေရတော့မယ်။ ပိုက်ဆံကိုလဲ မက်တယ်၊ အောင်မြင်ကျော်ကြားမှုကိုလဲ မက်တယ်၊ ဝါသနာကိုကလဲ ပါပါတယ်"

ဝေက ဆပ်ပြာတုန်းကို ဖိတိုက်ရင်း ခေါင်း မမော့ဘဲ ပြန်ပြောလိုက်သည်။

"ကိုယ့်မှာတော့ ဘာတက်လမ်းမှမရှိဘူး၊ အိမ်ကား သေးမောင်းရာကနေ ထရပ်ကားပေါ်တက်ချင်တက် ရမယ်၊ ဒါပဲ၊ ဒါကြောင့် ကိုယ်ဟာ ဝေနဲ့တန်ရဲ့လား လို့ အချိန်ယူစဉ်းစားခဲ့တာကြာလှပြီ။ ခုတော့ ... မပြောဘဲမနေနိုင်တော့ဘူး ဝေ၊ ဝေ ဘယ်လိုဆုံးဖြတ် တယ်ဆိုတာလဲ ခုချက်ချင်းသိချင်တယ် ...

"ဝေ့မှာ စဉ်းစားပြီးသားရှိနေမှာပါ"

အော် ... မဟာလူလည်ကြီးရေ၊ ဝေပြော စရာစကားလဲမရှိတော့ပါဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ... ကြီးကြီးတို့ ဦးလေးတို့ကိုလဲ အား နာလှပြီ၊ ရပ်ကွက်ထဲမှာ လူကြီးတွေလဲ မျက်နှာပျက်မှာပဲ"

"ဒါဆို ... မလာနဲ့လေ"

ဝေ တစ်ချက်တော့ မျော့ကြည့်ဖြစ်သည်။

"မနေနိုင်လို့ပေါ့ ဝေရယ်၊ အရင်တုန်းက တစ်နေ့ တစ်ခါမတွေ့ရရင် မနေနိုင်လို့ နေ့တိုင်းလာတာ၊ ခု မပြန်ချင်တော့လို့ အကြာကြီးနေရတာ"

"ဦးကိုသူဌေးက ကားမသုံးဘူးလား"

"ဒရိုင်ဘာတွေမှ အများကြီး၊ ကိုယ်က သူဌေးက တော်စီးတဲ့ကားကိုမောင်းရတာ၊ ဝေနဲ့တွေ့ဖို့ဖြစ်လာတာက အဲဒီနေ့က ချင်ပင်ဇီကဒရိုင်ဘာ ခွင့်ယူလို့ ကိုယ်ပါလာတာ၊ အဲဒီကောင် တော်တော်နဲ့ နလံထူပါစေနဲ့တောင် ဆုတောင်းရသေးတယ်။ ချင်ပင်ဇီက သုံးရက်ဆက်ရိုက်တော့၊ ဟိုကောင်ကလဲ သုံးရက်လုံးမလာ၊ ကိုယ် ... ဝေနဲ့ သုံးရက်ဆက်တိုက်တွေ့ရတာပေါ့"

"ဟင်"

"ဟုတ်တယ်ဝေရဲ့၊ ဝေ့ကို ဦးလွန်းတင်တို့အဖွဲ့ စကားလာပြောကထဲက၊ ကိုယ်က ကားထဲကနေ စိတ်တိုင်းကျငေးနေခဲ့တာ"





ဝေ အရှက်ကြီးရှက်သွားရသည်။ မျက်နှာပြင်နှင့်နားရွက်တွေ ထူပူကာ ဆပ်ပြာတိုက်ထားသည့်အဝတ်ကို ရေစလုံးထဲ ဇော်ခနဲပစ်ထည့်လိုက်မိ၏။ ပြီးတော့ ... ရေစလုံထဲ လက်ထည့်ကာ မွှေမဆုံးရှိတော့သည်။

"မြင်မြင်ချင်းချစ်တယ်ဆိုတဲ့ စကားဟာ တကယ်ရှိတယ် ဝေရဲ့၊ အပိုပြောတာမဟုတ်ဘူး၊ အဲဒီနေ့ကထဲက ဝေ့ကို ချစ်သွားတာ၊အဲဒီနေ့ကတော့ ကိုယ်က သူဌေးကတော်ခိုင်းတာလုပ်ပေးရင်း ကြုံလို့ သူတို့အဖွဲ့ကို ခေါ်တင်လာရတာ၊' ဝေ ကြော်ငြာရိုက်တဲ့နေ့တွေကတော့၊ အဲဒီကောင်နေမကောင်းလို့ ကိုယ်ပါရတာ"

"ရုပ်ပျိုဆေးရိုက်တော့လဲ သူပဲ"

"အဲဒါကျတော့ ... တစ်နေ့ကို မန္တလေးရမ်တစ်လုံးအလိုက်ပေးပြီး ဂျူတီချိန်းတာ"

"ဉာဏ်များလိုက်တာ"

"ချစ်လို့လေ ဝေရဲ့၊ ဝေ့ကိုတွေ့ချင်လို့၊ ဘယ်လိုလဲ၊ ကိုယ်ဝမ်းသာရမှာလား၊ ဖြေလေ"

ဝေ ခေါင်းလေးခါလိုက်သည်။ သို့သော် ... မျက်နှာက အပြုံးမသေ၊ ပြုံးစိစိလိုလိုနှင့် ရှက်ကိုးရှက်ကန်းမှာ ခေါသလုံးဝမပါတာ သူ မသိဘဲမနေပါဘူး။ ခေါင်းခါတာကတော့ ရောင်ယမ်းပြီးခါတာပါ။ ရင်ထဲမှာလည်း တ



www.burmeseclassic.com

www.burmeseclassic.com



ဒိန်းဒိန်းတဒိုင်းဒိုင်းနှင့် ဒိုးပတ်တစ်ဝိုင်းလုံး ဝင်ကနေသလို နှလုံးတို့အဆုပ်တို့က ရဟာတ်ပေါ်ရောက်ကာ နိမ့်လိုက်မြင့်လိုက် စီးနေရသလိုလို၊ လှစ်ခနဲ အေးလိုက်ဟာလိုက် ဦးကိုရယ် … ဘယ်လိုကြီးမှန်းကိုမသိပါဘူး။ ဒါမျိုး တစ်ခါမှလဲ မဖြစ်ဖူးပါဘူး။ ဝေ … နောက်ကနေလိုက်စကားပြောတာမျိုး၊ စာပေးခံရတာမျိုး ကြုံဖူးပါတယ် ဦးကိုရယ်၊ ခုလိုမခံစားရဘူး။

"ဝေဖယ်လေ … ကိုယ်လျှော်ပေးမယ်"

မီးဖိုအမြင့်ဆီမှ ရေကပြင်သို့ဆင်းလာသည်။ ဝေ့လက်ထဲမှ ဦးဘမင်းပုဆိုးကို ဆွဲယူ၏။

"မလုပ်နဲ့"

"ဝေက မီးဖိုဆင့်လေးပေါ် သွားထိုင်နေ၊ ကိုယ်ဆော့ကြည့်ပြီး ဝေ့ကိုချစ်ချင်လို့"

"ဟင့်အင်း"

ဝေ ဘာတွေမှန်းမသိ လျှောက်ပြောနေမိသည်။ စကားတွေက နေရာတကျရှိလိမ့်မည်မထင်ပါ။

"ပေးပါ … ဝေရဲ့"

"သွား" ဆိုပြီး၊ အတင်းတွန်းလွှတ်နေသည်။ "ဆွဲထုလိုက်ရမလား" … ဟု ခြိမ်းချောက်၏။ ဝေလန့်သွားကာ၊ မီးဖိုဆင့်ပေါ် အမြန်ဆုံးတက်တော့ ကိုလေးကရယ်၏။ ဦးဘမင်းပုဆိုးတွေ၊ အမြဲခြုံထားရသည့် အညာ





ချည်စောင်ပါးလေးက တစ်ထည်၊ မျက်နှာသုတ်ပုဝါကတစ်ထည်။

"လေးတယ် ဝေရဲ့၊ ဝေလျှော်ရင် ပင်ပန်းမှာပေါ့။ လှယဉ်ကျေးမယ်ရွေးပွဲဝင်မယ့်သူတွေဆိုရင်၊ မယ်ရွေးပွဲနားနီးရင် ခြင်ကိုက်တောင်မခံနိုင်လို့ ခြင်ထောင်ထဲမှာနေရတာ၊ ကြော်ငြာမိုဒယ်က ဒီလောက်လေးတဲ့ အဝတ်ကြီးတွေလျှော်နေရရင် လက်ချောင်းလေးတွေ ဘယ်လှတော့မှာလဲ"

ဘယ့်နှယ်လုပ်မလဲ ဦးကိုရယ်။ ဝေတို့က အိမ်ဖော်မှမငှားနိုင်တာ။ အိမ်တစ်ခြမ်းရောင်းထားတဲ့ပိုက်ဆံလေးဟာ ဖေဖေဆေးကုဖို့ဆိုပေမယ့် … နည်းနည်းပါးပါးလည်း နှိုက်စားရသေးတာ၊ ဝေ့မှာ ပုံမှန်ဝင်ငွေမှ မရှိတာရင်။

သူ … ခြောင်းဒိုင်းနှင့် ရိုက်လျှော်နေတာကို ကြည့်လျက်၊ အိမ်ဦးနတ်ဆိုသောယောကျ်ားတစ်ယောက်ထံမှာ ဝေ့ဘဝလေး အပ်နှံလိုက်ချင်စိတ်ဖြင့် ဝေ ညွှတ်ပျောင်းရလေ၏။ ဝေ့မှာ အဖေရှိပေမယ့်၊ ကြီးကြီးရှိပေမယ့်၊ ဒီအိမ်မှာ ဝေကသာ ဦးစီးခေါင်းဆောင်လိုဖြစ်ပြီး၊ အပြင်လဲဝေ၊ အိမ်ထဲလဲဝေ၊ ထည်လဲလိုသုံးနေရတာ ဦးကိုရယ်။ ဝေ မကြာခဏအားငယ်စိတ်နဲ့ မျက်ရည်ကျမိပါရဲ့။ ဝေ့ဘဝလေး တချိန်ချိန်နဲ့ မလုံမလဲမို့ အားကိုးလောက်သူတစ်ဦးရဲ့ရင်ခွင်ကျယ်မှာ မှီခွဲနားခိုလိုက်ချင်တာပါပဲ။ အဲဒီစိတ်ကိုဖြစ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



စေတာကတော့ ဝေ့ရင်ထဲကအချစ်ပါ။ ဦးကို ... ဆေချစ်တယ်။ ဝေလဲ ဦးကို ... ကိုချစ်နေပါတယ်၊ ဒါကို ဦးကို သိမှာပါ။ ဒါပေမယ့် ... ဝေ ချက်ချင်းဖြေရမှာရှက်တယ်။ ဝေက မိန်းမသားလေ။ ဣန္ဒြေစောင်လေးခြုံရဦးမယ်။ ဦးကို နဲ့ဆိုရင် ဖေဖေကလည်း ကန့်ကွက်ရန်မရှိပါတဲ့။ ကြီးကြီးကလည်း ရုပ်ကွက်က မျက်စိနောက်မှာ ညည်းအဖေကပု နေပြီ ... တဲ့။ ညည်းတို့က ဘယ်လိုလဲ ... တဲ့။ ငါတော့ ကြည်ဖြူတယ်၊ ကောင်လေးက ရုပ်ချည်လေးနဲ့ပေမယ့်၊ ကိုယ့်ထက် ဆယ်နှစ်ကျော်ကြီးတာကို အကြိုက်ဆုံးပဲ ... တဲ့ ဦးကိုရဲ့။ သိလား။

ဝေခေါင်းလေးငုံ၍ ပြုံးရင်း အတွေးအိပ်မက်ထဲမှာ ဦးကိုအဝတ်လျှော်သံက စည်တော်ရွှမ်းသလို ကျက်သရေရှိနေသည်။

'ကြည့်စမ်း။ သူ ... ဝေ့ကိုအကြင်နာပိုလိုက်တာ။ ဝေပင်ပန်းမှာစိုးလို့ မတော်ရသေးတဲ့ယောက္ခမလူနာရဲ့ အဝတ်တွေကို ဘယ်လိုသမက်လောင်းက လျှော်ပေးမှာလဲ၊ ဝေက အကြင်နာဝေဆိုရင်၊ ဦးကိုက အကြင်နာပို။ ဦးအကြင်နာပို။

"ချစ်လားဝေ"

"ဟင့်အင်း"

ကိုလေးက ဝေ့မျက်နှာကို ရေနွှင့်လှမ်းဆောက်





လိုက်၏။

"ရတယ် ... မချစ်နဲ့၊ တစ်ဖက်သတ်ချစ်ရလဲ ကြိုက်တာပဲ။ ကိုယ့်ကိုပြန်ချစ်ဖို့မလိုပါဘူး၊ ကိုယ်က ချစ်နေခွင့်ရရင် တော်ပြီ။ လောကမှာ အဲဒီလိုအချစ်မျိုး တကယ်ရှိတယ်၊ ဝေယုံလား"

"ဟင့်အင်း"

"ကိုယ်လေ။ ကိုကိုလေးဆိုတဲ့ကောင်လေ"

"သွားပါ"

"ဘယ်လဲ ... ဧည့်ခန်းကိုလား၊ ဦးလေးကို နှိုးပြီး ခွင့်တောင်းရမလား။ ဦးလေးက ဘာပြောမယ်မသိဘူးနော်"

သိမှာပါ။ ရှင်ကြားချင်လို့မေးနေတာများ။ လူလည်ကြီးရယ်။ ဆေ မဖြေပါဘူး။

"ကြီးကြီးကရော"

"သိဘူး"

"တားမယ်တော့မထင်ဘူးနော်။ ကိုယ့်ကိုကြည့်မရရင် ဒီလောက် ချောင်းပေါက်အောင်လာနေတာ ပြောမှာပါ"

ချောင်းပေါက်အောင် လာနေတာ အမှန်ပါပဲ။ သူလာလွန်းလို့လားတောင်မသိဘူး၊ အိမ်ရှေ့ကမြေကျွန် ငါးပေလေးတောင် နိမ့်ဆင်းပြီး ဒီမိုးတွင်းမှာရေမြုပ်တယ်၊ မိုး



www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းက မမြုပ်ခဲ့ပေါင်။

"ရပ်ကွက်နဲ့ပတ်ဝန်းကျင်နဲ့ဆိုတော့ ကိုယ်တို့မြန်[...]
လက်ထပ်ကြမှဖြစ်မယ်"

ဟွန်း။ မုန်းလာပြီနော်။ ရှင့်ကို ဘယ်သူ[...]ချစ်တယ်ပြောလို့ လက်ထပ်ဖို့ထိ တစ်ဆင့်တက်လာရ[...]တာလဲ "ဦးအပိုင်တွက်ကြီး" ရေ။ ရှင့်မှာ နှာမည်တွေတော[...]များလာပြီ။

"ဦးကို လက်ဖက်ရည်သောက်မလား"

"အဝတ်လျှော်ခလား"

"ဟုတ်တယ်"

"ဝေ့သွားဝယ်ရမှာလား"

"အဆန်းလုပ်လို့"

"သွားချင်သွားလေ၊ ဦးလေးနိုးလာရင် ကိုယ်တို့[...]
ယောက် တူတူရှိနေတာမြင်သွားရင် မကောင်း[...]
လေးစားရတာပေါ့ဝေ။ ဒါတွေလျှော်ပြီး လှမ်းပြီး[...]
ဦးလေးနားသွားနေလိုက်မယ်"

ဝေက ချိုင့်ကလေးဆွဲ၍ထွက်လာသည်။ [...]ငြာမိုဒယ်တွေထဲမှာ ချိုင့်ဆွဲပြီး လက်ဖက်ရည်သွားဝယ်[...]သူ ဝေတစ်ယောက်ပဲရှိမည်ထင်သည်။ ဝေက ကိုယ့်ကို[...]ကို ကြော်ငြာမိုဒယ်၊ ကြော်ငြာမိုဒယ်နဲ့ အမွှန်းတွေတင်[...]တောနေလိုက်တာ။ ခုမှ ... ဝေရိုက်ရတာ ကြော်ငြာ[...]





ပဲရှိသေးသည်။ ဆွဲကြိုးတွေ လက်ကောက်တွေဝတ်၊ လက်ကောက်တွေကို ဆံထုံးမှာ ပန်းလုပ်ပန်၊ လည်ဆွဲတွေက ဆံထုံးဆွဲတွေဖြစ် ... အဲဒါမျိုး ဝေရိုက်ချင်လှပါပြီ။ ဦးကိုက ပြောပဲမပေးတာလား။ သူ့ဌေးက မကြိုက်တာလား။ ရိုက်ကိုမရိုက်ဖြစ်သေးတာလား၊ အိမ်ပြန်ရောက်မှ ဦးကိုကို မေးကြည့်ရပါဦးမည်။

ခုနေမှာ ... ဝေနှင့်ဦးကိုတို့ အဆင့်အတန်းက ပိန်မသာလီနှမသာ။ တစ်နေ့ ... ဝေက အောင်မြင်တဲ့ကြော်ငြာမိုဒယ်ဖြစ်လာခဲ့ရင်၊ ဦးကိုကို ဒါရိုက်တာလုပ်ခိုင်းရမယ် ကြော်ငြာဒါရိုက်တာနှင့်ကြော်ငြာမင်းသမီး၊ ဘယ်လောက်လိုက်ဖက်လေမလဲ။

"ဟဲ့ ... ဝေ"

"ဟော ... ကြီးကြီး၊ ပြန်လာပလား"

ကြီးကြီးနှင့် လမ်းထိပ်မှာဆုံ၏။

"မောင်ဘမင်းတစ်ယောက်ထဲလား"

ဝေ့လက်ထဲမှချိုင့်ကိုကြည့်သည်။ လက်ဖက်ရည်ပါခဲယ်ဟာ ကျွတ်ကျွတ်အိတ်နှင့်ထဲ့လဲရပေမယ့် ဝေတို့က ချိုင့်နှင့်ပဲဝယ်၏။ အိမ်ကျ ... ရေရောပြီး နို့ဆီထပ်ထည့်ကာ အဖန်လျော့စေပြီး ပွားသောက်နေကျလေ။

"ဦးကိုရှိနေလို့ ထားခဲ့တာ"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက ထွက်သွား၏။ ဦးကိုနှင့်ကြီးကြီး တွေ့လျှင် ဘာတွေပြောဖြစ်ကြမှာပါလိမ့်။

❀ ❀ ❀

"အံ့ရော့ခဲရယ် ... ကိုကိုလေးကို အဝတ်လျှော် ခိုင်းထားရတယ်လို့"

ကြီးကြီးက ရှင်ဖိပေမယ့် ခပ်ပြုံးပြုံး မျက်နှာကို မသိမသာလှမ်းကြည့်တော့ အားနာပေမယ့် နှပ်နေသည့်ဟန်ပန်။ အိမ်ထောင့်တာဝန်ကို ခွဲဝေယူသည် တော့၊ သူ အတည်တကျစိတ်ကူးလို့ပေါ့။ ယောကျ်ားအလု မိန်းမအလုပ်မခွဲခြားတတ်တာဟာ သူ ကြင်နာညှာတာ လို့ပေါ့။ သူ စိတ်ရှင်းကောင်းလို့ပေါ့။ သူဟာ နှင်သက် ချယ်ဖွယ် ခရီးဖော်ကြီးဖြစ်နေလို့ပဲပေါ့။ ဒါကို လူကြီး ယောက်ကျေနပ်သဘောကျနေကြတာပဲပေါ့ ဦးကိုရယ်။

ဒေက ဘာမှပြန်မပြောတော့ဘဲ အိမ်ထဲသို့ ဝင်ခဲ့၏။ ခါတိုင်းလို ပွားမသောက်တော့ဘဲ ဦးကို ကောင်းဝဝသောက်စေချင်သည့်စေတနာနှင့် ဝယ် လက်ဖက်ရည်ခြောက်ခွက်က ရှယ်မို့ တစ်ခွက်ကိုအမိ





ရှာ ဆယ်ဖိုးကြီး။ ချေးဖိုးတစ်ရက်စာမက တစ်နေ့စာဆန် ဖိုးပါရတာကို တွေးမိပေမယ့် ဝေ အနှမြောမရှိ။ စေတနာ ရှိတယ်ဦးကိုရေး အကြင်နာဝေလေးက ခုတော့ ... စေ တနာဝေဖြစ်လို့သွားရပြန်ပြီလေ။

ဝေ လက်ဖက်ရည်ပွဲနှင့် ထွက်လာတော့၊ သူ က ဖေဖေနှင့် အကျအနကြီးများကို ဆွေးနွေးလို့။ ရှင့်ကို ဘယ်သူက လက်ခံသေးလို့လဲ။ ဘယ်သူက ချစ်တယ်ဖြေ သေးလို့လဲ ဦးကိုရဲ့။

"ကျွန်တော် ... ကားတစ်စီးဝယ်ဖို့ငွေရှိပါတယ် ဦး လေး၊ သူများကားမောင်းနေတာ၊ စိတ်လဲလေနေလို့ ပါ။ ကျွန်တော့်စိတ်ကူးက၊ ကျွန်တော် ... တိုက် ခန်းတစ်ခန်းဝယ်ပါမယ်၊ အဲဒီအတွက်လဲ ငွေရှိပါ တယ် ...

"လူကြီးစကားနဲ့ပြောရရင် ... ခွင့်လွှတ်ပါဦးလေး ရယ်၊ ကျွန်တော့်မှာလဲ ပြောပေးမယ့်လူကြီးသူမက မရှိတော့၊ ကျွန်တော့်ဘာသာပြောရတာ၊ ဦးလေးတို့ ကြီးကြီးတို့ကို မလေးစားလို့လဲ မဟုတ်ပါဘူး ...

"ကျွန်တော် ... ဝေ့အတွက်၊ တိုက်ခန်းတစ်ခန်းနဲ့ ကားတစ်စီးတင်ပါတယ်ခင်ဗျာ"

အို ... ။ ဒီခေတ်ထဲမှာ ဒီလိုတင်တာတွေ တောင်းတာတွေရှိသေးလို့လား။ တောင်းတော့တောင်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ။ သူများသားသမီး တောင်းရမ်းယူမှ မိသားဖသား ပီသတော့မှာပေါ့။ တင်တာကတော့ ဘယ်သူမှ ဘာမှတောင် တင်နိုင်ကြတော့မယ်မထင်ပါဘူး။

"အဲဒီမှာ အားလုံးပြောင်းနေကြပြီး၊ ဒီအိမ်ကိုတော့ ဦးလေးစိတ်ကြိုက်ဖန်တီးပါ၊ ရောင်းချင်ရောင်း၊ ငှား ချင်ငှား။ ရောင်းမယ်ဆိုလဲ ရောင်းရငွေကို ဦးလေး သဘောပါ။ လှူချင်သလောက်လှူ။ အကုန်လုံးလှူ ချင်လဲ လှူပေါ့။ ဦးလေး ချွေးနည်းစာနဲ့ဝယ်ခဲ့တဲ့ ပစ္စည်းမို့ပြောတာပါ ..."

"ကြီးကြီးလဲ သားတွေမြေးတွေဆီ မပြန်ဘဲ၊ လိုက်နေ ပေးဖို့ တောင်းပန်ပါတယ်၊ ဝေတစ်ယောက်ထဲဖြစ် နေမှာစိုးလို့ပါ။ ကျွန်တော်က တကယ်စိ ကိုယ့်ဘာသာ ဆွဲမယ်၊ ကိုယ့်ကားကိုယ်ဆွဲမယ် စိတ်ကူးပါတယ်၊ နေ့နေ့ညညဆိုသလို အိမ်မှာမရှိမှာစိုးလို့"

"တိုက်ခန်းဆိုတော့ ... မောင်ဘမင်း ဘယ်လိုဆင်း တက်မလဲ"

အော် ... ကြီးကြီးတို့က လက်ခံတဲ့အစီတ် အပိုင်းတောင်ရောက်နေပါရောလား။

"ဆင်းစရာတက်စရာမလိုဘူးလေ၊ နေထိုင်မကောင်း ရင် ဆရာဝန်ကို အိမ်ပင့်မှာပေါ့၊ ကားရှိတာပဲ။ အိမ် မကြွ ကဲ့သမားတော်ကြီးတွေပြချင်ရင်လဲ၊ ကျွန်တော်





ချီပြီးဆင်းလို့ရတာပဲ"

မေမေဖျားတုန်းက အိပ်ရာထဲ အခွေများသည် မို့ အရေပြားလောင်ပြီး အနာတွေဖြစ်မှာစိုးလို့၊ အရက်ပြန် လေးဆွတ်လိုက်၊ ပေါင်ဒါလေးဖြူးလိုက်၊ သူကူလုပ်စဉ်က မေမေ့ကိုချီလိုက်ပွေ့လိုက်ပုံများ နိုင်နိုင်နင်းနင်းကရှိပါဘိသ နဲ့လေ။

"တိုက်ခန်းထပ်မဝယ်ဘဲ ဒီမှာပဲ မင်းလာနေလို့မရ ဘူးလား"

ကြီးကြီးက ဒီစကားကို ဘာအဓိပ္ပါယ်နှင့်မေး မှန်း ဆ မသိပါ။

"ကျွန်တော်ကိုယ်တိုင်က အိမ်တစ်ဆောင် မီးတစ် ပြောင်ထားချင်တာပါ။ အိမ်ထောင်ပြုပြီး၊ မိန်းမအိမ် ပေါ်တက်နေရမှာ တစ်မျိုးကြီးပဲ၊ နောက်ပြီး ... ကားထားစရာနေရာမရှိဘူး။ နောက်ပြီး ... ကျွန် တော်က အိမ်မပြန်နိုင်တဲ့ရက်တွေလဲ ရှိနိုင်ပါတယ်၊ အဲဒီအခါကျ၊ ရပ်ကွက်ထဲဆိုတော့ ဘာလိုလိုညာလို လို လူအထင်လွဲဦးမယ်"

"မင်းက ဘာဖြစ်လို့ နေ့တိုင်းမလာနိုင်ရမှာတဲ့လဲ"

"ကျွန်တော့်မှာ စိတ်ကောင်းကောင်းမနဲ့ချင်တဲ့ အစ်မ ကြီးတစ်ယောက်ရှိနေပါတယ်"

"အရင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အရင်းတော့မဟုတ်ပါဘူး၊ ဒါပေမယ့် ... သူ့ကျေး
ဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိနေပါတယ်၊
ကျွန်တော် ... ဘွဲ့ရခဲ့တာ"

"အော် ... ကိုကိုလေးက ဘွဲ့ရခဲ့သလား"

ကြီးကြီးက တအံ့တသြမေးနေသည်။ သူများ အိမ်မှ ယာဉ်မောင်းမို့ ဘွဲ့မရဘူးထင်ထားပုံရသည်။ ငင်စစ် ဝေလည်း မသိ။ ဦးကိုပြောစကားအရ ဆယ်တန်းလောက်သိ တော့ ရောက်ပုံရသည်ဟု ခန့်မှန်းမိသည်။ ဝေဟာ ဆော် တော်မိုက်မဲပြီး အခက်ခြင်ကင်းသည့်မိန်းကလေးပါလား။ ကိုယ်ချစ်လိုက်မိတဲ့သူ ဘွဲ့ရလား၊ ဆယ်တန်းလားတောင် မသိ။ လူတစ်ယောက်ကို သူ့အကြောင်း စုံစုံစေ့စေ့မသိဘဲ ကြိုက်မှကြိုက်မိလေခြင်း၊ ချစ်မှချစ်မိလေခြင်း။

"ဟုတ်ကဲ့ ... တခြားလဲ အများကြီးပါပဲ၊ ပြော
ရင် မကုန်နိုင်ပါဘူး၊ အခု ... သူဌေးကတော်ဆို
တာ၊ အဲဒီအစ်မကြီးပါပဲ၊ သူဌေးကမရှိတော့ပါဘူး၊
မုဆိုးမဆိုပါတော့ သားသမီးလဲမရှိ၊ သူ့မှာလဲ လုပ်
ငန်းတွေအများကြီးနဲ့ အားကိုးရတဲ့မန်နေဂျာတွေမျိုး
သားချင်းအရင်အချာတွေရှိပေမယ့် သူ့အိမ်ထောင်ဖက်
နဲ့သူဆိုတော့ ဘယ်သူမှလဲ လာနေမပေးနိုင်ကြဘူး
"လာနေမယ်ဆိုရင်လဲ မိသားစုတစ်စုလုံးကြီး[illegible]
တက်လာနေကြမှ ဖြစ်မှာဆိုတော့၊ [illegible]





ကျွန်တော့်ကိုကျတော့ အစစအရာရာ ကျေးဇူးခံကျေး
ဇူးစားလဲဖြစ်တော့ အားကိုးပါတယ်၊ ကျွန်တော်က
လိုအပ်ရင် အဲဒီအိမ်မှာပဲ ညအိပ်ညနေ နေပေးဖို့ရှိ
ပါတယ်"

"စိတ်မနှံ့ဘူးဆိုတော့ ... "

"သွက်သွက်လယ်ကြီးရူးနေတာ မဟုတ်ပါဘူး။ လုပ်
ငန်းကြီးတွေတောင်လုပ်နေတာပဲ။ ဒါပေမယ့် မန်
နေဂျာတွေလုပ်ပေးတာတော့ များတာပေါ့လေ။ ဒီလို
ပါ၊ စွဲမိစွဲရာ။ နည်းနည်းပါးပါးကြောင်တောင်တောင်
ဖြစ်ရုံပါ။ ဆရာဝန်က စိတ်သိပ်မမှန်ချင်ဘူး ...
လို့ ပြောပါတယ်။ တရှူးထိုးတဖွတ်ထိုး၊ ဒါဆိုဒါမှ
လုပ်ပုံကိုင်ပုံတွေ နည်းနည်းပါးပါး အံချော်တာလေး
ရှိတာပါ"

"ဦးကို ကားမောင်းပေးနေရတာ အဲဒီအစ်မကြီးလား"

ကိုကိုလေးက ခေါင်းညိတ်သည်။

"ကိုယ့်ကားကိုယ်ဆွဲတော့မယ်ဆိုလဲ၊ သူသွားချင်လာ
ချင်တဲ့အချိန်တွေတော့ သွားမောင်းပေးဖို့ စိတ်ကူးရှိ
ပါတယ်၊ ကျေးဇူးရှင်မို့ပါ၊ မိမဲ့ဖမဲ့တစ်ကောင်ကြွက်
တစ်ယောက်ကို လူတစ်လုံးသူတစ်လုံးဖြစ်လာအောင်
ပြုစုပျိုးထောင်ပေးခဲ့တဲ့ ကျေးဇူးရှင်မို့ပါ၊ အိမ်ထောင်
သည်ဖြစ်လာခဲ့ရင်လဲ၊ အဲဒီအစ်မကြီးရဲ့ကျေးဇူးကို ဆပ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ကြုံတိုင်း ဆပ်ပါရစေလို့၊ ဝေကိုလဲ ခုထဲက တောင်း ပန်ထားပါတယ်"

ကြီးကြီးထံမှ "သာဓု" ခေါ်သံထွက်လာသည်။ ဖေဖေ့အဝတ်တွေလျှော်ပေးတုန်းကထဲက ခေါ်ချင်နေသော သာ ဓုကို ခုမှ ပေါင်းခေါ်ရသည်ထင်ပါရဲ့။

"ကျေးဇူးတရားမမေ့ခြင်းဟာ မင်္ဂလာတစ်ပါးပဲ"

ကြီးကြီးက ခေါင်းညိတ်နေ၏။

"မင်္ဂလာကိစ္စကိုတော့ ကြီးကြီးကျယ်ကျယ်မလုပ်ချင် တော့ဘူး၊ လုပ်စရာလဲ ပိုက်ဆံမကျန်တော့ဘူးခင် ဗျ"

အဟဲ ... ဟု ရယ်ပြနေပြန်၏။

"ရုံးမှာပဲ လက်မှတ်ထိုးလိုက်ချင်ပါတယ်၊ အဲဒီအ တွက် ဝေ ကျေနပ်ပါ့မလားပဲ"

မကျေနပ်ဘူး။ ကျွန်မက ဘီးဆံထုံးထုံး၊ ပဝါ ရှည်ကြီးချပြီး ဟော်တယ်ခန်းမထဲ ဖြေးဖြေးလေးလျှောက် ချင်တာ ... ဟု အော်ပြောလိုက်ချင်၏။ မျက်စောင်းတော့ ထိုးဖြစ်သည်။

"ကြော်ငြာမိုဒယ်လုပ်မယ့်သူဟာလဲ ယောကျ်ားရှိတာ လူမသိရင် ပိုကောင်းပါတယ်၊ ပရိသတ်က အပျို ဆိုမှ ပိုချစ်မှာ"

အဲဒါတော့ ဟုတ်သား၊ မင်္ဂလာကြီးထဲတော





ပစ်လိုက်လျှင် ဒီမိုဒယ်ယောကျ်ားကြီးနဲ့ဆို၊ ပြည်သူကလဲ အချစ်လျော့၊ ကုမ္ပဏီတွေကလည်း တော်တာချင်း၊ လှတာ ချင်း၊ ဈေးနှုန်းချင်းမတိမ်းမယိမ်းဆိုရင်တောင် အပျိုကို ပို ငှားချင်ကြမှာပေါ့။ ပြီးတော့ ... တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီးလုံးဝယ်ဖို့ ပိုက်ဆံဟာ၊ ဆယ့်ငါးသိန်းနဲ့သိန်း နှစ်ဆယ်ကြားကုန်မှာ၊ သူ့မှာ အဲဒီလောက်ပိုက်ဆံ ရှိသလား။ မင်္ဂလာဆောင်မလား၊ တိုက်ခန်းယူမလားဆိုလျှင်၊ လက်ဖက် ရည်နှစ်ခွက်ဝယ်၊ ရေရော နို့ဆီထည့် ငါးခွက်စာလောက်ရ အောင် ပွားသောက်လေ့ရှိသည့် အကြင်နာဝေက တိုက်ခန်း ပဲယူမှာပေါ့။ နှမြောတတ်ပါသည်။ အိမ်တွင်းမှုလည်း လုပ် တတ်ပါသည်။ သိမ်းထုပ်သေချာလည်း တတ်ပါသည်။ မိန္ဒာ ဆိုလည်း ကြည့်ရှောင်မည့်သူဖြစ်ပါသည်။ ကိုယ့်အဖေနှင့် ကြီးကြီးတောင် အိမ်ပေါ်တင်ထားပြီးမှ သူ့အစ်မကြီးထံ ည အိပ်ညနေလုပ်ကိုင်ပေးစရာရှိတာကို ခွင့်ပြုရပါမည်။ သူ့အမျိုး ကိုယ့်အမျိုး သင့်တင့်လျှောက်ပတ်အောင် ထောက်ပံ့ကြည့် ရှုမည့်သူဖြစ်ပါသည်။ အကြင်နာဝေဆိုတာ ဘယ်တုန်းကမှ ပျင်းခဲ့ဖူးသူမဟုတ်တာ။

အဲဒါ ဧနီးလောင်းတို့ရဲ့ ဝတ္တရားငါးပါးလေ။

"မင်းတို့ချင်း ခင်ခင်မင်မင်မဖြစ်ရင်တောင် ကြီးကြီး က မေးတော့မလို့၊ ရပ်ကွက်နဲ့ပတ်ဝန်းကျင်နဲ့ဆိုတော့ မကောင်းဘူးလေ။ ဘာပဲဖြစ်ဖြစ် သူများမျက်စိမနောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အရေးကြီးတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်၊ အဲဒါကို တွေးမိပါတယ်"

"မင်္ဂလာဆွမ်းကျွေးဦးမလား၊ ဘုန်းကြီးပါးပါးလောက်ပဲဖြစ်ဖြစ်၊ ကိုယ့်အိမ်မှာကိုယ်"

"ကျွန်တော်တို့ဝယ်ဖြစ်မယ့်ဘိုကတ်ခန်းမှာ အိမ်တက်နဲ့ ဈေးလုပ်ရင်မကောင်းဘူးလား ကြီးကြီးရဲ့၊ ဒီရပ်ကွက်ကလူတွေတော့ ကြီးကြီးဖိတ်ချင်တဲ့သူ လာဖိတ်ပေါ့။ နှုတ်နဲ့ပေါ့။ ဖိတ်စာမရိုက်တော့ဘူး"

"အေး ... ကောင်းတယ်"

"ဦးလေးရော ... ကျေနပ်ပါရဲ့လားခင်ဗျ"

"ကောင်းပါတယ်၊ အခိက ... က သမီးလေးစိတ်ချမ်းသာဖို့ပဲ၊ သမီးလေးက မိဘပြုစုတဲ့သမီးဆိုတော့ ကံကောင်းစေချင်တယ်"

ကိုကိုလေး ... ဆေ့ထံ လှစ်ခနဲအကြည့်တစ်ချက်ရောက်၏။ ဝေက ဖေဖေ့ကို လှမ်းကြည့်တာနှင့် ကြုံသွားသည်မို့ မျက်ဝန်းချင်းမဆုံလိုက်ရပါ။ ဝေ့မျက်ဝန်းတွေ စိုလက်နေကြသည်။ မျက်ရည်ဝဲရှာသည်ထင်ပါရဲ့။ သူ့အမေကိုလည်း သတိရနိုင်သည်။ သူ့အဖေစကားအတွက်လည်း မျက်ရည်ဝဲနိုင်သည်။ သနားစရာကောင်းလေး၊ လှသောဝေလေး။ ချစ်ဖွယ်ဝေလေး။ ကိုယ်ဟာ ဝေ့အပေါ်မှာ ဒီ့ထက်ရိုးသားစွာ ပေးဆပ်နိုင်ခွင့်တွေ့ရခဲ့ရင် ဘယ်လောက်ကောင်း





မယ်ကွယ်၊

ဝေက ဖေဖေ့ကို ကြည့်ပြီးမှ အကြည့်ကို ဦးကိုဆီပို့၏။ ဦးကို ... ဝေလည်းမဖြေရသေးပါလား ဦးကိုရယ်။ ဝေ့ကိုချစ်တယ်လို့ ဦးကို စောစောကမှ ပြောခဲ့တာ။ တကယ့်တော့ ဖေဖေနဲ့ကြီးကြီးက ဝေနဲ့ဦးကိုနဲ့ ချစ်စေချင်ကြပြီ၊ မချစ်နိုင်ကြဘူးဆိုရင်လဲ အရင်းအနှီးအပတ်အသက်ကို လျှော့တော့တဲ့။ ဦးကိုရယ် ... ဝေ မလျှော့နိုင်ပါဘူး။ ဝေချစ်တယ်။ ဝေ အားလဲကိုးတယ်။ ပြီးတော့ ဝေဟာ သူ့တစ်ပါးတွေထက်ပိုပြီး အားငယ်တတ်တဲ့မိန်းမသား။ မကျန်းမာတဲ့ဖခင်ကြီးတစ်ယောက်သာ ဝေ့မှာ မားမားရှိတာ။ ကြီးကြီးဆိုကာတောင် သူ့သားရင်းမြေးရင်းနဲ့ နေချင်တဲ့ကြားက ဝေတို့ ဇွတ်တောင်းပန်ပြီးခေါ်ထားရတာ၊ အဲဒီလို ဝေဟာ၊ အိမ်ဦးသခင်ကို ဘဝလုံးပုံ၊ သက်လုံးပုံ၊ အချစ်တွေအားလုံးပုံအပ်ပြီး အားကိုးလိုက်ချင်သူပါ။ တကယ်တော့ ဝေ လက်ထပ်ဖို့ ငယ်သေးတယ်။ စောသေးတယ်။ လှလှပပ ဝတ်စားပြီး အပျိုလေးလုပ်နေသေးဖို့ပဲ ကောင်းပါသေးတယ်။

ဒါပေမယ့် ...

အားနွဲ့လို့ပါ။ စိတ်ငယ်လို့ပါ။ အားကိုးလိုက်တော့မယ် ဦးကိုရယ်။ ဖေဖေနဲ့ကြီးကြီးကလည်း ကြည်ဖြူခွင့်ပြုလိုက်ကြပြီ။ ဦးကို ... ဝေမဖြေရသေးဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ... ရင်ထဲကဖြေနေတယ် ဦးကိုရဲ့။ ချစ်တယ်၊ သိလား။ ဦးကိုရယ် ... ဝေသိပ်ချစ်တာပါပဲရှင်။

❋ ❋ ❋

"ဝေ ... အကြင်နာဝေ"

"အလိမ္မာဝေပါ"

"အလိမ္မာမလွန်နဲ့။ အလိမ္မာဝေမဟုတ်တော့ပဲ၊ ကပ်စေးနဲဝေဖြစ်သွားလိမ့်မယ်"

ကိုလေးက ကားပေါ်မှာ ဝေ့နာမည်ကို တဖွဖွခေါ်၏။ ဘာဖြစ်လို့ ဒီလောက်ခေါ်နေရတာလဲဆိုတော့ ... ချစ်လို့ ... တဲ့။ ဝေယုံလိုက်တာ။ ဝေ့ကို ကားနှင့်လာခေါ်ပြီး ပရိဘောဂတွေ လျှောက်ကြည့်တော့ ဈေးတွေက ကြီးလွန်းလို့ ဝေက ခေါင်းလေးတခါခါနှင့် "မကပ်စေး" ကလေးဖြစ်နေရ၏။ ကိုလေးက ဆဲ ကပ်စေးနဲနေတာကြည့်ပြီး လိမ္မာလိုက်တာ ဝေလေးရယ်ဟု ပြော၏။

"အို ... သူများပစ္စည်း အလကားယူရတာ၊ ယူလိုက်မယ်ဟဲ့ဆိုတဲ့စိတ်မျိုး ဝေ့မှာမရှိပါဘူး"

"ယူပါဝေရယ် ... ကိုယ်က သူများလား၊ ဝေ့ . .





တွေ့ . . ယ်ပေးမှာ"

"ဘာ . . သူ့အတွက်ပဲဖြစ်ဖြစ်ပေါ့၊ နမြောပါတယ်၊ တော်ရုံပ . . ရုံပဲလုပ်ပါ"

ခုတင်ကိုလည်း သင့်ရုံ၊ ဘီရိုဆိုလည်း သင့်ရုံ။ မှန်တင်ခုံတောင် သစ်သားနှင့်ဒိုလျှင် ဈေးကြီးလို့ဆိုပြီး နိုင်ငံခြားမှလာသော မှန်တင်ခုံပဲယူသည်။ ဆိုဖက်ဆက်တီယူချင်ယူပါဆိုပေမယ့်၊ ကြိမ်ဆက်တီပဲယူ၏။ မီးဖိုချောင်သုံးပစ္စည်းတွေယူပါ ဆိုတော့ကဲ ...

"ဝေ့ . . . လာမှာပဲ" ... ဟုဆိုကာ အသစ်ထပ်မဝယ်ပါ။

"အကုန်အကျနည်းလေ ကောင်းလေပေါ့ ဦးကိုရဲ့"

"သုံးစမ်းပါဝေရယ် ... ဘစ်နေ့မှာ ကိုယ်ချစ်တဲ့သူလေးတွေ့လာရင် ပေးသုံးဖို့ရှာထားတဲ့ပိုက်ဆံတွေ"

"ကုန်သွားရင် ဘယ်လိုလုပ်မလဲ"

"ထပ်ရှာမှာပေါ့"

"ဟင့်အင်း ... ဦးကိုပင်ပန်းမယ်"

"ဝေနော် ... ဝေ"

ကိုလေးက ဝေ့ကို ပေါက်ထွက်တော့မလောက်စိုက်ကြည့်ပြီး အံကြိတ်ကြိတ်ပြသည်မို့ ဝေက တခိခိရယ်၏။

"လုလဲမလုဘူး၊ လုပ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းချစ်တာပဲဝေ၊ ယုံလား"

"ယုံပါတယ် … ယုံပါတယ်၊ တော်ပါတော့၊ ခ… ခဏာမမေးနဲ့နော်၊ ဖြေရတဲ့သူ ရှက်လာပြီ"

ဝေ့ဘဝမှာ အပျော်ဆုံးနေ့ကလေးတွေကို …ခုံးခစ်ခစ်ရယ်မောရင်း ကျော်ဖြတ်ခဲ့သည်။ ဦးကိုနှင့်လ…ထပ်ဖို့အတွက် စီစဉ်နေရသော ရက်ကလေးတွေသည် …အတွက် ပျော်ရွှင်ခြင်းဆုလာဘ်များနှင့် ပြည့်စုံနေသောရက်များဖြစ်၏။ တိုက်ခန်းဝယ်ပြီးပြီ။ ပရိဘောဂတွေလည်း ဝယ်ပြီးသလောက်ပို့ပြီးပြီ။ ကားအပ်ဖို့ မျက်စောင်းထိုးတိုက်…မြဲ ညီထပ်ကိုလည်း ပြောဆိုပြီးပြီ။ အရပ်ထဲမှာတော့ မပြော…ဖြစ်သေးပါ။ ဦးကိုက မပြောနှင့်အုံးတဲ့။ ဝေ သရုပ်ဆောင်သော၊ ချင်ပင်ဇီအားဖြည့်အချိုရည်ကြော်ငြာက တီဗီမှာလာနေပြီမို့ ဝေ့ကို လူတွေသိသင့်သလောက်သိကုန်ပြီ။

"မိုဒယ်အသစ်ကလေး လှလွန်းလို့ဆိုပြီး၊ မဂ္ဂဇင်း …ချို့ကတောင် အင်တာဗျူးမယ်တကဲကဲဖြစ်နေကြပြီ၊ ဝေက သိုသိုသိပ်သိပ်နေ၊ ယောကျ်ားကောက်ယူလိုက်ရင်၊ အင်တာဗျူးနဲ့ရောပါပြီး၊ အိမ်ထောင်ကျတာ လူ…သိသွားမယ်" … တဲ့။

ဦးကိုပြောတာမှန်သည်မို့၊ ဝေတို့များ နှုတ်…သည့်ဘဝမှာ သူငယ်ချင်းတွေကိုတောင် မပြောဘဲ မြိုထ…သည်။ အိမ်ပြောင်းမှာကိုလည်း မပြောသေး။ သည်လော…





အလုပ်ရှုပ်နေသည့်ရက်တွေမှာ စီးထုပ်ကြော်ငြာတစ်ခုက ဝေနှင့်ရိုက်ဖို့ လာရောက်ကမ်းလှမ်းသည်ကို ဝေ လက်ခံလိုက်သေးသည်။

"ဘာလို့လက်ခံလိုက်ရတာလဲ၊ ဝေကလဲ"

"ဟင် … ဦးကို၊ ဒီအလုပ်ကို ဝေဆက်လုပ်မှာ"

"ကိုယ်လုပ်ကျွေးရင် မဝဘူးထင်လို့လား ဝေက"

"ဟာ … ဦးကို၊ ဘာဖြစ်လို့စကားပြောင်းပြောရတာလဲ"

ဝေက ကိုလေးကို ငို၍ငို၍ ထု၏။ ဟိုတုန်းကတော့ သူပဲ၊ မိုဒယ်ဆိုတာ အောင်မြင်ရင် ဘာဖြစ်တယ် ညာဖြစ်တယ်၊ အောင်မြင်အောင် ဘာလုပ်ညာလုပ်၊ ဆက်လုပ်၊ ဆက်လုပ်၊ သူပြောတိုင်းခေါင်းညိတ်ခဲ့ရတဲ့ဝေကို ခုတော့ သူက အပြစ်တွေတင်လို့။ ဝေငိုတော့လည်း ကိုလေးက ပြန်ချော့ရပြန်သည်။

"မဟုတ်ဘူးလေ … ဒီရက်အတွင်းမှာ ဒီလောက်အလုပ်ရှုပ်နေတဲ့ဟာကို"

"မရှုပ်ပါဘူး၊ အားလုံးဝယ်ပြီးနေပြီပဲ၊ နေ့ကောင်းရက်သာရွေးဖို့ပဲကျန်တာ၊ သီတင်းမကျွတ်သေးလို့စောင့်နေရတဲ့ဟာကို"

"သဘော၊ သဘော၊ ဝေ့သဘော"

"မိုဒယ်အဖြစ်နဲ့ အောင်မြင်ချင်လွန်းလို့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ယူမှာတောင် တိတ်တိတ်ဆိတ်ဆိတ်လုပ်နေရတာကို သိပ်မကျေနပ်ဘဲ သဘောတူထားရတာ၊ ခုလိုရလာတဲ့အခွင့်အရေးကို လက်လွှတ်ခံရမှာလား"

"အေးပါ ... လက်မလွှတ်ပါနဲ့၊ ကိုယ်မှားသွားပါတယ်၊ မျက်ရည်သုတ်"

"သုတ်ပေးပါလား၊ သူများကို သုံ့အကျယ်ကြီးအော်တယ်"

"ကဲ ... တိတ်၊ တိတ်"

"လက်တောင်မထပ်ရသေးဘူး အော်နေပြီ၊ နောက်ဆို ဖနောင့်နဲ့များပေါက်မလားမသိဘူး"

"ဝေ့ကို ပေါက်မိရင် အဲဒီဖနောင့်ဖြတ်ပစ်မယ်"

"မျက်လုံးပြူးကြီးနဲ့ စိတ်ဆိုးပြီးကြည့်ရင်လဲ အဲဒီမျက်စိထိုးဖောက်"

"ဖောက်မယ်"

"အလကား၊ မလုပ်ရသေးလို့ပြောတာ၊ သူလား ... မျက်စိဖောက်ပြီး ဖနောင့်ဖြတ်မဲ့လူ။ မုန်းလိုက်တာ"

ဝေက နှုတ်ခမ်းလေးစူ၍ စိတ်ကောက်နေလိုက်၏။ ချော့ပေါ့။ သူဘာဖြစ်လို့ ကိုယ့်ထက်ဆယ်နှစ်ကျော်ကျော်ကြီး ငယ်တဲ့သူကို လာကြိုက်သေးလဲ။ ကိုယ့်ထက် လေးငါးနှစ်လောက်ကြီးရင်တောင် ဝေက ရွယ်တူတန်းတူသဘောထားပြီး အဲဒီလောက်စိတ်ကောက်မှာမဟုတ်ဘူး။ ပု





တော့ ... သည်းခံပေတော့ ဦးကိုရေ။ ဝေ့ထက် ဆယ်နှစ်ကျော်ကျော်ကြီး ... ကြီးတယ်ဆို။ လေးဆယ်နားကပ်နေပြီလားတောင်မသိ။ ဟင် ... ဒါဆို၊ သူ ... လူပျိုသိုးကြီးပေါ့။

"ဦးကို၊ ဦးကို"

"ဘာလဲဝေ"

"ဦးကို အသက်ဘယ်လောက်လဲ"

"နှစ်ဆယ့်ကိုး"

"ဟင်"

ဒါဆို ... ဝေ့ထက် ကိုးနှစ်သာပိုကြီးတာပေါ့၊ သူပြောပုံက ဆယ့်လေးငါးနှစ်ပဲကြီးသလိုလို။

"အစကတော့ ဆယ်နှစ်ကျော်ကျော်ကြီးတယ်ဆို၊ သုံးဆယ်ကို တော်တော်ကြီးကျော်ပြီဆို"

ဦးကို မျက်နှာနုနုကိုကြည့်ရင်း နှစ်ဆယ့်ကိုးဆိုတာ ဝေယုံ၏။ ဦးကို သုံးဆယ်ကိုအရမ်းကျော်ပြီဆိုခဲ့တုန်းက သူ့သူဌေးထုတ်တဲ့ ရုပ်ပျိုဆေးတွေစားပြီး ကကယ်ပဲ ရုပ်ပျိုနေသလားလို့။ ခုတော့ ...

"အဲဒီလောက်ပြောထားမှ ဝေက အသက်ချင်းကွာဟယ်ဆိုပြီး၊ ပြောရဲဆိုရဲ [illegible]ဒီးဖြစ်မှာပေါ့။ မဘိမ်းမယိမ်းဆိုရင် ရင်းနှီးဖို့ဘယ်လွယ်မှာလဲ ဝေရဲ့ ဝေ့ကိုမြင်မြင်ချင်းချစ်ပါတယ်ဆို ... ဒီလိုပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အဖန်လေးတွေလုပ်ရတာပေါ့"

"အမှန်က ဘာလဲ"

"နှစ်ဆယ့်ကိုး"

"ခုမှ ဘာဖြစ်လို့ အမှန်ကိုလာပြောနေရတာလဲ"

"ဝေကလဲ ခုမှဘာဖြစ်လို့ ထပ်မေးနေရတာလဲ"

"ဦးကို ... လေးဆယ်နားကပ်နေရင် လူပျိုသိုးကြီးဖြစ်နေမှာ၊ ရည်းစားတွေလဲ အများကြီးရှိခဲ့မှာ၊ မိန်းပတွေလဲ အများကြီးရချင်ရခဲ့မှာ၊ အဲဒါတွေးမိလို့"

"ကိုယ်ကလဲ ... သုံးဆယ်ကျော်ကြီးဆိုပြီး ဦးကိုအခေါ်ခံနေရတာ နည်းနည်းရိုးလာပြီ၊ ကိုကို ... အခေါ်ခံချင်လို့ အသက်မှန်ကို ဖွင့်ပြောတာ"

"ရည်းစားဘယ်နှစ်ယောက်ရှိခဲ့လဲ"

"အများကြီးပဲ"

"ဟင် ... ဒုက္ခပါပဲ"

"ယောကျ်ားလေးပဲ၊ အီစီကလီတွေတော့ရှိတာပေါ့၊ ဟိုအီ၊ ဒီအီ။ ချစ်တာကျတော့ တစ်ယောက်ထဲပေါ့"

"မိန်းမရောရှိလား"

"မိန်းမရှိရင် ဝေက မချစ်ဘူးလား"

"ဦးကိုနော်"

ကိုလေးက တဟားဟားရယ်လိုက်၏။

"ဝေ ပေါက်စမလေးရဲ့၊ ဟိုတိုဒီတိုနဲ့ သဝန်တွေလျှောက်ပိုမနေနဲ့။ ဒီကမ္ဘာပေါ်မှာ ကိုယ်ချစ်တာ ဝေတစ်ယောက်ထဲ၊ ကျိန်ပြရမလား"

"ကျိန်"

"ပေ့ကိုသာ အချစ်ဆုံး၊ ဝေတစ်ယောက်ထဲပဲချစ်တယ်၊ တခြား ဘယ်သူ့ကိုမှ မချစ်ဘူး၊ အဲဒါ ညာတာဆိုရင် ... ဆိုရင် ... ဘယ်လိုကျိန်ရမလဲကွာ၊ ဒီစကားမှန်ရင် ဝေနဲ့ တစ်သက်လုံးချစ်မြတ်နိုးစွာ တူတူနေရပါစေ"

"မှားရင်ရော"

"မှားရင် ... မှားရင်လား၊ ဝေနဲ့တစ်သက်လုံးချစ်မြတ်နိုးစွာ တူတူနေရပါစေ"

"ကဲကွာ"

ဝေက ဗိုက်ခေါက်ကြီးကို လိမ်ဆွဲလိုက်တော့ ဟားတတ်သည်။ ကိုလေးက တွန့်လိမ်နေတော့သည်။

"သန်ဘက်ခါ မီးထုပ်ကြော်ငြာရိုက်ရင်လိုက်မှာလား"

"မလိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ကောင်းမလားကွာ ... ဝေနဲ့ကိုယ်နဲ့ကို ယုံထင်ကြောင်ထင် ... ထင်သွားကြမှာပေါ့၊ ဝေ့နောက်တ ကောက်ကောက်လိုက်နေလို့ဖြစ်မလား"

"ဒါဖြင့် ... လက်ထပ်ပြီးရင်ရော"





www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကျတော့ တစ်မျိုးပေါ့၊ အိမ်ဖော်ကောင်မလေး ရနေပြီပဲ၊ သူ့ခေါ်သွားပေါ့၊ မိတ်ကပ်ဆရာလဲခေါ်သွား ကိုယ် ကားတစ်စင်း ဒရိုင်ဘာတစ်ယောက်နဲ့ အဆ ကြီးလွှတ်လိုက်မယ်၊ ဝေသုံးပေါ့"

"တက္ကစီလား"

"အငှားတော့ အငှားပေါ့၊ ဒါပေမယ့် ... နံပါတ် နက်ပါ၊ ကားပေါ်မှာ ဝေနဲ့ကောင်မလေးက နောက် ခန်းမှာထိုင်၊ မိတ်ကပ်ဆရာကို ရှေ့မှာထိုင်ခိုင်း"

"ထိုင်ပါလိမ့်မယ် အားကြီးကြီး၊ မိတ်ကပ်ဆရာဆိုတာ"

"အော် ... အေး၊ ထားတော့၊ ကပ်စေးနဲမနေနဲ့ ကိုယ်က မိုဒယ်။ မိုဒယ်နဲ့တူအောင်နေ၊ စမတ်ကျကျ နေ၊ ဒီတစ်ခါ ... ဘယ်ကမှ အထုပ်ဆွဲပေးကဲ့ ပေါ်လာမှာမဟုတ်ဘူး"

ဝေက ရယ်လိုက်၏။ နေရာတကာလိုက်က စေးနဲမနေနဲ့ ... ဟုဆိုကာ အိမ်ဖော်တစ်ယောက် အတင်း ငှားခိုင်းလို့ ငှားလိုက်ရသည်။ "မိုဒယ်လက်ချောင်းဆိုတာ အိုးတိုက်ခွက်တိုက်လုပ်နေရင် လက်ဆစ်တွေကြီး၊ လက် သည်းတွေတိုပြီး၊ ဘယ်ရမလဲကွ၊ ကိုယ်က ဒီအလုပ်ထဲရောက် ပြီ၊ ပိပိပြင်ပြင်နေ" ... ဆိုလို့ ဝေ ... အိုးခွက်မတိုက် ထမင်းမချက်၊ အဝတ်မလျှော်တော့ပါ။ အရင်တုန်းကဝေ အိမ်တစ်ခြမ်းရောင်းထားတဲ့ထဲကပါဖို့စား၊ ဖေဖေ့လဲ ဆေး





ပို့ အပိုအကုန်မခံနိုင်ပါ။ ခုတော့ ... ဒီတစ်ခါ ဗီးထုပ်ကြော်ငြာကို လေးသောင်းတောင်းလိုက်တာပေးသွားသည်ဆိုတော့ ဝေ့မှာ ဝင်ငွေလေးလည်းရှိလာပြီ။ ဦးကိုနဲ့ လက်ထပ်ပြီးရင်လည်း ဦးကိုက ရှာကျွေးဦးမှာဆိုတော့၊ နည်းနည်းပါးပါး စတိုင်ကျအောင်နေလိုက်ပြီပေါ့။

"နေပါဦး ... ဗီးထုပ်နာမည်က ဘာလဲ"

"သိဘူး"

"နာမည်လေးတောင် မေးမထားလိုက်ဘူးလားကွာ"

"သီချင်းတောင် ပေးသွားပြီ။ အမှုအရာကျင့်ဖို့၊ နာမည်ကိုက သိဘူး၊ သီချင်းကလဲ ... အချစ်လေး ဘာစားနေတာလဲ ... သိဘူး၊ သိဘူး၊ သိဘူး ... တဲ့"

ဝေက တခိခိရယ်လိုက်၏။

"စုံတွဲလား"

"တစ်ယောက်ထဲပါ။ ခစ် ... ခစ်နဲ့လဲရယ်ရမယ်တဲ့ ဗီးထုပ်နာမည်က သိဘူးဆိုတော့ ရယ်စရာဖြစ်နေလို့ အသက်ပါအောင် ရယ်ရမယ်တဲ့"

"တစ်ခါထဲ ... အသက်ထွက်အောင်သာရယ်လိုက်တော့၊ ဒါမှသေသွားတော့ အေးရောကွာ။ ကိုယ့်ချစ်သူလေးအောင်မြင်စေချင်လို့ မြှောက်ပေးခဲ့တာ၊ ကိုယ့်မိန်းမဖြစ်လာတော့မယ်ဆိုတော့ မကြည့်နိုင်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



စုံတွဲဆို ... ဘယ်ကောင်နဲ့မှ ပေးမရိုက်ဘူး၊ ဒါ
အမိန့်"

အော် ... ဦးကိုရယ်။ သဝန်တွေတိုနေလို
ပုံက ချစ်စရာကြီး။

❀ ❀ ❀

"ခွင့်လွှတ်လိုက်လား"

"ဘာလို့လွှတ်ရမှာလဲ၊ နွားလား"

သည်တစ်ကြိမ် ကင်မရာအဖွဲ့က ဟိုနှစ်ကြိမ်
တုန်းက ဆုံဖူးသူတွေမဟုတ်ပါ။

ဒီတစ်ကြိမ်ရိုက်တာက ခြံနှင့် အိမ်ကြီးတစ်
လုံးကို ငှားရိုက်တာဆိုတော့ အဝတ်လဲဖို့ နားနေဖို့နှင့်
နှင့် တော်တော်ကြီးဟုတ်နေသည်။ သို့ပေမယ့် ... မင်း
မီးအထာကလေးပြရကောင်းမှန်းမသိသေးတော့၊ လာခေါ်မှ
ထွက်မည့်အစား၊ ဝေ အဝတ်အစားလဲပြီးပြီဖြစ်ကြောင်း ကို
တိုင်ပြောဖို့ထွက်လာတာမှာ ကြားလိုက်ရသည့် ဒေါသ
ကြောင့် ကိုယ်ကလေးပြန်ကျုံ့သွားရသည်။ အိမ်၏ဧည့်ခန်း
မှာ မီးကြိုးတွေပြင်ဆင်နေသော ကင်မရာအဖွဲ့မှ ထွက်



သောအသံမို့ ဝေက ဖြတ်သွားရမှာ အားနာစွာ ကိုယ့်အခန်း
ထဲ ကိုယ်ပြန်ဝင်လိုက်ပေမယ့် ဘာကြောင့်မှန်းမသိ နားက
အလိုလိုစွင့်မိရက်သားဖြစ်သွားသည်။ လူသားတို့ဗီဇ သိလို
စိတ်ကြောင့်လည်းဖြစ်မည်။ ဝေကိုယ်တိုင် အားပြီးအချိန်ပို
နေခိုက်နှင့် ကြုံသောကြောင့်လည်းဖြစ်နိုင်၏။

"ကောင်မကတော့ သူ ဘာမှမဖြစ်ပါဘူး၊ ဘာဘူး
ညာဘူးပေါ့ကွာ"

ဝေ ... မျက်နှာလေးရှုံ့သွားသည်။ ယောကျ်ား
လေးတွေ၊ မိန်းမတွေကို "ကောင်မ" ခေါ်တာ မိန်းမသား
တွေ ဆတ်ဆတ်ခါနာတတ်ကြ၏။ ခေတ်ဗန်းစကားကို အ
ဟုတ်ကြီးလုပ်ပြီးခေါ်တာကိုကျတော့ တချို့ မိန်းကလေးတွေ
က နာရမှန်း၊ ရိုင်းစိုင်းမှန်းမသိ၊ မိန်းမတွေကိုယ်တိုင်က
တောင် လိုက်သုံးနေကြသေးသည်။ ဝေ့အဖို့တော့ နှစ်ခုလုံး
နားဝင်ရိုင်းသည်ချည်း။

"ဒီကိုကိုလေးဆိုတဲ့ကောင်က ဘာကောင်လဲ"

ဘုရား။ လောကမှာ၊ မြန်မာပြည်မှာ၊ ရန်ကုန်
မှာ ကိုကိုလေးတွေတော့ အများကြီးရှိမှာပါ။ ကိုကိုလေးဆို
တိုင်း ဝေ့ကိုကိုလေးတော့မဖြစ်နိုင်။

"သူက အက်စ်ကေဘီ"

"ဘော်ဇာလား"

"ဒါပေါ့၊ ငါပြောတယ် ... ဒီကောင်၊ ဘယ်မှာမနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညာဟာမနဲ့ ဘယ်ကောင်မနဲ့၊ ညာကောင်မနဲ့"

တကယ်ဆို "ကောင်မ" ဆိုတာလည်း ရိုင်းတာပါပဲ။ သို့ပေမယ့် ခေတ်သုံးဗန်းစကားထက်တော့ နည်းနည်းလေးပို၍ နားထောင်ရဲသည်။ ဒါကို ... မိန်းကလေးငယ်ငယ်တချို့က ဗန်းစကားကို ကိုယ်တိုင်လိုက်သုံးပြီး နာရမှန်းမသိ၊ ကောင်မကျမှာ နာရမှန်းသိသလိုမို့ ကောင်လေးတွေက ကောင်မခေါ်တာပဲ၊ ဟိုစကားအခေါ်မခံရလို့ ကျေးဇူးတင်ရမလိုဖြစ်တော့သည်။

"ငါက သေချာလိုက်ထားတာ၊ ဘာမှွေသလဲမမေးနဲ့၊ လျှမ်းတဲ့ဘဝမှာလဲ နှစ်ယောက်မရှိဘူး၊ ဒီကောင် ကောင်မတစ်ကောင်ကို သုံးလတွဲတယ်၊ ပြီးရင်ဖြတ်တယ် သူကတော့ လက်ဖျားနဲ့မတို့ခဲ့ပါဘူး သစ္စာဆိုတယ်တဲ့၊ ချီးစားပြောရင်တောင် ကြိုက်တတ်လို့စားတာလို့ပြောလိုက်မယ် မယုံဘူး ...

"ငါဖြတ်ပြီး ဟိုနောက်လိုက်၊ ဟိုကဖြတ်မှ ငါ့ဆီပြန်လာ၊ ဒါမျိုး ဆောရီးပဲ၊ သေလုအောင်ကြိုက်ရင် ကိုယ့်ကိုယ်ကို ဓားနဲ့ထိုးသေလိုက်မယ်၊ တာ့တာပြလိုက်တယ်"

"မင်းတို့က လုကြီးချင်း သဘောတူပြီးသားမဟုတ်လား"

"အေးလေ ... ဒီကြားထဲက ဖောက်ထွက်တာ၊ ငါ





အကြိမ်ကြိမ်ပညာပေးတယ်၊ သည်းခံသေးတယ်၊ ဒီကောင် ဘာကောင်မှန်းသိအောင် ရေးရာဇဝင်တွေ လှန်ပြလိုက်တယ်၊ ဆုံးမပေးတယ်၊ မေး၊ ကြိုက်သလို။ တာ့တာအပြခံထားရတဲ့ဟာတွေဆီ ပို့တယ်"

"ဒါတောင်မယုံဘူးလား"

"ငါကပဲ အရကြောင်းကြားပေါ့လေ၊ ဟိုကဖြတ်မှ အသေအလဲလာငိုပြတာ၊ ဆောရီး၊ ဗဲရီး ဆောရီး တောကြီးမြိုင်လယ်"

အော် ... ခေတ်လူငယ်တချို့ပြောလိုက်တဲ့စကားတွေကလဲ။ ဗမာစကားကို ဗမာကပြောတာ ဗမာတစ်ယောက်နားမလည်နိုင်ပါလား။

"ငါကြားတာတော့၊ ဒီကောင် အခုရိုက်မယ့်မိဒယ်နောက် လိုက်နေတယ်တဲ့"

မြတ်စွာဘုရား။ ဝေရင်ကလေးဖိလိုက်မိ၏။

"အကြင်နာဝေလား"

"အေးလေ ... ဒုက္ခရောက်ရဦးမယ်။ မိဒယ်တစ်ယောက်ကို ကြွေအောင်ခြွေနိုင်တဲ့လက်မှာ ငိုင်းဘယ်လောက်သီးနေမလဲမှ မသိတာ"

ဘုရား၊ ဘုရား၊ ဦးကိုအကြောင်း အစစ်ကြီးပါလား။ ဝေ နားလည်သလောက်ပြန်ပြောရရင်၊ အခု ကင်ရာအဖွဲ့က အမျိုးသားရဲ့ချစ်သူ၊ သူတို့ချင်းက မိဘချင်း



www.burmeseclassic.com

www.burmeseclassic.com



တောင် ကြည်ဖြူပြီးသား၊ အဲဒါ ဦးကိုနဲ့တွေ့၊ ဦးကိုနော ပါ၊ ဦးကိုက ဖြတ်လိုက်မှ သူ့ဆီပြန်လာတော့။ သူက လ မခံ။ ဦးကိုမှာလည်း ဖြစ်လိုက်ဖြတ်လိုက်တွေက အများ မို့ သူက သူ့မိန်းကလေးကို မသဒ်တော့။ ဦးကိုရဲ့ကိုယ်ကျ ရားကိုမယုံကြည်။ ဦးကိုက ပိုက်ဆံပေါ်သတဲ့။ ခု … ဒယ် အကြင်နာဝေနောက်လိုက်နေသတဲ့။

ဦးကို။ ဦးကို။ ဖြစ်မှဖြစ်ရလေ ဦးကိုရယ်။ ဟုတ်နိုင်ပါ့မလား။ ဦးကိုလို သူဌေးအိမ်က ဒရိုင်ဘာ ယောက်ဟာ လက်ဖျားငွေသီးနိုင်သလား။ ဦးကိုမှာ တ အလုပ်အကိုင်ရှိသေးလား။ ဘွဲ့လဲရထားသတဲ့။ ငွေအတွ သုံးမှာကျတော့လည်း သိန်းနှစ်ဆယ်နီးပါး။ ဘာတွေလဲ ကိုရယ်။ ဘယ်လိုလဲ ဦးကိုရယ်။

❋ ❋ ❋

"ကိုယ် … ဘယ်မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးဖူးဘူး။ ကိုယ် ရည်းစားများတာ မှန် ဝန်ခံတယ်။ လက်ဆွဲ၍၊ ပခုံးဖက်ရုံထက်မပိုဘူး၊ ကို ဆင်ခြင်တယ်၊ သူများသားသမီးကို ကိုယ်မယူ





နဲ့ မဖျက်ဆီးဘူး၊ အေး … ယူကိုယူရမယ်ဆိုရင် တော့ ဖျက်ဆီးမယ်၊ ဒါပဲ … ဘုရားမှာလိုက်ကျိန် ပြရမလား"

ဘယ်လိုစကားကြီးလဲ ဦးကိုရယ်။

မယူနိုင်ဘဲနဲ့ မဖျက်ဆီးဘူး … ဆိုတာ ထား ပါတော့။ ယုံပါတယ်။ ကောင်းပါတယ်။ ယူကိုယူရမယ်ဆို ရင်တော့ ဖျက်ဆီးမယ်တဲ့။ ဘယ်လိုဖျက်မှာလဲ။ ကိုယ်လက် ထပ်ထားတဲ့သူရဲ့ဘဝကို ဖျက်မှာလား၊ တိုးတက်မှုကိုဖျက် မှာလား၊ ဘာကိုဖျက်မှာလဲ ဦးကိုရယ်။

"ယူကိုယူရမယ်ဆိုရင်တော့ ဖျက်ဆီးမယ် … ဆို တာဘာလဲဦးကို"

"ဟာကွာ … စကားအဖြစ်ပြောတာ၊ ဝေနဲ့ ဘာမှ မဆိုင်ဘူး။ ဝေ့ကို လက်ထပ်မယ်။ ဝေ့ကို တရား ဝင်လက်ထပ်မှာကွ၊ ဘယ်လိုဖျက်ဆီးရမှာလဲ၊ ဘာမှ မဖျက်ဆီးဘူး၊ ဝေ့ကိုချစ်တယ်၊ လက်ထပ်မယ်၊ သိ တင်းကျွတ်အောင်စောင့်နေတယ်၊ ဒါပဲ၊ ဝေ့ကိုကိုယ် ဘာဖျက်ဆီးလဲ၊ ဝေကသာ စိတ်ဆိုးတိုင်း ထလိုက် ရိုက်လိုက်နဲ့၊ ကိုယ် … ဝေ့ကို ပုတ်ပုတ်ခတ်ခတ် နေသလား၊ ဘယ်လောက်ဆင်ခြင်သလဲ၊ ကိုယ်နွား မို့ ဆင်ခြင်နေတာမဟုတ်ဘူး …

"ဝေ့ကိုချစ်လွန်းလို့ တန်ဖိုးထားမြတ်နိုးနေတာ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဝေမသိဘူးလား။ ယောကျ်ားတစ်ယောက် ရည်းစားများတာကိုတော့ လာပြောမနေနဲ့။ အားလုံးလဲ တာ့တာပြပြီးသွား၊ ပြတ်ပြတ်စဲစဲ ...

"ကိုယ် ... ဝေ့ကိုပဲချစ်တယ်ကွာ၊ ဝေယုံကွာ၊ ကိုယ့်ရည်းစားဟောင်းတွေ စာရင်းပြုစုပြီး လိပ်စာနဲ့တကွ ပေးရမလား၊ ယုချင်ရင်ပြော၊ ကိုယ်မချစ်ဘူးကွ၊ ကိုယ်အပျော်တွဲတာ၊ ကိုယ်အရမ်းစိတ်လေနေတယ်၊ ဖြေဆေးမရှိဘူး၊ ရည်းစားထားတယ် ...

"သုံးလတစ်ယောက် ဘယ်ကမလဲ၊ တချို့ ... တလပြည့်အောင်တောင် မတွဲဘူး၊ ခု ... ရည်းစားတစ်ယောက်မှမရှိတော့ဘူး၊ ဝေ့ကိုချစ်တယ်၊ ဝေနဲ့မခွဲနိုင်ဘူး၊ ဘယ်လိုပြောရမလဲ၊ အဆိပ်သောက်ပြရမလားကွာ"

ဦးကို ... ပြင်းပြင်းထန်ထန်ပေါက်ကွဲ၏။

စကားတွေအများကြီးကို ဒေါနှင့်မောနှင့် အကျယ်ကြီးပြောသည်။ လက်ရောကိုယ်ပါ ယိမ်းထိုးလျက် စိတ်လိုက်မာန်ပါပြော၏။ ဝေက မုက်စိသူငယ်နှင့် အကြောက်ကြောက်အလန့်လန့်နားထောင်နေရသည်။ ဦးကို ဒီလောက်စိတ်ထိခိုက်၊ စိတ်ဆိုး၊ ဒေါသထွက်၊ ပေါက်ကွဲတာ ဒီတစ်ခါပဲမြင်ဖူးသည်။ ဦးကိုဟာ ဒေါသကြီးတတ်သူပဲ။ သူ စိတ်တိုလာလျှင် ပေါက်ကွဲပုံက ထိန်းသိမ်းရခက်မည့်ပုံမျိုး။ ဦး





ကို ... ဦးကို။ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်ပါဆိုသည့် ဦးကို၏ နောက်ကြောင်း ရာဇဝင်က ဘယ်လိုရှိခဲ့မလဲ။

"ရှင် ... လူပျိုမှဟုတ်ရဲ့လား" ... လို့တောင် မေးကြည့်ရမလိုဖြစ်နေပြီ။ တရားဝင်ဇနီးမရှိလျှင် ယောကျ်ားတွေအဖို့တော့ လူပျိုပဲမို့ ဝေ့မေးခွန်းကြီးအလကားဖြစ်လိမ့်မည်။ စာရွက်တစ်ရွက်ဆွဲ၍ သူထိုင်ရေးနေတာကြည့်နေလိုက်၏။

"အဲဒါ ... မှတ်မိသလောက်ဖြတ်ပြီး ရည်းစားများစာရင်း။ နာမည်နဲ့လိပ်စာ၊ ဖုန်းနံပါတ်တချို့ပါတယ်။ ဝေမေးချင်တာမေး။ ဒါအကုန်မဟုတ်သေးဘူး။ မမှတ်မိတော့တဲ့ဟာတွေကျန်သေးတယ်၊ သူတို့က ညာရင်တော့ မပြောတတ်ဘူး၊ ကိုယ် ... အဲဒါတွေကို တစ်ယောက်မှမဖျက်ဆီးခဲ့ဘူး ...

"ဝေပြောတဲ့ကောင်မရာမင်းရဲ့အမျိုးသမီးကို ကိုယ်မမှတ်မိဘူး။ သူ့မှာ ရည်းစားရှိမှန်းသိရင် ဒုက္ခခံပြီးမလိုက်ဘူး၊ မသိလို့လိုက်တာ။ သူ့ဘာသာပါလာတာ သူ့အပြစ်ပဲ၊ ကိုယ့်မှာ အပြစ်မရှိဘူး ...

"ကိုယ်ဖြတ်တော့ သူက သမိုင်းဟောင်းကို ဘာလို့သွားတူးဆွလဲ။ အပြောခံရတာတောင် နည်းသေးတယ်"

ဦးကိုရယ်။ ပြောပုံက ရက်စက်ပြတ်တောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်တာ။ ငွေကိုရော တစ်နေ့ ဦးကို စိတ်ကုန်လာရင်၊ ပျင်းလာရင် ဒီလိုပဲဖြတ်တောက်မသွားပါဘူးလို့ ဆေ ... ဘယ်မိုက်လုံးနဲ့ ယုံရဲမှာတဲ့လဲ ဦးကိုရယ်။

"ဒီမှာဆေ၊ ငွေကိုသိပ်ချစ်တယ်နော်၊ မခွဲနိုင်ဘူးနော်၊ တစ်သက်မှာ ဆေတစ်ယောက်ထဲကို၊ တစ်ခါပဲ၊ ဟော ဒီရင်ဘတ်ကြီးထဲက ချစ်ဖူးတယ်၊ ယုံလိုက်ဆေရာ"

သူ့ရင်ဘတ်ကြီးဆောင့်ခွဲ၊ အင်္ကျီစုတ်ကာ ဟင်း ...င်းပွင့်ကြီးနှင့် အိမ်ပေါ်ကဆင်း၊ ကားပေါ်တက်မောင်းထွက် ...သွားသူ၏ ကျောပြင်မှာ၊ ငွေ့အချစ်တွေက အပြေးအလွှား ...ွယ်ကပ်လိုက်ပါသွားကြလေရဲ့။ ဆေလည်း သိပ်ချစ်တာပဲ၊ ...ခွဲနိုင်ပါဘူး ဦးကိုရယ်။ ယုံကြည်ပြီးခွင့်လွှတ်လိုက်ရမယ် ထင်ပါရဲ့။ ဒီတယ်လီဖုန်းတွေကိုလည်း မဆက်တော့ပါဘူး ရှင်။

❋ ❋ ❋

"ရပ်ကွက်ကလဲ မျက်စိနောက်လောက်ပြီ" ... တဲ့။

"အားလုံးလဲပြင်ဆင်ပြီးဖြစ်နေပြီ" ... တဲ့။

"ဆွေမျိုးထဲမှာ မပြောမဖြစ် တချို့ကိုလဲ ပြောဆို





ဟိုင်ပင်ပြီးနေပြီ" ... တဲ့။

"သူက တရားဝင်လက်ထပ်မှာပဲ၊ တိုင်ခန်းပြောင်းပြီး ရင်လဲ၊ ဒီလမ်းထဲက လမ်းမိလမ်းဖတွေ လာဖိတ်မှာ ပဲ" ... တဲ့။

"ကိုယ်နဲ့မတွေ့ခင်က ရည်းစားများတာကို ရိုးမယ် ဖွဲ့မနေနဲ့တော့၊ အစကတော့ မစုံစမ်းခဲ့ဘဲ" ... တဲ့။

"တို့အပြစ်လဲပါတယ်၊ အိမ်မှာ အဝင်အထွက်လက်ခံ တာကအရင်၊ သူတောင်းဆိုတာက နောက်လိုဖြစ် သွားရတာ လူကြီးတွေရဲ့အပြစ်လဲပါတယ်" ... တဲ့။

"ဒီလောက်ပြင်ဆင်ပြီးမှ ပျက်ရရင်လဲ မိန်းကလေးပဲ နာမည်ပျက်မယ်" ... တဲ့။

"လူပျိုလားလူအိုလား စစ်ဆေးမနေနဲ့၊ ယောကျ်ား ဆိုတာ၊ တရားဝင်မိန်းမ မရှိရင် လူပျိုစာရင်းဝင်ပဲ" ... တဲ့။

ကြီးကြီးနှင့်ဖေဖေတို့က စိတ်မကောင်းတော့ ဖြစ်ကြသည်။ ငွေလောက်စိတ်ပျက်လက်ပျက်ကြီးမဟုတ်ကြ ချေ။

"တရားဝင်မိန်းမရောရှိသေးလားလို့ ဖွင့်မေးရမလိုဖြစ် နေပြီ"

အတွေးထဲဝင်ပေမယ့် ကြီးကြီး ကြားအောင် တောင် မပြောရဲပါ။ ခုကိစ္စအတွက်၊ နာသာခံခက်။ အသဲ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ယားလျက်နာကျင်ကြေကွဲစွာလည်း ခံစားရသည်။ ဒေါသထွက်၏။ ငိုချင်၏။ သို့ပေမယ့် ... သူနှင့်မခွဲဂိုး တော့တာ သေချာပြီမို့ ခွင့်လွှတ်ရတော့မှာပါပဲ။

"ညည်းကြားလာတာက တစ်ယောက်ထဲ၊ သူဝန်း သွားတာက အများကြီးဟာ၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ သားမှုကိုတော့ အသိအမှတ်ပြုရမယ်" ... တဲ့။

ရည်းစားများတာကိုများ ခွင့်လွှတ်ရဦးမတဲ့။ ခွင့် မလွှတ်လို့ရော ဘာလုပ်နိုင်တာမှတ်လို့။ ခွဲနိုင်ပါဘူး ဦးကို ရယ်။ ရင်ထဲတော့ မကောင်းဘူးပေါ့။ ဦးကိုဟာ ဇွဲအရှုံ ချစ်သူတွေအများကြီးရှိခဲ့ဖူးတာ၊ ငတာစ်သက်လုံးသတိရနေ တော့မှာပါ။ လူရှုပ်ကြီးရယ်။

"ခွင့်လွှတ်တော့မှာ" ဆိုတာမှ၊ သုံးလေးရက် လောက်ပျောက်နေသည်။ တိတိကျကျဆိုရလျှင် သုံးရက်မျှ တိတိဖြစ်သွားပြီ။ ခါတိုင်း တစ်နေကုန်နီးပါးနေနေကျ ပုဂ္ဂိုလ် က နေ့တစ်ဝက်နှင့် ပြန်ချသွားတော့ အဲသည်လိုရန်ဖြစ် လိုက်ရသည့်နေ့က နေ့တစ်ဝက်ပဲထားပါ။ မလာတာသုံးရက် တိတိ။

"ကိုကိုလေးတောင် မလာဘူး"

ဝေ ... အီးခနဲ ငိုချလိုက်သည်။ ငိုချင်ရက် လက်တို့ဆိုတာ၊ အဲဒါပဲလေ။ ဝေက လွမ်းနေတာ၊ အောက် မေ့နေတာ၊ တွေ့ချင်နေတာ၊ ငိုချင်နေတာ။ ဦးကိုရယ် ...





ဦးကိုရယ် ... ဆိုပြီး ရင်ဘတ်ကို လက်သီးဆုပ်နုနုနဲ့မ ဟုတ်ပါဘူး၊ တတ်နိုင်သလောက် အားတွေထည့်ပြီးတော့ ကိုထုချင်တာ။ ပခုံးဦးမှာမှီပြီးတော့မှ ရှိုက်ချင်ငိုချင်တာ။ ဦး ကိုရယ်။ ဦးကိုရဲ့ အရင်က နာမည်ဆိုးတွေကို ဝေ့မျက်ရည် တွေနဲ့ ဆေးပစ်မလို့ပါ ဦးကိုရယ်။

"သုံးရက်တောင်ရှိပြီ"

ကြီးကြီးတောင် ရက်တွက်နေပြီ။ သုံးရက်ခွဲ ကြီးကြီးရဲ့ ... ဟု ပြောင်ငိုချင်၏။

"စိတ်များဆိုးသွားလားအေ"

ဆိုးစရာလား။ သူ့ ရည်းစားများခဲ့ဖူးတာကို လက်ရှိရည်းစားက ငိုယိုသဝန်တိုတာကို သူက တစ်ပြန်စိတ် များ စိတ်ဆိုးရဦးမှာလား။ ရည်းစားများခဲ့သူဟာ သူမဟုတ် ဘဲ ဝေဆိုရင်ရော၊ သူ့ ဘယ်လိုခံစားရမလဲ။ သူ ... ဝေ့ ကို ဘယ်လိုအပြစ်ပေးမယ်ဆိုတာတွေးတောင် မတွေးဝံ့ပါ။ သူတို့ယောကျ်ားဆိုတာ၊ သူတို့သာ လူကြားမကောင်းတဲ့ရော ဂါနဲ့ ဆေးထိုးရလို့ တင်ပါးမှာ ဇကာပေါက်ဖြစ်ကာမှဖြစ် ရော၊ ကိုယ်လက်ထပ်မယ့်မိန်းကလေးကျရင် ခြောက်ပြစ် ကင်းမှ သဲလဲစင်မှ မက်မောကြတာမဟုတ်ဘူးလား။ မိန်းမ သားက ဒီလောက်ကလေးမှ သဝန်မတိုရဘူးလား။

ဝေ ... ဦးကိုပေးထားသောရည်းစားစာရင်း မှ တယ်လီဖုန်းနံပါတ်တွေကို အမိပ္ပါယ်မဲ့စွာ ငေးရင်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပွလောင်နေရ၏။ ငသိုင်းများတော့ ဟင်းဟုန် ... တဲ့။ ဝေဟာ ဦးကိုရဲ့ များလှစွာသော ငါးသိုင်းတွေထဲက တစ်ကောင်လား ဦးကိုရေ။ ဖေဖေလည်း မျက်နှာပျက်သွား ပြီ။ စိတ်ဆင်းရဲရှာမှာပေါ့။ ရှင် တော်တော်ရက်စက်တယ် နော်။

အိမ်ရှေ့မှာ ကားကြီးတစ်စင်းထိုးဆိုက်၏။ ရင် ခုန်ထလိုက်သည်။ ရုတ်တရက်ကြီးထခုန်သော စိတ်ကူးယဉ် လှိုင်းလုံးကြီးက ဝုန်းခနဲ ပြိုကျ၏။ ကြီးကြီးသားအကြီးဆုံး ရဲ့ကား။ သားအကြီးဆုံးက သူဌေးသမီးနှင့်ရပြီး၊ ယောက္ခမ အိမ်မှာလိုက်နေပြီး၊ သူက ယောက္ခမ စီးပွားရေးကို သူပဲ ဦးစီးကာ ဟန်ကျနေ၏။ ဝေတို့က တောင်းတောင်းမနိ သွား မခေါ်ရစဉ်က နေသောအိမ်မှာ ကြီးကြီးသားအငယ် အိမ်ဖြစ်၏။ သားအငယ်က ကိုယ့်ဘာသာနေသည်။ စီးပွား ရေးက ဝေတို့ထက် နည်းနည်းပဲသာသည်၊ လူလတ်တန်း စားနီးပါးဆိုပါတော့။ ကြီးကြီးသားအကြီးက သူ့အမေနှင့် သူ့ဦးလေး (ဖေဖေ့)အတွက် စားစရာသောက်စရာအထုပ်အ ပိုးတွေနှင့် အိမ်ပေါ်တက်လာ၏။ အဲသည်အထုပ်အပိုးတွေ နှင့် မနိုင်မနင်းရောနှောကိုင်လာသော ဆယ်လူလာဖုန်းလေး ကို ဝေက မျက်စိကျသွားရသည်။

"အစ်ကိုဝင်း၊ ဝေဆက်ကြည့်ချင်တယ်"

"ဆက်လေ"





လှမ်းပေးပေမယ့် ဘယ်လိုဆက်ရမှန်းမသိလို့ ဆက်နည်းမေးရသေးသည်။ ဝေ ... အိပ်ခန်းထဲသို့ပြေး ဝင်တော့ အစ်ကိုဝင်းက ခေါင်းညိတ်ပြုံးနှင့် ကြီးကြီးကို လှမ်းကြည့်တာ ဝေ လှစ်ခနဲမြင်ခဲ့ပါ၏။ ခုလောက်ဆိုရင် တော့ မေမေ့တူမ ရီးမှရီးရဲ့လား ... တို့၊ မရီးဘူးဟော့ ... တို့၊ ဘာတို့ညာတို့ ဝေ့အကြောင်းတွေပြောနေလောက် ရောပေါ့။

"ကိုကိုလေးနဲ့ပြောချင်လို့ပါရှင်"

"အော် ... ဘယ်သူပါလဲကွယ်"

"ကျွန်မ ... အကြင်နာဝေပါရှင်"

"အော် ... တို့ ကြော်ငြာရိုက်ပေးတဲ့မိန်းကလေးပေါ့"

"ဒါ ... ဒါဖြင့် မမက သူဌေးကတော်ပေါ့နော်၊ ကျွန်မ အကြင်နာဝေပါ မမရယ်၊ မမတို့ရဲ့ ရတနာ ဆိုင်ကြော်ငြာကို ရိုက်ချင်လို့၊ ရိုက်ပါရစေ၊ မမကို ပြောပေးပါလို့ ဦးကိုကိုပြောခိုင်းထားပါသေးတယ်"

"ဘယ်သူကွယ့်"

"ဦးကိုပါ ... ကျွန်မထက် အသက်အများကြီးကြီး လို့ ကျွန်မက ဦးကိုလို့ခေါ်ပါတယ်"

"ဒါဆို ... အကြင်နာဝေက တော်တော်ငယ်သေးတာ ပေါ့နော်"

"ကျွန်မအသက်နှစ်ဆယ်ပါ"

---

ပိန်ရတုအာယိမ်းအဖွတ်

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငယ်လိုက်တာ။ မိုဒယ်လုပ်ဖို့အတွက်တော့ အရွယ်ကောင်းလေးပါပဲ"

"ဟုတ်ကဲ့မမ ... ဦးကိုရှိရင် ခဏလောက်ပြောပါ့စေ"

"မမအခေါ်ခံရတာ ရှက်စရာတောင်ဖြစ်နေပြီ။ ဒေါ်လေးပဲခေါ်ပါ၊ ဒေါ်လေးအသက်က ငါးဆယ်"

"အော် ... ဟုတ်ကဲ့မမ ... ဒေါ်လေး"

"ကိုကိုလေးက အိမ်ပြန်မလာတာ သုံးလေးရက်ရှိနေပြီ၊ သမီးဆီမလာလို့လား"

"သမီး" ... တဲ့။ အင်းပေါ့လေ။ ငါးဆယ်နှင့်နှစ်ဆယ်ဟာ သမီးနဲ့အမေအရွယ်ပဲပေါ့။ ဦးကိုကပြောတော့ သူ့ဒေါ်ကတော်နဲ့တွေ့လို့ စကားပြောအဆင်မပြေရင် နည်းနည်းပါးပါးသည်းခံတဲ့။ ခုတော့လည်း ... သူ့ဒေါ်ကတော်က သဘောကောင်းလိုက်တာ။

"ဟုတ်ကဲ့ပါဒေါ်လေး၊ သူ ... ဒီလိုပဲ ... "

"ဒီလိုပဲ သုံးလေးရက်လောက် တစ်ခါတလေပျောက်သွားတတ်တာပဲ။ တစ်ခါတလေပဲ တစ်ပတ်လောက်။ တစ်ခါကကျတော့ တစ်လနီးပါးဖြစ်သွားလို့ ဒေါ်လေးဖြင့် လိုက်တောင်ရှာယူရတယ်"

"အော် ... သူ၊ ဘယ်တွေသွားတတ်တာလဲမသိဘူးနော်ဒေါ်လေး၊ ဒေါ်လေးတို့က ဦးကို ... ကို တော်





တော်ခင်သားပဲနော်"

"ခင်ပါတယ်သမီးရယ်၊ ချစ်ကိုချစ်တာပါ။ သူ့မှာ သူပိုင်တိုက်ခန်းလေးတစ်ခုရှိတယ်၊ သူ့အရင်အထဲက နေခဲ့တာ၊ သူက စိတ်ညစ်ရင် အဲဒီအခန်းမှာ တစ်ယောက်ထဲသွားပြီး၊ မစားမသောက်နဲ့ ..."

"အဲ စားတယ်စားတယ်၊ အမြဲစားတာ၊ သောက်လဲသောက်တယ်။ စားစားသောက်သောက်နဲ့ပေါ့နော်၊ ပေပေတေတေ သွားသွားနေတတ်တယ်။ ဒေါ်လေးက စိတ်ပြေလက်ပျောက်နေပါစေဆိုပြီး ခဏတဖြုတ်လွှတ်ထားပေးရတယ်၊ နည်းနည်းကြာရင် ဖုန်းလှမ်းဆက်လိုက်တော့လဲ သူပြန်လာပါတယ်။ တစ်လလောက်ကြာသွားတုန်းက ဖုန်းမကိုင်ဘဲထားတာလေ၊ လူကိုယ်တိုင်ခေါ်တော့လဲ သူပြန်ပါလာပါတယ်"

"အော် ... သူ့ကံကောင်းတာပေါ့နော်၊ ဒေါ်လေးလိုမျိုးအလုပ်ရှင်က မိဘလို စောင့်ရှောက်ခြင်းခံရတာ သူ့အရမ်းကံကောင်းတာပေါ့နော် ... အခုရော၊ ဒေါ်လေးဖုန်းဆက်ပြီးပြီလားဟင်"

"မဆက်တော့ဘူးလားလို့၊ မဆက်ဘဲနေနိုင်အောင် ဒေါ်လေးကြိုးစားနေတာ၊ သုံးရက်တော့ နိုင်လာခဲ့ပြီ။ ဒီလိုပဲ တစ်ရက်ပြီးတစ်ရက်နေနိုင်အောင် ကြိုးစားသွားတော့ဖို့ စိတ်ကူးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အလုပ်ရှင်စိတ်ပျက်ပြီထင်ပါရဲ့။ စိတ်ညစ်ပြ တဲ့ကြားထဲမှာ ရယ်စရာစကားပြောရလျှင် ဒီထက်ကောင်း တဲ့အလုပ် ရှင်တောင် ဒီအလုပ်ရှင်လောက်မကောင်းနိုင်ဘူး လေ။ ဒီလိုအလုပ်ရှင်မျိုး၊ သူ့တစ်သက်မှာ ရှာလို့တွေ့ပါ့ပြီ မလား။ သူက အလုပ်ထွက်ချင်လို့များရစ်နေတာလား။ ဘ နဲ့လက်ထပ်ပြီးရင် ကိုယ်ပိုင်တက္ကစီဆွဲဖို့၊ အလုပ်ရှင်ဆီက အလုပ်ထွက်ရအောင် အလုပ်ရှင်စိတ်ပျက်အောင်လုပ်နေတာ လား။ ဒါလဲ သဘာဝမကျပါဘူး။ ကောင်းကောင်းပြောပြီး ထွက်လဲ ရသား။ သူက တစ်ခါတစ်ခါ စိတ်ညစ်စိတ်လေ တယ်ဆိုတာ ရည်းစားတွေနဲ့ အပြတ်ကာလတွေဖြစ်မှာပေါ့။ သူ့အပြောတော့ သူက ဖြတ်တာချည်းဆိုပေမယ့် သူအဖြတ် ခံခဲ့ရတာတွေလည်း ရှိဦးမှာပေါ့။ အဲဒီအခါမှာ သူအခံရခက် မှာပဲ။ အသည်းမကွဲရင်တောင် အနည်းဆုံး အခံရတော့ခက် မှာပါ။

"အော် ... ဒေါ်လေး၊ ဦးကိုပြန်မလာတော့၊ ဒေါ်လေး နေရထိုင်ရတာ အဆင်ပြေပါရဲ့လားရှင်"

"ဘာဖြစ်လို့လဲကွယ့်"

"အော် ... ဒေါ်လေးက တစ်ခါတလေ နည်းနည်း ပါးပါး နေမကောင်းကတ်ဘူးဆိုလို့ပါ၊ ခုရော ... ဒေါ်လေးနေကောင်းပါရဲ့လားဟင်"





တော ပူလိုက်လို့ပါ။ စိုးရိမ်လိုက်လို့ လျှာ ရှည်လိုက်မိတာ ဦးကိုသာသိရင် သူဌေးကတော်နဲ့ ဒီလောက် လျှာရှည်ရမလားလို့ ဆူမှာလားမသိပါ။

"သူက အရှူးမကြီးလို့ မပြောဘူးလား"

"နည်းနည်းပါးပါး စိတ်ကလေးမမှန်ချင်ဘူးပဲပြော တာပါရှင်၊ အရူးမကြီးလို့ မပြောပါဘူး"

သူဌေးကတော်ကြီး၏အသံက နူးညံ့သိမ်မွေ့ ၏။ ပျော့ပျောင်းညင်သာ၏။ ညှံ့သက်ညက်သော၏။ စကား ကို တစ်ခွန်းချင်းဖြေးဖြေးပြောသည်။ အသံမှာ ဩဇာပြည့် လျှက်၊ အသံကြားရုံနှင့် ကြည်ညိုဖွယ်၊ ကျောင်းဆရာမတစ် ယောက်၏လေသံနှင့်လည်းတူ၏။ လူရောစိတ်ပါ အဆင့် အတန်းမြင့်ကာ အထက်တန်းစားသံ အလိုလိုပေါ်လွင်၏။

"ဆေးကုနေပါတယ်။ အဲဒီအရူးမကြီးကို ဆေးကုနေ ပါတယ်။ ပျောက်သွားလိမ့်မယ်ထင်ပါတယ်"

"ရှင် ... ဒေါ်လေး။ ဝေပြောမှားဆိုမှားရှိရင် ခွင့်လွှတ် ပါနော်။ ဦးကိုက ဒေါ်လေးကို အဲဒီလိုမပြောပါဘူး။ ဒေါ်လေးရယ် ... သားလိုသမီးလိုသဘောထားပြီး ခွင့် လွှတ်ပေးပါနော်။ ဝေ တောင်းပန်ပါတယ်"

"သား ... သားတဲ့လား။ အင်းပေါ့၊ ဟုတ်တာပေါ့၊ သားအရွယ်သမီးအရွယ်ဆိုတော့ သားနဲ့သမီးပေါ့လေ"

"ဟို ... ဒေါ်လေးရယ်၊ ဝေ့ကို ဘယ်လိုမှမအောက်



www.burmeseclassic.com

www.burmeseclassic.com



မေ့ပါနဲ့နော်၊ ဦးကိုရှိနေတဲ့နေရာက ဖုန်းနံပါတ်ကလေး ဝေသိပါရစေ"

"ရပါတယ်သမီးရယ်"

ဖုန်းနံပါတ်တစ်ခုကို ဝေ ရလေ၏။

"ကျေးဇူးတင်ပါတယ်ဒေါ်လေး"

"သမီး ... ဒေါ်လေးကို တစ်သက်လုံးကျေးဇူးတင်သွားရမှာပါ"

"ဟုတ်ကဲ့ ... တစ်သက်လုံးတင်သွားပါမယ်ဒေါ်လေး"

❀❀❀

"ဦးကို"

"ဟာ ... ဝေ၊ ဖုန်းနံပါတ် ဘယ်ကရလဲ"

"ဦးကိုရဲ့ သူဌေးကတော်ဆီကပါ။ ဦးကိုရယ် ... ရက်စက်လိုက်တာ၊ ဘာလို့မလာတာလဲ၊ ဝေ နေ့တိုင်းငိုနေရတယ်၊ တကယ်ဆို ဝေက စိတ်ဆိုးရမှာ၊ ဦးကိုကများ ဆိုးရတယ်လို့၊ ဦးကို ... ရက်စက်နိုင်တယ်နော်"





ဝေ မျက်ရည်ကျလေ၏။ ချစ်သူနှင့် စကားပြောခွင့်ရသည့်အတွက် ဝမ်းသာလို့ကျရသည့်မျက်ရည်လည်းပါ၏။ ဝမ်းနည်းလို့ကျရသည့်မျက်ရည်လည်းပါ၏။ သို့ပေမယ့် ... အသံကလေးထွက်အောင် သည်းသည်းခိုက်ခိုက်ငိုခွင့်မရပါ။ အမှန်တော့၊ ဖြစ်နိုင်လျှင် ဝေက အော်လို့ကိုငိုလိုက်ချင်တာပါ။ သူမုန်းတယ်လီဖုန်းကို နှစ်ခါသုံးပြီး၊ တိတ်တိတ်ကလေးငိုနေရတဲ့ဘဝပါ ဦးကိုရယ်။

"ကိုယ်စိတ်ဆိုးနေတာ မဟုတ်ဘူးဝေရဲ့၊ စိတ်ညစ်နေတာ"

"ဘာလို့လဲဟင်၊ ဝေက အပြစ်တင်လို့လား၊ အဲဒါဆို ဝေ အပြစ်မတင်တော့ပါဘူး၊ ဝေ ရန်လဲမတွေ့တော့ပါဘူး၊ ခွင့်လွှတ်လိုက်ပြီ။ ဦးကိုစိတ်ညစ်မနေနဲ့တော့နော်၊ ဝေ့ဆီကိုလာခဲ့ပါဦး ... ဦးကိုရယ်၊ သီတင်းလဲကျွတ်ကာနီးပြီ၊ ဝေတို့ လက်ထပ်ဖို့ရက်လဲ နီးပြီ၊ မေမေတို့ ကြီးကြီးတို့နဲ့ လာတိုင်ပင်ပါဦး ... ဦးကိုရယ်။ ဝေ မျှော်နေပါတယ်။ ဦးကို ... ဝေ့ကိုချစ်ရဲ့လားဟင်၊ ဝေ့ကိုမုန်းသွားတာလား ဦးကိုရယ်"

"ဘယ်လိုမေးလိုက်တာလဲ ဝေ။ ကိုယ်ပြောခဲ့ပြီးပြီ။ တစ်ကမ္ဘာလုံးမှာ ကိုယ်ချစ်တာ ဝေတစ်ယောက်ထဲ။ ဝေ့ကိုပဲချစ်တယ်။ တကယ် ... ဟောဒီရင်ဘတ်ကြီးထဲကချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အကျီသူဆွဲဆုတ်နေဦးမှာလား တွေးရင်း၊ ဝေ မျက်ရည်စက်လက်ကြားက ပြုံးရပါသေး၏။

"ယုံပါတယ် ဦးကိုရယ်"

"ဝေ့ကို သိပ်ချစ်လို့ တင့်တောင့်တင့်တယ်ဖြစ်ဖို့ ကိုယ် ကြိုးစားနေတာပါကွာ၊ ဝေ့ကိုမုန်းလို့ မလာတာမဟုတ်ပါဘူး၊ ကိုယ် ... ကြိုးစားနေတာပါ"

"ဘာအခက်အခဲတွေရှိနေလို့လဲ ဦးကိုရယ်၊ ငွေရေးကြေးရေးဆိုရင် မပူပါနဲ့၊ ဝေ့မှာ အိမ်တစ်ခြမ်းရောင်းပြီး ဖေဖေ့အတွက် ဆေးဖိုးသုံးရတာ၊ ငွေပိုကျန်ပါသေးတယ်၊ ဝေလဲ သုံးလေးသိန်းတော့ ထုံ့နိုင်ပါတယ်"

"ဟို ... လိုအပ်ရင်လေ၊ ဝေနေတဲ့နောက်ထပ်တစ်ခြမ်းကိုလဲ ရောင်းလို့ရတာပါပဲ။ ဝေတို့က ဦးကိုနဲ့တူတူလိုက်နေမှာပဲဟာ၊ ဟိုဘက်ခြမ်းက ပြောထားပါတယ်"

"ဝေတို့စီးပွားတက်လို့ တိုက်ခန်းဝယ်မယ်ဆိုရင်လဲ ကျန်တဲ့တစ်ခြမ်း သူ့ကိုပဲရောင်းပါတဲ့၊ စီးပွားပျက်လို့ အိမ်ရောင်းစားရမယ်ဆိုလဲ သူ့ကိုပဲရောင်းပါတဲ့၊ ဝေ အိမ်ရောင်းလိုက်ရင်လဲ ရပါတယ်"

"ပြောပုံကြီးကကွာ ... ဘယ်လိုလူတွေလဲ"

"ခင်လဲခင်နေလို့ နောက်ရင်ပြောင်ရင်းပြောတာပါ။ ဝေရောင်းလိုက်ရမလားဟင်၊ ဦးကို ... ပိုက်ဆံဘယ်လောက်လိုလဲ"





"ကိုယ်က ပိုက်ဆံလိုနေပါတယ်လို့ ပြောမိသလားဆဲ"

"ဦးကို စိတ်ညစ်နေတယ်ဆိုလို့ပါ"

"ပိုက်ဆံမလိုပါဘူး"

"ချစ်သူချင်းပဲ ဦးကိုရယ် ... ဝေ့ကို အားမနာပါနဲ့၊ ဝေတို့ တူတူနေကြမှာပဲ၊ ဝေ့အိမ်လေး ဖေဖေ့ကိုပြောပြီး ရောင်းလိုက်မယ်နော်၊ ဖေဖေက ဝေပြောရင်ရပါတယ်။ ကြီးကြီးကဆိုလဲ သူ့သားအငယ်နဲ့ ပြန်နေချင်တာ၊ ဝေက တောင်းပန်ပြီးခေါ်ထားရတာ"

"ဘာတွေလျှောက်ပြောနေတာလဲဝေ"

"ဝေတို့ လက်ထပ်ဖို့အတွက် ငွေလိုရင် ဝေ့ဆီကယူဖို့ပြောနေတာပါ"

"ကုန်ပါပြီဟာ ... မနက်ကမှထည့်လာတဲ့ ဘက်ထရီကုန်တဲ့အထိ ပြောမလို့လားဟေ့"

အိမ်ရှေ့ခန်းမှ လှမ်းအော်သံကြားရသည်။

"ဦးကို ... ကြီးကြီးသားအကြီး အိမ်လာလည်လို့ သူ့ဆယ်လူလာနဲ့ပြောနေတာ၊ ဟိုမှာ အော်နေပြီ၊ ဒါပဲနော်၊ ဦးကို လာခဲ့နော်"

"လာခဲ့ပါမယ် ဝေရယ်"

"ဒါပဲနော် ဦးကို၊ ဝေ့ကို စိတ်မပျက်ဘူးမဟုတ်လားဟင်၊ ဆဲ အရင်တုန်းကဟာတွေကို မေ့လိုက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အော် ... ဝေ၊ ဝေ၊ အမိုက်မလေး"

"ရှင်"

"ယောကျ်ားတစ်ယောက်ကို ဒီလောက်ထိ မိုက်မိုက်မဲမဲမချစ်ရဘူးဝေရဲ့၊ အဲဒါတွေကြောင့် မိန်းမတွေကို နှိမ့်ချတဲ့စကားလုံးတွေပေါ်လာတာ၊ ခုက သိပ်မချစ်ပါနဲ့၊ နည်းနည်းလျှော့ချစ်၊ ကိုယ်ကပဲချစ်ပါ့မယ်"

"ပျော်တောင်သွားပြီ ဦးကိုရယ်၊ ဒါပဲနော်"

"အင်း ... အင်း"

ဝေက ခလုတ်ကိုပိတ်၍ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

"နင့် ကြော်ငြာတီဗီမှာလာတာတွေ့တယ်၊ လှလို့ပဲ၊ ငါ့ညီမက ဘယ်ဆိုးလို့လဲ"

ဝေက ရှက်စနိုးဖွာပြုံး၍ ခေါင်းငုံ့လိုက်သည်။

"နင့် ... ဘယ်သူဆက်ပေးလဲ"

"ဦးနိုင်လေ ... ခုတော့ အပ်ပုံဆရာနိုင်မော်၊ ဒါရိုက်တာ ဦးလွန်းတင်ကိုပြောထားတော့၊ အဲဒီက မန်နေဂျာ ဦးအေးထွန်းက ဦးလွန်းတင်နဲ့ ကြော်ငြာရိုက်ဖို့အပ်တာနဲ့လဲကြုံရော၊ ဦးနိုင်က ဆုဆီခေါ်လာတာ"

"ဒါများ ... ငါ့ပြောရောပေါ့၊ ငါနဲ့သိတယ်ဟ"

"ရှင် ... ဘယ်သူနဲ့လဲ"

"ပိုင်ရှင်နဲ့ပေါ့"





"သူဌေးနဲ့လား"

"အေး ... လင်မယားနှစ်ယောက်လုံးနဲ့ သိတယ်။ သူ့မိန်းမက ဒေါ်သီသီတင်။ အဲဒီ ဒေါ်သီသီတင်နဲ့ ပိုရင်းနှီးတာ၊ ဒေါ်သီသီတင်တို့ရဲ့အစ်မအကြီးဆုံးက ငါ့ယောက္ခမကြီးနဲ့ ရွယ်တူဆိုတော့ ဒေါ်သီသီတင်က ငါ့ယောက္ခမထက်တော့ နည်းနည်းငယ်တာပေါ့၊ ဒါပေမယ့် ... ငါးဆယ်လောက်တော့ရှိပြီ"

ခုလေးတင်ပဲ အဲဒီသူဌေးကတော်နဲ့ စကားပြောခဲ့ပါတယ် အစ်ကိုဝင်းရယ် ... သဘောကကောင်းသနဲ့ ... ဟုပြောလိုက်ရကောင်းမလား ... ဟု ဝေ့မှာ ချီတုံချတုံ။

"သူ့ယောကျ်ားကိုတော့ သူနဲ့ပတ်သက်ပြီးမှ သိရတာ၊ အရမ်းငယ်တယ်၊ သားလောက်လေးကို ကောက်ယူထားတာ၊ ကိုကိုလေး ... တဲ့"

"ရှင်"

"ဒီကောင်ဆိုးသမျှ ခံရတာဝဋ်ပဲ၊ ဒေါ်သီသီတင်က သဘောသိပ်ကောင်းတယ်၊ နင် နောက်တစ်ခါရိုက်ချင်ရင် ငါပြောပေးမယ်၊ သူ့ယောကျ်ားကိုကိုလေးဆိုတဲ့ကောင်ကိုတော့ ကြည့်ရှောင်၊ မိန်းမအလွန်ရှုပ်တယ်"

မြတ်စွာဘုရား။ ကမ္ဘာကြီးပျက်ပါပြီ။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပေါက်ကွဲလွင့်စင်ကြေမွ၊ တစ်စစီလွင့်ကုန်ပါပြီ။ ဝေ သေသွားခဲ့ပါပြီ ဦးကိုရယ်။

❀ ❀ ❀

ဝေ ... ပထမဆုံးလှမ်းကြည့်မိတာ ဖေဖေ့ မျက်နှာကိုပါပဲ။

"ဖေဖေ"

ဝေ ... ပြေးပွေ့လိုက်သည်။ စကားတစ်ခွန်းမှ ဖွင့်မပြောပေမယ့်၊ ဖေဖေ့မျက်နှာမှာ သွေးတစ်စက်မျှမကျန်တော့အောင် ဖြူဖွေးသွားသည်။

"မောင်ဘမင်း"

ကြီးကြီးက လာလှုပ်၏။ မျက်နှာဖြူဆုတ်ဆုတ် မျက်လုံးပြူးကြောင်ကြောင်နှင့် ဦးဘမင်းက ပက်လက်ကုလားထိုင်ပေါ်မှာ ခေါင်းကို မှီထားရာမှ ရှေ့သို့ ငိုက်ခနဲကျ၏။ ဝေ အကျယ်ကြီးကျူးအော်လိုက်သည်။

"ဖေဖေ"

ဖေဖေ ခေါင်းငိုက်ဆိုက်ကျလျက် ဆုံးလေ၏။

"မောင်ဘမင်း ... အမလေး၊ လာကြပါဦး၊ လုပ်





ကြပါဦး"

ကြီးကြီးက အော်ငို၏။ အစ်ကိုဝင်းက ခေါင်းကိုဆွဲမတ်ခြင်း၊ နှာခေါင်းနားမှာ လက်ခုံကို ခံကြည့်ခြင်း၊ လက်ကောက်ဝတ်ကိုစမ်းကြည့်ခြင်း၊ ပြီးတော့ ဖေဖေ့ရင်ဘတ်မှာ နားကပ်လျက် ထောင်ကြည့်ခြင်း၊ မျက်စိသူငယ်အိမ်ဖြဲကြည့်ခြင်း၊ အားလုံးလုပ်ပြီးမှ ခေါင်းခါ၏။

"ဆုံးပြီ"

"အမလေး ဖေဖေရယ်"

ဆရာဝန်ခေါ်ချိန်လေးတောင် မရလိုက်ပါလား ဖေဖေရယ်။ ဘယ်လိုဖြစ်သွားတာလဲဟင်၊ စိတ်ထိခိုက်သွားတာလား၊ အလုံးဆို့သွားတာလား။ သမီးဖြစ်သူရဲ့သတင်းဆိုးကို ဖေဖေ သဘောပေါက်သွားတာလား။

အဲသည်အချိန်မှာပဲ၊ အိမ်ရှေ့မှာ ဆိုက်နေကျကားတစ်စီးဆိုက်လာ၏။ ကားပေါ်မှ ... လာနေကျလူတစ်ယောက်ဆင်းလာသည်။ အိမ်နီးပါးချင်းတချို့ အိမ်ထဲသို့တွန်းတိုးပြေးဝင်သွားကြတာခံလိုက်ရ၏။ စိုးရိမ်စိတ်နှင့်အိမ်ပေါ်သို့ အမြန်တက်လိုက်သည်။ ပထမဆုံးတွေ့လိုက်ရသူက ဦးမျိုးဝင်း။

"ဟော ... ကိုကိုလေးပါလား၊ လာ ... လာ"

ဦးမျိုးဝင်းက ခရီးဦးကြိုပြုသည်။ ကိုကိုလေးပါလားဆိုမှ ကြီးကြီးက မော့ကြည့်ဖြစ်၏။ ဝေ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒိန်းခနဲ ထပေါက်ကွဲကာ သွေးတွေတောင် ပန်းထွက်လာသလားထင်လိုက်၏။ ခေါင်းထဲမှ မိုက်ခနဲဖြစ်ကာ ယာယီသေလေ၏။

"ဒါ ... ကျွန်တော့်အမေလေ၊ ဦးဘမင်းက ဦးလေးတော်တယ်၊ ခုပဲဖြစ်သွားတာ၊ အမေနဲ့က မောင်နှမတစ်ဝမ်းကွဲဆိုပေမယ့် အရင်းမရှိကြတော့ သိပ်ချစ်ကြတာ၊ ဒုက္ခခံပြီး လာပိုင်းစောင့်ရှောက်နေတာပဲကြည့်တော့"

သွားပြီ။

နောက်ပိုင်းစကားတွေကို မကြားတော့ပါ။ ဒါကျွန်တော့်အမေလေ ... ဆိုတာနှင့် လုံးလောက်သွားပါပြီ၊ ကြီးကြီးမျက်နှာကို တစ်ချက်ထက်ပိုကြည့်စရာမလိုပါ။

"ဟဲ့ ... ဝေ၊ ဝေ"

ဝေ ဘာဖြစ်လဲ မေးစရာမလိုတော့ပါ။ လက်ထဲမှကိုင်ထားသည့် ကျွတ်ကျွတ်အိတ်ကို ခြောက်ကြည့်လိုက်မိသည်။ မနေ့ကပဲ ... ဝေ့အတွက်ဝယ်ပေးသည့် ကားကိုငွေချေခဲ့သည်။ ကိုယ့်ပြဿနာ ကိုယ်မရှင်းနိုင်သေးလို့သာမလာတာ။ ကျွတ်ကျွတ်အိတ်ထဲမှာ ကားအရောင်းအဝယ်စာချုပ်ပါ၏။ ဝေ့နာမည်နှင့်ဝယ်ခဲ့တာ။ ကားလိုင်စင်စာအုပ်ပါ၏။ ခေတ်ဆီဝယ်ယူခွင့်စာအုပ်ကတော့ ကားထဲမှာ။ လက်မှာကိုင်ထားသည့်ကားသော့ကို ကျွတ်ကျွတ်အိတ်ထဲ ထည့်





လိုက်သည်။ ကျွတ်ကျွတ်အိတ်ကိုင်းကို ချိုလိုက်၏။

"အကြင်နာဝေကို ပေးလိုက်ပါ ဦးမျိုးဝင်း"

တစ်ခွန်းသာ ပြောဖြစ်၏။ အချစ်ဆုံးနေရာလေးကို ကျောခိုင်းခဲ့သည်။ သွားပြီဝေ။ ဦးကိုဆိုတဲ့လူဟာမနေ့ကထဲက ဖွေ့ထက် တစ်ရက်စောပြီး သေနှင့်ခဲ့ပါပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

"ဝေ့အဖြစ်ဟာ အလွန်ပဲ အရုပ်ဆိုးခဲ့ပါတယ်၊ ဓေ
ဖုန်းဆက်တုန်းက ညှာညှာတာတာပြောပေးတဲ့သူဟာ
သူ့ရဲ့ဇနီးကြီးပါ။ ဦးကိုကိုလေးက ငယ်တယ်၊ အဲဒီ
မမက အသက်တော်တော်ကြီးတယ်၊ ကြီးဆို ...
အနှစ်နှစ်ဆယ်လောက်ကိုကြီးတာ ...





"ဆွေဆင်းရဲမျိုးဆင်းရဲ၊ ဆွေနီးမျိုးစပ်၊ မိဘမဲ့ကောင်
လေးတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်၊ ကျောင်းထား
ပေး၊ ဘွဲ့ရတော့ သမီးအပျိုကြီးနဲ့ လူကြီးတွေက
ပေးစားခဲ့တယ်တဲ့ ...

"ယောကျ်ားပဲ၊ အဲဒီတုန်းက မယူချင်ဘူး ငြင်းပါ
လား၊ အိမ်ပေါ်က ဆင်းသွားပါလား၊ အဲဒီတုန်းက
ကျတော့ ကျေးဇူးကန်းရာရောက်မှာစိုးတယ်တဲ့၊ ယူ
တုန်းကယူပြီး။ မင်္ဂလာဆောင်တဲ့ညကစလို့ တိုက်
ကြီးပေါ်တက်မအိပ်ဘဲ၊ သူ့ဘာသာ ဒရိုင်ဘာတန်းလျား
လေးမှာနေတာ ဒီနေ့ထိပဲလို့ အဲဒီမမက ပြောလိုက်
ပါတယ်"

"ဒေါ်လေးပေါ့"

"မမလို့ပဲခေါ်ခဲ့ပါတယ်၊ ဝေက အစ်ကိုဝင်းကိုလိုက်
ပို့ခိုင်းပြီး၊ သူ့ကားသွားပြန်ပေးတာပါ၊ အဲဒီမမဟာ
အရမ်းသနားဖို့ကောင်းပါတယ်"

"မောင်လေးက မျက်စိရှေ့မှာ ယောတစ်ယောက်ယော
တစ်ယောက်ရှုပ်ပွေနေပေမယ့်၊ ဒါကို ကိုယ်ချစ်တဲ့
ကလေးလေး သက်ရှိအရုပ်ကလေးတွေနဲ့ ကစားနေ
တာပဲလို့ ကြည်ဖြူပေးခဲ့ပါတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ရော ... ဒီလိုမိန်းမမျိုးကလဲ ရှိသေး"

"သူ ... ဝေ့ဆီမှာ အမျိုးမျိုးလိမ့်လုံးတွေသုံးခဲ့တာ ပေါ့နော်၊ ဒရိုင်ဘာတို့၊ ဘာတို့၊ ဒါကို ... ဟိုမ နေဂျာဦးအေးထွန်းဆိုတဲ့လူကြီး မသိဘူးလား"

"မသိဘဲရှိပါ့မလား။ ဇနီးသည်သူဌေးမကြီးကိုယ်တိုင် က ခွင့်လွှတ်ထားတော့၊ ပြန်တိုင်စရာမလိုတဲ့သဘော နေမှာပေါ့၊ သူ့ကို လေးမှမလေးစားဘဲ၊ ကိုလေးခေါ် တာကြည့်ပါလား၊ ဝေ့ကို အထင်သေးလိုက်မယ့်ဖြစ် ခြင်းနော်"

"ဒီလောက်ခွင့်လွှတ်နိုင်တဲ့မိန်းမမျိုး၊ တစ်လောကလုံး မှာ ဒေါ်သီသီတင်တစ်ယောက်ပဲ ရှိမယ်ထင်တယ်"

"သိပ်ချစ်တယ်တဲ့၊ ဘာလုပ်လုပ်ခွင့်လွှတ်တယ်တဲ့။ တရားဝင်ကွာရှင်းမပေးနိုင်တာကလွဲရင်၊ ဘာလုပ်လုပ် တဲ့၊ ကွာတော့ မပေးဘူး၊ သေမှခွဲမယ်တဲ့ ... "

"ဟောတော့"

"ကွာရှင်းခွင့်လဲ တစ်ခါမှမတောင်းပါဘူးတဲ့။ မ[illegible] စိတ်ဆင်းရဲအောင်ပဲ နှိပ်စက်ပါတယ်တဲ့၊ ဒီတစ်[illegible] ညီမလေးနဲ့ကျမှ ညီမလေးကို တရားဝင် တင်[illegible] တယ်တယ်ဖြစ်စေချင်လို့ ကွာရှင်းခွင့်တောင်းတာ[illegible]





မှာတဲ့၊ ညီမလေးကို မောင်လေးက သိပ်ချစ်ရှာတာတဲ့ ပြောပုံကလေ ... "

"ဒုက္ခပဲ"

ထား ငိုနေပြီလား ... ဟု မေက လှည့်ကြည့် လိုက်သည်။ တကယ်ပဲ ငိုနေပါပြီ။ ဝေက ... စာဝေ ပိုင်းက ငိုရင်းပြောရင်း ရှိုက်သံလေးစွက်၏။ ခုတော့လည်း သူ့မျက်ရည်စတွေကို သူသိမ်းနိုင်ခဲ့ပါပြီ။

"ဝေ့ကို တကယ်ပဲညာတာတဲ့အတွက် ကျေးဇူးတင် လိုက်ပါတယ်၊ လောကီမကောင်း သံသရာမကောင်း တဲ့အလုပ်ကြီးထဲမှာ မသိလို့ပါမိတယ်၊ ဝေ ဒီလောက် မမိုက်ပါဘူး၊ လူယုတ်မာလဲ မဖြစ်ချင်ဘူး"

"အခု ... အဲဒီလူရော"

"ဝေ့ဆီ စာတစ်စောင်ပို့ပါတယ်၊ သူ မိန်းမရှုပ်ပါ တယ်တဲ့၊ အဲဒါ ... စိတ်ညစ်လွန်းလို့ ဘဝကိုအရှုံး တိုက်တာတဲ့။ ဝေ့ကိုတော့ တကယ်ချစ်လို့ တင့်တင့် တယ်တယ်ဖြစ်ဖို့ စီစဉ်ရင်း သူ့အကြောင်းတွေ အရင် ပေါ်သွားတော့၊ ဝေ့ကို တန်ဖိုးမဲ့အောင်လုပ်မိသလို ဖြစ်ရင် သူ့ကို ခွင့်လွှတ်ပါတဲ့ ... "

"သူ့မမနဲ့ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့၊ ဝေ မစုံစမ်းတော့ဘူး၊ ဝေက သူ ပေးထားတာတွေ အကုန်သွားပြန်အပ်ပြီးကထဲက၊ အ ဆောင်မှာပြောင်းနေလိုက်တယ်၊ ကြီးကြီးကလဲ သား ငယ်ဆီပြန်တယ်၊ ဝေ မဖြေနိုင်တာက၊ ဖေ့ဖေဖေဟာ သမီးရဲ့သတင်းဆိုးကိုကြားပြီး ဆုံးသွားရတာကိုပါပဲ ဖေ့ကြောင့် ဖေ့ဖေဖေဆုံးတာ"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲဝေ"

ဝေ ငိုရှာ၏။

"ဒီငရဲကို ဝေ အများကြီးဆပ်ရဦးမယ် မေရယ်၊ အဲ ဒါကြောင့် ချွေးနဲ့စာလေးနဲ့ ဖေဖေ့အတွက် အမြဲလှူ ပြီး အမျှဝေပေးနေပါတယ်"

"ဖေ့အစ်ကိုတွေ၊ ဟိုကြီးကြီးနဲ့လေ၊ နေလို့မဖြစ်ဘူး လား"

"မဖြစ်ပါဘူး၊ ဝေက နာမည်ပျက်သွားပြီလေ၊ ဒီလို လူမျိုးနဲ့ကြိုက်မိတယ်ဆိုတဲ့ နာမည်ပျက်အတွက်၊ ဝေ ကောင်းကောင်းမွန်မွန်နေပြပြီး နှစ်ပေါင်းများစွာမှ ဖတ်ဆယ်ရဦးမှာပါ"

မေကစလို့ ဖယောင်းတိုင်မီးလေးကိုမှုတ်လိုက် ၏။ ဖယောင်းတိုင်မီးတွေအားလုံး ငြိမ်းသွားသည်။ ကြေး





က မီးချောင်းထထွန်းသည်။ ကော်ဇောပေါ်မှာ မှိန့်နေသူ တွေ ဆိုဖာဆက်တီတွေပေါ်ပြန်ထိုင်၏။

"တို့တွေ ပျော်ပျော်နေမယ်၊ တို့ညီအစ်မငါးယောက် ဟာ ရင်နာကြေကွဲစရာဇာတ်လမ်းကိုယ်စီနဲ့ ကံဆုံ လို့လာတွေကြတာ၊ ရင်ထဲက နာကျင်နာကြည်းစရာ လေးတွေကိုဖျောက်ပြီး တို့တွေ ပျော်ပျော်ပဲနေကြမယ်၊ ဘဝဆိုတာ နေတတ်မှပျော်တယ်"

မေက ရယ်လိုက်၏။

ကျန်သည့်မျက်နှာလေးတွေလည်း ပြုံးပြုံးရွှင် ရွှင်ဖြစ်လာသည်။ သူတို့အားလုံး ကိုယ့်ဘဝကိုယ်မေ့ထားလိုက် ကြသည်။ အတိတ်အိုဆိုတာ ဟောင်းနွမ်းဆွေးမြေ့ရမည်လေ။ အတိတ်အို၏ အရိပ်ညိုကြီးကို ပစ္စုပ္ပန်ထဲထိ သယ်ဆောင် ရင်း ပူပြင်းလောင်မြိုက်နေခြင်းဖြင့် အကျိုးရှိမှာမှမဟုတ်တာ။

"အရေးကြီးတာက ခုကောင်းအောင်နေဖို့၊ သေသည် အထိ ကောင်းကောင်းနေသွားဖို့နဲ့ ဘဝဆိုတာ ပျော် စရာလေးတစ်ခုဖြစ်အောင် ဖန်တီးဖို့ပဲ၊ လူဆိုတာက တော့ လမ်းဆိုးတွေကို ဖြတ်လျှောက်ခဲ့ဖူးတဲ့လူတွေ ချည်းပဲလေ"

သက်က ဝင်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံး ... ကိုယ့်ကိုယ်ကို ကောင်းအောင်နေရမယ်၊ ပြီးတော့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုင်းအဝိုင်း၊ ပြီးရင် ကိုယ့်တိုင်းပြည်နဲ့ ကိုယ်လူမျိုးပေါ့"

"ဒီညှော်ခန်းမှာ မီးချောင်းထိန်ထိန်လင်းနေသမျှ တို့တတွေ ပျော်နေကြမယ်"

"ဘာစားကြမလဲ"

ဝေက လှမ်းမေးလိုက်၏။

"ဆန်လှော်ဟင်းနဲ့မုန်းဟင်းခါးဖတ်လဲ ဒီတစ်သက်စားရမယ့်ကံ မကြုံတော့ပါဘူး"

ဝေ ရယ်လိုက်၏။

"ကော်ဖီသောက်ကြမလား"

"နေကြာစေ့ရှိသေးလား"

"ရှိတယ်"

"ဒွေ ... ဘာငှားထားလဲ"

"မငှားရသေးဘူး၊ သွားကြမလား"

"ဆိုင်ပိတ်လောက်ပြီကွ"

"မဂ္ဂဇင်းတွေငှားထားလား"

"ရှိတယ် ... ငါးအုပ်"

စာအုပ်ငှားလျှင် အနည်းဆုံးငါးအုပ်ငှားမှရ၏။





"ကြော့ ... သီချင်းဆိုကွာ၊ ခပ်မြူးမြူးထဲက"

ဝေက ကော်ဖီသွားဖျော်၏။ သက်က နေကြာစေ့ထုပ်တွေလာချသည်။

"ဝိုင်းဆိုကြမလား၊ Spice girls တွေရဲ့ Wonna be ရလား"

"အလွတ်တော့မရဘူး၊ လိုက်ဖြီးဖို့တော့ ဖြစ်တယ်"

"ဆိုမယ် ... ဒါပေမယ့် ပြီးရင် ... ကြော့၊ Richard Marx ရဲ့ Now and Forever နဲ့ Toni Barxton ရဲ့ Unbrake my heart လဲဆိုပြအုံးကွာ ထားက ဖီးလ်တွေမှကြိုက်တာ"

ကော်ဖီအိုးက ချက်ချင်းရောက်လာသည်။ ဝိုင်းသောက်လိုက်ကြတာ ပြိုက်ခနဲ။ နေကြာစေ့တွေ တဖောက်ဖောက်ကိုက်ခွာရင်း ကြော့နှင့်လိုက်အော်ကြပြန်၏။ ကြော့ကတော့ ပီသအောင်ဆိုရသူမို့ နေကြာစေ့မစားအားပါ။ ထားအကြိုက် ဖီလင်သီချင်းဆိုပြတော့ ငြိမ်နားထောင်ပြီး အားလုံးပဲ ကြိုက်ကြ၏။

သက်က နာရီကိုကြည့်လိုက်သည်။

"မေရေ ... သုံးနာရီတောင်ခွဲပြီကွ"

"ဒီတော့ ... ဘာလုပ်ချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကားကောင်းလား"

"ဘာကောင်းသလဲမမေးနဲ့"

"ဆီရှိလား"

"ဘာရှိသလဲ မမေးနဲ့"

"ပဲခူးထိရောက်မလား"

"ဘာရောက်သလဲမမေးနဲ့"

"သွားကြမလား"

"ဘာသွားမလဲမမေးနဲ့"

ငါးယောက်လုံး မတ်တတ်ထရပ်လိုက်ကြသည်။ ခုကြမှ ပြန်အိပ်လည်း ဘယ်သူမှ အိပ်ပျော်ကြတော့မှာမဟုတ်ပါ။ ကော်ဖီတွေလည်း သောက်ပြီးပြီ။ မနက်ဖြန်လည်း အားလုံး လူကုန်အားသည့်နေ့ဖြစ်၏။ ဝုန်းဒိုင်းဝုန်းဒိုင်းဆို ပြေး၍ အဝတ်တွေလဲကြသည်။ လူတွေအားလုံး လန်းဆန်းတက်ကြွနေ၏။ စောစောပိုင်းက အငှားမျက်ရည်ကျပေးထားသည့်ထားတောင်မှ ပေါင်ဒါရိုက်ပြီးပြီ၊ နှုတ်ခမ်းနီဆိုးပြီးပြီ။

"ဒေါ်လေးလှ ... ဒေါ်လေးလှ"

ဘယ်သိပ်ခေါ်ရပါ့မလဲ ... မေတို့မီးချောင်းထထွန်းမှ ဧည့်ခန်းဘေးမှပြေးပြီး ကိုယ့်အခန်းထဲ ကိုယ်ဝင်သည်။ ဒေါ်လေးလှက နှစ်ခွန်းခေါ်ရုံနှင့် ကြားသည်။ သူကိုယ်



တိုင်လည်း မအိပ်ရသေးပါ။

"အပြင်သွားမလို့ အိမ်တံခါး ခြံတံခါးလိုက်ပိတ်ပါဦး၊ သော့ သေသေချာချာခပ်နော်"

"မိုးတောင်မလင်းသေးဘူးကွယ်"

"မိုးလင်းသွားရင် ဘယ်ပျော်စရာကောင်းတော့မှာလဲ ဒေါ်လေးလှရဲ့၊ လာပါ"

မေက ကားမောင်း၍ ကြော့က ဘေးမှထိုင်သည်။ သက်၊ ထားနှင့်ဝေတို့က နောက်ခန်းမှာ။

"သီချင်းတိုးတိုးလေးဆိုသွားမယ်"

"ညဘက်ကင်းလှည့်တဲ့ရဲတွေဘာတွေနဲ့တွေ့ရင် စိတ်ရောဂါအထူးကုဆေးရုံက လူနာငါးယောက်လွတ်လာတယ်ထင်ဦးမယ်"

"ငါးယောက်လုံးရတာဘာလဲ"

"မေးပြန်ပြီ၊ ကမ္ဘာမကြေပါဆို"

"မြနန္ဒာလေးမှ မရဘူးလား"

"အပျော့"

"ဒါဖြင့်လဲ အဲဒီအပျော့လေးပဲဆိုကြတာပေါ့"

သီချင်းကို တိုးတိုးပဲညည်းကြသည်မို့ နားထောင်ကောင်းရုံလေး ချိုသည့်အထဲမှာ ထားအသံပေးက

www.burmeseclassic.com

www.burmeseclassic.com



ချိုညချိုရှနှင့် နားထောင်လို့အကောင်းဆုံးဖြစ်နေရတော့သည်။ ကြော့လိုတော့ မမှန်ဘူးပေါ့လေ။

❀ ❀ ❀

"လှည်းကူးမှာ မုန့်ဟင်းခါးစားမယ်၊ ပဲခူးရောက်တော့ ရွှေမော်ဓောဘုရားဖူးပြီးရင် အဲဒီမှာ ဗေဒင်မေးမယ်"

"အိုကေ"

"ကိုနေထက်လာပြောပြတဲ့ပုံပြင်ကို ယုံကြလားကွာ"

"တစ်ဝက်စီပဲ"

"သက်ဆီမှာရှိတဲ့အရုပ်က ဘယ်ကရတာလဲ"

"သက်လူမှန်းသူမှန်းသိကထဲက သက်ဆီမှာရှိနေတာပဲ"

"သက်အမေက ဘာပြောခဲ့လဲ"

"ဒီအရုပ်မျိုး ရှားတယ်၊ သိမ်းထားလို့ပဲပြောတယ်၊ မေမေပြောတာလဲ မှန်တယ်လေ။ ရှားတာပဲ၊ ကလေးဘဝထဲကဆော့နေတာဆိုတော့၊ ဒါဘယ်ကရလဲအမေ





လို့ ဘယ်မေးဖြစ်မှာလဲ၊ ရှိရှိသေသေကစားတာပေါ့"

"အမေ့နာမည်က ဒေါ်စိုးစိုးရီလား"

"မဟုတ်ဘူး၊ ဒေါ်ခင်မာလဲမဟုတ်ဘူး၊ ဒေါ်စိန်မြ"

"အေးကွာ ... ဘယ်သူ့အမေမှလဲ ဒေါ်စိုးစိုးရီမဟုတ်ကြဘူး၊ အဲဒီလူကြီးမင်းလေးရှာဖွေတဲ့အရုပ်ကလေးပိုင်ရှင်ဟာ တို့အုပ်စုထဲကမဖြစ်နိုင်ပါဘူး"

"ဟော ... "

"ဘာလဲဝေ ... အလန့်တကြား"

"နေလုံးကြီးထွက်လာပြီ၊ လှလိုက်တာ၊ ကားခဏရပ်ပါမေ၊ လှလွန်းလို့ ကြည့်ချင်တယ်၊ လေးဟာရှိခဲ့လားမေ"

"ငါးနာရီ"

မေက လမ်းဘေးမှာကပ်၍ ကားရပ်ပေးလိုက်သည်။ ညီအစ်မငါးယောက်လုံး ကားပေါ်မှဆင်းသည်။ "မြေကြီးတစ်ခွင်တစ်ပြင်ကြီးထဲက နေလုံးကြီးထွက်လာတာအရမ်းလှတာပဲ"

ဝေက ကလေးလေးလို ခုန်ပေါက်နေသည်။

"တို့တွေ တစ်သက်လုံး ဒီလိုနေနိုင်ပါ့မလား"

"ဘာလို့မနေနိုင်မရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက်ကဖောက်ပြီး အိမ်ထောင်ကျသွားနိုင်တယ်"

"ဟော့ ... ကျန်းမာရေးသွားကြမလား"

"ဟာ ... နံနက်ဆည်းဆာလေးကို အလုမဖျက်ပါနဲ့"

"သွားပါပြီ ... ကဗျာစပ်ရကောင်းမလားတွေးထားတာလေးတွေ ပြေးကုန်ပြီ၊ ဟောတော့ ... ထားရေ ဟိုကုက္ကိုပင်ပေါ်မှာ တွဲလောင်းကျနေတာ ကုမုဒြာတွေမဟုတ်လား၊ လိုချင်လိုက်တာ"

"အင်း ... ဘောင်းဘီရှည်ဝတ်လာခဲ့မိရင်တော့ ထားတာဝန်ယူပါတယ်"

"လုပ်မနေနဲ့၊ ကုက္ကိုပင်ပေါ်မှာ ကိုကိုကြီးမရှိဘူး"

"အဲဒီအတ္တကြီးကို လွှမ်းဆွေးတသနေတယ်များမှတ်နေလား"

"သွားချောင်းကြည့်ချင်တယ်ဆို"

"ဒါက ... လုပ်နေကျအလုပ်တစ်ခု၊ မလုပ်ရတာကြာလို့ လုပ်ကြည့်ချင်တာ"

"ဒါများထားရယ်၊ မေပို့ခြံထဲလဲ ကံ့ကော်ပင်ရှိသားပဲ၊ မြင်လဲမြင့်သားပဲ"





"မှန်ပြောင်းရောရှိလားမေ"

"ရှိတယ်"

"သေမယ်၊ ဟိုပုဂ္ဂိုလ်လေးတွေကို ကံ့ကော်ပင်ပေါ်တက်ပြီး မှန်ပြောင်းနဲ့ကြည့်ပစ်ဦးမယ်၊ သေဖို့သာပြင်ထားကြ"

"တို့လဲ ပြန်ပြောရမှာ"

"ဘောလုံးပွဲကြေညာသလို ကြေညာပေးမယ်"

"ကဲ ... ကားပေါ်တက်၊ သွားလိုက်ကြဦးစို့"

အဲသည်နေ့က ရွှေမော်ဓောဘုရားအနီးက ဗေဒင်ဆရာမကြီးဆီမှာ ဗေဒင်မေးတော့ ...

"အားလုံး ... အချစ်ရေးအလွန်ကောင်းသည်၊ အိမ်ထောင်ကျကိန်းများ ကိုယ်စီရှိသည်" ... တဲ့။

"မြတ်စွာဘုရား ... ငါးစုံတွဲကြီးတဲ့လား"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်ကောင် ... သော်ဇင်၊ မင်းနဲ့ ငါနဲ့အိုကေ"

"လုပ်မနေနဲ့ ... ဒီအကောင်က သိပ်အစာကြေချင်တာမဟုတ်ဘူး"

"ကြေပါကွာ၊ မင်းရဲ့အကြင်နာဝေကို ပစ်မှတ်ကထုတ်လိုက်ပြီ"

"ဩ ... မင်းပေးမှ ငါကရရမယ်၊ သနားစရာသတ္တဝါလား"

"ညီအစ်ကိုချင်းရန်မဖြစ်တော့ဘူး ပြောမလို့"

"ဘယ်နားမှာ ကြိုက်ကွက်တိုးလာပြန်လဲ မသိဘူး"

"ငါ ... သိပ်မရှုပ်ပါဘူးကွ၊ ဒီမှာ"

သော်ဇင်ထွန်းက ဖရက်ကို တော်တော်လေး စိတ်တိုနေသည်။

"တစ်ယောက်ယောက်ကို ကြိုက်စမ်းပါ၊ ဘယ်သူမှ ဝင်မလုဘူး၊ ခုတော့ ငါးယောက်ထဲက တစ်ယောက်ကိုကြိုက်မှာမို့၊ ငါးယောက်လုံး ဘွတ်ကင် (Booking) ဆိုတာတော့ ရှိုင်းလွန်းတယ်"

... ဟု ကျော်သွင်ထွန်းကို ကြိတ်ပြောထားခဲ့သည်။

"အဲဒီလိုလူမျိုး၊ တစ်ယောက်မှမရဘဲ လက်လွတ်ဖြစ်





ကျန်ခဲ့မှာ၊ အစ်ကိုက ကိုယ့်ဘာသာကြိုးစားပေါ့၊ သူ့ဂရုစိုက်မနေနဲ့" ... တဲ့။

ညီဖြစ်သူကလည်း မြှောက်ပေးထားသည်။

"မင်းကို ငါက ဒီနေ့ ပုံတစ်ပုံပြောပြမလို့"

"စာဖတ်စရာရှိနေတယ် ... မအားဘူး၊ ပုံနားထောင်တဲ့အရွယ်လဲမဟုတ်ဘူး"

ကလေးဆိုးကြီးလို စိတ်ကောက်နေသည့် သူငယ်ချင်းကို ကြည့်ကာ လှဝင်းက အော်ရယ်နေသည်။ လှဝင်းက ဖရက်ကိုခင်ရာမှာ သော်ဇင်ထွန်းမိတ်ဆက်ပေးလို့ သော်ဇင်ထွန်းအစ်ကိုအဖြစ်နှင့် ခင်ရတာ၊ သော်ဇင်ထွန်းက အစကထဲက ကိုယ့်သူငယ်ချင်း ပြောမနာဆိုမနာ။ သို့ပေမယ့် ... ဖရက်နှင့်ပေါင်းကြည့်တော့ ပေါင်းလို့ကောင်း၏။ ဖရက်က သဘောကောင်းကာ၊ ပွင့်ပွင့်လင်းလင်းရှိသည်။ ရင်ထဲမှာ ဘာမျှမကျန်၊ စိတ်လဲမကောက်တတ်သူမို့ ခင်စရာကောင်းပါသည်။

"နားထောင်လိုက်ပါသော်ဇင်ရ၊ ဖရက် ... ချိန်ရတဲ့အထဲမှာ အကြင်နာဝေ မတော်တဆပါသွားရတဲ့အကြောင်းလဲ ရှင်းသွားမယ်၊ ခုဆို ... ဖရက်က အဲဒီအိမ်မှာ ဝင်ခွင့်ထွက်ခွင့်သူငယ်ချင်းဖြစ်ခွင့် နီးစပ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ ဖြစ်ထွန်းသွားရင် မင်းလဲ လိုက်ပြီးဆွဲစေ့လို့ ရတယ်"

သော်ဇင်က ဖရက်ကို လှည့်ကြည့်လိုက်၏။

"ဖရက် ... အရပ်ဘယ်လောက်လဲ"

မြင့်မြင့်မားမားနှင့် ကြည့်ကောင်းလှသည့် လွတ်ခနဲ မေးလိုက်ဖြစ်သည်။

"ခြောက်ပေအတိပဲ၊ တစ်စိတ်ကလေးတောင်မလျော့ ဘူး"

"သေချာတယ်"

"ဘာသေချာတာလဲ"

"မြန်မာပြည်မှာ လူသေထည့်တဲ့ခေါင်းတွေကို ခြောက် ပေပဲလုပ်တာ၊ မင်းသေရင် ခေါင်းမဆန့်လို့ ဒူးဆစ်က ချိုးပစ်ရမှာပဲ"

"အော်ဒါမှာလို့မရဘူးလား"

"မရဘူး"

သော်ဇင်က စိတ်တိုတိုနှင့် ဘုပြောနေလဲ ။ ရက်က ရယ်လို့ပဲနေ၏။

"အပင်ပန်းခံပြီးဖြတ်မနေနဲ့၊ သေကာနီးကျရင် အဆင် ပြေအောင် ဒူးလေးနဲ့နဲ့ထောင်ပြီး သေလိုက်မယ်၊ ။





ပူနဲ့။ မင်းသာ မသေခင် စိတ်ကလေးချမ်းသာအောင် ငါ့ပုံပြင်နားထောင်"

ကျော်သွင်က သေကာနီး ဒူးကလေးနည်းနည်း ထောင်လိုက်မယ်ဆိုတာကို သဘောကျစွာ ဝင်ရယ်တော့မှ သော်ဇင်ပါရယ်နိုင်မောနိုင်ဖြစ်လေတော့သည်။

❀ ❀ ❀

"ဖိုးထိုက် ... နင်နဲ့ငါနဲ့၊ ငါတို့နှစ်ယောက်က မွေးလာ တဲ့ကလေးတွေ၊ ငါတို့လိုပဲ သူငယ်ချင်းတွေဖြစ်အောင် ထားမယ်၊ ဒါမှမဟုတ် တစ်ယောက်က ယောကျ်ား တစ်ယောက်က မိန်းမဆို ပေးစားမယ်ကွာ"

"အေး ... ငါက ယောကျ်ားလေးမွေးမယ်"

"ငါကမွေးမှာ၊ နင်က မိန်းမ"

"ရွှေပြည်စိုး ... ငါဘာမွေးမယ်ထင်လဲ"

"နင် ဘာမှမွေးလို့မရဘူး၊ နင်က ယောကျ်ား၊ မွေး ရင် နင့်မိန်းမက မွေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်သားပဲ"

သူတို့သူငယ်ချင်းသုံးယောက်နားမှာ ခင်မာက ရယ်နေသည်။ သိန်းသန်းထိုက်ကို သူတို့က များသောအားဖြင့်မှာ ဖိုးထိုက်ပဲခေါ်၍ နှိပ်ကွပ်လိုသည့်အချိန်ကျမှ ငါးပြားထိုက်ဟုခေါ်၏။ သိန်းသန်းထိုက်၊ စိုးစိုးရီနှင့် သူဇာဦးတို့ သူငယ်ချင်းသုံးယောက်က အရမ်းခင်ပေမယ့်၊ သူဇာဦးခင်ပွန်း ကိုထွန်းသာကိုကျတော့ သိပ်မရင်းနှီးလှပါ။ ကိုထွန်းသာက လူရိုးလူအေး လူကောင်းမို့ စကားနည်းသည်။ သူငယ်ချင်းသုံးယောက် ဝိုင်းထဲမှာ တိုးမပေါက်ပါ။ စကားလည်း များများမပြောတတ်၊ သူတို့ချင်းပြောနေလျှင် တစ်ခါတစ်ရံ ဝင်ရယ်ပေမယ့် များသောအားဖြင့်ကတော့ ကိုယ့်ဘာသာကိုယ်နေကာ စာဖတ်နေတာများသည်။ ခင်မာကတော့ ကြုံလျှင်ကြုံသလို ဝိုင်းထဲဝင်ကာ သူကလည်းပြော၊ ဝင်ရယ်၊ ဝင်ဝင်ပေါင်းတတ်သည်။

ဒါကို စိုးစိုးရီက နည်းနည်းကလေးမျှ မကြိုက်ပါ။

ခင်မာက သိန်းသန်းထိုက်နှင့်မရခင်မှာ တော်တော်ကလေးပွေပွေရှုပ်ရှုပ်နေခဲ့သည့် မိန်းကလေးဖြစ်၏။ သူဇာဦးကတော့င် ...





"ခင်မာဟာ ဖိုးထိုက်နဲ့မလိုက်ဘူးကွာ၊ ဒီကောင် ... မရှောင်နိုင်အောင်ဖြစ်သွားတာပဲ"

... ဟု ပြောယူရသည်။

သို့ပေမယ့် ... ကိုယ့်သူငယ်ချင်းက တားလို့ရတော့မှာမှ မဟုတ်တာ။ ခင်မာမှခင်မာ။ ခင်မာရှုပ်ခဲ့ပွေခဲ့တာတွေသိပါလျက်၊ ခွင့်လွှတ်သည်တဲ့။ ခင်မာ့ကို ခွင့်မလွှတ်နိုင်သူက စိုးစိုးရီ။ စိုးစိုးရီက အေးဆေးသည်။ အနေအထိုင်တည်သည်။ ရိုးသားသည်။ ဣန္ဒြေရသည်။ သားရှင်တွေမျက်စိကျဖွယ်ပုံစံလေးရှိသည်။

"ချွေးပြည်စိုး ... နင့်ကို မင်းရှိန်က ကြိုက်လို့တဲ့"

"ဟာ ... သွား"

သိန်းသန်းထိုက်ကနောက်တိုင်း စိုးစိုးရီ အမြဲရှက်ရသည်။ မင်းရှိန်အမေကလည်း စိုးစိုးရီကို တွေ့တိုင်း "ချွေးမ" ဟုခေါ်၏။ စိုးစိုးရီက မျက်နှာလေးရဲရဲနှင့် ခေါင်းငုံကာ ... "အကြီးကလဲ သူများရှက်အောင်မခေါ်ပါနဲ့" ဟု ပြောမြဲ။ မင်းရှိန်ကမစရဲစရဲနှင့်၊ ဟိုကချောင်းဒီကချောင်း။ မင်းရှိန်သည် ပြောစရာရှိသည့်လူစားမျိုးမဟုတ်။ မင်းရှိန်နှင့်သာဆို စိုးစိုးရီမိဘကလည်း ငြင်းစရာမရှိ။ တစ်ခုပဲကျန်တာက မင်းရှိန်က စိုးစိုးရီကို ဖွင့်ပြောဖို့။ အဲသည်အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ ခင်မာ ... ကြားဝင်လာခဲ့သည်။

"မင်းရှိန် ... ငါ့ကို စာကူးပေးအုံး"

"မင်းရှိန် ... ငါ့ကို ဘုရားလိုက်ပို့"

"မင်းရှိန် ... ရော့၊ ငါ့လွယ်အိတ်လွယ်ပေး"

ခင်မာ့အကျင့်က ခက်၏။ သူ့ကိုချစ်ပါသည်ဟုပြောလာသူတွေကို ချစ်သည်ဟုလည်း လက်မခံ၊ မချစ်ပါဘူးဟုလည်း မငြင်း၊ မြွေမသေတုတ်မကျိုး၊ မသေမရှင်ကလေးထားသည်။ သူ့ကိုချစ်ပါသည်ဟု မပြောသော၊ ပြောဖို့ဝေးလံသောသူတွေကိုဆိုလျှင် သူက အတင်းလိုက်အရောဝင်ကာ "ချစ်ပါသည်" ဆိုသည့် စကားတစ်ခွန်း၊ မထွက်ထွက်လာအောင် တူးဖော်ရယူတတ်သူလည်းဖြစ်၏။ အဲသည်အခါကျ ... မြွေမသေတုတ်မကျိုးစာရင်းကလေးထဲ ခဏထည့်ထားလိုက်တတ်ပြန်၏။ မင်းရှိန် လူရိုးခမျာ ခင်မာ့စက်ကွင်းထဲမှ လွတ်အောင်မရှောင်နိုင်ဖြစ်သွားရသည်။ ရိုးသောအေးသော၊ အရှက်ကြီးသော၊ ဣန္ဒြေရှိသော စိုးစိုးရီကိုတွေ့ဖို့တောင် မနည်းချောင်းနေရချိန်မှာ ခင်မာက မဆွတ်ခင်ကညွှတ်ချင်သလိုဖြစ်သည်။ ခင်မာသည်လည်း အချောအလှစာရင်းဝင်ပဲမို့ ...

အဲသည်အချိန်မှာ စိုးစိုးရီဖခင်ဆုံးသည်။ နာရေးနှင့်မို့ စိုးစိုးရီက အိမ်တွင်းပိုအောင်းသွားသည်။ စိုးစိုးရီနှင့်ခင်မာ ... ရွေးရခက်နေသော မင်းရှိန်က ခင်မာ့ကိုချစ်ပါသည် ... ဆိုသောအဆင့်သို့ရောက်လာ၏။

"ရွှေပြည်စိုးရယ် ... ဖိုးထိုက်က ခင်မာ့ကို ကြိုက်လို့တဲ့ကွာ ... ငါဖြင့်အံ့ရော"

စိုးစိုးရီ အံကလေးတစ်ချက်ကြိတ်လိုက်၏။ မင်းရှိန်၏အချစ်ကို သူမ ... မျှော်လင့်ခဲ့ပါ၏။ သို့ပေမယ့် မပွင့်မီက ကြွေနှင့်သောပန်းတစ်ပွင့်ကို စိုးစိုးရီ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ခု ... ဖိုးထိုက်က ချစ်သည်ဖြစ်ပြန်တာ၊ ခင်မာ ... ဖိုးထိုက်ကိုလည်း သွားခြွေပြန်ပြီထင်၏။ မင်းရှိန် အရူးအမူးဖြစ်နေတာကို လက်မခံဘဲ၊ မသေမရှင်ကလေးထားထားပြီး ဖိုးထိုက်ဘက်လှည့်ပြန်တာဟာ၊ ဖိုးထိုက်နှင့်ရွှေပြည်စိုးတို့ခင်မင်မှုကို သံသယဖြစ်လို့များ၊ သူ့ဘက်ယိမ်းအောင်ငင်လေသလား။

"သူကတော့ လက်ခံချင်မှ လက်ခံမယ်၊ ဒါပေမယ့် ရှိသမျှယောကျ်ားတွေ ဘယ်မိန်းကလေးကိုမှ မကြိုက်ရ၊ သူ့ကိုပဲ ကြိုက်ကြဆိုတဲ့မှုကို လက်ကိုင်ထားတယ်တဲ့၊ ကိုထွန်းသာကိုတောင် လာရောသေးတာ၊ ကိုထွန်းသာက လူရိုးဂွစာကြီးဆိုတော့ ...







www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျွန်တော့်ကို ပယောပရိလာမလုပ်ပါနဲ့၊ ကျွန်တော် ပြဿနာအရှုပ်မခံနိုင်ဘူး၊ ကျွန်တော်က သူဇာဦးနဲ့ လူကြီးချင်းပြောပြီးဆိုပြီးနေပြီ ... လို့ ပြောလိုက်သတဲ့၊ အဲဒီလိုကြီးကျတော့လဲ အားနာစရာ"

စိုးစိုးရီ ဘာတစ်ခွန်းမျှ ပြန်မပြောဖြစ်ခဲ့ပါ။ ပြောရမှာ ရှက်လွန်းလှပါသည်။ စိုးစိုးရီထံပါးမှာရှိသမျှ လိုက်လုနေသလား ... ဟု ထင်၏။ မင်းရှိန်နှင့်စိုးစိုးရီနှင့်က ချစ်သူတွေအဆင့်သို့မရောက်ခဲ့တာမို့ ကိုယ့်လူကို လုသွားပါသည်ဟု ပြောဖို့လည်းမဖြစ်၊ စိုးစိုးရီ အရှက်ကြီးရှက်ကာ ခင်မာ့ကိုပဲဖိ၍စိတ်နာခဲ့လေ၏။

"ငါ ရအောင်ဖျက်မယ်"

သိန်းသန်းထိုက်ကို မရမကဖျက်၏။ သို့ပေမယ့် သိန်းသန်းထိုက်က ...

"သူက တခြားလူတွေကိုသာ ချစ်တယ်ပြန်မပြောတာ၊ ငါ့ကိုတော့ အဖြေပေးတယ်၊ ချစ်တယ်တဲ့"

"အဲဒါ ... နင်ယုံနေလား"

"ယုံတယ်၊ ဘယ်သူ့မှမပေးတဲ့အဖြေကို ငါ့ကိုကျမှ ပေးတာ၊ နောက်ပြီး ... ငါယောကျ်ားပီသချင်တယ်





ရွှေပြည်စိုး၊ ငါက သူနဲ့ တရင်းတနှီးဖြစ်နေပြီ"

သိန်းသန်းထိုက်က သူငယ်ချင်းမတွေ နားဝင်ချိုအောင် စကားလှလှသုံးပေမယ့် သူတို့အခြေအနေကို သဘောပေါက်လိုက်ကြ၏။ ဆန္ဒစောတတ်သော သူဇာဦးက

"ကလေးတွေဘာတွေရှိနေပြီလား" ... မေးတော့၊ "မရှိသေးပါဘူး" ... တဲ့။

နောက်တော့ ... စိုးစိုးရီတို့သားအမိ ရန်ကုန်ပြောင်း၏။ ချက်ချင်းကြီးတော့မဟုတ်၊ တစ်နှစ် နှစ်နှစ်အတွင်း သူဇာဦးက ကိုထွန်းသာနှင့်လက်ထပ်သည်။ သိန်းသန်းထိုက်က ခင်မာနှင့်လက်ထပ်သည်။ ထူးဆန်းတာက ခင်မာသည် သိန်းသန်းထိုက်နှင့်ကြိုက်ကြပြီးချိန်မှစ၍ မည်သူနှင့်မျှ ပယောပရိမရှိတော့ဘဲ ဣန္ဒြေသိက္ခာလေးနှင့် လိမ္မာသွားခြင်းပါပဲ။

"သူ လိမ္မာသွားပါပြီ ရွှေပြည်စိုးရယ်"

သူဇာဦးက ခွင့်လွှတ်ပြီး ခင်မင်၏။ မခင်ချင်လို့လဲမရ။ သူငယ်ချင်းသုံးယောက်ထဲမှာ သူပါ အတင်းဝင်၍ လေးယောက်ဖြစ်အောင်ပေါင်းသည်။ မင်္ဂလာဆောင်ရှိလို့ ရန်ကုန်မှ ခဏပြန်လာသော စိုးစိုးရီကို အထူးသဖြင့် ရောနှောကာ အောက်ကျို့လို့တောင်ပေါင်းရှာပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖရက်က ပုံပြင်ကို အဲသည်နေရာမှာ အဆုံးသတ်လေ၏။

"ဟာ ... မင်းပုံကလဲ၊ ဦးထွန်းသာနဲ့ဒေါ်သူဇာဦးက မင်းမိဘ၊ ငါ့အဒေါ်နဲ့ဦးလေး၊ အဲဒါဘာဖြစ်လဲ"

"နားထောင်ဦး သော်ဇင်ရ ... စိုးစိုးရီ၊ သိန်းသန်းထိုက်နဲ့သူဇာဦးဆိုတဲ့သူငယ်ချင်းသုံးယောက်ကို သူဇာဦးရဲ့အဖေက စာမေးပွဲအောင်လို့ဆိုပြီး အရုပ်တွေဝယ်ပေးတယ်"

"အဲဒါဆန်းလား"

"ဆန်းတယ်၊ ဦးသိန်းသန်းထိုက်က ယောကျ်ားရုပ်၊ ဒေါ်စိုးစိုးရီနဲ့မေမေက မိန်းမရုပ်တွေ၊ မွေးကာစကလေးအရွယ်ထက်တောင် နည်းနည်းကြီးချင်သေးတယ်၊ အလေးချိန်ကတော့ မွေးစကလေးအရွယ်ပဲ၊ မှောက်လိုက်ရင် ငိုတယ် ...

"အဲဒါ ... ဖေဖေနဲ့မေမေက အမေရိကားကိုသွားကာနီး၊ ဦးသိန်းသန်းထိုက်ဆီက အရုပ်နဲ့ အရုပ်ချင်းလဲခဲ့တယ်။ ဒါမှ တစ်နေ့နေ့မှာ လူကြီးချင်းကွဲသွားပေမယ့် လူငယ်ချင်းပြန်တွေ့ရင် အရုပ်ကလေးတွေကြည့်ပြီး သိနိုင်အောင် ...





"ဦးသိန်းသန်းထိုက်ကို မေမေ့ဆီက မိန်းမရုပ်ပေးခဲ့တယ်၊ မေမေက ယောကျ်ားရုပ်ယူခဲ့တယ်၊ မေမေတို့က နိုင်ငံခြားသွား၊ ဒေါ်စိုးစိုးရီက ရန်ကုန်ပြောင်း ဦးသိန်းသန်းထိုက်တို့က စီးပွားရေးလုပ်တယ်တဲ့၊ အလုပ်အကိုင်နဲ့မိသားစုနဲ့ဆိုတော့ ...

"ဟိုပြောင်းဒီပြောင်းနဲ့ သူငယ်ချင်းတွေ ကွဲသွားကြတယ်၊ မေမေတို့က အနှစ်နှစ်ဆယ်ကျော်အတွင်းမှာ မြန်မာပြည်ကိုသုံးလေးခေါက် ပြန်လာပေမယ့်၊ သူငယ်ချင်းတွေ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ ...

"ရှာမတွေ့တော့ဘူး၊ ခု ... ငါက ယောကျ်ားရုပ်ကလေးယူလာတယ်၊ မိန်းမရုပ်ကလေးရှိတဲ့သူဟာ ငါ့ရဲ့ဖူးစာရှင်ဖြစ်တယ်လို့ မေမေက မှာလိုက်တယ်"

"အဲဒါနဲ့ အကြင်နာဝေနဲ့ ဘာဆိုင်လဲ"

"ဟော့ကောင် ... လိုက်မွှန်မနေနဲ့"

"အောင်မယ် ... ဒီစကားကို ငါသင်ပေးလို့တတ်တာများ"

"ဘယ်သူသင်ပေးပေး၊ တတ်တာကတတ်နေပြီ၊ တွေ့ကရာလူ မာန်ဖီဖို့စိတ်ကူးမရှိနဲ့ကွ၊ အဲဒီအုပ်စုထဲက



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းကြင်ဆိုတဲ့ကောင်မလေးဆီမှာ အရုပ်ရှိတယ်၊ မင်းရဲ့အကြင်နာဝေကတော့ တောင်းနေသေးတယ် တဲ့"

"မင်းရဲ့အကြင်နာဝေ" ... ဆိုသည့်စကားကို သော်ဇင်ထွန်းက တော်တော်သဘောကျသွားရသည်။

"ဒါပေမယ့် ... ငါစိတ်ဝင်စားတာက ခင်ထားတင် အသံလေးလှလို့"

"ဒီတော့ ... ဘယ်လိုလုပ်မလဲ"

"မသိသေးဘူး၊ မင်းရဲ့အကြင်နာဝေကတော့ အေးမဲ့ စာရင်းထဲပါသွားပြီ၊ ငါသွားရင် ငါ့ညီအစ်ကိုအဖြစ် မင်းလိုက်လည်လို့ရပြီ၊ ကျေးဇူးရှင်ကို ကြိုတင်စော် ကားထားတဲ့အတွက်၊ အကြင်နာဝေကို သိပ်တောင် အေးမဲ့မပေးချင်ဘူး"

"အေးမဲ့၊ အေးမဲ့မပြောနဲ့ကွ၊ လူ။ နွားမဟုတ်ဘူး"

"အော် ... အော် ... ဟုတ်သားပဲ၊ ဒါပေမယ့်နော် တစ်ခု ရှိသေးတာက၊ သူတို့ငါးယောက်ထဲက သုံး ယောက်အကြောင်းပဲ ငါသိရသေးတယ်၊ မေသီဂီရည် အကြောင်းပြောတုန်းက နားထောင်ခိုင်းခွင့်မရလိုက် ဘူး။ အကြင်နာဝေရဲ့အကြောင်းက မသိရသေးဘူး





"သိပြီးသလောက်တွေက ဦးသိန်းသန်းထိုက်၊ ဒေါ်ခင် မာနဲ့ ဘယ်လိုမှ မပတ်သက်တဲ့သူတွေ၊ ဒီတော့ ... မင်းရဲ့အကြင်နာဝေဟာလဲ ... "

"ဖရက် ... ခင်ထားတင်က အသံလေးလှတယ်ဆို"

"ထားပါတော့"

"မင်းက နယ်ပြန်ပြီး မစုံစမ်းဘူးလား"

"နေမလားကွ။ ပြီးသွားပြီ။ ဒေါ်စိုးစိုးရီက သူ့အမေ နဲ့ ရန်ကုန်ပြောင်းတယ်။ ခုရှာလို့မတွေ့တော့ဘူး၊ သူ့ အမေဆိုတာကတော့ ဆုံးလောက်ပြီ။ ဒေါ်စိုးစိုးရီရှိ ရင်လဲ ငါးဆယ်လောက်ရှိမယ် ...

"ဦးသိန်းသန်းထိုက်က သူ့ဇနီးဒေါ်ခင်မာရယ်၊ ခလေး ရယ် ခရီးထွက်တုန်း၊ လမ်းမှာ ကားကိုဒမြတိုက်ခံ ရတယ်။ ဒမြဆိုပေမယ့် ဒေါ်ခင်မာ အရင်ကရှုပ်ခဲ့ တဲ့ကိစ္စတွေကြောင့် မခံချင်တဲ့သူက အကွက်ချောင်း ပြီး မခံချင်စိတ်နဲ့ လိုက်သတ်တာလို့လဲ ပြောကြ တယ်"

"မသေချာဘူးလား"

"ဘုရားမှသိမှာပေါ့ကွ၊ ဒေါ်ခင်မာပွဲချင်းပြီးတယ်၊ ဦး သိန်းသန်းထိုက်နဲ့ကလေးက မသေဘူး၊ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲ မရှိဘူး၊ ပြန်လဲရောက်မလာတော့ဘူး၊ သူ့အမျိုးတွေဆီလဲ ရောက်မလာဘူး၊ သူ့မိန်းမဘက်က ဆွေမျိုးတွေဆီလဲ ရောက်မလာဘူး ... "

"ဘယ်ရောက်သွားလဲ ... ဒါဖြင့်"

"ကလေးကို စိတ်ချရတဲ့တစ်နေရာရာပို့ခဲ့ပြီး ... သူက ရန်သူတွေနောက်လိုက်ရင်း ပြန်မလာပုံထောက်တော့ ... သေပြီလို့ တွက်ရတာပဲ။ ကလေးကို အဖေ့အမျိုး ... အမေ့အမျိုးတွေဆီ ပြန်မပို့တာကတော့၊ ရန်သူက လာနောက်ယှက်မှာစိုးလို့ ဖြစ်နိုင်တယ် ...

"ဒီတော့ ... ကလေးကို ဘယ်ပို့မလဲ၊ ဒေါ်စိုးစိုးရီဆီပို့မှာပဲ၊ ဒေါ်စိုးစိုးရီကလဲ ရှာမတွေ့တော့ဘူး"

"မွေးတဲ့ကလေးက မိန်းမလေးသေချာလား"

"ဒါတော့ သေချာတာပေါ့၊ အမျိုးတွေက သိတာပေါ့ကွ"

"ဒီငါးယောက်ထဲကလို့ ဘယ်သူပြောလဲ၊ တခြားမှာလဲရှိနိုင်တာပဲ"

"ကလေးရုပ် သဲလွန်စလေ"

"ဒီလိုအရုပ်မျိုးတွေ အများကြီးနေမှာ"





"မေမေက ရင်ထိုးလေးပါ ထဲ့ပေးလိုက်တယ်၊ အသဲပုံရွှေကွင်းလေးထဲမှာ မြကလေးနဲ့တဲ့။ ကလေးရုပ်နဲ့ရင်ထိုးနဲ့တွဲတွေ့ရင်"

"ဒီလောက် နှစ်တွေကြာမှ အရုပ်က ပျောက်ပျက်ပျက်စီးသွားနိုင်တာပဲ"

"မိဘတွေက အထိမ်းအမှတ်အဖြစ်လဲ ပေးထားတာပဲကွာ၊ မသိတတ်ခင်မှာ လူကြီးက ထိန်းသိမ်းမှာပေါ့ သိတတ်တော့လဲ သူ့ဘာသာထိန်းပေါ့"

"ဘယ်တော့သွားမှာလဲ၊ အဲဒီအိမ်"

"မင်းသိပ်မမွန်တဲ့တစ်နေ့ပေါ့ကွာ"

ဒီတစ်ခါ ဝင်ပြောသူက လှဝင်းပါ။

"နေပါဦးကွာ ... အရုပ်ကတော့ထားပါတော့၊ ဒီလိုအရုပ်မျိုး အဲဒီခေတ်ကပေါ်ခဲ့တယ်ပဲထား၊ အခုရောဝယ်လို့မရဘူးလား၊ လူတကာလက်ထဲမှာရှိမနေနိုင်ဘူးလား"

"ရှိနေနိုင်တာပဲ"

"ဒါဖြင့် ... မင်းက ဒီငါးယောက်ထဲမှာမှ ဘာဖြစ်လို့ သဲမဲကျုံးရှာနေရတာလဲ၊ တခြားမှာရောသွားမရှာသင့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ... ဒီအုပ်စုထဲကတစ်ယောက်ဆီမှာ ဒီအရုပ်တွေ့တယ်လို့ မင်းပြောတဲ့သဲလွန်စလေးတစ်မျှင်ထဲကို လိုက်ရတာပဲ။ ဒီမှာမှ ဒီတစ်မျှင်ရသေးတယ်၊ တခြားမှာက ... တစ်ဖဲ့တစ်စတောင်မရဘူး၊ ဒီအရုပ်မျိုးရှိတဲ့ ဒီအရွယ်မိန်းမတစ်ယောက်ရှိလေရဲ့ဆိုတဲ့ သတင်းတောင်မကြားဖူးဘူး။ ဒီတော့ တစ်မျှင်ရတဲ့ထဲပဲ သဲသဲမဲကျုံးရှာရတာပေါ့။ အရုပ်တွေပြီးရင် ငါ့အမေရဲ့ မြရင်ထိုးလဲတွေ့မှ ငါရှာတဲ့မိန်းကလေးဖြစ်မှာ၊ ရင်ထိုးမပါဘဲ အရုပ်ချည်းပဲဆိုလဲ ... အလကားပဲ"

"မတွေ့ဘူးတဲ့ကွာ၊ ရင်ထိုး။ မင်းရှာတဲ့မိန်းမလေးမဟုတ်ဘူးဆိုပါတော့"

"လွယ်ပါတယ် ... အမေ့ရှေ့မတွေ့ဘူးဆိုပြီး ကိုယ်ကြိုက်တဲ့မိန်းမ ကောက်ယူလိုက်မှာပေါ့"

"ဒါဖြင့်လဲ ဒုက္ခခံပြီး ရှာမနေနဲ့တော့"

"မိဘစကားကိုတော့ ဦးစားပေးနားထောင်ချင်သေးတာပေါ့ကွာ၊ ကိုယ့်ဘာသာလုပ်ချင်တာရှိရင်တောင် အမေခိုင်းတာလုပ်ပြီးမှ ကိုယ့်ကိစ္စကိုယ်လုပ်ချင်တယ်။ အဲဒါသားလိမ္မာခေါ်တယ်။ အတုခိုးကြဦး"





"အတုတော့မခိုးဘူး။ ခိုးချင်းခိုးရင် အစစ်ပဲခိုးမယ်၊ မင်းအမေရဲ့ မြရင်ထိုးနဲ့ကောင်မလေး"

❋ ❋ ❋

ဖရက်ကို သတိရနေသည်။ ဒီနေ့က နှစ်ဆယ့်လေးနာရီ ဂျူတီဝင်ရမည့်အလုပ်သင်ဆရာဝန်က သူငယ်ချင်းမို့ လုဝင်းလည်း နှစ်ဆယ့်လေးနာရီနေဖို့ ခွင့်တောင်းထား၏။ လုဝင်းတို့ကကျတော့ ဆေးရုံမှာ စာသင်ရပါသည်။ လက်တွေ့လည်းလုပ်ရပါသည်။ အလုပ်သင်ဆရာဝန်ထက် တစ်တန်းငယ်သူမို့ တာဝန်အတိအကျမချသေးပါ။ ကျောင်းသားပဲဖြစ်နေသေး၏။ ကျောင်းသားဘဝမှာ ရသလောက်ယူထားနိုင်မှ အလုပ်သင်ဆရာဝန်ဘဝမှာ အဆင်ပြေမည်။ အလုပ်သင်ဆရာဝန်လုပ်တော့လည်း ကိုယ့်ဆရာသမား၊ ပါရဂူပါမောက္ခတွေဆီမှ ပညာအဆီအနှစ်ကို အတတ်နိုင်ဆုံး လေ့လာမှတ်သားနိုင်ပါမှ ကိုယ့်အတွက် ပညာပြည့်ဝမှာဖြစ်၏။

ဗဟိုအမျိုးသမီးဆေးရုံမှာ လုဝင်းက၊ ကိုဖိ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆောင်တွေမွေးပေးနေတာ ဆယ့်ရှစ်ယောက်တောင်ရှိသွား ပြီ။ ဒီည သူငယ်ချင်းနှင့် တူတူနေပေးခြင်းအားဖြင့် နှစ် ဆယ်ကျော်အစိပ်လောက်ဖြစ်သွားနိုင်၏။ ဆေးရုံမှာနေရင်း က ဖရက်ကို သတိရနေသည်။ ဒီကောင် အဆင်ပြေမှာပါ ထင်ပါရဲ့၊ မေမေနှင့်မို့လည်း စိတ်ချ၏။ မေမေ့လို အပေ မျိုးက ရှားပါ၏။ မိခင်တစ်ယောက်၏ချစ်ခြင်းမေတ္တာ၊ မိ ခင်တာဝန်၊ မိခင်ဝတ္တရားတွေအားလုံး ကျေပြွန်ပြီးသည့်နောက် မှာ မေမေသည် ပေါင်းလို့အကောင်းဆုံးသူငယ်ချင်းလည်း ဖြစ်နေတတ်သေးသည်။ သားသူငယ်ချင်းတွေဆိုလဲ မေမေ့ သူငယ်ချင်းတွေပဲ ဖြစ်နေသေးတာမို့ ဖရက်ကို မေမေက အနေအထိုင်မခက်အောင် ကူညီနိုင်မှာပါပဲ။

"ငါ ... မင်းတို့အိမ်မှာ တစ်ပတ်လောက်နေချင် တယ်၊ ဖြစ်မလား" ... တဲ့။

"ဖြစ်တယ်လို့ ငါကဖြေရင်၊ တကယ်ဖြစ်တာထက် နည်းနည်းလျော့နေမယ်"

"သိပ်နားမလည်ဘူးကွ"

တချို့စကားပွေကျတော့ ဖရက်က သိပ်နား မလည်ပါ။ ဒါလည်း ... အပြစ်ဆိုစရာမရှိ၊ နိုင်ငံခြားမှာ ကိုယ်ဝန်ရှိ၊ မြန်မာပြည်မှာ ပြန်မွေး၊ လသားလောက်က





နိုင်ငံခြားပြန်နှုတ်ခွက်၊ ရှင်ပြုကာနီး၊ မှတ်ပုံတင်ကာနီးနှင့် အား လုံးပေါင်းမှ သုံးလေးငါးခေါက်လောက် ကိုယ့်ပြည်ကိုယ်ပြန် ရောက်ပြီး၊ အနှစ်နှစ်ဆယ်ကျော် နိုင်ငံခြားမှာနေခဲ့သူက မြန် မာစကား ဒီလောက်ပြောနိုင်တာပဲ ချီးကျူးဖို့ကောင်းလှပါ ပြီ။

"မင်းကိုတော့ ငါက လေးစားပါတယ်"

လှဝင်းက ပြောရင်းက လက်ကိုလိမ်ပြီး နဖူး မှာကပ်လျက် အလေးပြုချင်ယောင်ဆောင်၏။

"ဘာဖြစ်လို့လဲ"

"ငါတွေ့ဖူးတဲ့ နိုင်ငံခြားပြန်မြန်မာတွေက ဖင်ခေါင်း စကားတွေချည်းပဲ"

"ဘာလဲ အဲဒါ ... "

"စကားဆိုတာ ကြယ်လေကွာ၊ ယပင့်နဲ့ကျယ်လိုက် ပေါ့၊ ငါတို့အမျိုးတချို့လဲ နိုင်ငံခြားမှာရှိပါတယ်၊ ခု ခေတ်မှာက အမျိုးမရှိတောင် အသိရှိတယ်၊ နိုင်ငံ ခြားနဲ့ကင်းတဲ့လူက ခပ်ရှားရှား မဟုတ်လား ...

"ငါ့ဘကြီးတစ်ယောက်က ငါ့အမေဆီ ဆွယ်တာလှ ကြုံနဲ့ပေးလိုက်တယ်ကွာ။ သယ်လာပေးတဲ့သူက မြန် မာစစ်စစ်ကြီး၊ အညာသား၊ အင်္ဂလန်မှာ သုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်နေပြီး ခဏပြန်လာတယ်၊ ပြန်သွားမယ်၊ ဦးမြင့်ထွန်းတဲ့ ...

"မေမေက လူမှုရေးလောကွတ်ပေါ့ကွာ၊ ကျွန်မတို့အိမ်မှာ ထမင်းတစ်နပ်လောက်တော့ လာစားပါ၊ ကျွေးပါရစေပေါ့ကွာ၊ အဲဒါ ... တကယ်ဆို၊ မအားလို့ပါ၊ ကြုံရင်ကြုံသလိုဝင်လည်ပါ့မယ်၊ ထမင်းတော့ မစားပါရစေနဲ့၊ ရလာတဲ့ခွင့်ရက်နဲ့ အညာလဲပြန်ရဦးမှာမို့ ...

"အချိန်မလောက်လို့ပါ၊ ဘာညာ ... လူကြားကောင်းအောင်ပြောပါလားကွာ"

"ဘယ်လိုပြောလို့လဲ"

"အမယ်လေး ... ဒီအမယ်လေးက ငါအော်တာ၊ သူကလဲ အမယ်လေးထအော်တာပဲ၊ အမယ်လေး ... တဲ့။ မလုပ်ပါနဲ့တဲ့၊ လက်ဝါးနှစ်ဖက်ဖြန့်ပြီး ကာလိုက်ခါလိုက်တာ၊ ဆတ်ဆတ်ကိုတုန်လို့ ...

"ဗိုက်ပျက်လို့မစားပါရစေနဲ့တဲ့ကွာ၊ ပြောပုံက သူ့ကို ထမင်းစားဖိတ်တာ၊ ချီးစားဖိတ်တာကျနေတာပဲ၊ ဆွေ့ဆွေ့ခုန်အောင်ငြင်းတာ"

ဖရက်က သဘောကျစွာရယ်သည်။





"မင်းရော ဘာစားလဲ"

တွေ့ကာစ၊ သော်ဇင်ထွန်း မိတ်ဆက်ပေးကာစမို့ ဖရက်အကြောင်းမသိရသေးပါ။

"ငပိရည်စားတယ်၊ ချဉ်ရေဟင်းစားတယ်"

"ဟော့ကောင် ... တကယ်လား"

"သော်ဇင်ထွန်းကို မေးကြည့်လေ"

"အေးကွ ... ငါ့အမေကတောင် သူမစားနိုင်မှာစိုးလို့ ရှိ့စ်တွေ အဖြူထည်တွေချက်တာ၊ မောင်မင်းကြီးသားက ငြုပ်သီးစိမ်းပေးပါ အန်တီဆိုလို့အံ့ယူရော"

"ငါ့အဖေနဲ့အမေက လန်ဒန်မှာနေတာ၊ ပညာနဲ့ဥစ္စာနှစ်ခုရှာဖို့နေတာ၊ ပျော်လို့နေတာမဟုတ်ဘူးတဲ့၊ ပညာရှာရင်း ဥစ္စာလဲစုလို့ရလို့နေတာ၊ စုမိဆောင်းမိသမျှပိုက်ပြီး ကိုယ့်မြန်မာပြည်မှာ ပြန်ပြီးခေါင်းချမယ်ဆိုတဲ့စကားကို အမြဲပြောတယ်ကွ ...

"အိမ်မှာလဲ ငါတို့မြန်မာစကားပဲပြောတယ်၊ မြန်မာချင်းချင်းတွေ့ရင်၊ အဲဒီက မြန်မာတချို့က မြန်မာစကားမပြောဘူး၊ တချို့ပြောတယ်၊ ငါတို့မိသားစုကတော့ မြန်မာစကားပဲပြောတယ်၊ မြန်မာစကားကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝနားမလည်တဲ့ နိုင်ငံခြားသားနဲ့ပဲ အင်္ဂလိပ်လို ပြောတယ် …

"ငါတို့ ညစာတိုင်း ထမင်းစားတယ်၊ ချဉ်ရေဟင်း စားတယ်၊ စိမ်းစားငပိနဲ့ ငပိရည်ကြိုကို၊ သံပုံးတွေ ထဲမှာ ပလပ်စတစ်အိတ်အထပ်ထပ်နဲ့ထည့်၊ အလုံပိတ် ဂဟေဆော်ပြီး၊ ဖိုက်စတား(ကြယ်ငါးပွင့် Five Star) က သင်္ဘောကြီးတွေလာရင်ပါလာတယ် …

"ငါတို့တွေပြေးဝယ်ထားရတာပေါ့။ ဖလက်နဲ့ အပါတ်မင့် (Appartment) နဲ့နေတဲ့သူတွေ ကြိုလို့မရဘူး၊ နံတယ်ဆိုပြီး အင်္ဂလိပ်တွေကပြောမှာ။ ကိုယ့်ခြံကိုယ့် အိမ်နဲ့ လုံးချင်းနေနိုင်တဲ့မြန်မာတွေက ကြိုတယ်၊ ပြီး တော့ … စေပေးတာပေါ့ကွာ …

"ငါတို့အိမ်က ဟင်းကို ငြပ်သီးဆီသပ်ချက်တော့ အိမ်ကို နံလွန်းလို့တဲ့၊ ကိုရွှေအင်္ဂလိပ်တွေက၊ ငါ့အ ဖေကပြောတယ်၊ အဲဒါ … မြန်မာနံ့တဲ့။ နံတာမ ဟုတ်ဘူး၊ မွှေးတာတဲ့။ ငါးကို ကြော်ပြီး ပြန်နှပ် ထားတဲ့ငါးကြော်နှပ်ပေါ့ကွာ …

"ငြပ်သီးမပါဘဲ၊ ပဲငပိနဲ့ ချက်ကျွေးတော့ ကိုရွှေ အင်္ဂလိပ်တွေစားလိုက်ကြတာ၊ ခေါင်းမဖော်ဘူး၊ သူ





တို့က ဟင်းချက်သိပ်ညံ့တာကွ၊ စဉ်းစားကြည့် … ပြုတ်တာတစ်မျိုးပဲ သူတို့ဆီမှာရှိတာ … "

"ပေါင်းတာတို့ ချက်တာတို့"

"မထူးပါဘူး၊ ပြုတ်တာပါပဲ၊ အဲဒါကို ဆော့စ် (Sauce) မျိုးစုံနဲ့၊ ဆော့စ်အားကိုးပြီး အရသာယူ စားရတာ၊ မြန်မာဟင်းတွေထဲမှာ ငြပ်သီးမထဲ့ရင် သူတို့ သေလုအောင်ကြိုက်တယ်၊ ဒါတောင် အပြော က မလျှော့ဘူး၊ ဟင်းကတော့ မွှေးတယ်တဲ့၊ အိမ် ကျတော့ နံတယ်တဲ့၊ ဆီသပ်နံ့တွေဘာတွေ၊ သူတို့ နံတယ်ကွ၊ ငါ့အမေက … သေလိုက် … လို့ မြန်မာလိုပြောတော့၊ နားမလည်ဘဲ ရယ်ကြတယ်"

လန်ဒန်မှာ အနှစ်နှစ်ဆယ်ကျော်နေခဲ့ပေမယ့်၊ ဖရက်ဆိုသည့်နာမည်တစ်လုံးကို၊ ကျောင်းတက်ဖို့အတွက် မှည့် ထားရပေမယ့် ဖရက်သည် အင်္ဂလိပ်ကိုမှ အထင်ကြီးသော ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကို အထင်သေးရှုံ့ချသော စာရင်းထဲမှာ မပါဝင်ခဲ့ပါ။ မြန်မာပြည်ကိုရောက်ရောက်ချင်း ရှယ်တူမြန်မာယောကျ်ားလေးတွေနှင့် ပေါင်းလို့သင်းလို့ဖြစ် သည်။ လူကြီးမိဘ ရိုသေလေးစားရကောင်းမှန်းသိသည်။ လူကြီးတွေနှင့်ဆိုလျှင် "ဆောရီး" အစား "ကန်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရကောင်းမှန်းသိသည်။ အဲသည်ဖရက်ကို၊ လှဝင်းတကယ်ခင်ရပါ၏။ ပညာလိုချင်လို့သာ နှစ်ဆယ့်လေးနာရီ ဂျူတီသမားနှင့် ဆေးရုံတူတူလိုက်ဆင်းရတာ၊ ဖရက်ကို အိမ်မှာတစ်ယောက်ထဲထားခဲ့ရတာ အားနာဖို့တောင်ကောင်းလေ၏။

❀ ❀ ❀



ကံ့ကော်ရွှေ - ၁၁၉၉
တစ်ရက်ဖက်ခ(        )ကျပ်
ညစ်ပေ-စုတ်ပြဲ-ပျောက်ဆုံးလျှင်
တန်ဖိုးနှစ်ဆပေးလျော်ရမည်။

အခန်း (၁၂)

မေက ဟိုအခန်းဒီအခန်းမှာ စကားပြောခွက်တွေ တပ်ဆင်ရတာ ဝါသနာပါ၏။ မေမေရှိတုန်းက ကျောင်းပိတ်ရက်မှာ အပျော်သဘောသင်တန်းလည်း တက်ဖူးသည်။ ဓာတ်ကြိုးတွေနှင့် သူ့ဘာသာဖန်တီးသော ကိရိယာတွေဆက်ပြီး အသံမျိုးစုံထွက်အောင်လည်း လုပ်တတ်သည်။

ခု ... ထားက ကံ့ကော်ပင်ပေါ်မှာ။ ကံ့ကော်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပေါ်တက်ခွင့်ရလိုက်ခြင်း၊ ကံ့ကော်ပင်ပေါ်တက်ဖြစ်လိုက်ခြင်းက ထားအဖို့ ဆယ်နှစ်လောက် ပြန်ငယ်သွားသလားထင်ရအောင် စိတ်ပျိုပြီး ပျော်ရွှင်ကြည်နူးခြင်းများစွာဖြစ်ထွန်းရသည်။ လက်ထဲမှာ မှန်ပြောင်းတစ်လက်ရှိသည်။ စကားပြောခွက်ရှိသည်။ မေနှင့်ကြော့က ခြံထဲက ဒန်းပေါ်မှာ ဒန်းလွှဲစီးနေကြ၏။ သက်နှင့်ဝေက ပန်းပင်ပုလေးတွေနားမှာ လမ်းလျှောက်ရင်း စကားပြောနေကြသည်။ သူတို့အားလုံးမှာ စကားပြောခွက်ကလေးတွေပါသည်။ အသံထွက်သည့်ခွက်ကလေးတွေပါသည်။ မေ ... တီထွင်ထားတာလေ၊ ငါးယောက်သား အချင်းချင်းပြောလို့ရအောင် လုပ်ပြီးမှ ထားက ကံ့ကော်ပင်ပေါ်တက်သွားခြင်းဖြစ်၏။

"ဘယ်ဟာမဆို အလေ့အကျင့်ပဲနော် ... မေ့ကိုအခု ကံ့ကော်ပင်ပေါ်တက်ဆို၊ ဘယ်တတ်မလဲ"

"မေကကျတော့ အုန်းသီးခွဲတတ်တယ်လေ"

"အုန်းသီးခွဲတာ သိပ်မခက်ပါဘူးကွ၊ သုံးလေးလုံးလောက်ခွဲကြည့်ပြီးရင် တတ်သွားတာပါပဲ၊ ခုထိမလုပ်တတ်တာ တစ်ခုရှိတယ်"

"ဘာလဲ"

"နာနတ်သီးမခွဲတတ်ဘူး"

"ဟင် ... ဒီလောက်လွယ်တာ"

"မသင်တာလေ။ ဘယ်လောက် ခက်တာမှတ်လို့လဲ





ကြည့်လိုက်ရင် တတ်သွားမှာ၊ တတ်သွားရင် ခွဲနေရဦးမယ်၊ မတတ်တော့ မလုပ်ရတော့ဘူး"

"နားလည်ပါပြီ ... သက် နာနတ်သီးတွေဝယ်လာပြီထင်တယ်"

"အစစ်ပါပဲ"

နာနတ်သီးကို အခွံခွာ၊ မျက်ကွင်းထုတ် ပါးပါးလှီးပြီး သကြားရည်နှင့်ပြုတ်ကာ အအေးခံပြီးစား၊ ရေနှင့်သကြား၊ ကြိုချက်သည့်အချိန်။ ဆားကလေးနည်းနည်း။ အဲဒါတွေ အစပ်အဟပ်တည့်သွားလျှင် အလွန်စားလို့ကောင်းသည်။ သက်က ဝယ်လာလျှင် ကြော့က အခွံခွာလှီးပြီး ဝေက ကျိုသည့်တာဝန်ယူ၏။

"ထားကတော့ ပါးစပ်စိုက်မယ်၊ မကုန်ကုန်အောင်စားဖို့ ထားတာဝန်" ... တဲ့။

ပလုပ်ပလောင်းစားတတ်သူက ထားဖြစ်၏။

"ဟော ... တွေ့နေရပြီ၊ မှန်ပြောင်းနဲ့ကြည့်လို့ရတဲ့စက်ကွင်းထဲကို ဝင်လာပြီ ... ဟိုက်"

"ဘာဖြစ်တာလဲဟေ့"

ထားဆီမှ အသံဝင်လာ၍ စကားပြောနေသူ၊ လမ်းလျှောက်နေသူတို့အားလုံး နားထောင်ဆဲမှာ ထားထံမှ ဟိုက် ... ဆိုပြီး အသံပြတ်သွားသည်မို့ လန့်ဖျပ်သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလဲ မှန်ပြောင်းတစ်လက်နဲ့ပဲတော့ ... ကျုပ်တို့ရှိရာအရပ်ဒေသကို မျက်နှာမူနေပါတယ်၊ လုံလုံခြုံခြုံ ပိပိရိရိနေကြပါ"

"ဟာ ..."

ဒန်းပေါ် ခြေထောက်တင်ထိုင်နေသည့်ကြော့က ခြေထောက်ချလိုက်သည်။

"ရှင်တို့လေးယောက်ကိုသာမြင်မှာ ကျုပ်ကိုတော့ မြင်မှာမဟုတ်တာသေချာတယ်"

သူတို့ချင်းချင်း ... မေရေ ကြော့ရေနှင့် တယုတယကလေးတွေ ခေါ်ကြပြောကြ၏။ "နင်" "ငါ" သုံးလျက် တရင်းတနှီးပြောတာလည်းရှိသည်။ ဘယ်သူကြီးလို့ ဘယ်သူငယ်ငယ် "ရှယ်တူတန်းတူအခွင့်အရေး" ... ဟု မေက ပြဋ္ဌာန်းထား၏။ သူတို့ မကြီးမငယ်နှင့်ဆော့ချင်စိတ်ပေါက်သည့်အခါတွေမှာတော့ ရှင်တွေကျုပ်တွေဖြစ်ကုန်တော့သည်။

"မှန်ပြောင်းဟာဆိုလျှင် ဒန်းဘက်ကိုလှည့်နေပါတယ် အဲဒီပြတင်းပေါက်ကို သွားမကြည့်နဲ့လေ။ လက်ညှိုးလေးတစ်ထောင်ထောင်လုပ်နေပါတယ်၊ လမ်းလျှောက်နေသူတွေဘက်ကိုလှည့်ပါတယ်၊ လူရေတွက်နေပုံရတယ်ကွ၊ တစ်ယောက်လိုနေတာ သိသွားပြီထင်တယ် "ခေါင်းကုပ်တယ်၊ မှန်ပြောင်းပြန်ကြည့်တယ်၊ ကြည့်





တယ်၊ ဘယ်ဘက်လှည့်တယ်၊ ခြံထဲမှာအနံ့ ဝဲရှာတယ်၊ ခေါင်းကုပ်တယ်၊ ပျောက်နေတဲ့တစ်ယောက်ကို မသင်္ကာဘူးထင်တယ်၊ ဒီတစ်ယောက် သစ်ပင်တက်တတ်တာ သူသိထားပြီးပြီနဲ့တူတယ်၊ သစ်ပင်အုပ်တွေဆီ မှန်ပြောင်းနဲ့ လိုက်ကြည့်နေပြီ"

နေထက်က သည်အိမ်ကို ဝင်ခွင့်ထွက်ခွင့်ရသွားပြီးသူဖြစ်ပါ၏။ သူတို့ ခင်လည်းခင်နေကြပြီ။ ဘာကြောင့်မှန်းမသိ၊ နေထက်က လူချစ်လူခင်ကိုများသည်။ သွားလေရာမှာ ရန်သူမရှိ၊ ခင်သူသာရှိ၏။ သူနှင့်စကားတစ်ဝိုင်းလောက်ထိုင်ပြောခွင့်ရပြီးလျှင် ခင်သွားကြတာများသည်။ စကားတွေလာပြောရင်း၊ မေ့အကြောင်းမှလွဲ၍ ကျန်လေးယောက်အကြောင်း သူသိနေတာ ပေါလွင်စေလျက် မေ့အကြောင်းကို မသိမသာလိုလိုနှင့် သိသိသာသာကြီးမေးပြီးပြီ။ ဒီငါးယောက်အကြောင်းတွေ သူသိထားပြီးပြီဆိုတော့ ထား သစ်ပင်တက်တတ်တာလည်း သူသိထားနိုင်၏။

"တွေ့ပုံမရဘူးဗျို့၊ မှန်ပြောင်းက ခြံထဲလိုက်ရွှေ့နေပြန်ပြီ။ ဟော ... ပြန်ဝင်သွားပြီ၊ မြင်ရသေးတယ်"

မှန်ပြောင်းကို စားပွဲပေါ်တင်လိုက်တယ်၊ စားပွဲမှာထိုင်တယ်၊ ဟောတော့၊ အရုပ်ကလေးတစ်ရုပ်၊ မွေးကာစ ကလေးလောက်ရှိတယ်၊ ရုပ်အင်္ကျီနဲ့ ဘောင်းဘီကို ဝတ်ထားတယ်၊ ထောင်ကြည့်နေတယ်၊ ဟင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဘာလဲကွ"

ခြံထဲမှအုပ်စုက သိလိုစိတ်ကဲစွာ အော်မေးသည်။

"အရုပ်ကလေးရဲ့ လည်ပင်းမှာ ကြိုးနဲ့ချည်ပြီး ဆွဲထားတယ်၊ လက်စွပ်ထင်တယ်ကွ၊ ဟုတ်တယ်၊ လက်စွပ်၊ အနီကြီး"

"အနီကြီးရယ်လို့ပဲကွယ် ... ပတ္တမြားလက်စွပ်လို့ အဆင့်အတန်းမြင့်မြင့်ပြောစမ်းပါ"

"အဲဒီလိုပဲထားလိုက်"

"ဘာလုပ်နေလဲ"

"ကိုင်ကြည့်နေတယ်၊ ပတ္တမြားလက်စွပ်ကို အရုပ်ခေါင်းကချွတ်တယ်၊ ဟော ... သူ့လက်မှာစွပ်ကြည့်နေတယ်၊ လက်ချောင်းတွေကော့ပြီး ထောင်ကြည့်တယ်၊ နီနီကြီး"

"လာပြန်ပြီ ပတ္တမြားလက်စွပ်ပါဆိုမှ နီနီကြီးပေါ့၊ စိမ်းစိမ်းကြီးဘယ်ဖြစ်နိုင်ပါ့မလဲ"

"ပြန်ချွတ်လိုက်ပြီ၊ အရုပ်လည်ပင်းမှာ ပြန်ဆွဲတယ်၊ အမယ် ... သူက သေတ္တာနဲ့"

"ကွယ် ... သေတ္တာရှိတာ အဆန်းလား၊ သေတ္တာထဲက ဘာတွေထုတ်ယူလဲ"

"ထည့်နေတာ၊ အရုပ်ကို အရုပ်က သေတ္တာနဲ့ဘာနဲ့





ကျုပ် အလုပြင်ပစ္စည်းတွေထဲ့တဲ့ အီကောလက်လိုသေတ္တာမျိုးကွ၊ နည်းနည်းနိမ့်ပြီး ရှည်တယ်၊ အနီရောင်၊ ပိတ်လိုက်ပြီ၊ သွားသိမ်းတယ်၊ မမြင်ရတော့ဘူး၊ ကွယ်သွားပြီ"

"ဒါဖြင့်လဲ ဆင်းခဲ့တော့"

"ပျော်လို့ကွာ၊ တရေးအိပ်လိုက်ဦးမယ်"

"ဟယ် ... ငိုက်ပြီးပြုတ်ကျလို့ ကျိုးပဲ့ကုန်မှာ၊ အလုပြင်ဆရာမက ချိုင်းထောက်ကြီးနဲ့ဖြစ်နေဦးမယ်"

"ဝေ ... တက်ခဲ့မလား"

"ရှစ်ကြီးခိုးပါရဲ့၊ လူချင်းခင်ရင် ရေတွင်းထဲသာ တွန်းချပါ"

"အိမ်ထဲဝင်တော့မယ်၊ ရှင့်လူကို ဖုန်းလှမ်းဆက်လိုက်ပါလား၊ နာနတ်သီးဖျော်ရည်သောက်ကြပါလို့"

"ဘယ်လိုကွယ်၊ ထားလူ၊ ကျုပ်လူဟုတ်လား၊ ကြားရတာ နားချမ်းသာလိုက်တာ"

"နားချမ်းသာရင် နားရွက်ကလေးကိုင်ပြီးဆင်းခဲ့တော့"

ဂျင်းဘောင်းဘီအစိမ်းပုပ်နှင့် မျောက်လွှဲကျော်မလေးက စပရင်လိုခုန်လျက် ခြေနှစ်ချောင်းစုံကျလာသည်။

"တော်ပါပေရဲ့"

ဝေက ပြောပြီး မှန်ပြောင်းကိုလှမ်းယူ၏။ သူ့မျက်လုံးရှေ့မှာ ကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

ကမန်းကတန်းပြန်လှည့်လာ၏။

"ဘာလဲ"

"သူကလဲအကြည့်၊ မှန်ပြောင်းကြီးနှစ်ခုဆုံပါရောလား"

ဝါးခနဲ ဝိုင်းရယ်လိုက်ကြတော့သည်။ သူ ... ပြတင်းပေါက်ဝ ပြန်ရောက်လာပြီး ကြည့်ပြန်ပြီထင်ပါရဲ့။ သူ့ကို တကယ်ပဲ နာနတ်သီးဖျော်ရည်သောက်ဖိတ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ သူနှင့် စကားပြောရတာ ပျော်၏။ သူ ပွင့်ပွင့်လင်းလင်းဖွင့်ပြောတော့ ဦးသိန်းသန်းထိုက်နှင့်ဒေါ်ခင်မာ။ ဦးထွန်းသာနှင့်ဒေါ်သူဇာဦး။ ပြီးတော့ ... အပျိုကြီး ဒေါ်စိုးစိုးရီတို့အကြောင်းကလည်း စိတ်ဝင်စားဖို့ကောင်းလှသည်။ သူကတော့ ဦးထွန်းသာ ဒေါ်သူဇာဦးတို့၏ သားအဖြစ်နှင့် မြန်မာပြည်သို့ ပြန်ရောက်လာခဲ့ပြီ။ ကိုယ့်တို့ ငါးယောက်ထဲက ဘယ်တစ်ယောက်ကမှ ဦးသိန်းသန်းထိုက် ဒေါ်ခင်မာသမီး ဖြစ်မနေတာက ခက်၏။ ဒေါ်စိုးစိုးရီမွေးစားသမီးလည်း မဟုတ်ကြ။

သူ့ဘာတ်လမ်းလေးပေါ် စိတ်ဝင်စားပြီး ကိုယ့်အကြောင်းကိုယ်တောင် ပြန်စုံစမ်းရမလိုဖြစ်နေသည်။

"ကျွန်တော် စပြီးစိတ်ဝင်စားတာက၊ ဒီအိမ်က တစ်ယောက်မှာ မိန်းမရုပ်ကလေးတစ်ရုပ်ရှိနေတယ်ဆိုလို့ ပါပဲ"





... လို့ သူပြောထားတော့၊ အဲဒီအရုပ်က သက်မှာ ရှိနေ၏။ သူထင်သည့်အရုပ်ရော ဖြစ်နိုင်ပါ့မလား။ အရွယ်အစားကွာနိုင်သည်။ တူတယ်ပဲထား၊ လွန်ခဲ့သည့်ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်လောက်တုန်းက ဒီအရုပ်တွေ မြန်မာပြည်မှာရောင်းသည်ဆိုလျှင် တစ်ရုပ်နှစ်ရုပ်ထဲတော့ ဘယ်ကနိုင်ပါ့မလဲ။ ဝယ်ကစားမည့်သူတွေ ဒုနှင့်ဒေး။

သူ မျှော်လင့်ချက်လေးလည်း ပျက်လောက်ပါပြီ။

❀ ❀ ❀

"ရှင့်စုံစမ်းမှုကို နိဂုံးချုပ်ရုပ်သိမ်းလိုက်ပေတော့၊ ရှင့်ပြဿနာကလဲ၊ ကောက်ရိုးပုံထဲက ခါချဉ်တစ်ကောင်ရှာရတာထက် ခက်သေး"

မေက နေထက်ရှေ့မှာ နာနတ်သီးပန်းကန်ကို ချပေးလိုက်သည်။

"ဒါပေမယ့် ... "

နေထက်က ရယ်လိုက်၏။ ပြီးတော့ ... မေ့ကို လက်အုပ်ချီသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ … ဘာလုပ်တာလဲ"

"ကျွန်တော် … ကိုမောင်မောင်ကို ရှာလို့တွေ့ခဲ့ပြီ"

"ရှင့်ဘယ်သူက ရှာခိုင်းလို့လဲ၊ ခင်မင်မှုမပျက်ချင်ရင် ဒီစကားဆက်မပြောပါနဲ့ ကိုနေထက်၊ ရှင်ပြန်တော့"

"သောရီး၊ သောရီး၊ ကန်တော့၊ ကန်တော့"

မေက တကယ်ပဲ မျက်စိမျက်နှာပျက်ယွင်းလျက် ဒေါသကြောင့် မျက်နှာတစ်ပြင်လုံး ရဲတက်လာသည်။

"မလုပ်ပါနဲ့၊ မြန်မာပြည်ပြန်ရောက်ရောက်ချင်း၊ ပထမဆုံးရတဲ့မိန်းကလေးသူငယ်ချင်းတွေပါ၊ အခင်မင်တော့မပျက်ပါရစေနဲ့"

"ရှင် အလိုက်သိဖို့ကောင်းတာပေါ့"

"အဲဒါကြောင့် လက်အုပ်ချီထားတာပဲဗျာ"

"ကဲဗျာ … တို့တွေရဲ့အပျော်လေးကို ဖျက်ဆီးမဲ့ ခေါင်းစဉ်ကိုမေ့လိုက်ကြတာပေါ့၊ ခေါင်းစဉ်ပြောင်း ပြောမယ် … ရှင် … ကိုလှဝင်းသူငယ်ချင်းမလေး သဇင်နဲ့ တော်တော်နီးစပ်နေပြီဆို"

"ခင်တာပါ … အမေက၊ ကော်ရုပ်ပိုင်ရှင်ကောင် မလေးပဲယူရမယ်တဲ့"

"ဒီလိုဆို သူ့ကံမှာရှိတယ်"

ထားက ဝင်စ၏။

"အမလေး … ယောကျ်ားတို့အကြောင်းများတော့





မောင်ထူးတစ်ယောက်နဲ့တင် နောကြေလို့ လက်ရော ခြေရောမြှောက်ပြီး ဆလံတင်ထားတယ်"

သက်က မေ့လောက်ဆွေ့ဆွေ့မခုန်ပါ။ ဒေါသမထွက်ဘဲ ရယ်နေသည်။

"ယောကျ်ားဆိုတာ … လူလိမ်လူညာသက်သက်ပဲကွ၊ သူတို့မှာ အချစ်ဆိုတာလဲမရှိဘူး၊ ရတယ်ဆိုရင် ကိုယ့်အဖေ နဖူးပေါ်တောင် ကိုယ်ပြန်ပြီး သိုက်တူးချင်ကြတယ်"

မေက မဲ့၍ပြောလိုက်သည်။ မေ့ခမျာ … မေ့စည်းစိမ်တွေကို သိလို့၊ မေ့ပိုင်ဆိုင်မှုတွေကို မက်မောပြီး မေ့ရှေ့နေက အိမ်ထောင်ကြီးရှိပါလျက် တစ်ဖက်လှည့်နှင့် နီးစပ်ဖို့ကြံစည်ခြင်းကို ခံခဲ့ရတာလေ။ ဘယ်လောက် အသည်းနာစိတ်နာဖို့ကောင်းလိုက်ပါသလဲ။

"ပြောတော့သာ ယောကျ်ားတွေ သတ္တိကောင်းသတဲ့၊ တကယ်တန်းဆို … နည်းနည်းကလေးမှ သတ္တိ မရှိဘူး၊ ဘယ်လိုအခက်အခဲမျိုးကိုမဆို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အစွမ်းအစ မရှိဘူး၊ ရှုပ်ထွေးပွေလီလာပြီဆိုရင်၊ ပြဿနာကို ရောက်တဲ့နေရာမှာ ပစ်ချထားခဲ့တယ်၊ ဘယ်မျက်နှာမှ မငဲ့ကွက်ဘူး၊ ဘယ်သူဘာဖြစ်သွားမလဲ လုံးဝမစဉ်းစားဘူး၊ ပြဿနာထဲက ရှောင်ထွက်လိုက်ဖို့ပဲတတ်တဲ့ တစ်ကိုယ်ကောင်းသမားဆို



www.burmeseclassic.com

www.burmeseclassic.com



တာ … ယောကျ်ားတွေကို ခေါ်တာ"

ကြော့ကလည်း မှဲမှဲလေးဝင်ပြောသည်။ နေထက်က ခေါ်ကလေးပုပြလိုက်သည်။ ယောကျ်ားစိတ်နာအုပ်စုထဲ အားနွဲ့သူယောကျ်ားသားလေးအဖြစ် တစ်ယောက်ထဲရောက်နေတော့ ရေများရေနိုင်၊ မီးများမီးနိုင်။ သူငယ်ချင်းလုဝင်းက သူ့သူငယ်ချင်းတွေခေါ်ပြီး သော်ဇင်ထွန်း ညီအစ်ကိုပါရောက်လာလျှင်တော့ ကိုယ့်ဘက်မှ အင်အားတောင့်တင်းနိုင်ရဲ့။

"အချစ်နဲ့စည်းစိမ်ကိုယှဉ်ရင်၊ စည်းစိမ်ကို မစွန့်နိုင်ဘူး၊ အချစ်ကိုပဲစွန့်မယ်၊ အနစ်နာမခံနိုင်ဘူး၊ အဲဒါယောကျ်ားစိတ်လို့ခေါ်တယ်၊ အတ္တကြီးတယ်၊ တကယ်တော့ မိန်းမတစ်ယောက်ကိုချစ်တယ်၊ လက်ထပ်ချင်တယ်ဆိုတာကိုက၊ သူတို့ကို ထမင်းချက်ကျွေးဖို့၊ သူ့အဝတ်လျှော်ပေးဖို့ အခကြေးငွေမပေးရတဲ့ အစေခံ လေးငါးယောက်ခေါ်မယ့်အစား မိန်းမတစ်ယောက်ယူလိုက်တာပဲ။ ဘယ်သူ့မှမချစ်ဘူး၊ သူတို့ကိုယ်သူတို့ပဲချစ်တယ်၊ ယောကျ်ားပီသလေ့၊ ကိုယ့်ကိုကိုယ်ချစ်လေ"

နေထက်က သက်ကို အလေးတစ်ချက် ပြုံးပြလိုက်သည်။

"တကယ်ဆို ထားက လူသိပ်ကြောက်တတ်တာ၊ ငယ်ငယ်ကထဲက မျက်နှာငယ်အုပ်စုမှာ လူဖြစ်ရတော့





ထား သတ္တိနည်းတာ သိကြတဲ့အတိုင်းပဲ၊ ဒါပေမယ့် ကိုယ်လုပ်ချင်တာတစ်ခုတော့ ဖြစ်အောင်လုပ်လိုက်ရဲတယ်၊ ထားမျှော်လင့်ခဲ့တဲ့ပုံစံ၊ ထားဟာ ဦးကျော်သူခေါ်နှင်းနှင်းတို့ခြံထဲကို … အဖိတ်ကြားခံစည့်သည်အဖြစ်နဲ့ တစ်ခါလောက် မျက်နှာမော့ပြီးဝင်ဖူးရင် သေပျော်ပါပြီလို့ကို တမ်းတမက်မောခဲ့ရတာ …

"ထားဖြစ်အောင်လုပ်ခဲ့နိုင်တယ်၊ ထားကို သေလုအောင်ချစ်ပါတယ်ဆိုတဲ့ ကိုကိုကြီး … ထားနှပ်ချေးတွဲလောင်းဘဝကနေ အပျိုလေးပေါက်စဖြစ်လာချိန်ထိ သူသိတယ်၊ သူစောင့်ကြည့်နေတယ်၊ စောင့်ချစ်နေတယ်၊ ဒါပေမယ့် … သူလက်မထပ်ရဲဘူးလေ

"သူက ဂုဏ်ရှိငွေရှိပညာရှိ၊ သူဌေးသား၊ ထားက သူတို့ရဲ့အလုပ်သမား ခြံကျူးကျော်တဲအိမ်စုမှာ လူဖြစ်လာခဲ့ရတဲ့သူ ဂုဏ်မရှိ၊ ငွေမရှိ၊ ဘွဲ့မရှိ၊ သူ … လူပြောမခံနိုင်ဘူး၊ မိန်းကလေးတစ်ယောက်ကိုချစ်လို့မှ ချစ်ပါတယ်ဖွင့်မပြောရဲသောက်အောင် တစ်ကိုယ်ကောင်းဆန် သတ္တိကြောင်တာ၊ ယောကျ်ားတွေပဲ"

"ထား"

နေထက်က ထားကို လှမ်းခေါ်တော့ ထားက ငုံ့ကြည့်၏။ ထားမျက်နှာက ဒေါသကလေးနှင့် ရဲနေ၏။ ဝားအသံသြချိုရှလေးက ထန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့ကဝတ်တဲ့ဝတ်စုံလေး ရှိသေးလား"

"ရှိတယ် … ထားသိမ်းထားတယ်၊ အမြတ်တမ်းအတွက် ရာသက်ပန်သိမ်းထားမှာ၊ ရှုးကြောင်မူးကြောင်နဲ့ ကဗျာဆန်ပြီးယူထားမိတဲ့ လက်စွပ်တော့ ပြန်ပေးလိုက်ပါပြီ"

"ဘာအတွက်လဲထား၊ သိမ်းထားတဲ့ရည်ရွယ်ချက်က ဘာလဲ"

"ဒီဝတ်စုံလေးမြင်တိုင်း၊ ယောကျ်ားဆိုတာ အလကား၊ သတ္တိကြောင်တွေ၊ တစ်ကိုယ်ကောင်းသမားတွေဆိုတာ သတိတရဖြစ်နေအောင်လို့"

"ထားကို ကိုဗလကျော်သူက လက်ထပ်ခွင့်တောင်းစေချင်တာလား"

"ရှင်ပြန်တော့"

ထားမျက်နှာလေး တွတ်တွတ်ရဲသွားသည်။ ဒေါသနှင့်အော်၏။ နေထက်က သွားဖြီးလေးနှင့် ရယ်ပြသည်။

"ဒီအိမ်က အမျိုးသမီးတွေ ငါးယောက်လုံးအသားဖြူကြတယ်၊ ဒေါသထွက်ရင် ရဲတွတ်သွားတာပဲ၊ ဒါပေမယ့် ရဲပုံချင်းမတူဘူး၊ အဲဒါမြင်ချင်လို့ စ.တာ ဒီလောက်တော့ သည်းခံပေါ့ဗျာ"

"ရှင့်စကားက သည်းခံနိုင်တဲ့အတိုင်းအတာထက် လွန်တယ်"





"ဒေါ်ခင်ထားတင်ဇံရေ … ကိုယ်ချင်းလေးလဲ စာကြည့်ဦးနော်၊ ခင်ဗျားတို့ ယောကျ်ားမကောင်းကြောင်းပြောနေတာ၊ ကျွန်တော် … မျက်နှာတစ်ချက်ပျက်သလား"

"ရှင့်ပြောတာမှမဟုတ်တာဲ"

"ကျွန်တော်လဲယောကျ်ားပဲ၊ ထားတို့က ယောကျ်ားယောကျ်ားနဲ့ ယောကျ်ား မကောင်းကြောင်းပြောရင် ယောကျ်ားတစ်ယောက်ဖြစ်တဲ့ ကျွန်တော်လဲ အလိုအလျောက် အကျုံးဝင်သွားတာပေါ့ဗျ"

ထားက မျက်စောင်းထိုးလိုက်သည်။

အဲသည်မျက်စောင်းလေးက နေထက်ရင်ထဲထိဝင်၏။ စူးနစ်ခိုင်မြဲ၏။ ထားပြောသလို "အမြဲတမ်းအတွက်ရာသက်ပန်" သိမ်းထားလိုက်ချင်၏။ ထားသည် ဘယ်သူဘယ်ဝါသားသမီးပဲဖြစ်ဖြစ် မေမေရှာခိုင်းလိုက်သောအရုပ်ပိုင်ရှင်မလေးလည်း ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ်၊ ထားကိုပဲချစ်သည်။ ထားကိုချစ်မိပြီ၊ ချစ်ခွင့်တောင်းသည့်နေ့မှာ ထားအသံကလေးမှစ၍ စွဲလန်းမြတ်နိုးရသည် … ဆိုတာလေးရှင်းပြချင်ပါသေးသည်။ လှကြတာချင်းတူတူမှာ ထားအလှလေးပဲ ကိုယ့်မျက်စိထဲဝင်သည်။ ထားသည် စိတ်ဆိုးနေလဲလှ၏။ နေ့ခင်းက ထား ကုံကော်ပင်ပေါ်တက်တာ ကိုယ်မသိဘူး သူထင်နေသည်။ လှုပ်လှုပ်ရွရွ ရွက်အုပ်ဖားဖားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ ... ကိုယ့်မှန်ပြောင်းကို ချိန်လိုက်တော့၊ သူ့များ တွေ့သွားမလားလို့ ကိုယ်ကလေးတွန့်လိုက်ပုံရ၏။ ခက်လက် ကလေးတွေ ယိမ်းထိုးသွားသည်။

ထားကို သဲကွဲစွာ မမြင်ရပေမယ့် ယိမ်းထိုး လှုပ်ရှားနေသည့် ရွက်အုပ်ဖားဖားတွေထဲမှာ ထားရှိနေတာ ကိုယ် တစ်စွန်းတစ်စ တွေ့၏။ လိမ့်များကျလိုက်ရလျှင် ကိုယ့်အလှကလေး ပွန်းပဲ့ကျိုးပြတ်ကုန်တော့မည်။ "ငဆော့ မလေး" ... ဟု ခေါ်ကာ ခေါင်းခေါက်ချင်၏။ ဝါးစိမ်း ခက်သေးသေးလေးနှင့် ခြေသလုံးကိုရိုက်ချင်၏။ မိုးရွာထား ညကျရင် ကျုပ် ... မမေ့ဆီဖုန်းဆက်ခွင့်တောင်းတော့မှာ ဟု ကြေညာလိုက်ချင်၏။ မျိုသိပ်လိုက်ပါဦးမည်လေ။

ပြုံးပြုံးကြီးနှင့် ရုံးနစ်ခိုင်မြဲနေသောအကြည့် ဆိုးဆိုးရဲရဲကြီးကြောင့် ထား မျက်လွှာချရပါသည်။

"ယောကျ်ားထုကြီးတစ်ရပ်လုံးကိုယ်စား၊ ဝင်နာမပေး နေနဲ့အုံး၊ ဝေကလဲ ပြောရဦးမှာပဲ၊ ဝေတစ်ယောက်ထဲ မပြောဘဲတော့မနေနိုင်ဘူး၊ သစ္စာမဲ့ပြီး ကိုယ်ကျင့် တရားမထိန်းတဲ့လူသားတွေကို ယောကျ်ားဟုခေါ်၏ တဲ့။ ကျေးရူးကိုဆပ်ချင်ရင် အပြတ်ဆပ်၊ မဆပ်နိုင် ရင်အပြတ်ငြင်း။ ဆပ်သလိုလို ငြင်းသလိုလိုနဲ့ မေတ္တာ ကြီးမားတဲ့ကျေးဇူးရှင်ကို စိတ်ဆင်းရဲအောင်နှိပ်စက်၊ တစ်ဖက်မှာ အကြောင်းပြကောင်းကောင်းနဲ့ စိတ်တိုင်း





ကျရှုပ်၊ ပွေချင်တိုင်းပွေ၊ ပွေလို့ကောင်းအောင် သူ ရွေးအမည်မခံဘဲ ဒရိုင်ဘာယောင်ဆောင်၊ လိုအပ် ချိန်ကျတော့လဲ သူဌေးမင်းအဖြစ် ကိုယ်ထင်ပြ ... "ဘာမှန်းကို မပြောတတ်အောင် ကိုယ်ကျင့်တရား ဖောက်လွှဲဖောက်ပြန်နဲ့ မထိန်းသိမ်းတတ်တဲ့စည်းမရှိ ကမ်းမရှိလူသားကို ယောကျ်ားလို့ခေါ်တယ်။ လူတစ် ယောက်ဟာ ကောက်ကျစ်ပြီ စဉ်းလဲပြီဆိုရင် ... အဲဒါ ယောကျ်ားပီသခြင်းရဲ့ သင်္ကေတပဲ၊ ယောကျ်ား ဆိုတာ ဖြောင့်မတ်မှန်ကန်ခြင်းကင်းတယ်"

"ဒေါ်ဆေရယ် ... ခင်ဗျားအပေါ် ထိန်းသိမ်းဆင်ခြင် သွားတဲ့ကျေးဇူးလေးတော့ ထောက်ပါဦး"

"မထောက်နိုင်ဘူး"

"သူ မချစ်မနှစ်သက်တဲ့ နောက်ကျိပြီးသား ရေအိုင် တွေထဲ ခြေချဆော့ချင်ဆော့မယ်။ သူမြတ်နိုးတဲ့ရေ ကြည်အိုင်လေးကျတော့ အနှယ်တောင် မထစေခဲ့ဘူး မဟုတ်လား၊ ချီးကျူးစမ်းပါ"

"ဒါ ... အထူးတလည် ချီးကျူးရမယ့်ကိစ္စမှမဟုတ် တာ။ ဒါ ပုံမှန်ပဲ။ လူသားတစ်ယောက် ပုံမှန်ထိန်း ရတဲ့ကိုယ်ကျင့်တရား။ ဒီစောင့်ထိန်းမှုပျက်ယွင်းရင် သာ ရှုံ့ချကဲ့ရဲ့ရမှာ၊ စောင့်ထိန်းခြင်းဟာ ပုံမှန်၊ သာ မန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျား"

"မဟောဗျားနဲ့"

"ဟုတ်ကဲ့ … မဟောဗျားတော့ပါဘူး"

နေထက်က စရယ်၍ အားလုံးရယ်ဖြစ်သွားတော့သည်။ ကိုယ့်အကြောင်းနှင့်ကိုယ် ယောကျ်ားတွေကို ကိုယ်စီ စိတ်နာလျက်၊ အလုပ်ထဲအကိုင်ထဲနှင့် လူမှုရေးအသိုင်းအဝိုင်းထဲမှာသာ မဆက်ဆံမဖြစ် ဆက်ဆံပြောဆိုခြင်းရှိခဲ့သည်။ ခင်မင်သည့်ယောကျ်ားလေးသူငယ်ချင်းဆိုတာမရှိတာကြာပြီ။ နေထက်တစ်ယောက်ကတော့ ငါးပွင့်ဆိုင်သွေးသောက်ညီအစ်မတွေရဲ့ခင်မင်မှု အဝန်းအဝိုင်းထဲသို့ ပထမဆုံး ထွင်းဖောက်ဝင်ရောက်လာခဲ့သူပါပဲ။

"လာမယ့်ဆန်းအေးမှာ ကျွန်တော့်မွေးနေ့"

"ဘယ်နှစ်နှစ်ပြည့်တာလဲ"

"မေမေ့ပြန်မေးကြည့်ရဦးမယ်"

"မပြောချင်နေပါ"

"ဟုတ်တယ် … မပြောချင်လို့၊ အကြောင်းရှိတယ်"

"ဘာအကြောင်းလဲ"

"ကျွန်တော် … အဟဲ"

ရှက်ရယ်ရယ်နေပြန်သည်မို့ ဝိုင်းရယ်လိုက်ကြသည်။

"ကောင်မလေးတစ်ယောက်ကို ကြိုက်နေလို့ဗျို့"





"အဲဒီကောင်မလေးကို သနားလိုက်ချည်သေး"

"အဲဒါ … သူနဲ့ကျွန်တော် … ဘယ်သူကြီးလို့ဘယ်သူငယ်မှန်းမသိဘူး၊ ကွာလှ၊ လပိုင်းပေါ့၊ နှစ်ပိုင်းအောင်ကွာမယ်မထင်ပါဘူး၊ တော်ကြာ … ကျွန်တော်က ငယ်နေရင် ဒါဟာ ငြင်းစရာအချက်တစ်ခုဖြစ်သွားမှာစိုးလို့ ဘယ်နှစ်နှစ်ဆိုတာ မပြောတော့ဘူး"

"ဒီမှာပြောတာနဲ့၊ ရှင့်ကောင်မလေးဆီ ရောက်ရောလား"

"လေဆိုတာ တိုက်ချင်တဲ့အရပ်ကို တိုက်တာပဲ၊ အသံတွေလွင့်မျောသွားနိုင်တယ်"

"ရှင်ကတော့လေ၊ အနှစ်နှစ်ဆယ်ကျော်လုံး မြန်မာပြည်မှာသာ နေခဲ့ရရင်၊ ခုလောက်ဆို မြန်မာစာပါမောက္ခများ ဖြစ်နေမလားပဲ"

"မငယ်လွန်းဘူးလား"

"အော် … ကဲ"

ဒါသမျက်စောင်းတွေ ခုန်ထွက်လာကြသည်မို့ နေထက်က စရယ်ပေးလိုက်ရသည်။

"ရှင့်အမေက အရုပ်ပိုင်ရှင်မလေးရှာခိုင်းလိုက်တာဆို"

"တွေ့မှမတွေ့ဘဲ"

"ရှင်ကလဲ ကြိုးစားပမ်းစားရှာမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ ဒီလိုအရုပ်မျိုးလေးတစ်ရုပ်ရှိတယ်ဆိုလို့ ဒီ အုပ်စုထဲဝင်ရှာတာပဲ၊ အရုပ်သာရှိတာ လူက ဟုတ် မှမဟုတ်တာ၊ အရုပ်ဆောင်ဆင်တူမရှိတဲ့ဆီတွေလိုက် ရှာရင် ပိုမတွေ့တော့မှာပေါ့"

"နည်းနည်းပါးပါး ... သည်းခံစိတ်ရှည်မှပေါ့"

"သည်းမခံနိုင်တော့ဘူး"

"အဲဒါပဲ ... အဲဒါယောကျ်ားစိတ်၊ ရှင် တော်တော် ယောကျ်ားပီသတဲ့လူပဲ"

"အော် ... ဗျာ ... ယောကျ်ားပီသတယ်ဆိုတာ ကောင်းတဲ့နေရာ၊ မှန်မြတ်တဲ့နေရာမှာသုံးတာ၊ ခင် ဗျားတို့ဆီရောက်မှပဲ၊ အသုံးမကျတိုင်း ယောကျ်ား ပီသနေရတော့တယ်"

"မှန်တာပဲဟာ"

"ခင်ဗျားတို့ ဘယ်လိုယောကျ်ားမျိုးတွေရမလဲ စောင့် ကိုကြည့်မယ်၊ စိတ်ချ"

"ငါးယောက်လုံး အပျိုကြီးလုပ်မှာ"

"ပြဿနာပဲ"

"ဘာပြဿနာလဲ"

"ရောဂါ"

"ဘာရောဂါလဲ"

"မသိဘူး၊ ဗန်းစကားက သိပ်ပြောချင်နေတာ၊ ဒါ





ကို ဆွဲစေတယ်လို့ ပြောရင်ရလား"

"ဘာဆိုင်လို့လဲ"

ပွဲကျသွားသည်မို့ နေထက်က သူ့မျက်နှာကို လက်ချောင်းကျဲနှင့်ကာ၍ ရယ်၏။ လက်ချောင်းကျဲများကြား မှ မျက်ဝန်းက ထားဆီရောက်သွားသည်။ ကိုယ်ကလေး သိမ့်သိမ့်တုန်ကာ မျက်ရည်လေးတွေတောင် စို့အောင်ရယ်နေ ပုံလေး ချစ်ဖို့ကောင်းလိုက်ပုံများလေ။

ချစ်တယ်ထားရယ်။

❋ ❋ ❋

"လာမယ့်ဆန်းအေး ... ကျွန်တော့်မွေးနေ့" ဆိုသမယ့် အဲသည်နေ့မှာ မွေးနေ့ပွဲကို မလုပ်ဖြစ်ခဲ့ပါ။

"မေမေတို့ရောက်လာတာနဲ့၊ သားဆောက်ထားတဲ့အိမ် ပေါ် တန်းတက်မှာ၊ လိုအပ်သမျှအကုန်ဝယ်တဲ့ထား၊ အိမ်ကိုအလှပြင်ထား၊ ရောက်ပြီး တစ်ပတ်အတွင်းမှာ အိမ်တက်နဲ့ သားမွေးနေ့ကို ရောလုပ်ပြီး၊ သားချစ် နေပြီဆိုတဲ့ကောင်မလေးလဲ မေမေကြည့်မယ်"

... ဆိုသည့်အမိန့်ကြောင့် မွေးနေ့ပွဲကို ရွှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းလိုက်ရသည်။ ဆေးတက်လို့ပြီးသွားသည့်အိမ်ကို ဆေးသုတ်ရသည်။ ခန်းဆီးတွေတပ်ရသည်၊ ခုတင်တွေဝယ်ထဲ့၊ မွေ့ယာတွေ၊ အိပ်ရာခင်းတွေ၊ ဆိုက်ဖာဆက်တီတွေ၊ ညည့်ခန်းအလှဆင်ပစ္စည်းတွေ၊ မီးဖိုချောင်သုံးပစ္စည်းတွေ။

သော်စင်ထွန်းအမေက အိမ်ဖော်အမျိုးသမီးတစ်ယောက်ပါ ရှာပေးထားလိုက်သည်။ ခြံထဲမှာ ပန်းပင်တွေစိုက်ဖို့ကျတော့ မေကကျွ၏။ မေက ပန်းပင်စိုက်တာ ဝါသနာပါသည်။ လက်ဆိပ်လည်း ကောင်း၏။ မေ့စီစဉ်ညွှန်ကြားမှုဖြင့် သစ်ခွရုံတစ်ရုံဆောက်ရသည်။ မေက ပန်းပွင့်ဆဲသစ်ခွပင်တွေ ဝယ်ထည့်ပေးသည်။ သော်စင်ထွန်း အမေနှင့်ပါ မေတို့အုပ်စုခင်သွားပြီး၊ သော်စင်ထွန်းအမေက ဒီအုပ်စုထဲမှာ ချွေးမလောင်းကြည့်သည့်အဆင့်သို့တောင် ရောက်လာ၏။

"ဝေ့ကိုကြည့်ပါမေမေ" ... တဲ့။

သော်စင်ထွန်းက ပွဆာထားသည်။ ရှေးလူကြီးမျက်စိနှင့်မို့ ကြော်ငြာမိုဒယ်သရုပ်ဆောင်လုပ်တာကို သိပ်လက်မခံချင်။ "မင်းသမီးမဟုတ်ဘဲ ယောကျ်ားလေးနဲ့တွဲရတာသိပ်မကြိုက်ဘူး" ... တဲ့။

"နောက်တော့ တားတာပေါ့မေမေ"

"အမလေး ကျောင်းဒကာရေ့ယ်၊ ရှင့်ကျောင်းကဆောက်ဖြစ်ပါစေအုံး"





... ဟု သားအမိနှစ်ယောက် ချစ်စနိုးရန်ပွဲလေးတွေ ကျိတ်ဖြစ်နေရသည်။ နေထက် အိမ်ကို ဝိုင်းဝန်းပြင်ဆင်ရတာ၊ မေကြော့သက်ထားဝေတို့ အတွေ့အကြုံဆန်းမို့ ပျော်နေကြ၏။ ဦးထွန်းသာနှင့်ဒေါ်သူဇာဦးတို့ ရောက်လာသည့်နေ့ကလည်း သူတို့အားလုံးဆုံဖြစ်၏။ လန်ဒန်မှာနေလာခဲ့သည့်ခေတ်မီမိဘတွေမို့ ယောကျ်ားလေးနှင့်မိန်းကလေး ရိုးရိုးသားသားခင်မင်ရင်းနှီးတာကို မျက်စိမနောက်ဘဲ ကြည့်နိုင်သော ဒေါ်သူဇာဦးက မိန်းကလေးငါးယောက်လုံးကို ခင်သွားသည်။ နေထက်က သူ့အမေကို မျက်စပစ်၍ ထားကိုပြ၏။ ဒေါ်သူဇာဦးက မျက်စောင်းပြန်ထိုးသည်။

ဖြစ်နိုင်လျှင် သိန်းသန်းထိုက်သမီးလေးကို ရှာချင်သေးသည်။

"မိန်းကလေးမွေးတယ်ဆိုတဲ့အထိပဲ သတင်းကရထားပြီး စုံးစုံးမြုပ်တာပဲ"

ဦးထွန်းသာက ကောက်ရိုးပုံထဲမှအပ်တစ်ချောင်းကိုစိတ်ရှည်စွာ စောင့်မရှာချင်တော့ပါ။ သားမှာ ဦးနှောက်ရှိသည်။ သားချစ်လျှင်ပြီးရော၊ သားနှင့်ပေါင်းရမှာ၊ ကိုယ်တို့က မြန်မာပြည်ပြန်လာလို့သာ၊ မြန်မာလူမျိုးတွေမို့သာ၊ လန်ဒန်မှာသာ ဆက်လက်နေထိုင်ဖြစ်မည်ဆိုလျှင် ... ပြီးတော့ အင်္ဂလိပ်မိဘတွေသာဆိုလျှင် ... ဖရက်ဒီဆိုသောသားက သူ့အိမ်သူ့ယာနှင့် ခွဲဆင်းနေထိုင်ပြီးတောင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ။

အိမ်တက်အလှူနှင့် မွေးနေ့ပွဲအတွက်၊ မကြြေ သက်ထားဝေတို့ လုပ်အားပေးသည်။ အလုပ်သွားရသူတွေက ကိုယ့်အလုပ်မှုကိုယ်ခွင့်ယူ၏။ နေထက်နှင့် ခင်မင်ရင်းနှီးသွားကြပြီဆိုပေမယ့် အန်တီလှက ညှော်ခန်းဘေးမှကပ်၍နားထောင်ပေးတာကို နေထက်က ပြန်မပြောဘဲထားပေး၏။ သို့ပေမယ့် … အန်တီလှက စိတ်မလုံတော့ပါ။ သူတို့ချင်းရင်းနှီးပြီဆိုတော့ တစ်နေ့မဟုတ်တစ်နေ့၊ ကိုယ့်အလုပ်ရှင်အိမ်ရှင်အပေါ် (သိပ်ဆိုးဆိုးဝါးဝါးကြီး ကြံစည်တာမဟုတ်ပေမယ့်) ကိုယ် သစ္စာမရှိခဲ့တာ အိမ်ရှင်တွေသိသွားလည်း အလုပ်ထုတ်ခံရမည့်တူတူ ထွက်နှင့်၏။ လူစားမရသေးခင်မှာ ပေါက်စကိုပဲ လက်တိုလက်တောင်းထားကာ၊ မေ၊ ကြြေနှင့်ဝေတို့ အားလျှင်အားသလို ချက်ကြသည်။ သက်နှင့်ထားက အားနာလွန်းသည်မို့ သူတို့အားရက်မှာ တစ်အိမ်လုံးအတွက် အဝတ်လျှော်နှင့်မီးပူတိုက်ကို တစ်ယောက်စီ တာဝန်ယူ၏။ အားလုံးမှာ ပျော်ရွှင်လျက်၊ နာကျင်ခဲ့ဖူးသောအတိတ်အိုကိုလည်း မေ့ထားလိုက်ကြတော့သည်။

"ထားရေ … ပန်းအိုးထိုးပေးမှာလား"

"ဟုတ်ကဲ့ … ဧည့်ခန်းမှာ ဆောင်းထဲမှာထိုးပေးမယ် ခြံထဲမှာတော့ အလယ်စားပွဲဘာစ်ခု၊ ပန်းပုံကြီး၊ နောက်စားပွဲဝိုင်းတွေမှာတော့ ရိုးရိုးပဲ နှစ်ပွင့်စီလောက်စိုက်





မယ်၊ ဘူဖေးပြင်ထားတဲ့အစားအသောက်တွေနားမှာ ဂန္ဓမာပန်းခင်းကြီးလုပ်မယ်"

"ဟော့ … အလယ်စားပွဲလေးတွေမှာ မတ်တပ်ပန်းအိုးပေါက်စလေးတွေနဲ့ နှစ်ပွင့်စီလောက်ထိုးဖို့အလုပ်ကို သက်တာဝန်ယူတယ်"

"တော်တော်ကဗျာဆန်တာနော် … စဉ်းစားအုံး"

ဘာမှထူးထူးဆန်းဆန်းမဟုတ်သည်မို့ သက်ကိုဝိုင်းဟားကြ၏။

"ဘာပန်းတွေဝယ်ရမလဲ"

"မေ … မေ့အသိပန်းခြံက ဂန္ဓမာအဝါအိုးတွေအပွင့်နဲ့ တန်းလန်း၊ အိုးတစ်ရာလောက်ရမလား"

"အဝါချည်းမဟုတ်တောင် အဖြူနဲ့ဆိုရင် အိုးတစ်ရာပြည့်မယ်"

"ရတယ်၊ ကြြေကတော့ စတိတ်ရှိုးအတွက် တီးဝိုင်းနဲ့အဆိုတော်တွေကို ညှိခံဖို့တာဝန်ယူရမှာဆိုတော့ ပန်းမဝယ်နိုင်းတော့ဘူးကွာ"

"သက်ဝယ်မယ်လေ"

"ခြံထဲ အလယ်စားပွဲပန်းပုံကြီးအတွက် လီလီအဖြူအပွင့်ငါးဆယ်၊ ပိန်းပန်းပန်းရောင်အထောင်အရိုးမာငါးဆယ်၊ ပြီးတော့ ဂိုးလ်ဒင်းရှာဝါ သုံးခိုင်ရရင်တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဂိုးလ်ဒင်းရှာဝါဆိုတာ ဘာလဲကွ၊ ကြားတောင်မကြားဖူးဘူး"

"ဂိုးလ်ဒင်းရှာဝါဆိုတာ ဒန်းစင်းလေးဒီပဲ၊ အပွင့်ရောအခေရာင်ရောတူတယ်၊ ဒါပေမယ့် ... သူက အနိုင်အရမ်းကြီးတယ်၊ အခက်ပျောတော့ ပိုပြီး နွဲ့နှောင်းတယ် လီလီနဲ့ပိန်းပန်း၊ ရောပြီးထိုးထားတဲ့အပေါ်က အုပ်ချထို့"

"သိပြီ"

"စားပွဲတွေပေါ်က စိုက်ပန်းတွေကတော့ နှင်းဆီတွေကောင်းတယ်၊ မျိုးစုံသွားတာပေါ့၊ စားပွဲဘယ်နှစ်ဝိုင်းလဲ"

"လေးဆယ်"

နေထက်က လှမ်းပြောၡ၏။

"ဒါဆို ... နှင်းဆီရောင်စုံတစ်ရာ၊ ဧည့်ခန်းကစောင်းထဲမှာကျတော့ သစ္စာပန်းအဖြူတွေချည်းထိုးမယ်၊ အခက်ငါးဆယ်လောက်ရမှဖြစ်မယ်၊ လီလီနဲ့ပိန်းတွေလဲ မေ့အသိခြံမှာ ဝယ်ရမှာဆိုတော့ ပန်းဝယ်တာနဲ့ ဂန္ဓမာပန်းအိုးတစ်ရာငှားတဲ့တာဝန်ကို မေနဲ့သက်ယူပေါ့"

"အိုကေ"

"ဝေက ဘာလုပ်ရမှာလဲ"

"အဆိုတော်တွေမဆိုခင် စင်ပေါ်တက်ပြီးလမ်းလျှောက်ပေါ့၊ ခင်ဗျားက မိုဒယ်ပဲ"

"ကြည့် ... ဒါစော်ကားတာလား၊ နှိပ်ကွပ်တာလား"

ဝေက နေထက်ကို မျက်စောင်းထိုးပေမယ့် ကြားထဲကဝင်ပြီး ရင်နှင့်သွားရသူက သော်ဇင်ထွန်းပါ။

"ဝေက ထားနဲ့ကာ... ထားက ပန်းတွေထိုးရင် ဘေးကနေ ပန်းခိုကီယူပေးဖို့ လူတစ်ယောက်လိုတယ်"

"ကိုတွေကို မိတ်ကပ်ဘယ်သူလိမ်းပေးမှာလဲကွ၊ ထားကပန်းထိုးတာနဲ့ အချိန်ကုန်မှာ"

"တကူးတကမိတ်ကပ်လိမ်းရအောင်၊ ခင်ဗျားတို့က ဒီပွဲမှာ အဖွဲ့ထုတ်ဖို့ စိတ်ကူးရှိကြလို့လား"

"အောင်မယ် ... အလှကားနေရင်း စွံနေလို့ တကူးတကထုတ်ဖို့ နည်းနည်းကလေးမှ မလိုဘူးမှတ်ပါ"

"အဲဒီအလှအပတွေကို ရောကတိုက်စားချေဖျက်သွားမှာကို နှမြောတယ်"

"သေလိုက်ပါလား"

လှဝင်းနှင့်သော်ဇင်ထွန်းတို့ပါ ဝင်နောက်နိုင်သည့်အဆင့်ထိ ခင်မင်ရင်းနှီးကြပြီမို့ ပျော်စရာကြီးတွေဖြစ်နေသည်။

"မေမေ ရှာနိုင်းတဲ့သူကို တွေ့တာမတွေ့တာဖယ်ထား မောင်နှမသူငယ်ချင်းငါးယောက်ရလိုက်တာအမြတ်ပဲ"

... ဟု နေထက် ခဏခဏပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလဲ ဒီအုပ်စုတစ်ခုထဲပဲ လှည့်ရှာနေနော်၊ ငါရှိ ယလေးဘာလေးစိုက်ပါဦး"

... ဆိုတော့ နေထက်က "တော်ပြီ" ... တဲ့လေ။

"အဲဒီနေ့ ... နေ့ခင်းပိုင်းဖုတ္တာ ခွင့်လွှတ်ပော့၊ ငါ မအားဘူး၊ စပယ်ရှယ်လက်ချာရှိတယ်၊ ဒီချက်နာစပ် ဖြိုဖြိုကို ဆရာကမှတ်မိတယ်၊ မခွေ့ရင်နောက်တစ် နေ့ဆဲမှာ"

ပါ့တ်တူး (Part II) ဆိုတော့ ဆေးရုံမှာ အုပ်စုလေးတွေ ခွဲသင်ရသည့်အခါ၊ ကျောင်းသား နည်းသည်မို့ ကျောင်းပြေးလို့မရ၊ သိသာ၏။ ပြီးတော့ ... တစ်ချိန်လွှတ် လျှင် တစ်ချိန်ဆိုသလောက်လောက် နှစ်နှာ၏။

"ရတယ် ... ညနေရောက်မယ်မဟုတ်လား"

"ဝိုင်းလုပ်ပေးရမယ့်အချိန်မှာ လုံးဝမအားဘူးကွာ၊ စား ရမယ့်အချိန်မှာ လုံးဝအားတယ်"

"မပူပါနဲ့၊ စားပြီးရင် ခေါက်စားပွဲတွေသိမ်းရမှာပေါ့ သေးသေးမမှတ်ပါနဲ့"

"အဲဒီအချိန်ကျရင် ဂျူတီပြန်ဝင်ရမယ်"

"ရတယ် ... သိမ်းပေးပြီးမှ ဂျူတီသွားဝင်၊ ဝင်ဖြစ် အောင်ဝင်၊ ငါကိုယ်တိုင်လိုက်ပို့မယ်"

ညဘက် ဆေးရုံလာဆင်းလျှင် ကူဖော်လောင်





ဘက်ရသည်မို့ လက်ထောက်ဆရာဝန်နှင့် တာဝန်ကျဆရာဝန်တွေက သိပ်သဘောကျတတ်၏။ ပင်လည်းပင်ပန်း၏။ ဒါကိုသိနေပြီဖြစ်သော နေထက်က လိုက်ပို့မည်ဆိုတော့ လှဝင်းက ရှုံ့မဲ့နေ၏။ ပွဲလမ်းတစ်ခုအတွက် ပြင်ရဆင်ရတာကိုက ပျော်စရာကြီးလေ။

❋ ❋ ❋

မိမိနှစ်သက်ရာ အစားအစာကို ကိုယ်တိုင်ယူစားစနစ်မို့ စားပွဲဝိုင်းတွေမှာခင်မင်ရာတွေစုထိုင်၍ စားသောက်နေကြ၏။ အဖျော်ယမကာက အပြင်းစားမပါ၊ ဘီယာတော့ပါ၏၊ အချိုရည်ပါသည်။ လွန်ခဲ့သောအနှစ်နှစ်ဆယ်က ခင်မင်ခဲ့သူတွေ ပြန်ဆုံပွဲမို့ လူကြီးဝိုင်းတွေကလည်း စကားသံတွေဆူညံနေသည်။ တဝါးဝါးပွဲကျတာတွေလည်း ရှိ၏။ ငယ်ကျိုးငယ်နာတွေဖော်၍ တရင်းတနှီးနောက်ပြောင်နေကြတာတွေလည်းရှိသည်။

များသောအားဖြင့်က လူကြီးဝိုင်းတွေပဲဖြစ်လျက် လူငယ်ဝိုင်းက နည်းနေ၏။ ဝမ်းကွဲညီကိုမောင်နှမတွေနှင့် ဦးလေးပေါက်စတွေပဲ ရှိသည်၊ နေထက်မှာ ရွယ်တူတွေက

www.burmeseclassic.com

www.burmeseclassic.com



သွေးသားမတော်စပ်သော သူငယ်ချင်းဆိုလို့ ယောကျ်ားထဲကဆို လှဝင်းပဲရှိတာ၊ လှဝင်းကိုယ်တိုင်က မလာနိုင်သေးတော့ မိန်းမသားအုပ်စုထဲကရှိသော ငါးယောက်နှင့်ပဲ အဖွဲ့ကျနေရသည်။ သို့ပေမယ့် … နေထက်မှာ အထူးဧည့်သည်တွေရှိပါသည်။ နေထက်ဖိတ်ကြားထားသည်။ သူ … တကူးတက သွားရောက်မိတ်ဆက်ထားသည်။ သူ့မွေးနေ့ပွဲသို့လာဖို့ဖိတ်ထားသည်။ သုဖိတ်ထားသောဧည့်သည်က အမျိုးသားတွေ။

စုစုပေါင်း လေးယောက်

တစ်ယောက်ကိုတော့ တမင်မဖိတ်ဘဲ ချန်ထားရစ်ခဲ့၏။ ကိုယ့်အတွက်ကြောင့်၊ မိမိအတွက်ကြောင့် တစ်ဖက်သားတည်ဆောက်ပြီးသား အသိုက်အမြုံလေး ပြိုကွဲ မပျက်စီးသင့်ဘူးလေ။ သည်အသိုက်အမြုံက မိမိပယောဂမပါဘဲ သူ့ဘာသာပြိုကွဲပျက်စီးမည်ဆိုလျှင်တော့ မတတ်နိုင်ပါ။ ကိုယ့်အမှားမဖြစ်ဖို့ပဲ အရေးကြီးပါ၏။ တီးဝိုင်းမှမြူးကြွသော သီချင်းသံတွေကြားနေရပေမယ့် ထကကြခည့်သူ မရှိပါ။ လူငယ်ပိုင်းနည်း၏။ နေထက် မွေးနေ့ဆိုပေမယ့်လည်း မွေးနေ့ကိတ်တွေဘာတွေ လိုးတာမဟုတ်၊ ရုံးပေါင်းမိတ်ဆုံစားသောက်ကြသည့်သဘော၊ ရိုးရိုးသားသားပျော်စရာသပ်သပ်ဖြစ်နေတော့သည်။

“မေ … မှတ်မိလား၊ အန်တီမြင့်လေ၊ လှဝင်းအမေ”



“အော် … ဟုတ်ကဲ့”

ထားကို အိမ်ခေါ်ပြီး အလုပ်ပြင်ခိုင်းဖို့ လူငယ်တစ်ယောက်လို တတာပ်တာအားပါဝင်ကူညီခဲ့သည်မို့ လှဝင်းအမေ၏ လူငယ်စိတ်ကို သိသာနိုင်၏။ ခင်မင်စရာကောင်း၍ ပွင့်ပွင့်လင်းလင်းပေါင်းလို့ကောင်းသော လူကြီးသူမတစ်ယောက်အဖြစ် လေးစားရင်းနှီးရပါ၏။

“မေရေ … အန်တီက လူကြီးဆိုတော့၊ တစ်ခါတလေလူငယ်တွေနဲ့ပေါင်းပြီး ဗရုတ်ကျချင်တာကလွဲရင် မှားမှားယွင်းယွင်းကြီးတွေတော့ အားမပေးပါဘူးကွယ်”

“ယုံပါတယ် အန်တီရဲ့”

မေက အန်တီမြင့်လက်မောင်းတစ်ဖက်ကို ခိုတွဲလိုက်သည်။ သည်ပွဲမှာ အားလုံးပျော်နေကြသည်မို့ ခေါ်လေးမြင့်ရောက်လာခြင်းဟာ ရှယ်တူသူငယ်ချင်းတစ်ယောက်တိုးလာသလို ခံစားရသည်။

“ဘာစားမလဲ အန်တီ … တူတူသွားယူမလား”

ဆောဆောပိုင်းတုန်းကတော့ မေကြေ့သက်ထားဝေတို့ တူတူတစ်ဝိုင်းထဲထိုင်နေကြသည်။ ဧည့်သည်တွေရောက်လာတော့ ဆီးကြိုရတာနှင့် ပျူငှာဧည့်ခံရတာနှင့် လူစုကွဲသွား၏။

“မေ … ခေါ်လေးကို ဧည့်ခံထားလိုက်နော်”

“စိတ်ချ … သွားပါ ကိုနေထက်၊ ဟိုမှာ ဧည့်သည်

စိန်ရတုအထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်သုတ်"

အန်တီမြင့်က မေ့ပခုံးကိုဖက်၍ ပြုံးပြလိုက်သည်။

"မေ့ကို တစ်ခုပြောမလို့၊ ယုံမလားမေ"

"အန်တီပြောရင် ယုံမှာပေါ့ အန်တီရဲ့"

"တကယ်နော်၊ ပြောတော့မယ်"

"တကယ်ပါ"

"ဒါဖြင့် ပြောပြီမေ ... ကိုကျော်ရဲနိုဟာ လူယုတ်"

"ရှင်"

မေ လန့်လို့ထောင် ခုန်လိုက်မိသည်။ အန်တီမြင့်က လိုရင်းတိုရှင်းကြီးကို တိခနဲပြောချလိုက်၏။ အသိုင်းအဝိုင်း အချီးအပင့်တွေမပါ။ ကိုကျော်ရဲနိုအကြောင်းပြောမလို့မေရေ ... ကိုမောင်မောင့်အကြောင်း ရှင်းပြမလို့မေရေ ... ဟုဆိုလျှင်၊ မေက ... မကြားပါရစေနဲ့ရှင်၊ သူ့အကြောင်းဆိုရင်တော့ မပြောပါနဲ့အန်တီ ... ဟု ပြောပါလိမ့်မည်။ ပြောပါရစေ၊ မပြောပါနှင့်၊ ပြောပါရစေ၊ မပြောပါနှင့်တွေ ရှုပ်ထွေးကာ လိုရင်းမရောက်ဘဲ လူချင်းတောင် အခင်မင်ပျက်သွားနိုင်၏။ အန်တီမြင့်တို့က ပစ်မှတ်ကို အဲသည်လို တန်းခနဲထိအောင် ပစ်နိုင်၏။ ဒူးတွေခွေညွတ်ကျသွားတော့မလောက်ဖြစ်သွားသည့် မေ့ကို အန်တီမြင့်ကပဲ အားစိုက်၍ တွဲလိုက်ရသည်။ နီးရာစားပွဲမှာထိုင်ဖို့ ကုလားထိုင်ပေါ်အရောက် နေရာချထားပေးရ၏။ မေက သတိလစ်နေသည့်သူတစ်ယောက်လို မျက်ဝန်းကြောင်တောင်နှင့်ဖြစ်နေ၏။ အန်တီမြင့်က မေ့ကိုကြည့်၍ အားပေးပြုံးကို ချိုချိုမြိန်မြိန်လေးပေးလေ၏။



"ဘာစားမလဲမေ ... အန်တီသွားယူပေးမယ်"

မေ ခေါင်းခါလိုက်သည်၊ မျက်စိမျက်နှာပျက်ယွင်းလျက်နှင့် ... အန်တီမြင့်ကိုပဲ မော့ကြည့်ဖြစ်နေလေ၏။ သည်တော့မှ ဘေးခုံမှာ ဝင်ထိုင်သည်။

"ကျော်ရဲနိုအဖြစ်နဲ့ မေ့ကိုမချစ်ရဲလို့၊ မောင်မောင်ဆိုတဲ့သူကို ဖန်တီးရတယ်၊ မေ့ရပိုင်ခွင့်တွေ သူကြိုးစားဆောင်ရွက်ပေးတာ၊ ဒီယုန်မြင်လို့ ဒီချုံထွင်တယ်ဖြစ်မှာစိုးတာရယ်၊ မဖြစ်နိုင်တဲ့တူတူ မေ ရဲရဲတင်းတင်းရင်းရင်းနှီးနှီးခင်ဆက်ဆံရဲအောင်ရယ်၊ လူအိုလို့ညာထားတာ၊ တကယ်တော့ သူဟာလူယုတ်"

မေက ခေါင်းလေးငုံ့ကျသွားသည်။ ဘာပြန်ပြောရမှန်း မသိပါ။ နားမလည်နိုင်ခြင်းများစွာဖြစ်ထွန်း၏။ ကျော်ရဲနိုအဖြစ်နဲ့ရော ဘာလို့မချစ်ရဲမှာတဲ့လဲ။ မေ့ကို သူကူညီခဲ့တာတွေ အများကြီးပါ။ သူ့ကြောင့် မေ့ရသည့်ဘက်ခြမ်းက ပိုခဲ့သည်၊ သူ့ကို မေက ကျေးဇူးရှင်အဖြစ်နဲ့ ကျေးဇူးတင်ပြီး ကိုမောင့်ကိုတော့ မေချစ်မိနေတာပါ။ ကိုမောင်ဟာလဲပဲ မေ့အကျိုးကိုလိုလားစွာ အကြံပေးကူညီခဲ့သူပဲဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီနှစ်ယောက်တူတူပဲဖြစ်ပြီး လူပျို့လူလွတ်ဆိုရင် မေက ပုံပြီးအားကိုးချစ်နဲ့ မှီခွဲ့လိုက်ရမှာလေ။ ကိုကျော်ရဲနိုက မိန်းမနဲ့ဆိုတော့ ...

မေ ... ခေါင်းငုံ့ရင်း၊ မျက်ရည်တစ်စက် ပေါက်ခနဲကျ၏။ မေ နဲ့ပျောင်းပြီလေ။

"သူရှင်းပြတာ နားထောင်လိုက်ပါမေ၊ နောက်တော့ ကြိုက်သလိုဆုံးဖြတ်ပေါ့၊ မေ့စိတ်တိုင်းကျ မေ့အဆုံးအဖြတ်ဟာ အတည်ပဲမဟုတ်လား"

အန်တီမြင့်က မတ်တပ်ထရပ်၏။ တစ်ဖက်မှာ ဝင်ထိုင်သောလူရိပ်ကို မြင်သည်။ မေ ... မော့မကြည့်ဘဲ သိနှင့်၏။

"မေ"

အန်တီမြင့်ထွက်လာခဲ့တော့သည်။ ဒီအချိန်မှာ "အန်တီမြင့်" မလိုတော့ဘူးလေ။ ချစ်သူချင်းရင်ဆိုင်ဖြေရှင်းကြပစေတော့ပေါ့။ မေက လက်ခံနားထောင်မယ့်အဆင့်ကို ပို့ပေးခဲ့ပြီးပြီပဲ။ စင်စစ် ... ကျော်ရဲနိုဆိုတာ၊ မေ့မိတ္ထွေးတင်တင်နီရဲ့မောင်ဖြစ်နေလို့၊ ကိုယ်အစ်မပြစ်ချက်ကြောင့် မေ့ကို အဖြစ်မှန်နဲ့ရင်မဆိုင်ရဲခဲ့တာ၊ အစ်မဘက်ကမရပ်ဘဲ မေ့ကိုသာ ကြင်နာနားလည်စွာ မေ့ဘက်မှရပ်ပေးခဲ့တာတွေ၊ မေ့ကိုကူညီရင်း သံယောဇဉ်ဖြစ်ရတာတွေ။

ကံမကောင်းအကြောင်းမလှလို့ သူများတကာ





မဖြစ်ချင်တဲ့ဘဝကို လျှပ်ပေါ်လော်လီခြင်းကင်းစွာ ကျရောက်ခဲ့ရသူတွေရှိသလို၊ အကျင့်ပျက်စွာ သက်ဆင်းခဲ့ကြသူတွေလည်း ရှိသည်။ တင်တင်နီ ဘယ်လိုနည်းဖြင့် မေ့မိတ္ထွေးဖြစ်ခဲ့ရတယ်ဆိုတာ ကိုယ့်ပြဿနာမဟုတ်ပါ။ မိန်းမယူခြင်းကို ဝါသနာတစ်ခုအဖြစ်လိုက်စားတတ်သော မေ့အဖေဦးဘလှတစ်ယောက် အကျွတ်တရားရ ခြေငြိမ်ကျသွားအောင် ကြိုးကိုင်လိုက်နိုင်ခြင်းအတွက်တော့ တင်တင်နီကို ချီးကျူးရမည်။ တင်တင်နီကို ကျော်ရဲနိုတို့မိသားစုက စွန့်ပစ်ခဲ့ဖူးတာတွေ ကျော်ရဲနိုရှင်းပြလိမ့်မည်ပေါ့။ နောက်ဆုံး ... တင်တင်နီ တရားပြကောင်းလို့ ဖခင်ဖြစ်သူက နောက်ထပ်ပွားစီးပွားထဲ ကတောင် သမီးကြီးအတွက် သပ်သပ်ဖယ်ထားတာတွေ၊ လာတွေ့ချင်ပါလျက် ဖခင်ဖြစ်ပေမယ့် အပြစ်ရှိဖူးသူလိုမို့ သမီးကြီးကို တမ်းတနေရတာတွေ ... မေ အားလုံးနားလည်လက်ခံပြီး၊ သားအဖချင်း၊ ချစ်သူချင်းပြေလည်ချစ်ကြည်ဖို့ထိ၊ ကျော်ရဲနိ ... ရှေ့နေပဲ၊ ဒီလောက်တော့ လျှောက်လှဲတတ်မည်ထင်ပါ၏။

"အန်တီမြင့်"

"အော် ... မောင်ထူးနောင်"

နေထက် ... ကိုကိုလေးဆိုသောသူ တစ်ယောက် ကိုသာ၊ လောကီမကောင်း သံသရာမကောင်းမှု ချန်လှပ်ထားခဲ့ပြီး၊ ကျန်ပုဂ္ဂိုလ်လေးဦးကို တကူးတက သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်မိတ်ဖွဲ့ခြင်းနှင့် ဖိတ်ကြားခြင်းများ ပြုလုပ်ထားပါသည်။ ဦး ဗလကျော်သူရောက်ရှိလာပြီး ချစ်ရလွန်းသူခင်ထားတင်ကလေးနှင့် ပြေလည်သွားလျှင်လည်း နေထက် လည်စင်း၍ခံတော့မည်ဟု ဆုံးဖြတ်ကာ၊ ထိုပုဂ္ဂိုလ်ကိုလည်း ချန်မထားခဲ့ပါ။

"သက်ရှိတယ်ခေါင်တူးနောင်"

"သူ ... ကျွန်တော့်ကို လက်ခံစကားပြောပါ့မလား လို့ ကျွန်တော်စိတ်ပူနေတယ်"

"စကားတော့ပြောမှာပါ၊ ငယ်သူငယ်ချင်းတွေပဲ၊ သက်က စိတ်ခေတ်ပျော့ညံ့တဲ့မိန်းကလေးမဟုတ်ပါဘူး"

ထူးနောင်ကို သက်ဆီခေါ်သွားပေးဖို့ မလိုပါ။ သူတို့ကြားထဲမှ စိတ်နာမှုက နားလည်မှုလွဲမှားခြင်းမဟုတ်၍ ကြားလူမလိုပါ။ တစ်ယောက်နှင့်တစ်ယောက် ညှိနှိုင်းဖို့ပဲဖြစ်သည်။ အိမ်ကလူ၊ လှဝင်းတို့အဖေသိလျှင်တော့ မကြိုးမငယ်နဲ့ ဆတ်ဆော့ချင်စိတ်ကို မကုန်နိုင်ဘူးဟု အပြစ်တင်ကာ သူပါ လက်ခုပ်လက်ဝါးတီးပြီး ရယ်မောနေမှာ မြင်ယောင်ပါသေးသည်။ ကိုယ့်လုပ်ဆောင်ချက်တွေ အဖေကြီးကို မပြောရသေးပါ။ အဖေကြီးက ဘီယာသောက်ရင်း မြင့်ကို ရယ်စရာပြောဖို့စောင့်နေပါလိမ့်မည်။

"ကြော့ကလေး"

"ဟော ... အန်တီမြင့်"





"မောနေပလား"

"မောတယ် ... ကိုသက်လှိုင်ရောက်လာလို့ တော်ပါသေးရဲ့၊ မိန်းကလေးအဆိုတွေလဲ ပြန်ပြီဆိုတော့ ယောကျ်ားအဆိုတော်တွေပဲကျန်တာ သူနဲ့လွှဲထားခဲ့ပြီ"

"စားတော့မလား"

"ဟုတ်ကဲ့ ... အန်တီမြင့်ရော"

"တူတူသွားမယ်လေ"

ကြော့က သိပ်စားနိုင်သူမဟုတ်ပါ။ အထူးသဖြင့် ဆီရွှဲသောအစားဆိုလျှင်လည်း အသံအတွက် ဆင်ခြင်ရသည်။

"ကြော့ကို ဒေါ်လေးမိတ်ဆွေတစ်ယောက်ရဲ့ သားအကြောင်းပြောပြရဦးမယ်၊ သူကလဲ သီချင်းတွေဘာတွေသိပ်ဝါသနာပါတယ်"

"ဟုတ်ကဲ့"

စားပွဲလွတ်တစ်လုံးမှာ တူတူထိုင်ဖြစ်လိုက်ကြသည်။

"သူက သူ့ငွေးသား၊ ဒေါ်လေးမိတ်ဆွေက ချမ်းသာတယ် ကွယ်၊ တစ်နေ့မှာ ကြော့လိုပဲ အဆိုတော်မလေးတစ် ယောက်ကို သူချစ်တယ်၊ သူ့အိမ်ကသိတော့ ဆူတာ ပေါ့၊ မိန်းမရှုတ်ပေးစားဖို့ စီစဉ်တယ်၊ သူက သူ့ ချစ်သူကို ခိုးပြေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြေးမျက်နှာလေး ကွက်ခနဲပျက်ရှာ၏။ ခေါ်လေးမြင့်ထံသို့ အကြည့်တစ်ချက်ပို့ဖြစ်၏။

"အားလုံးဟာ အစီအစဉ်မရှိ ကမန်းကတန်းလုပ်ရတာလေ၊ အဲဒါ ... အိမ်ခဏအပြန်၊ သူ့အမေက ဟာ့တ်အတက် Heart Attack ရတာနဲ့ သွားတိုးနေတယ်၊ သတိလစ်နေတယ်၊ သေဖို့နဲ့ရှင်ဖို့ ....သေဖို့ကများနေတယ်၊ သူ ... သူ့ကောင်မလေးဆီမပြန်နိုင်တော့ဘူး၊ ဒီမှာကလဲ အမေ ... သေဖို့က များနေတယ်၊ ဟိုမှာက ... လူကောင်း၊ လူငယ်လဲဖြစ်တော့ ..."

"အန်တီမြင့်"

ကြေးက လွှတ်ခနဲတစ်ချက်ခေါ်ဖြစ်သည်။

"သူ့အမေကို နည်းနည်းကလေးထားလို့ရတာနဲ့၊ အဲနောက်တစ်နေ့ညနေပေါ့၊ သူပြန်သွားတော့ သူ့ကောင်မလေးက သူထားခဲ့တဲ့နေရာမှာမရှိတော့ဘူး၊ အိမ်ပြန်သွားတယ်ပဲထင်ပြီး၊ လိုက်မရှာအားဘူးကွယ်၊ အမေကလဲ အသဲအသန်"

ကြေးက အန်တီမြင့်ကို မျက်ဝန်းချင်းရဲရဲဆုံလိုက်သည်။ ကြေးဆိုတာ နေမှုထဲလဲ နေခဲ့ပြီ၊ ဆူးခင်းလမ်းလဲလျှောက်ခဲ့ပြီ။ အစ်မက နှင်ခ နေစရာမရှိ၊ တွယ်ရာမဲ့တာတောင် လမ်းပေါ်ရောက်ခဲ့တဲ့မိန်းမသားမဟုတ်ပါဘူးရှင့်





ဟု ပြောချင်၏။

"စိတ်ချလက်ချနေလိုက်မိတဲ့အမှားတော့ရှိတယ်၊ အမေကို စိတ်ချရလို့ လိုက်ရှာတဲ့အချိန်မှာ မိန်းကလေးအရမ်းစိတ်နာနေပြီ၊ ခုတော့ ... သူ့အမေလဲ ကျန်းမာရေးကောင်းသွားပြီ ကြေးရဲ့၊ အမေ့ကျန်းမာရေးကြောင့် အိမ်က စွတ်မိန်းမပေးစားမယ့်အစီအစဉ်လဲပျက်တယ် ...

"ခုတော့ ... သူ့အမေက သူ့သားကို လိုက်လျောပြီး သားရှင်နှစ်သက်ကြည်ဖြူစွာကြိုဆိုသော သတို့သမီးလောင်းအဖြစ် လာစေတောင်းမလို့ဆိုပဲ၊ အဲဒါ ကြေးလက်ခံလိုက်နော်"

စားပွဲပေါ်တင်ထားသည့် ကြေးလက်ခုံလေးကို ညှစ်လိုက်၏။ နည်းနည်းကလေးမှ တို့ထိမထားရသေးသော သူ့စိတ်ကြိုက်တွေထုံထားသည့် ပန်းကန်ကို ဒီတိုင်းထားခဲ့သည်။ ချာခနဲလှည့်ထွက်၏။ ကြေး ... ကြောင်ငေးနေမိဆဲမှာပဲ၊ ကြေးရှေ့မှာ လူတစ်ယောက်ရပ်လာ၏။ ခြေစုံကလေး။ လက်နှစ်ဖက်ကို နောက်ပစ်ထားသည်။ ခေါင်းငုံ့နေ၏။

"ဆန်းဆန်း"

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



ဘေးနည်းနည်းကျသော စားပွဲတစ်လုံးမှာ သော်ဇင်ထွန်း၊ ကျော်သွင်ထွန်းနှင့် မိဘနှစ်ပါး၊ ပြီးတော့ ... အကြင်နာဝေ။ ငါးယောက်ထိုင်၍ စားသောက်နေကြသည်။ စကားတွေလည်းပြောနေ၏။ အန်တီမြင့်က အဲသည်စားပွဲသို့သွားဖို့ စိတ်မကူးတော့ပါ။ သော်ဇင်ထွန်း၏အမေ စီစီသော်ခေါ် ကျောင်းတုန်းကနာမည် မိုးရင်းသော်သည်လည်း မြင့်လောက် အသက်ရ၊ မြင့်လောက်အတွေ့အကြုံရင့်ကျက်မြင့်လောက်ပဲ စကားပြောကောင်းကာ မြင့်နည်းတူ ပျော်တတ်သူ ခေတ်မိဘတစ်ဦးပဲဖြစ်သည်မို့ စိတ်ချထားလိုက်ပါတော့မည်။

သော်ဇင်ထွန်းလည်း အရည်အချင်းနှင့်ရိုးသားသောကြိုးစားသော လူငယ်ကလေး။ မသကာ ... အကြင်နာဝေမိုဒယ်လုပ်တာ လူကြီးတွေမကြိုက်လျှင် မလုပ်ခိုင်းရုံပေါ့။ မြင့်သာဆိုလျှင်တော့ ဘားဆီးပိတ်ပင်ဖို့မရှိပါ။ အရေးကြီးတာက ကိုယ်ကျင့်တရားပဲမဟုတ်လား။

"အန်တီမြင့်"

"ဟဲ့ ... သား၊ ဖရက်"

"လှဝင်းဆီက ဖုန်းလာလို့၊ သူမလာနိုင်သေးဘူးတဲ့၊ ဆေးရုံမှာ ထူးဆန်းတဲ့လူနာတစ်ယောက်ရောက်လာလို့တဲ့၊ သက်နှင်းကြင်နဲ့ခင်ထားတင်ကိုခေါ်ပြီး ဆေးရုံအမြန်လိုက်ခဲ့ပါတဲ့"





ဒီလိုနေရာမှာ၊ ကြောင်နေအမ်းနေ၊ မေးခွန်းတွေထုတ်နေတာမျိုး အန်တီမြင့်မလုပ်ပါ။ လူကိုမရှေ့ဘဲ စားပွဲဝိုင်းတွေဆီ၊ မျက်စိကို ဝေ့ခနဲဝဲပစ်လိုက်သည်။

"ဟိုမှာ ... သက်နှင်းကြင်၊ ခေါ်လိုက်"

သက်က အန်တီမြင့်ဆီ ခပ်မှန်မှန်ကလေး လျှောက်လာနေ၏။

"ထားရော ... သက်"

"လာနေပြီ"

ထားကလည်း လာနေ၏။ အိမ်ထဲမှ ပြေးလွှားဆင်းလာသည့်နေထက်ကို မြင်၍ ဘာကူညီရမလဲ ... သူ ရှိနေရာမှ ထလာခဲ့ခြင်းပါ။

"လာ ... လာ ... "

အန်တီမြင့်က တစ်ယောက်ကို လက်တစ်ဖက်စီ ဆွဲယူလိုက်၏။

"ဆေးရုံသွားရမယ်၊ အရေးကြီးလို့၊ ကိုယ့်လူတွေဘာမှဖြစ်တာမဟုတ်ဘူး၊ သားလှဝင်းက ခေါ်လို့"

ဆွဲဆွဲပြေးပြေးထွက်ခဲ့တာ၊ နေထက်မိဘတွေကို နှုတ်ဆက်ဖို့တောင် သတိမရပါ။ နေထက်က ကားမောင်းရင်း၊ လှဝင်းဖုန်းဆက်တာကို ထပ်ရှင်းပြသည်။

"ဒီနှစ်ယောက်ထဲတဲ့လား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှန်းမသိဘူးနော်"

"အမေရိကားက သူဌေးတစ်ယောက်၊ ဒီနှစ်ယောက်ကိုမှ အမွေပေးချင်လို့ မသေခင် အတင်းခေါ်နိုင်းသလားမှမသိတာ"

ကိုယ့်လူတွေအားလုံးက ဒီပွဲမှာ လူစုံတက်စုံမို့ ထူးဆန်းသောလူနာဆိုတာကို စိတ်ဝင်စားပေမယ့် သိပ်စိတ်မပူဖြစ်ကြပါ။ သက်တစ်ယောက်ပဲ မျက်နှာနည်းနည်းပျက်ချင်၏။ လူနာကို ဘယ်သူမှန်းမသိဘဲ စိုးရိမ်နေလို့လား ထူးနောင်နှင့်စကားပြောခဲ့ရလို့လား မသိပါ။

"မောင်ထူးနောင်က ဘာတဲ့လဲသက်"

သက်ထံက "ဟွန်း" ဆိုသော မခိုးမခန့်ရယ်သံတစ်ချက် ထွက်သည်။

"သူ ... စည်းစိမ်မစွန့်နိုင်ပါဘူး အန်တီ"

"အော်"

"သက်ဘက်ကလဲ ဆုံးဖြတ်ချက်မပြောင်းပါဘူး၊ အစကတော့ ဖွန့်လာတဲ့တစ်နေ့မှာ ကြိုဆိုဖို့အသင့်ပါ၊ ခုတော့ ... သက်ဘဝထဲက ငယ်သူငယ်ချင်းမောင်ထူးဆိုတာပါ သေဆုံးသွားခဲ့ပါပြီ"

အော် ... သူတို့ချင်းက ဘယ်တော့မှ နီးစပ်ဖို့မရှိတော့တာပဲ။

"ကိုနေထက် ... ရှင် လူတကာကို လျှောက်ဖိတ်





ထားသလား"

"အေး"

သက်အမေးကို နေထက်က ရက်ရယ်နှင့်ဖြေ၏။

"ဦးဗလကျော်သူကိုလဲ ဖိတ်ထားတာပဲ"

"ဘာဖြစ်လို့ သွားဖိတ်ရတာလဲ"

"ဆောရီးပဲထား၊ ထားတွေ့ချင်မလားလို့၊ ဒါပေမယ့် သူမလာဘူး၊ ဆောရီးပဲထားရယ်"

နေထက် ... တကယ်ပဲ စိတ်မကောင်းဖြစ်သွားရသည်။

"ရှင်မှားနေပြီ၊ သူမလာတဲ့အတွက် ထားက ဝမ်းမနည်းပါဘူး။ သူတို့ပိုင်မြေပဲဖြစ်ပေမယ့် ... ထားတို့နေရတဲ့နေရာနဲ့ သူတို့နေတဲ့နေရာက ဆယ့်ငါးပေလောက်ကွာတယ်၊ သူတို့က ချောက်ထိပ်မှာ၊ ထားတို့က ချောက်ထဲမှာ၊ အလယ်ခေါင်မှာ ရေစီးမြောင်းတစ်ခုခြားနေတယ် ...

"သူ့ရဲ့ထားနဲ့ ညီဖို့ သူ့ဆယ့်ငါးပေကိုလဲ သူက ဖြိုမချနိုင်ဘူး၊ ထားကလဲ ဆယ့်ငါးပေအမြင့်ကို ခုန်တက်ဖို့ စိတ်ကူးမရှိဘူး၊ ထားက သူတို့ဒရိုင်ဘာရဲ့မြေး၊ ဝက်သားတုတ်ထိုးသယ်ရဲ့သမီး၊ ခုဆို ... အမေကလဲ နောက်ယောက်ျားနဲ့ ...

"တစ်ကမ္ဘာလုံးမှာ ထားတစ်ယောက်ထဲ မိန်းမရှယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေရင်တောင်၊ သူ့ပကာသနခြံစောင်ကြီးအောက်က ရှန်းမထွက်ဘဲ လှုပ်ရှုကြီးလုပ်သွားတော့မယ့်သူမျိုးရှင့် ...

"ထားကလဲ စိတ်ကူးယဉ်ပြီး ခင်နွဲ့ကြည့်ချင်ခဲ့ပူးပေမယ့် ခုချိန်မှာ ဘာသံယောဇဉ်မှ မရှိဘူး"

ထားက မာနကလေးနှင့်ပြောရင်း ငိုချင်စိတ်ကလေးတော့ ဖြစ်ရပါသေးသည်။ ကိုကိုလေးကို တမင်မဖိတ်တာဟု သိလိုက်ရပြီး၊ ကိုကိုကြီး ဗလကျော်သူကိုလဲ ချန်ထားခဲ့မှာမဟုတ်၊ ဖိတ်မှာ ... ဟု ယုံကြည်ပြီးသား။ ဘူမျိုးတွေ ရောက်လာချိန်မှာ ကိုကိုကြီးကတော့ ရောက်မလာခဲ့ပါ။ ခင်ထားတင်ဆိုသောကောင်မလေးကို ခေါက်တာဗလကျော်သူ၏ "ကတော်"အဖြစ်၊ သူ့ ပွဲလယ်ထုတ်ဖို့ ခုထိ ဝန်လေးဆဲပါ။

ထား ... အသည်းထဲက နာလိုက်တာမှ ဆတ်ဆတ်ခါ။ ရှက်လည်းရှက်၏။ သံယောဇဉ်အပိုင်းအစလေး တစ်စတစ်မျှင် ကျန်ရစ်သေးသည်ဆိုလျှင်တောင် သူရောက်မလာသည့်အတွက် ရှက်စိတ်နာကြည်းစိတ်ဖြင့် အပိုင်းပိုင်းခုတ်လိုးဖြတ်ပြီးဖြစ်သွားရပါတော့သည်။

အမလေး ... ဝမ်းသာလိုက်တာ ... ဟု အော်ပြောလိုက်ချင်သူက နေထက်ပါ။ ဦးဗလကျော်သူခင်ဗျား လူကြီးမင်းရောက်မလာတဲ့အတွက် ကျွန်တော် ... ဒီနေရာ





ကနေ့မှန်းပြီး ရှိခိုးလိုက်ပါတယ် ... ဟုတောင်ပြောချင်၏။ ချစ်သောခင်ထားတင်ကလေး၊ ခင်ဗျားကို ကျွန်တော် ချေကန်ပိုးတော့မယ်ဗျ ... ဟု ပြောချင်၏။

"ဟင် ... ဆေးရုံကြီးလား၊ အမျိုးသမီးဆေးရုံမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အမျိုးသမီးဆေးရုံမှာ ကလေးဘယ်နှစ်ယောက်လဲမသိဘူး၊ မွေးပြီးပြီတဲ့၊ အခုက ဆေးရုံကြီးမှာတဲ့"

ကားရပ်ပြီး လှဝင်းပြောသည့်အတိုင်း တက်လာခဲ့ကြသည်။

"သား ... လှဝင်း"

"ဟော ... မေမေလဲပါလာတာကိုး။ ကောင်းတယ်လာ ... သက်၊ ထားလဲလာ"

လှဝင်းက ဆီးကြို၏။ နေသက်ကိုတော့ လက်ပြ၍ပဲခေါ်သည်၊ အမျိုးသမီးကြီးတစ်ဦးရှိနေသော ခုတင်သို့ ရောက်လေ၏။

"ညနေတုန်းက ကားတိုက်ခံရပြီးရောက်လာတဲ့လူနာ သွေးထွက်များပြီး သတိမေ့လစ်သွားသေးတယ်၊ သွေးသွင်းထားရတယ်၊ သူသတိရလာတော့ ကျွန်တော်လဲ ပြန်မယ့်ဆဲဆဲ၊ နောက်ရောက်လာမယ့်သူကို တာဝန်လွှဲရင်း ဒီမှာ သူ့နားရပ်ပြီး အခြေအနေပြော



www.burmeseclassic.com

www.burmeseclassic.com



နေတုန်း၊ သူက အကူအညီတောင်းတာ"

လှဝင်းက ခုတင်နှင့်နည်းနည်းခွာ၍ အကျိုးအကြောင်းအရင်ရှင်းပြသည်။

"သူက လိပ်စာတစ်ခုပြောတယ်၊ အဲဒါ အမျိုးသမီးငါးယောက်ထဲနေတဲ့အဆောင်ပါ ... တဲ့။ အဲဒီက သက်နှင်းကြာပ်နဲ့ခင်ထားတင်ကို ခေါ်ပေးပါတဲ့၊ ကျွန်တော်လဲ အံ့ဩသွားတာပေါ့၊ ဘာဖြစ်လို့လဲမေးတော့ မပြောဘူး၊ မြန်နိုင်ရင် ကူညီပါပဲပြောတယ်"

"ခု ... ဘယ့်နှယ်နေသေးလဲ"

သက်က ဝင်မေးသည်။

"သက်သာတယ်ပြောရမှာပေါ့၊ ခြေထောက်တော့ ကျိုးသွားတယ်၊ မသေနိုင်တော့ဘူး၊ ဆောစေတုန်းကတော့ သွေးသာအချိန်မီမသွင်းနိုင်ရင်၊ အဲဒါနဲ့ ဒုက္ခရောက်နိုင်တယ်၊ သူကလဲ သူ့ကိုယ်သူ သေမယ်များထင်သလားမသိဘူး၊ ဘာပြောချင်တယ်မသိဘူး၊ သွားလိုက်ကြတော့"

သက်နှင့်ထားတို့ ခုတင်နားကပ်လိုက်ကြသည်။

"အန်တီ ... ဒီမှာ သက်နှင်းကြင်နဲ့ခင်ထားတင်ရောက်ပါပြီ"

အမျိုးသမီးကြီးက မျက်စိဖွင့်ကြည့်သည်။ ကြိုးစား၍ ယဲ့ယဲ့ပြုံးရှာ၏။





"သက်နှင်းကြင်"

"ရှင်"

"ဘိုမရုပ်လေးရှိသေးလား"

"ရှိ ... ဟုတ် ... ဟုတ်ကဲ့"

"မစိန်မြကိုပေးခဲ့ကထဲက ဒီဘိုမရုပ်ကလေးတော့ မပျောက်စေနဲ့လို့ အမေမှာခဲ့တယ်၊ မဖြစ်လို့ပေးလိုက်ရတာပါ၊ သမီးအဖေက အမေ့ကို လက်မထပ်ဘူး"

ထားနှင့်နေထက်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ သက်က မျက်နှာလေးမဲ့ကျသွားသည်။ စကားလုံးသိပ်မများပေမယ့် ဆိုလိုရင်းပေါ်၏။ သက်က ဉာဏ်ပြေးသည်။ ခုတင်ခြေရင်းရှိ လူနာမှတ်တမ်းမှ လူနာ၏နာမည်ကို ဖတ်လိုက်သည်။ ဒေါ်စိုးစိုးရီ ... တဲ့။

အမေ။ ဒါဟာ သမီးရဲ့ အမေရင်းပဲပေါ့။ အမေ ဒေါ်စိန်မြဟာ သမီးကို မွေးစားခဲ့တာပေါ့၊ မွေးစားအဖေကလဲ စောစောကထဲက ကွယ်လွန်ပါတယ်အမေ၊ အမေဒေါ်စိန်မြက သမီးကို မွေးစားသမီးလို့ တစ်ခါမှပြောမပြခဲ့ပါလားအမေရယ်။ ဒီဘိုမရုပ်ကလေးကိုတော့ သေချာသိမ်း ... တဲ့။ မပျောက်စေနဲ့တဲ့။ အမေတို့မှာ ဆွေချမ်းသာမျိုးချမ်းသာတွေရှိတယ်တဲ့။ ဒီဘိုမရုပ်ကလေးကို တွေ့ရင် သမီးကို သူတို့ အမျိုးမှန်းသိမှာ ... တဲ့။ တစ်နေ့နေ့ ... သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်လာရင် ဒီဘိုမရုပ်ကလေးကို ထုတ်ပြပါ ... တဲ့၊ အမေ။

ရိုးရိုးသားသားမှာခဲ့တယ်ပဲ ထင်မိပါတယ် အမေရယ်။ ခုတော့ ... သမီးရဲ့မိခင်ရင်းနဲ့ ပြန်ဆုံနိုင်ဖို့ ဒီဘိုမရုပ်ကလေးက ကြားခံသက်သေပစ္စည်းကလေးဖြစ်နေခဲ့တာပေါ့နော်။

"အမေ့ကို စိတ်မနာပါနဲ့။ သမီးကိုမွေးဖို့ အိမ်ကထွက်သွားရတုန်းက သမီးရဲ့အဘွားက အမေ့ကို နှင်ချမိတဲ့အတွက် အဲဒီစိတ်နဲ့ဆုံးရှာတယ်၊ ပြန်လာတော့ အမေ ဘာပစ္စည်းမှ သိပ်မရတော့ဘူး၊ ဆွေမျိုးတွေယူလို့ ကုန်ပြီ၊ မစိန်မြကိုပေးပြီးတဲ့သမီးကို အမေ ပြန်မတောင်းတဲ့အတွက် အမေ့ကို ခွင့်လွှတ်ပါသမီးရယ် ...

"အမေ့သမီးကို မျက်ခြေမပြတ်အမြဲကြည့်နေတာပါ။ သမီးဘယ်အရွယ်ရောက်လို့ ဘယ်မှာဘာဖြစ်နေပြီလဲဆိုတာ သိသလို၊ ခင်ဓာ့သမီးကလေး ခင်ထားတင်လဲ ... "

"ဟင်" "ရှင်"

အံ့သြသံလေးနှစ်ခု ပြိုင်တူထွက်လာသည်။

"ခင်ထားတင်ကို မသန်းစိန်ဆီမှာ ပေးပစ်ခဲ့တာ အရုပ်ကလေးတောင် ထဲ့မပေးလိုက်ဘူး။ အမေက ခင်





မှာကို မှန်းတယ်"

လူကြီးမို့ ဒီနေရာရောက်တော့ ရှက်ရှာ၏။ တိတ်တခိုးမေတ္တာနှင့် မျှော်လင့်ခဲ့ရှာပါလိမ့်မည်။ သို့ပေမယ့် အိပ်မက်ကလေးတွေ ပျက်ပျယ်ခဲ့သည်။ ကိုယ်မုန်းတီးသူ၏ သွေးက ကိုယ့်ဆီရောက်လာသည်။ ဒါကို ဘယ်သူမှမသိဘူးဆိုလျှင် ကိုယ်က ဘာဖြစ်လို့အမိုက်ခံပြီးမွေးရမှာလဲ ... ဆိုသောစိတ်နှင့် ဒေါသဖြစ်ခဲ့ရှာပါလိမ့်မည်။

"ခင်မာ့သမီးကို သူများပေးပစ်မိတဲ့အပြစ်အတွက် အမေက အမေ့သမီးကို ပေါ်ပေါ်ထင်ထင်မမွေးနိုင်ဘဲ သူများကိုပေးရတဲ့အဖြစ်ဆိုးနဲ့ကြုံရတယ်၊ ခွင့်လွှတ်ကြပါ ... ခွင့်လွှတ်ကြပါကွယ်"

ထားမျက်ရည်ကျလေ၏။ စိတ်မာသောသက်ထ အံကလေးကြိတ်ထားသည်။

"သမီးသက်နှင်းကြင်ကို မစိန်မြက မွေးစားတာမှန်းကိုဘချစ်နဲ့ မစန်းရှင်တို့သိတယ်"

အော် ... ဟု သက်ရင်ထဲ နာကြင်သွားရပြန်၏။ ဦးဘချစ်၊ ဒေါ်စန်းရှင်ဆိုတာ၊ မောင်ထူးရဲ့မိဘတွေလေ။ သူတို့ချမ်းသာပြီဆိုတဲ့အခါမှာ၊ ဒေါ်စိန်မြရဲ့မွေးစားသမီးကို သူတို့ရဲ့သားနဲ့ သဘောတောင်တူချင်မှတူကြတော့မှာ။ ဘာပဲဖြစ်ဖြစ် အမေဒေါ်စိန်မြကျေးဇူးကတော့ အလွန်ပဲကြီးခဲ့ပါ၏။ အမေဒေါ်စိုးစိုးရီက သက်သေသက်ကာယနှင့်ပြောနေသူသာ၊



www.burmeseclassic.com

www.burmeseclassic.com



နားရှိလို့ကြားလိုက်ရသည်။ အမေဒေါ်စိန်မြဟာ မိခင်ရင်းနှင့်မခြားသော မေတ္တာကိုပေးခဲ့သူဖြစ်ပါ၏။

"သမီးခင်ထားတင်၊ သမီးရဲ့အမေ၊ ဖိုးထိုက်ဟာ တကယ်ပဲ ပြန်မလာတော့တာပါ။ ကွယ်လွန်ပြီလို့ပဲယူဆရတော့မယ်သမီးရယ်"

ထား ... အင့်ခနဲရှိုက်သည်မို့ အန်တီမြင့်က ပခုံးလေးကိုပွေ့လိုက်ရသည်။ ထားအမေ ဒေါ်သန်းစိန်ဟာ ထားကို လူလားမြောက်အောင်ကျွေးမွေးစောင့်ရှောက်ခဲ့ပေမယ့်၊ ဆယ်သန်းရတော့၊ နောက်အိမ်ထောင်ပြုပြီး ငွေတွေယူသွားခဲ့တာ၊ သမီးဖြစ်သူကို ပြန်လှည့်မကြည့်တော့တာ။ ခုတော့လဲ နားလည်နိုင်စရာတွေဖြစ်လာခဲ့ရပြီ။

"အမေပြောတာတွေ ယုံကြပါကွယ်။ ကိုဘချစ်နဲ့မစန်းရှင်ကိုလဲ မေးပါ။ မသန်းစိန်ကိုလဲမေးပါ"

မေးနေဖို့မလိုတော့အောင် ယုံကြည်သွားရပြီဆိုတာ ဖွင့်မပြောဖြစ်ကြပါ။

"ဘယ်သူတွေ ဘယ်ရောက်လဲ အမြဲကြည့်နေတာပါ၊ သက်နှင်းကြင်နဲ့ခင်ထားတင် တစ်နေရာထဲမှာနေဖြစ်ကြပြီဆိုကထဲက၊ တစ်နေ့ ဒီကိစ္စပေါ်တော့မယ်ဆိုပြီး တစ်နေ့မှ စိတ်မချမ်းသာခဲ့ရဘူး၊ ခွင့်လွှတ်ကြပါကွယ်"

"အမေ ... စိတ်မကောင်းမဖြစ်နဲ့လေ၊ သက်နဲ့တူတူနေမှာပေါ့၊ အမေက အခု ဘယ်သူနဲ့နေတာလဲ"





"တစ်ယောက်ထဲပဲ၊ တောင်ဥက္ကလာမှာ၊ အိမ်လေးကို တစ်ခြမ်းခြမ်း၊ လူငှားတင်ထားပြီး အဖော်လုပ်နေရတယ်"

"ဒေါ်စိုးစိုးရီ ဘာမှအားမငယ်နဲ့တော့၊ အဲဒီဆရာဝန်လောင်းဆေးကျောင်းသားက ကျွန်မသား၊ သက်နှင်းကြင်ရဲ့သူငယ်ချင်းပဲ၊ ဒေါ်စိုးစိုးရီ ဆေးရုံကဆင်းတဲ့အခါ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နေကြတာပေါ့"

"ဆင်းရတော့မယ်မထင်ဘူး"

"မဟုတ်ဘူးအန်တီ၊ စောစောတုန်းက သွေးထွက်များသွားလို့ပါ၊ အခုက တော်တော်ကောင်းလာပြီ၊ ဒီလောက်စကားတွေတောင် အများကြီးပြောနိုင်တာ"

"အော်"

လှစင်းက ကိုယ်တော်ချင်နေသည့်ယောက္ခမလောင်းက ကိုယ့်လူနာလဲဖြစ်နေသော တိုက်ဆိုင်မှုကြောင့် အားတက်ရလေ၏။ ဒေါ်စိုးစိုးရီကျတော့ ကိုယ့်ကိုယ်ကို သေမည်ထင်လို့ ကိုယ်ပေါင်ကိုယ်လှန်ထောင်း၊ ကိုယ့်အစုတ်ထုပ်ကိုယ်ဖြေပြသလို လုပ်မိခဲ့တာ၊ မသေနိုင်တော့ဘူးဆိုမှ အရှက်ကြီးရှက်ရလေတော့သည်။ ဆရာဝန်လောင်းကလေး မျက်နှာက သမီးသက်နှင်းကြင်အပေါ် သံယောဇဉ်မျက်ဝန်းတွေနှင့် ကြည့်နေတာမြင်ရပြန်တော့ ယောက္ခမဖြစ်ရမည့်ဘဝမှာ သမက်အပေါ် အရှက်ပိုရပြန်၏။ ကိုယ့်မိုက်ပြစ်ကြောင့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအရွက်ရကာ မျက်နှာငယ်တော့မှာတွေးမိပြီး ပြော မိတာမှားပြီ ... ဟု နောင်တရပြန်၏။

ကိုယ့်ခမ်းခမက်တော်ရနိုင်သည့်သူ၊ ဆရာဝန်လောင်းအမေပုံစံကြည့်ရတာတော့ သဘောထားကြီးစွာ ခွင့်လွှတ်ပုံနှင့် သဘောကောင်းပုံလည်းရသည်။ ခင်မာ့သမီးက မျက်ရည်ပေါက်ပေါက်ကျပြီး ကိုယ့်သမီးက အံကြိတ်ထားတာ မြင်ရပြန်တော့ ရင်ထဲနာရပြန်၏၊ မယုံလို့လား၊ ရှက်လို့လား။ နာကျင်နာကြည်းသွားတာလား။

"ခင်ထားတင် ... သမီးရဲ့အရုပ်ကလေး၊ အမေဆေးရုံကဆင်းမှပေးမယ်၊ ဘိုမရုပ်ချင်းတော့ ဆင်တူပဲ၊ ခင်ထားတင်ရဲ့အရုပ်က သူဇာပေးထားတာဆိုတော့ သူဇာ့ရင်ထိုးလေးပါတယ်၊ မြနဲ့လုပ်ထားတဲ့အသဲပုံလေး၊ သူဇာ နိုင်ငံခြားမထွက်ခင် သိန်းသန်းထိုက်နဲ့ အရုပ်ချင်းလဲကြတယ်တဲ့၊ သူဇာ့ဆီမှာ ယောကျ်ားရုပ်ကလေးပါသွားတယ်၊ သိန်းသန်းထိုက်ရဲ့ ပတ္တမြားလက်စွပ်ကို လည်ပင်းမှာဆွဲထားတယ်တဲ့"

ပုံပြင်တစ်ပုဒ်လို နားထောင်နေသည့်နေထက်က ရှေ့သို့တိုးလာ၏။

"အန်တီ ... ကျွန်တော့် ဦးထွန်းသာ ဒေါ်သူဇာဦးရဲ့သား ... နေထက်ပါ"

"အော် ... ပြန်ဆုံကုန်ကြပြီကိုး"





"အန်တီ ဘာမှအားမငယ်ပါနဲ့ ဖေဖေနဲ့မေမေလဲ ပြန်ရောက်နေပြီ။ မသိကြလို့သာ၊ သိရင်ပြေးလာမှာ၊ မေမေက သူ့သူငယ်ချင်းစိုးစိုးရီဆိုတာကို ညီအစ်မအရင်းထက်ပိုချစ်ပါတယ်တဲ့"

"အော် ... ကျေးဇူးတင်ပါတယ်ကွယ်"

"အန်တီစကားတွေပြောရတာ သိပ်များသွားပြီ၊ ပင်လဲပင်ပန်းပါပြီ၊ အိပ်ပါတော့၊ သက်တို့ထားတို့လဲ ပြန်ရင်ပြန်ကြလေ၊ မနက်ကျမှ တစ်ခေါက်လာပေါ့"

ဆရာဝန်လောင်းက လူနာကို နားစေချင်ပြီ။

"ကိုလှဝင်း ... သက်စောင့်ရင်ရမလား"

"အခုလား"

"ဟုတ်ကဲ့"

"ရတော့ရပါတယ်၊ သက် ပင်ပန်းနေမှာပေါ့၊ ဘာမှလဲပြင်ဆင်မလာရတော့ ... စားရောစားခဲ့ပြီးရဲ့လား"

"ရပါတယ် ... သက် မပြန်တော့ဘူး၊ မနက်ဖြန်စပါယ်ရှယ်နာ့စ်ရတော့မှ သက် ခဏပြန်နားမယ်၊ ကိုလှဝင်းဖြစ်နိုင်ရင် ကူညီပါ"

"ရတယ် ... ဖြစ်တယ်၊ လုပ်ပေးမယ်၊ မေမေ ... ကျွန်တော်လဲ မပြန်တော့ဘူး၊ ဒီမှာ ဖြစ်သလိုစားလိုက်တော့မယ်"

အန်တီမြင့်က သားဖြစ်သူကို မျက်စောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



တာ သက်မြင်ပါ၏။ သို့ပေမယ့် ဒေါ်သမျက်စောင်းမဟုတ် သည်မို့ ချိုနေသည်၊ ဒေါ်စိုးစိုးရီက သမီးဖြစ်သူက ကိုယ့်ကို စိတ်မနာဘဲ ညမအိပ်ဘဲစောင့်ဦးမည်ဆို၍ ဝမ်းသာသွားရသည်။ သွေးပုလင်းတစ်ရာသွင်းတာလောက် အားတက်၏။ အမေရင်းနှင့် ပြန်ဆုံခန်းကို ယုံကြည်ပေမယ့် ချက်ရည်တစ်စက်မကျသောသမီး၏သတ္တိကိုလည်း ချီးကျူး၏။ ဒီသတ္တိ ဒီမာနတွေကြောင့် မောင်ထူးနောင်နဲ့လွဲချော်ပြီး ဆရာဝန်ကတော်ဖြစ်ဖို့ ကြုံလာတာပဲဟုတွေးကာ ပီတိလည်းဖြစ်ရပါသေးသည်။ သမီးသက်က ငြင်းဆန်နေလျှင်တောင် တစ်သက်လုံးခွဲနေခဲ့ရသည့်အမေ့ကို သနားရင် အမေ့စကားနားထောင်ပါ ... ဟု နားချလိုက်တော့မည်။

"ကျွန်တော်တို့ ပြန်မယ်အန်တီ၊ မနက်ကျရင် မေမေလဲလာမှာပါ၊ ဒီညတောင် တစ်ခေါက်လိုက်ပို့ချိုပြောမလားမသိဘူး၊ ဒီလိုမှန်းသိရင် တစ်ခါထဲခေါ်လာခဲ့ပါတယ်"

ပြောရင်း ... လုဝင်းလက်မောင်းကို ကျိတ်ဆိတ်လိုက်၏။ အန်တီမြင့်က "သွားမယ်" ... ဟုဆိုကာ ရှေ့ဆုံးမှထွက်သည်။ နေထက်က ထားလက်ဖျားလေးကို လှမ်းဆွဲလိုက်သည်။ ဟောဗျ ... အေးစက်နေလိုက်တာ ရေခဲတုံးလားထင်ရသည်။

"သွားမယ်လေထား ... မျက်ရည်တွေသုတ်အုံး"





ထားက တုန်တုန်ရီရီကလေးဖြစ်နေသည်။ နေထက်လက်ထဲမှ ကိုယ့်လက်ကို ကျိတ်ရုန်းနေပေမယ့် မရ။ နှာလာတာသာ အဖတ်တင်လျက် ပြုတ်တူနှင့်ညှပ်ထားသလားထင်ရသည်။ နောက်ဘက်မှာ အန်တီစိုးစိုးရီ၊ ကိုလှဝင်းနှင့်သက်တို့ လှမ်းကြည့်နေမှာ ... ဟု တွေးမိတိုင်း ရှက်စိတ်ကြောင့် ပိုရုန်းဖြစ်လေ၏။

"ဘာလို့ရုန်းနေတာလဲ"

"ဘာလို့မရုန်းရမှာလဲ"

"ဟာကွာ ... ချစ်လို့ပေါ့၊ ကိုယ်လက်ထပ်မယ့်ဇနီးလောင်းလက်ကို ကိုယ်ဆွဲတာ၊ တရားစွဲချင်သေးလို့လား"

အမလေး။ ထားနားရွက်တွေ ပူထူမွန်တက်ကာ ရှက်လိုက်ရပါဘိခြင်း။ စောစောတုန်းကဖြင့်၊ သူပဲ ဦးဗလကျော်သူကို သွားဖိတ်ထားပြီ။ ဦးသိန်းသန်းထိုက်၊ ဒေါ်ခင်မာ့သမီးဖြစ်ရဲ့နဲ့ မြရင်ထိုးလေးပါတဲ့ ဘိုမရုပ်ပိုင်ရှင်ဖြစ်ရဲ့နဲ့ လက်ထပ်မယ်ဆိုတာများတော့ လက်မခံနိုင်ပေါင်။

"ဆွဲဆိတ်ပစ်လိုက်မယ်"

ဒီတစ်ခါရုန်းတော့၊ နေထက်က လှည့်ကြည့်ပြီး ကျိတ်မာန်၏။

"ကျွန်မတို့က ချော်လဲတာနဲ့ရောထိုင်တတ်တဲ့အလေး ထဲကမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ··· အကျယ်ကြီးအော်ပြောလိုက်ရမလား၊ အစောကြီးကထဲက သေလုအောင်ချစ်နေတဲ့ဟာကို၊ ဒီည ဖွင့်ပြောဖို့ပဲ၊ မွေးနေ့လက်ဆောင်အဖြစ်ကို၊ ထားရဲ့အချစ်ကိုပေးပါလို့ တောင်းမလို့ ··· တောက် ··· ဒေါ်စိုးစိုးရီဆိုတဲ့အမျိုးသမီးက ဦးသွားတယ်ကွာ တောက်"

တောက်နှစ်ချက်ခေါက်တော့ အန်တီမြင့်က လှည့်ကြည့်၏။ ရှက်ကိုးရှက်ကန်းဖြစ်နေသောထားကိုကြည့်ကာ ပြုံး၏။

"မြန်မြန်သွား ··· ဟိုမှာ အန်တီမြင့်စောင့်နေပြီ"

"ဟုတ်ကဲ့"

ထားကဆူတော့ နာယူပစ်လိုက်၏။ နေထက်ဆိုတဲ့ ဖရက်ဒီ။ ငယ်နာမည်တင်ညွှန့်၊ ကဗျာဆန်တဲ့နေရဲ့ နာမည်မျိုးစုံတဲ့ ပုဂ္ဂိုလ်ထူးကို ခင်ဗျားလေး တစ်သက်လုံး ကြည့်ရှုဆုပ်ပူမှာနမ်းမဲ့ပြီး ကောင်းမယ်ထင်သလိုသာ စီမံပါတော့ မခင်ထားတင်ကလေးရေ။

စာချစ်သူတိုင်းကိုချစ်တဲ့
နေနွယ်ခင်မြင့်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com